

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




ခုပြည့်စုံထွန်းစာပေ

အမှတ်(၅၀၈/၅၁၂)၊၂(ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်(သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၈၃၃

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဂိုရလောက

No.29, October 2014

ဘုန်းတော် အရူး ကိုဗိုနိုဗြယ်နှင့် တိုင်းလုံးကျော်
မောင်ညိုမှိုင်း (သန်လျင်) ၆

ငရဲဖြာ ဖြတ်လမ်း
စိုးတြအောင် ၂၆

သူတို့ရှိနေရာ
ကောင်းသုခ ၅၁

သူတို့ရှိပါသည်ဧ
မြမြလှိုင် ၆၅

စနိုင်ပြိုင်
နတ်မိမယ် ၇၈

ဝိညာဉ်ကြွနယ်ပယ်နှင့် ပရလောကဖြစ်ရပ်ဆန်းများ
ကေရာဇ် ၁၀၄

ဘောက်ထိန်နှင့် သရဲခြောက်သောအိမ်များ
ဘောက်ထိန် ၁၃၃

နေချင့်စဖွယ် ဗိုလ်တဲကြီးထက်ဝယ်
ဂါဦးနွန်းကို ၁၄၈

တမလွန်လောကသား အစ္စကြီးဖားကျောက်တုံးများ
ဂမ္ဘီရဆရာလှမျိုး (B.Sc) ၁၉၀

အယုံသည်ညှိခြင်းပင်လော
ကောင်းစံဟိန်း (ဖန်နေဝန်း) ၂၀၄

တစ္ဆေသရဲ
ချစ်မင်းသူ ၂၂၂

အံ့ဖွယ်ထူးဆန်း လောကီပညာစစ်နန်း
မင်းဘုန်းသိမ်ခ်သူ ၂၃၄

Next Month Preview ၅

www.burmeseclassic.com

www.burmeseclassic.com


# ကလျာ
မဂ္ဂဇင်း

အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)

အုပ်ချုပ်မှု အယ်ဒီတာ
မခင်မာရွှေ

တာဝန်ခံအယ်ဒီတာ
ဒေါ်ယဉ်မြင့်မောင်

အယ်ဒီတာအဖွဲ့
ဉာဏ်လင်းထက်

ပုံအဖွဲ့
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ ဇင်နိုင်ထွန်း၊ မင်းထွဋ်၊ နေဇင်လတ်၊ ဝေလင်း၊ မြမြသင်း၊ ဟေမာလှိုင်
ဝင်းဝင်းမာ၊ အိမြ၊ မိမိဇင်။

ထုတ်ဝေသူ
ဒေါ်ခင်မာရွှေ (ဆုပြည့်စုံထွန်းစာပေ)၊ [၀၃၉၀၅] (မြဲ)၊ အမှတ် ၅၀၈/၅၁၂ (၂၈)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

မျက်နှာဖုံး
ဉာဏ်လင်းထက်

အတွင်းသရုပ်ဖော်
ကံကောင်း၊ အောင်စံမြင့်၊ မြတ်မင်းဟန်၊ အောင်နိုင်လတ်၊ ကျော်စိုးညိန်း၊ တောင်ငူ စိုးမြင့်လေး
လှသစ်အောင် (အင်းလျား)၊ ရန်နိုင်ဦး၊ မောင်နေကြည်၊ ချစ်သူ၊ ဝေမွန်လင်း၊ ပေါ်ကာ၊ ဝိုင်းမော်။

ကွန်ပျူတာနှင့် ဖောင်
Quality


ပုံနှိပ်သူ
မြိုးဝေလျှံပုံနှိပ်တိုက်
ဒေါ်ယဉ်ယဉ်မွန် (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝင်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

တအုပ်ချုပ်

တင်မေတ္တန်း
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀

စာတည်းအဖွဲ့ နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ် ၅၀၈/၅၁၂ (၂၈)လွှာ၊ ပထမထပ်၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃



EXT



ဆဲရင်း
…အကြီးဆုံးရတဲ့မြေ

…ညိုမှိုင်း (သန်လျင်)


MONT



ကနေ့သောအချစ်
ကြိုးမရှုပ်ပါ

ဇာတိဂုဏ် မျိုးမြင့်အော…

REVIEW



…နိုးမဖယ်သော

နွေတမာန်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် စိတ်မနှံ့သူ အတော်များများကို တွေ့ဖူးပါသည်။
အများအားဖြင့် သူတို့ကို (အရူး)ဟု အလွယ်ခေါ်ကြသည်က များ၏။
သည်မှာဘက်ခေတ်သစ်သို့ ရောက် လာတော့ ... အရူးလို့ မရေးကြ၊ မခေါ်ကြ။
'စိတ်ဝေဒနာရှင်၊ စိတ်ရောဂါသည်' ဟု ခေါ်ကြသည်။
ရှေးတုန်းကတော့ အရူးရောဂါဟုသာ ခေါ်ကြ၏။
ကျွန်တော်သည် စိတ်မနှံ့သူ အတော်များများတို့အနက် အချို့က ယဉ်ယဉ်လေး
အချို့က စိတ်မနှံ့သူဟုပင် မထင်ရ။
အချို့ကျတော့ အလွန့်ကို ရုန့်ရင်းကြမ်းတမ်း၏။
အချို့က ဆရာဝန်ရူး။
အချို့က စစ်ဗိုလ်ရူး။
အချို့က မင်းသားရူး။
အချို့က ဘိုးတော်ရူး။
အချို့က ဘိုရူး။
အချို့က ဘဝင်မြင့်နေသည့်အရူး။



ကျွန်တော် အရူးကိုစိန်ခြယ် နှင့် တိုင်းလုံးကျော်

www.burmeseclassic.com



# ကျွန်တော် ဘရှင်းကိုစိန်ခြယ် နှင့် တိုင်းလုံးကျော်

မောင်ညီမှိုင်း (သန်လျင်)

ကျွန်တော်နေသည့်မြို့ကလေးရှိမြို့နယ်ဆေးရုံမှာ ရောဂါဝေဒနာတစ်ခုဖြစ်၍ ကျွန်တော် ဆေးရုံတက်စဉ်ကဖြစ်၍ . . .။

လူရွယ်ဆရာဝန်တစ်ဦးနံနက်စောစောစီးစီးကျွန်တော်တို့ဖျားနာဆောင်မှ လူနာများကို လာရောက်စမ်းသပ်မေးမြန်း၏။

ရင်ဘတ်ကို နားကြပ်နှင့်ထောက်၍ နားထောင်၏။

ရောဂါအတက်အကျကို မေး၏။

ပြီး – ဆေးမှတ်တမ်းစာရွက်များကို တစ်ရွက်ချင်း လှန်၍ဖတ်သည်။

"ဆေးမှန်မှန် သောက်ရဲ့လား"

"သောက်ပါတယ် – ဆရာ"

"ဆေးမှန်မှန်သောက်မှ ရောဂါပျောက်မှာ . . ."

"ဟုတ်ကဲ့ပါ – ဆရာ"

"လူနာစောင့်ရော ပါရဲ့လား"

"ပါတယ် – ဆရာ"



"နှစ်ရက်၊ သုံးရက်နေပြီးရင် ဆေးရုံက ဆင်းရမှာပါ။ အဖျားသွေး မရှိတော့ပါဘူး"

"ဟုတ်ကဲ့ပါ – ဆရာ"

သူ့နောက်က သူနာပြုဆရာမလည်း မပါ။ အဖျားတိုင်းကိရိယာကိုင်သူ၊ တိုင်းသူမပါ၊ အဖော်မပါ။ သူတစ်ယောက်တည်း။ ဆရာဝန်များဝတ်သည့် ဂျူတီကုတ်ကို ခန့်နေအောင် မီးပူထိုး၍ဝတ်ထားသည်၊ အသက်ကလည်း (၂၅)၊ (၃၀)ခန့်။ အသားဖြူဖြူ၊ အရပ် မနိမ့်မမြင့်၊ ဖော်ရွေသောအပြုံးနှင့် စကားပြော ညင်သာ၏။

ရယ်လိုက်လျှင် သွားတက်လေး ဖွေးခနဲနှင့် ကျက်သရေ ရှိလှ၏။

ဟိုနေ့က ဆရာဝန်မနှင့် ကွာလှချေ၏။

ဆရာဝန်အမျိုးသမီးက အသံမာ၏။ မာပုံက သံချောင်းနှယ်၊ ပေါက်၏၊ ဆူ၏၊ ပါးစပ်က ဖျစ်တောက်ဖျစ်တောက် ပြောသေးသည်။

"သက်သာရင် သက်သာတယ်ပြော၊ မသက်သာရင်လည်း မသက်သာဘူးပြော – ဟိုလိုလို ဒီလိုလို မပြောနဲ့"

"အဖတ်မစားပါနဲ့ – အရည်ပဲ သောက်ပါဆို ပြောစကားနားမထောင်ပဲ တိုယ်စားချင်တာစားတော့ ခံပေါ့"

"သေတယ်ဆိုတာ အသက်မရှိတာကို ပြောတာ"

"နားလည်လား . . ."

နားဝင်ချိုလိုက်တဲ့ – စကား။ ဆရာဝန်မ မျက်နှာမြင်တာနှင့် ရင်တုန်ပြီး သွေးပေါင်တက်ကြရသည်။

အခုလာသွားတဲ့ဆရာဝန်လေးနဲ့များ ပြောဆိုဆက်ဆံပုံ ကွာလိုက်တာ၊ ဆီနှင့်ရေအတိုင်းပါပဲ။

နောက်တော်ပါးများ လုံးဝမခေါ်။

ခုတင်ပေါ်ရှိ လူနာတိုင်းကို ဂရုတစိုက် စမ်းသပ်ကြည့်ရှုသွားသည်။

လူနာစုံအောင်ကြည့်ပြီးတော့ ပြောသွားသေး၏။

"အရေးအကြောင်းရှိရင် အချိန်မရွေးလာပြောကြနော်၊ ဒီနေ့ – နေ့ရော ညရော ကျွန်တော့် ဂျူတီပဲ။ ဆရာဝန်အခန်းမှာ ရှိနေမယ်"

www.burmeseclassic.com

တော်လိုက်တဲ့ဆရာဝန် လူရွှယ်လေးရယ် ...။

လူနာတွေရော၊ လူနာရှင်တွေရော၊ လူနာစောင့်တွေရော ဝမ်းသာကျေနပ်လို့ မဆုံး။

ဆရာဝန်လေး ပြန်ထွက်သွားပြီး မကြာခင်မှာပဲ အပေါက်ဆိုးဆိုး ဆရာဝန်မနှင့် အနီးအပြာ နောက်တော်ပါ ဆရာမတွေ တစ်ဖွဲ့ကြီး ဝင်လာကြလေရဲ့။

နံပါတ်တစ် – ခုတင်က ကျွန်တော့်ကို စတင်မေးမြန်းစမ်းသပ်သည်၊ အဖျားတိုင်း၍ ကြည့်သည်။

"ဘယ်လိုနေလဲ ..."

"သက်သာပါတယ် – ဒေါက်တာ"

"သက်သာတယ်သာ ရှင်က ပြောနေတယ် – အဖျားသွေးက (၁၀၀)ဒီဂရီနား ကပ်နေပြီရှင့်"

"ဗျာ – စောစောက လာကြည့်သွားတဲ့ ဆရာဝန်လေးက အဖျားသွေး မရှိတော့ဘူးလို့ ပြောသွားတာပဲ – ဒေါက်တာ"

"ဘယ်ဆရာဝန် လာကြည့်သွားတာလဲ"

"အသားဖြူဖြူ၊ သွားတက်လေးနဲ့ ဆရာဝန်ပါ"

"ဟင် – ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် – ဒေါက်တာ။ မယုံရင် ဒီအခန်းထဲက လူနာအားလုံးကို မေးကြည့်ပါ၊ သူ အားလုံးကို စစ်ဆေးပြီး ပြန်ထွက်သွားတာ (၁၅)မိနစ်လောက်ပဲ ရှိပါသေးတယ် – ခင်ဗျ"

"ဝင်းနိုင်ဇော်ပဲ ..."

"ဒုက္ခပါပဲ"

"နေပါဦး – အဲဒီ့လူက ရှင်တို့ကို ဘာဆေးတွေ ထပ်တိုက်သွားသေးလဲ ဟင် – ဟင်"

"ဘာဆေးမှမတိုက်ပါဘူး – ခင်ဗျ။ အရေးအကြောင်းရှိရင် အချိန်မရွေး လာပြော၊ သူ ဆရာဝန်များအခန်းမှာ ရှိပါတယ်တဲ့"

"ဟိုဘက်က လူနာတွေရော ဆေးတွေ၊ ဘာတွေ ထိုးပေးသွားသေးလားဟင်"



"မထိုးပါဘူး – ဒေါက်တာ"

"ဟူး – တော်ပါသေးရဲ့ – တော်ပါသေးရဲ့။ ရှင်တို့ လူနာတွေအားလုံး မှတ်ထားကြပါ။ စောစောက ရှင်တို့လူနာတွေကို လာစစ်ဆေးသွားတဲ့လူက ဆရာဝန်အစစ် မဟုတ်ဘူး"

"ဗျာ ..."

"ဟင် ..."

"ဒါဆို – သူက ဘာပါလဲ – ဒေါက်တာ"

"စိတ်မမှန်တော့တဲ့ စိတ်ရောဂါသည်၊ ရှင်တို့နားလည်အောင် ပြောရရင် သူက ဆရာဝန်ရူး၊ ဒေါက်တာရူး ရူးနေတဲ့ စိတ်ရောဂါသည်ရှင့်"



တက်သီဆရာဝန်နှင့် သူနာပြုဆရာမများကတော့ ထိုမိတ်ဆွေ
ဆရာဝန်စိတ်ကျန်းမာရေးအတွက် သူ ရောက်လာခဲ့လျှင် အလိုက်အထိုက်
ဆရာဝန်အဖြစ်ထို ဆက်ဆံပေးကြပြီး အလိုက်အထိုက် သူ ဆွေးနွေး
လုပ်ပေးကြရသည်တဲ့။ တစ်ခါတစ်ရံ လူနာများငွေ့ ...
"ဒေါက်တာ" ဟု သူ မိတ်ချင်းသာအောင် "ဒေါ်" ...

www.burmeseclassic.com

"ဗုဒ္ဓေါ"

"ဆေးများထိုးသွားရင် ဒုက္ခ ..."

နောင် သိရသည်မှာ ထိုလူငယ်(ဝင်းနိုင်ဖော်) ဆိုသည့်သူသည် နောက်ဆုံးနှစ် ဆေးကျောင်းသားလည်း အမှန်ဖြစ်ခဲ့ပါသည်။

သူက ဆရာဝန် အလွန်ဖြစ်ချင်သည့် စိတ်ဆန္ဒများသည်တဲ့။

နေ့မနား၊ ညမနား၊ စာလည်းကြည့်၊ အလုပ်လည်းလုပ်ရင်း နောက်ဆုံးဦးနောက်ထိခိုက်သွားကာ ဆေးပညာတန်းလန်းနှင့် ကျောင်းထွက်ခဲ့ရသည်။

သို့သော် - သူ့ကိုယ်သူ "ဆရာဝန်" ဟု အထင်ရောက်နေရှာပြီး ဆရာဝန်ဝတ်စုံနှင့် နားကြပ်ကိုင်ကာ ဆေးရုံသို့ တစ်ချက်တစ်ချက် အလစ်ဝင်ရောက်လာပြီး ...။

ဆရာဝန်သူနာပြုများအလစ်မှာ လူနာများကို ဝင်ရောက်စစ်ဆေးသွားလေ့ရှိသည်တဲ့။

မာတ်သိဆရာဝန်နှင့် သူနာပြုဆရာမများကတော့ ထိုစိတ်ရောဂါဆရာဝန် စိတ်ကျန်းမာရေးအတွက် သူ ရောက်လာခဲ့လျှင် အလိုက်အထိုက် ဆရာဝန်အစစ်လို ဆက်ဆံပေးကြပြီး အလိုက်အထိုက် သူ ကျေနပ်မှုရှိအောင် လုပ်ပေးကြရသည်တဲ့။

တစ်ခါတစ်ရံ - လူနာများရှေ့ ခေါ်သွားပြီး "ဒေါက်တာ" ဟု သူ စိတ်ချမ်းသာအောင် "ခေါ်" ပေးရသတဲ့။

ဩော် - သနားစရာ၊ နှမြောစရာ ဆရာဝန်လောင်း လူငယ်ကလေးရယ်။

တစ်ကြိမ်မှာလည်း ကျွန်တော့်အိမ်သို့ အသက်(၅၀)ခန့် ဘုန်းတော်ကြီး တစ်ဦးကြွရောက်လာ၍ -

အချိန်က နံနက်(၁၁)နာရီခွဲခန့် ...။

"ခဏဝင်နားပါရစေ - ဒကာကြီး"

"ဝင်ပါ၊ ကြွပါ - ဘုရား၊ ကြွပါ ..."

သပ်သပ်ရပ်ရပ်၊ ကြည်ညိုစရာ ရုပ်ရည်လည်းရှိနေ၍ အိမ်ဦးခန်းမှာ နေရာချပေးပြီး ကျွန်တော်တို့ လင်မယား ဝတ်ဖြည့်ဦးချ၏။ သောက်ရေကပ်လှူ၏။

"အရှင်ဘုရား - ဆွမ်းများ ဘုဉ်းပေးပြီးပါလား - ဘုရား"

"မဘုဉ်းပေးရသေးဘူး - ဒကာကြီး"

"ဒါဆို - နေ့ဆွမ်းကို တပည့်တော်တို့ အိမ်မှာပဲ ဘုဉ်းပေးတော်မူပါ ဘုရား"

"ကိစ္စမရှိဘူး - ဒကာ။ ဆွမ်းကိစ္စကို ထားလိုက်ပါ။ အခု - ဘုန်းကြီးကြွလာတာက ညတုန်းက အိပ်မက်တစ်ခု မက်ခဲ့လို့ပဲ"

"အမိန့်ရှိပါ - ဘုရား"

"ဒကာကြီးက - စာရေးဆရာဆို"

"မှန်ပါ - ဘုရား"

"အိမ်း - ဒကာ စာရေးဆရာရဲ့ အိမ်ကိုကြွပြီး ပရိတ်တရားများ ရွတ်ပေးရမယ်။ ဒကာစာရေးဆရာရဲ့ကောင်းကျိုးကိုပြုရမယ်၊ ဒကာကြီးအိမ်က ကျွေးတာလည်း မစားရဘူး။ ပေးတာလည်း မယူရဘူး။ ညလည်း မအိပ်ရဘူးလို့ ရဟန္တာအရှင်သူမြတ်ကြီးများက အိပ်မက်ထဲမှာ လာအမိန့်ပေးလို့ ဘုန်းကြီးကြွလာခဲ့တာပဲ၊

"မှန်ပါ - ဝမ်းမြောက်ကြောင်းပါ - ဘုရား။ အရှင်ဘုရား - သင်တော့်သလို ဆောင်ရွက်ပါ - ဘုရား"

ကျွန်တော့်ဇနီး မခင်စန်းမြင့်ကလည်း ဝမ်းသာလွန်းလို့။

တစ်နေ့ညက သူလည်း အိပ်မက်မက်သတဲ့လေ။

အိမ်ကို ရဟန္တာတစ်ပါးကြွရောက်လာတယ်လို့တဲ့။ ခုတော့ - တိုက်ဆိုင်လိုက်သည့်ဖြစ်ခြင်း။ ဇနီးသည်က အအေးပုလင်းဝယ်၍ ရိုရိုသေသေ ကပ်သည်။

ဘုန်းတော်ကြီးက ဆန်မန်းသဲမန်းလုပ်ရန်အတွက်ဆို၍ သဲဖြူသဲဝင်းကန်နှင့် ဆန်ဖြူတစ်ပန်းကန်ကိုလည်း စီစဉ်၍ ကပ်လိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com

ဦးစွာ ဘုရားရှိခိုး၏ . . .။

သရဏဂုံ ဆောက်တည်၏ . . .။

ဆယ်ပါးသီလကို ခံယူ၏ . . .။

ရင်းနောက် - ပရိတ်ကြီးဆယ့်တစ်သုတ်ကိုတင်ပျဉ်ခွေ၍ထပ်ခါတလဲလဲ ရွတ်နေလိုက်သည်မှာ ညနေလေးနာရီ ထိုး၏။

ကျွန်တော်တို့လည်း လေးစားစွာ နာယူရ၏။

ညနေလေးနာရီထိုးမှာပရိတ်ကြီး(၁၁)သုတ် ရွတ်ပြီးနောက် ကျွန်တော်တို့ ဖနီးမောင်နံကို နေနည်းတရား၊ သေနည်းတရားတို့ကို အာပေါင်အာရင်း သန်သန်နှင့် ဟောလိုက်သည်မှာ ညနေ(၆)နာရီ ထိုးသွား၏။

"ဟုတ်ရဲ့လား - ဒကာကြီး"

"မှန်ပါ - ဘုရား"

"ဒကာမကြီးရော နားလည်ရဲ့လား"

"နားလည်ကြောင်းပါ - ဘုရား"

မေးရင်ဖြေရ၏။ ကြာတော့ ဆီးအောင့်လာသည်။ တရားကမပြတ်သေး။ (၃၁)ဘုံရောက်ခြင်းအကြောင်းမှာအပါယ်လေးဘုံပဲရှိသေးသည်။ နတ်ပြည် (၆)ထပ်နှင့် ဗြဟ္မာဘုံ(၂၀) ကျန်သေး၏။

အသံတွေ ကြားလို့ထင်၊

အိမ်နီးနားချင်းများက အိမ်ရှေ့လှေကားမှ ရပ်ကြည့်ကြရာ ကျွန်တော်တို့ ဘုန်းကြီးရှေ့မှာ တရားနာနေမှန်း သိမြင်သွားတော့ ခေါင်းတညိတ်ညိတ်လုပ်ပြီး ပြန်သွားကြလေရဲ့။

အကယ်၍များ သူတို့ပါ ဝင်၍တရားနာကြလျှင် ညဉ့်သန်းခေါင်အထိ ဆက်ဦးမှာလားမသိ၊

တရားကလည်း မဆုံးသေး . . .။

လင်ရော၊ မယားရော ဆီးအောင့်နေကြသလို . . .။

ခြေထောက်တွေ ကျဉ်ပြီး ထုံနေကြပြီ။

ရပ်တော်မူပါ ဘုရားလို့ ပြောရမှာလည်း အားနာ၍ ပါးစပ်က မထွက်ဖြစ်၊ တော်ပါသေးရဲ့ . . .။



အိမ်ရှေ့မှာ ကားတစ်စီး ထိုးရပ်သံ ကြားရပြီး . . .။

သန့်သန့်ပြန့်ပြန့်မိသားစုဖြစ်ဟန်တူသူ လေးငါးဦး အိမ်ပေါ်တက်လာပြီး မျက်စိမှိတ် တရားဟောကြားတော်မူနေသည့် ကိုယ်တော်ကြီးကိုလည်း ကောင်း။

"မှန်ပါ - ဘုရား"

"တင်ပါ - ဘုရား"

တရားထောက်ခံနေသည့် ကျွန်တော်တို့ လင်မယားရဲ့ ရှုံ့ရှုံ့တွတွ ချွေးစို ရွှဲရွဲမျက်နှာပုံပန်းများကို တစ်လှည့်ကြည့်ပြီး သူတို့ အားနာနေသလို ရှိနေကြသည်။

"အဖေ . . ."

"အဖေ . . ."

"ငရဲကြီးပဲ - ရှစ်ထပ်ရှိတယ်ကွယ်။ အဲဒါကတော့ . . ."

"အဖေ - အဖေ - ရပ်ပါတော့ - ရပ်ပါတော့"

"ဟင် - နင်တို့ ဘာ - လာ - လုပ်"

"ရပ်တော့ - အဖေ။ ပြီးရင် - ကျွန်မတို့နဲ့လိုက်ခဲ့"

"ငါ - ဒီမှာ တရားဟောနေတယ်လေ"

ရုတ်ရုတ်သဲသဲ ဖြစ်လာသလိုရှိလို့ ကျွန်တော်တို့လည်း တရားနာတာ ရပ်ပြီး သူတို့နဲ့ မျက်နှာချင်းဆိုင်ရတော့တယ်။

တရားဟောဘုန်းကြီးကို ကြည့်လိုက်တော့ ဝင်လာသူတွေကို မျက်ထောင့်နီကြီးနဲ့ ကြည့်လို့၊ ပါးစပ်ကလည်း ပွစိပွစိနဲ့၊

ဒီမှာ အသက်(၄၀)ခန့် ရွှေလက်ကောက်အပြည့်နဲ့ အမျိုးသမီးက -

"အားနာလိုက်တာ - ဆရာရယ်"

"ရှာ"

"ဆရာ့ကို ကျွန်မ သိပါတယ်၊ စာရေးဆရာ ဦးမြို့ချစ်ပါနော်"

"ဟုတ်ပါတယ် - ခင်ဗျာ၊ အခု လာတာက . . ."

"ဒီဘုန်းကြီးက ကျွန်မတို့ အဖေပါ - ဆရာ"

"ဟုတ်ကဲ့ - အဲဒီတော့ - ဘာဖြစ်"

"ကျွန်မတို့အဖေ ဘုန်းကြီးက စိတ်မနှံ့ပါဘူး - ဆရာ"

"ရှာ"



www.burmeseclassic.com

www.burmeseclassic.com

"ရှင်"

"အဖေက သင်္ကန်းဝတ်နဲ့ သုသာန်မှာ တရားသွားအားထုတ်ပြီးနောက် ပိုင်းဘယ်လိုဖြစ်သွားမှန်းမသိဘူး – ဆရာ။ သူ့ကိုယ်သူ ရဟန္တာလို့ထင်နေပြီး ကယ်သင့်၊ ကယ်ထိုက်သူကို ငါ ကယ်တော့မယ်လို့ ပြော,ပြောနေတယ် ဆရာ"

"ဒီ – တော့ – ဘာ – ဖြစ်"

"အဲဒါ – သူ စာတတ်ကျတဲ့အိမ်ကိုရှာပြီး တရားဟောတာ အိမ်ပေါင်းမနည်း ဘူး – ဆရာ။ တစ်ခါ တရားဟောရင် တစ်နေကုန်ရောပဲ။ နောင်တော့ အိမ်ရှင် တွေက သည်းမခံနိုင်လို့ မောင်းထုတ်ရတယ်။ ဒီတော့မှ – အဖေဘုန်းကြီး စိတ် မမှန်မှန်းသိရလို့ စိတ်ရောဂါဆေးရုံလိုက်ပြဖို့ အလုပ်မှာ အိမ်ကနေ ထွက်ပြေး ပြီး ဆရာတို့ အိမ်ကို ရောက်နေမှန်း သိရတာပါ – ဆရာ၊ သည်းခံပါ – ဆရာတို့ ရယ်၊ အဖေက စိတ်မနှံ့တော့လို့ပါ။ တောင်းပန်ပါတယ်နော် – ဆရာ"

"ဟော့ – ဟော့ – နင်တို့က သာသနာဖျက်တွေဟဲ့"

"အဖေ – ထတော့"

"မထဘူး။ ငါ – သူတို့ လင်မယားကို နိဗ္ဗာန်ရောက်ကြောင်း တရားဆုံး အောင်ဟော – ဟော – ဟဲ့ – ဟဲ့ – ငါ့ကို – မဆွဲကြနဲ့"

ဒီမှာပဲ သားသမီး၊ သမက်လူသားတွေက တရားဟောချင်လွန်းတဲ့ စိတ် ရောဂါသည် သူတို့အဖေ ဘုန်းကြီးကို ဝိုင်းချုပ်ဆွဲပြီး ကားပေါ်တင်လို့ မောင်း ထွက်သွားကြလေရဲ့။

"ဟား – ဟား – ဟား – ဟား – ဟား"

"အဟက် – အဟက် – အဟက် – အဟက်"

"ကိုမြို့ချစ် ..."

"ဟား – ဟား – ဟား – ဟား"

"ကိုမြို့ချစ် – ရှင်ပါ ရူးသွားပြီလားဟင် – ဟင်"

"မိန်းမရာ – မင်းအိပ်မက်ကလည်း ကောင်းလိုက်တာကွာ။ ဘာတဲ့ – အိမ် ကို ရဟန္တာကြွလာတဲ့အိပ်မက် – ဟုတ်လား – ဟား – ဟား – ဟား – ဟား။ ရဟန္တာတော့ကြွလာပါရဲ့ ငါလည်းအရူး – အရူး။ ရဟန္တာရူး,ရူးနေတဲ့ ဘုန်းကြီး



ရူး။ ငါ့မှာ အဟုတ်မှတ်လို့ တရားနာလိုက်ရတာ တင်ပါးတွေညောင်း၊ ဆီးပါ အောင့်ရော။ ဟ – ပြောရင်း ဆိုရင်း၊ ငါပါ ရူးချင်လာပြီဟေ့ – ဟား – ဟား ဟား – ဟား၊ ငရဲကြီးက ရှစ်ထပ်ရှိသတဲ့ – ဒကာမကြီးရဲ့ – ယုံရဲ့လား – ဟား ဟား – ဟား – ဟား။ မယုံလည်းနေ – စပါကလင်ဖိုးတော့ ကုန်သွားပြီဟေ့"

ကျွန်တော် အရူးပေါင်းစုံနဲ့ ကြုံခဲ့ရဖူး၏။ အရူးလူလည်များနှင့်တွေ့၍ ခံခဲ့ ရသည်လည်း ရှိ၏။

အရူးလူကြမ်းများနှင့် တွေ့၍လည်း ပြေးခဲ့ရဖူး၏။

ကြာတော့ – အရူးထဲကနေ အမြတ်ကို ရှာကြံထုတ်ရတော့သည်။

အရူးစိတ်ရောဂါသည်များကြောင့် ဝတ္ထုတို၊ ဝတ္ထုရှည်များရေး၍ ကျွန် တော့်အမြင်နှင့် ခံစားချက်များကို ရေးရတော့သည်။

စာရေးရတော့မည်ဆိုတော့ အရူးအကြောင်းများကို ရေးစာပေ၊ ကျမ်းဂန် တို့မှာ ရှာဖွေလိုက်သောအခါ ...။

အရူးမျိုးရှစ်ပါးဆိုတာကို သုတေသန သရုပ်ပြ အဘိဓာန်မှာ သွားတွေ့ တော့သည်။

၁။ ရာဂုမ္မတ္တက
တဏှာရာဂရမ္မက်ဖြင့် ရူးသောအရူးမျိုး။

၂။ ကောဓုမ္မတ္တက
အမျက်ဒေါသလွန်သဖြင့် ရူးသောအရူးမျိုး။

၃။ ဒိဋ္ဌုမ္မတ္တက
အယူဖောက်ပြန်ကြံစည်လွန်းသဖြင့် ရူးသောအရူးမျိုး။

၄။ မောဟုမ္မတ္တက
မိုက်မဲတွေဝေသဖြင့် ရူးသောအရူးမျိုး။

www.burmeseclassic.com

၅။ ယက္ခုမ္မတ္တက

ဘီလူး၊ သရဲ၊ စုန်း၊ နတ်ဖမ်းပူးသဖြင့် ရူးသောအရူးမျိုး၊

၆။ ပိတ္တုမ္မတ္တက

သည်းခြေပျက်၍ ရူးသောအရူးမျိုး၊


၇။ သုရုမ္မတ္တက

သေရည်သောက်လွန်း၍ ရူးသောအရူးမျိုး၊

၈။ ဗျသနုမ္မတ္တက

စည်းစိမ်ဥစ္စာပျက်သဖြင့် ရူးသောအရူးမျိုး၊

ဟူ၍ (၈) မျိုးကို တွေ့သိ ဖတ်ရှုခဲ့ရသည်။



သူ့ကို သရုပ်ပျက်အောင် စ,လျှင် ပုဆိုးလှန်ပြီး အဆဲမျိုးစုံ ဆဲတော့သည်။
နဂိုအတိုင်းကတော့ စကားတွေ အမြှုပ်ထွက်အောင် ပြောသည်။
ရဟန်းသံဃာတွေ့လျှင် မြေပြင်မှာထိုင်ပြီး ရိုရိုသေသေ ကန်တော့သည်။
မပြောဘူးဟော့ဆိုလျှင် တေမိအတိုင်း . . .

သို့သော် – အရူးတို့၏ အာရုံထူးခြားမှုအကြောင်းနှင့်စပ်လျဉ်း၍ ထူးထူးခြားခြားရေးတာကို မဖတ်ဘူးသေးသော်လည်း ဆိုရိုးစကားတစ်ခုတော့ ကြားသိခဲ့ရ၏။

အရူးစကား . . .၊

ကလေးစကား . . .၊

သဘင်သည်စကား . . . တဲ့။

ဤသုံးဦးသောသူတို့ပြောသည့် စကားကိုတော့ အလေးအနက် ထားကြပါတဲ့၊ ဂရုတစိုက်ရှိပါတဲ့။

သူတို့(၃)ဦး (၃) မျိုးတို့သည် ထူးခြားသည့် နိမိတ်ရှေ့ပြေးစကားတို့ကို ပြောတတ်သည်လို့ ဆိုခဲ့သည်မှာ ကာလကြာခဲ့ပါပြီ။

တစ်နေ့တော့ – ကျွန်တော် ကိုယ်တွေ့ကြုံရတော့သည်၊

သူ့နာမည်က ကိုစိန်ခြယ်တဲ့။

အရူးမှ တကယ့်ကို အရူး။

သူ့ကိုသရုပ်ပျက်အောင် စ,လျှင် ပုဆိုးလှန်ပြီးအဆဲမျိုးစုံ ဆဲတော့သည်၊ နဂိုအတိုင်းကတော့ စကားတွေ အမြှုပ်ထွက်အောင် ပြောသည်၊ ရဟန်းသံဃာတွေ့လျှင် မြေပြင်မှာထိုင်ပြီး ရိုရိုသေသေ ကန်တော့သည်၊ မပြောဘူးဟော့ဆိုလျှင် တေမိအတိုင်း၊

ချောချောလှလှ အမျိုးသမီးမြင်လျှင် . . .

"ရုပ်နဲ့ နာမ်ပဲ – ရုပ်နဲ့ နာမ်ပဲဟေ့"

"အားလုံး အနိစ္စပဲ – အနိစ္စပဲ"

အဲဒီစကားကိုတော့ ပြောချင်စိတ် ဖြစ်လာလျှင် လက်ညှိုးထိုးပြီး ပြောတတ်၏၊ ဆဲသွားလည်းငြိမ်ခံလေ့ရှိ၏၊

အဝတ်အစားကလည်းမတော်တရော်အကျီများပဲဝတ်သည်၊ အေးလေ ဟိုကပေး၊ ဒီကပေး ပေးသမျှ ရသမျှ ဝတ်တာကို။

လူက ပုပု ပိန်ပိန် သေးသေး၊

အကျီက ဖိုးရိုးဖားရား။





www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ခါ –ဓာတ်ထဲက ဆိုင်းဆင့်တွေရှုတ်ပြီး နွားတွေ၊ ခွေးတွေ လိုက်ဖောင်းနေတတ်သလို...။

တစ်ခါတစ်ခါမှာလည်း အုတ်ခုံပေါ် တက်ရပ်ပြီး နို့ဆီခွက်ကို မိုက်ခွက် လုပ်လို့တွံတေးသိန်းတန်ရဲ့ "တွေးညို့" ပြဇာတ်ကိုတစ်ယောက်တည်း ဖာတ် ထုပ်ခင်းနေရတာ...။

ဆိုက်ကားသမား၊ မြင်းလှည်းသမားများက ဩဘာလက်ခုပ်တီးလေ ဗိုက်ြီးဆိုပြလေပဲ။

"သာခင်ကို ဘာထင်လဲ"

"ရှီးပဲ ထင်တယ်ကွ"

"အေး – ရှီးပဲထင်ရင် မင်းတို့လည်း ရှီးပဲကွ"

အောက်ကလူနဲ့ အပေါ်ကလူ အတိုင်အဖောက်ကို ညီနေတာပဲ။

အရူး ကိုစိန်ခြယ်မှာ ပိုက်ဆံမရှားဘူးနော်၊

ဟိုက သနားလို့ပေး၊ ဒီက သနားလို့ပေးနဲ့ ငွေကို ရှုင်နေတာပဲ၊ တစ်ခါ တစ်ခါငွေစက္ကူတွေဖြန့်ပြီး ယပ်ခပ်ပြလိုက်သေးခင်ဗျ။ လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင် လက်ဖက်ရည်ငါးခွက် တစ်ပြိုင်တည်း မှာသောက်သလို၊ ပလာတာ လည်း ငါးချပ်စားသည်။

အီကြာကွေးဆိုလည်း ငါးချောင်းစား၏။

မုန့်ဟင်းခါးစားလျှင် ငါးပွဲ စားလေ့ရှိသည်ကား သူ့မှသူ့ဟန်ပဲဖြစ်တယ်၊ စားပြီးရလည်း ငွေအကြေပေးလေ့ရှိတယ်။

စားပြီးထွက်ပြေးတဲ့အရူး မဟုတ်ဘူး၊

အလှူဆွမ်းကျွေး အိမ်ဖြစ်ပေမယ့် လုံးဝဝင်မစားဘူး။

ခေါ်ကျွေး ခေါ်ပေးမှ စား၏။

သူ့အကြိုက်ဆုံးအစာကား ဘယာကြော်ဖြစ်၏။

သူနှင့်ကြုံတိုင်း ကျွန်တော်က ကုလားမကြော်သည့် ဘယာကြော် အခု နှစ်ဆယ်၊ အစိတ် ဝယ်ပေးကျွေးလေ့ရှိသောကြောင့် ကျွန်တော့်ကို မျက်မှန်း တန်း မှတ်မိနေသည်၊



ကျွန်တော့်ကိုမြင်လျှင် လက်ဝါးဖြန့်၍မတောင်း၊ သူမြင်သည်နှင့်ဘယာ ကြော်များ ဝယ်ပေးစမြဲ၊

"ကျန်းမာပါစေဗျာ..."

"အသက်ရှည်ပါစေဗျာ..."

အဲဒီ့စကားနှစ်ခွန်းတော့ အကြိမ်ငါးဆယ်တစ်ရာမျှ နောက်ကနေလိုက် ပြီး ကျွန်တော် ဝေးဝေးရောက်မှသာ အပြောရပ်တော့သည်၊

ဒါကြောင့်လည်း ကျွန်တော့်ကို သူ ခင်မင်လေးစား၏။

ကျွန်တော်ကလည်း သူ့ကို ခင်မင်၏။ သံယောဇဉ်ဖြစ်မိ၏။

တစ်နေ့ မနက်ပိုင်း...။

ထိုစဉ်က ကျွန်တော်တို့မြို့နှင့် ရန်ကုန်သည် နှစ်ထပ်မီးသင်္ဘောများ ပြေး ဆွဲနေချိန် ဖြစ်သည်၊

ရန်ကုန်ကိုအလုပ်ဆင်းလျှင်ရေလမ်းခရီးနှင့် သွားရ၏။ သင်္ဘောခေါက်က မနက်(၆)နာရီမှ ည(၉း၄၅)နာရီအထိ အသွားအပြန် ပြေးဆွဲသည်၊

ထိုနေ့က မိုးကောင်းသည် မြူရိပ်နှင့် နေရောင် အားနည်းရှိနေ၏၊

သန်လျင်သူ၊ သန်လျင်သားတို့ ဘဝကတော့ မိုးများများ မြူဆိုင်းဆိုင်း နှင်းပိတ်ပိတ်၊ အလုပ်ချိန်၊ ရုံးချိန်မီအောင် သင်္ဘောစီးရစမြဲ၊ မြစ်ကို မမြင်ရ အောင် မှိုင်းပိတ်ရင်တော့ သင်္ဘောမထွက်၊ နှင်းကွဲအောင် စောင့်ရသည်၊

နှင်းကွဲမှ သင်္ဘောထွက်သည်၊

ထိုအခါ သင်္ဘောပေါ်မှာ လူနှစ်ဆနီးပါးဖြစ်ပြီး သင်္ဘောစီးရသည်မှာ အန္တရာယ် ဖြစ်လုနီးပါး ကြုံရလေ့ရှိ၏၊

ထိုနေ့က ကျွန်တော် နောက်ကျသဖြင့် သင်္ဘောမီအောင် ကားပေါ်မှ အမြန်ဆင်းရ၏၊ ရန်ကုန်မဂ္ဂဇင်းတိုက်သို့စာမူပေးပို့ရန်ရှိသဖြင့် ကျွန်တော်နှင့် ကဗျာဆရာ သူငယ်ချင်းတို့ သင်္ဘောဆိပ် လက်မှတ်ရောင်းဌာနသို့ သုတ်ခြေ တင်ကြ၏၊

လက်မှတ်နှစ်စောင်ဝယ်ပြီး ရေဆိပ်ဆင်းမည်လုပ်တော့ နောက်ကနေ ကျွန်တော့်လွယ်အိတ်ကိုတစ်ယောက်လှမ်းဆွဲထားသဖြင့် လှည့်ကြည့်လိုက် ရော...။

www.burmeseclassic.com

အရူး ကိုစိန်ခြယ်...၊ ဒါနဲ့ - ပြောရတာပေါ့။

"ကိုစိန်ခြယ် - ညနေစောင့်နေနော်။ အဲဒီ့ကျမှ ဘယာကြော် ဝယ်ကျွေးမယ် - လွှတ် - လွှတ်"

"ဟင့်အင်း - ဟင့်အင်း"

"သဘော်မမီမှာ စိုးလို့ပါ။ ကဲ - ရော့ - ပိုက်ဆံယူသွား။ ဝယ်စား - ဟုတ်လား"

"ဟင့်အင်း - ဟင့်အင်း - လာ - လာ"

"ဘော် - ဘော်"

သူကလည်း လွယ်အိတ်ကို မလွှတ်ပဲ မလွှတ်တမ်းဆွဲထား။ သဘော်ကလည်း ဥဩ စ,ဆွဲနေပြီ။

"မြို့ချစ်ရေ - မင်းယောက်ဖနဲ့ မင်း ကျန်ရစ်ခဲ့တော့။ ငါတော့ သဘော်မီအောင် သွားပဟေ့"

သူငယ်ချင်း ကဗျာဆရာက ကျွန်တော်တို့အဖြစ်ကိုကြည့်ပြီး ချန်ထားရစ်လို့၊ သဘော်ရှိရာကို ပြေးသွားတော့တယ်။

"ဘော် - ဘော်"

အရူး ကိုစိန်ခြယ်ကလည်း မလွှတ်ဘဲနဲ့ လက်ဖက်ရည်ဆိုင်ရှိရာသို့ တအား ဆွဲခေါ်သွားပါရော။

ကိုယ်ကလည်း အားနာ၊ သနားတတ်တော့ သူ့ဆွဲခေါ်ရာပါသွားပြီး (၁၁) နာရီ သဘော်ခေါက် လွှတ်သွားပါရောလေ။

ဒါနဲ့ - နောက်အခေါက်မှ လိုက်မယ်ဆိုပြီး လက်ဖက်ရည်ဆိုင်မှာ ထိုင်၊ အရူးကိုစိန်ခြယ်ကိုလည်း ဘယာကြော်တွေဝယ်ကျွေး၊ အတူလက်ဖက်ရည်သောက်လုပ်နေတုန်း...

အရူးကိုစိန်ခြယ်က...

"ဆ - ဆ - ရာ"

"ပြော - ကိုစိန်ခြယ် - ဘာလဲပြော"

"မ - မ - လိုက်နဲ့ - မ - လိုက် - နဲ့"

"မလိုက်နဲ့ - ဒီသဘော်နဲ့လား"



"အင်း - အင်း"

"ဘာဖြစ်လို့မလိုက်စေချင်တာလဲ၊ မင်းဘယာကြော် သိပ်စားချင်နေလို့ မဟုတ်လား"

"ဟင့်အင်း - ဟင့်အင်း"

"ဒါဖြင့် - ဘာကြောင့်လဲ၊ ငါ - အခု နောက်ကျသွားပြီကွ"

"သင်း - သင်း - ဘော - ဘော"

"သဘော်က ဘာဖြစ်လို့တုံးဟ - ငါ့ကောင်ရာ ဟင်"

ဒီမှာ သူက မျက်နှာကို ရှုံ့၊ လက်ဝါးခါပြရင်းက -

"မ - ကောင်း - မ - ကောင်း - သင်း - ဘော - မကောင်း"

"ငါ့ကို သဘော်ကောင်းကောင်းနဲ့ စီးသွားစေချင်တာလား"

"အင်း - အင်း - သွား - သွား - တော့ - မယ် - နော်"

"အေး - သွား သွား၊ ညနေမှ ထပ်စားနော်၊ ငါ - နောက်သဘော်စောင့်လိုက်ဦးမယ်"

"အင်း - အင်း"

အရူး ကိုစိန်ခြယ် ကျွန်တော့်ကို ဆလံအခါခါပေးပြီး ဘယာကြော်ထုပ်ကိုင်လို့ ပျောက်ကွယ်သွားခဲ့တယ်။

ဘယ်လိုရေစက်လည်း သိပါဘူးလေ။

အရူးဖြစ်နေပေမယ့် သူ့ကို ကျွန်တော် သံယောဇဉ် ရှိနေသလို သူကလည်း ကျွန်တော့်ကို သံယောဇဉ်ရှိနေရှာရဲ့...၊

ဒီလိုနဲ့ စဉ်းစားခန်းဝင်နေတုန်း...

လူတွေ သဘော်ဆိပ်ရှိရာကို ဒရောသောပါး အော်ဟစ်ပြေးသွားကြတာကို မြင်လိုက်ရသည်၊

လက်ဖက်ရည်ဆိုင်ထဲရှိ စားသောက်နေသူများလည်း တစ်ရှုးထိုး ပြေးထွက်သွားကြသည်၊ လူအုပ်က မနည်းဘူး ခင်ဗျ။

ဒါနှင့်အတူ သဘော်ဥဩဆွဲသံတွေလည်း ကြားလိုက်ရလို့ နီးရာလူကို မေးကြည့်တော့ -

"ဘာလို့ လူတွေ ပြေးနေကြတာတုန်းဗျ"

www.burmeseclassic.com

"မြစ်သုံးဆိုင်မှာ သင်္ဘောနစ်လို့တဲ့ဗျို့"

"ဟေ - ဘယ် - ဘယ် - သင်္ဘောတုံးဗျာ - ဟင်း - ဟင်"

"နလေးပဲ ထွက်သွားတဲ့ (၁၁)နာရီခေါက် "တိုင်းလုံးကျော်" သင်္ဘောတဲ့"

"ဗျာ"

ကျွန်တော် သင်္ဘောဆိပ်ရှိရာကို ပြေးချသွားလိုက်တယ်၊ ဖောတံတားပေါ်မှာ လူတွေ ပြည့်နေပြီ၊ ငိုသူငို၊ လူးသူလူး၊ တက်သူတက်၊ သတိလစ်သူလစ်ကြ၊

ရေပြင်အဝေးမှာ လှေသမ္ပန်မော်တော်ဘုတ်တွေ သင်္ဘောနစ်ရာ မြစ်သုံးဆိုင်ကို လှော်ခတ်မောင်းနှင် သွားနေကြရဲ့၊

ဘုရား - ဘုရား၊

သူငယ်ချင်း ကဗျာဆရာ ကျွန်တော့်ကို ထားရစ်ခဲ့ပြီး ဒီတိုင်းလုံးကျော် သင်္ဘောနဲ့ လိုက်ပါသွားတာ၊

အို - ဘုရား - ဘုရား - လွဲပါစေ၊ ဖယ်ပါစေ၊

သင်္ဘောပေါ်ပါသူအားလုံး အသက်အန္တရာယ် ကင်းပါစေ၊

အသက်တွေ မဆုံးရှုံးကြပါစေနဲ့၊

ဟုတ်ကဲ့၊ ဆုတောင်းမပြည့်ခဲ့ပါဘူးဗျာ၊

အဲဒီနေ့က တိုင်းလုံးကျော်သင်္ဘောဝမ်းဗိုက်ပေါက်ပြီး ရန်ကုန် - ပဲခူးမြစ်သုံးဆိုင်အနီးမှာ နစ်မြုပ်သွားခဲ့ပါသည်၊

ကျွန်တော်တို့ သန်လျင်မြို့မှ ကဗျာဆရာ သူငယ်ချင်းအပါအဝင် လူပေါင်းများစွာတို့ သေဆုံးခဲ့ရကား ရပ်ကွက်တိုင်း ရပ်ကွက်တိုင်းမှာ အသုဘအလောင်းစင်များ စိတ်မချမ်းသာဖွယ်၊ ကြေကွဲဝမ်းနည်းဖွယ် မြင်တွေ့ကြုံခဲ့ရပါသည်၊

အကယ်၍သာ ...

အရူး ကိုစိန်ခြယ် ကျွန်တော့်ကိုသာ ဖွတ်တရွတ် ဆွဲခေါ်မသွားခဲ့လျှင် ကျွန်တော်လည်း အဲဒီနေ့က ရေအောက်မြစ်သုံးဆိုင်မှာ သေသူတို့နှင့်အတူ တမလွန်ဘဝသစ်ခရီးကို အတူသွားနေရလေပြီ၊



ကိုစိန်ခြယ်ရယ် ...၊

ခင်ဗျား တိုင်းလုံးကျော်သင်္ဘော နစ်မြုပ်မှာကို ကြိုသိနေလို့များ ကျွန်တော့်ကို တားရော့သလားဗျာ၊

ဒါမှမဟုတ် ခင်ဗျားကို ဘသာကြော်တစ်ထုပ် ဝယ်ကျွေးမိလိုက်တဲ့ ကျွန်တော့်ရဲ့ ဒါနကုသိုလ်ကံကပဲ လက်ဝင်းချက်ချင်း အကျိုးပေးလိုက်လေသလား၊

ကျွန်တော် - ခင်ဗျားကို ဘယ်လိုကောက်ချက်ချရမှန်း မသိဘူး၊

ခင်ဗျားကို အရမ်းကျေးဇူးတင်တယ်ဆိုတာ ခင်ဗျားကို ထိုက်တန်စွာ ဂုဏ်ပြုတဲ့စကားပါ - ကိုစိန်ခြယ်၊

အချို့က ခင်ဗျားကို အရူးတဲ့ ...၊

အလကားသူတဲ့ ...၊

မဟုတ်ဘူး ...၊

ခင်ဗျား - အလကားလူ မဟုတ်ဘူး ...၊

ဒါတော့ - ကျွန်တော် အကြွင်းမဲ့ကို ယုံတယ်ဗျာ ...၊

ခင်ဗျာ - အလကားလူ မဟုတ်ဘူး ...၊

အရူးတော့ အရူးပါပဲ ...၊

သို့သော် - ထူးတဲ့ အရူးလို့ ကျွန်တော် ဆိုလိုက်ချင်ရဲ့ဗျာ၊

→ မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



# မရဏ ဖြတ်လမ်း

စိုးကြွအောင်

အမှန်တော့ ဒီဖြတ်လမ်းလေးဟာ အန္တရာယ်ပေးလိမ့်မည်ဟု ဘယ်သူ သိနိုင်မှာလည်း၊ အစကသာ လူကြီးသူမတွေရဲ့ သတိပေးစကားကို သာ လိုက်နာခဲ့မည်ဆိုလျှင် ကျွန်တော်တို့ မိသားစုထဲမှာ ခုလို ဝမ်းနည်းကြေကွဲ ဖွယ်ရာအဖြစ်ဆိုးနဲ့ ကြုံခဲ့ရမှာ မဟုတ်ဘူးဗျာ။ ဒီကံကြမ္မာ ဖြတ်လမ်းလေးရဲ့ အစကတော့ ဒီလိုပါ...။

အဲဒီနေ့က ကျွန်တော်တို့ မိသားစုတွေ တောင်ငူမြို့မှာ ကျင်းပမယ့် တူမ တစ်ယောက်ရဲ့ လက်ထပ်မင်္ဂလာပွဲကို သွားရောက်ခဲ့ကြတာပါ။ နောက် တစ်နေ့မနက်မှာ ကျင်းပမယ့် မင်္ဂလာပွဲအမီသွားနိုင်ရန် ဒီနေ့ညနေစောင်း ...တ်မှာ ကားနှင့် သွားခဲ့ကြတယ်။

ကျွန်တော်တို့ မိသားစုဝင် ငါးဦး ဖြစ်ပါတယ်။ ကျွန်တော်ရယ်၊ ကျွန်တော့် ...ခင်ထားမြင့်၊ ယောက္ခမကြီး ဦးကျော်ခေါင်နှင့် သားသမီးနှစ်ဦးဖြစ်တဲ့ ...ကျော်လွင်နှင့် သမီးကြီး မယ်စန္ဒီတို့ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

မိသားစုဝင် ငါးဦးတာ မတ်တူးအဖြူရောင်တားလေးဖြင့် မောင်းနှင်လာနေရာမှ အမြန်လမ်းမကြီးပေါ် ရောက်လာပါတယ်။ ကားပေါ်မှာတော့ ကျွန်တော် ကိုယ်တိုင်မောင်းနှင်ပြီး ကျွန်တော့် ဘေးရှေ့ခန်းမှာ ဇနီးဖြစ်သူ ခင်ထားမြင့်က ထိုင်လျက် ကားနောက်ခန်းမှာ ယောက္ခမကြီး ဦးကျော်ခေါင်က အလယ်မှာထိုင်ပြီး ညာဘက်အခြမ်းမှာ မယ်စန္ဒီကထိုင်ပြီး ဘယ်ဘက်အခြမ်းမှာ မိုးကျော်လွင်က ထိုင်ပါတယ်။

တောင်ငူမြို့ဆီ မောင်းရမှာ ခရီးမိုင်ပေါင်း (၁၇၆) မိုင်ခန့် ဝေးပါတယ်။ ဒီခရီးလမ်းကို လမ်းဟောင်းအတိုင်း မောင်းနှင်လျှင် အချိန် (၆) နာရီခန့်ကြာပါမယ်၊ အမြန်လမ်းမကြီးအတိုင်း မောင်းလျှင် (၄) နာရီခန့်သာ ကြာမြင့်မည်၊

ယခုလို - ညနေစောစောထဲမှ ထွက်လာပြီးမောင်းလျှင် တောင်ငူမြို့ကို ည(၉)နာရီခန့်လောက်မှာ ရောက်နိုင်ပါတယ်။ သို့မှသာ - ညဘက် အေးအေးဆေးဆေးနားနေနိုင်ပြီး နောက်တစ်နေ့ နံနက်ပိုင်းမှာ ကျင်းပမည့် မင်္ဂလာပွဲကို အချိန်မီတက်ရောက်နိုင်မှာ ဖြစ်တယ်၊

ဒါကြောင့် - တောင်ငူမြို့ကို အချိန်မီရောက်လိုဇောဖြင့် မတ်တူးကားလေးကို အမြန်လမ်းမကြီးအတိုင်း အပြင်းမောင်းနှင်လာနေတယ်၊ အခြားသူများမပါဘဲ မိမိတို့မိသားစုငါးယောက်တည်း အေးအေးလူလူ စကားစမြည်ပြောဆိုလျက် မောင်းလာနေတယ်၊ သမီးကြီး မယ်စန္ဒီကတော့ အဲယားကွန်းဖွင့်ပြီး မှန်အလုံပိတ်ထားတဲ့ ကားထဲကနေ ညနေစောင်းနေဝင်အလှအပရှုခင်းကို ငေးမောကြည့်ရှုခံစားနေသလို သားငယ် မိုးကျော်လွင်က ဟန်းဖုန်းမှာ နားကြပ်တပ်ဆင်လျက် သီချင်းနားထောင်နေတယ်၊

"အဖေ - ခုချိန်လောက် ကားမောင်းသွားရင် တောင်ငူမြို့ကို ဘယ်အချိန်လောက် ရောက်မလဲဟင်"

"အို - လူလေးကလည်း ခုလို ခရီးသွားနေတုန်း အချိန်မမေးရဘူး"

"ဘာဖြစ်လို့လဲ - အဘိုးရဲ"

ကားမောင်းသွားနေစဉ်ခေတ်လူငယ်ဖြစ်သော မြေးဖြစ်သူမိုးကျော်လွင်၏ အမေးစကားကြောင့် ဦးကျော်ခေါင်မှာ ရှေးရိုးဆန်သော လူကြီးပီပီ မသိနားမလည်သော မြေးဖြစ်သူအား ကြားမှဟန့်တား ပြောဆိုလိုက်တယ်။



"အေး - မှတ်ထား။ ခုလို ကားမောင်းပြီး ခရီးသွားနေတုန်းမှာ အချိန်နာရီကို ကားမောင်းနေတဲ့လူကို မမေးရဘူးကွ။ အဲသလို မေးလိုက်ရင် လမ်းမှာ ခရီးသွားရင်း ခရီးဖင့်တတ်တယ် မြေးရဲ့"

"ဟာ - အဘိုးကလည်းအချိန်နာရီမေးတာနဲ့လမ်းခရီးမှာ သွားဘာသာသူ မောင်းသွားနေတာနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ကွ။ မင်းတို့ ခေတ်လူငယ်တွေ ဘာမှ ဗဟုသုတမရှိဘူး၊ မင်း သတိမထားမိလို့ပါ။ အဝေးပြေးကားကြီးတွေပေါ်မှာ ခရီးသည်တွေကို ရည်ညွှန်းကပ်ထားတဲ့ စာတမ်းတွေကို မမြင်မတွေ့ဖူးဘူးလား၊ "သတိ - အချိန်မေးမြန်းခြင်း သည်းခံပါ" ဆိုတဲ့ သတိပေးစာ ကပ်ထားတာ"

"မဟုတ်သေးပါဘူး၊ ဒါဟာ - တိုက်ဆိုင်မှု တစ်ခုခုဖြစ်မှာပါဗျာ"

"ဟုတ်တယ် - သားရဲ့ မင်းတို့လိုခေတ်လူငယ်တွေဆိုတာကတော့ ဓမ္မဓိဋ္ဌာန်ကျကျပဲ လက်ခံတတ်ကြတယ်။ ရှေးထုံးကိုလည်းမပယ်နဲ့ဆိုတဲ့ စကားလိုပေါ့၊ ရှေးလူကြီး သူမတွေက ရှေးရိုးအစဉ်အလာကို ပစ်ပယ်လို့ မရဘူးကွ"

ကျွန်တော်က အခြေအနေကို ဝင်ထိန်းပြီး ရှင်းပြပြောဆိုရတယ်၊ သားဖြစ်သူ မိုးကျော်လွင်တစ်ယောက် ဘဝင်ကျဟန်မတူပဲ ခေါင်းမှဆံပင်တွေကို တဗျင်းဗျင်းကုတ်လျက် နားမှာ နားကြပ်လေးပြန်တပ်ကာ သီချင်းနားထောင်နေတယ်၊

မတ်တူးကားဖြူလေးကတော့ မှောင်ရီသန်းစအချိန်ဝယ် အမြန်လမ်းမကြီးပေါ်မှာ မိုင်တိုင်များကိုတစ်ခုပြီးတစ်ခုဖြတ်ကျော်မောင်းနှင်လာနေတယ်၊ လမ်းမကြီးပေါ်မှာ အထက်အောက်စုန်ဆန်မောင်းနှင်နေသော ကားငယ်၊ ကားကြီးများကို ရှောင်တိမ်းမောင်းနှင်လျက်ရှိတယ်။ ကားအသွားအလာရှုပ်ထွေးနေသောကြောင့် သတိထားမောင်းနှင်နေရတယ်၊

ထိုစဉ် - အမြန်လမ်းမကြီးပေါ်ရှိမိုင်တိုင် (၆၇) မိုင်ကို ရောက်လာတယ်၊ အချိန်မှာလည်း ည (၆) နာရီကျော်တော့ခန့် ရှိနေတယ်၊ အလင်းရောင် လုံးဝ ပျောက်ကွယ်ပြီး အမှောင်က ကြီးစိုးလာနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com

မိမိတို့ မောင်းလာနေသော ကားမှာ ခရီးအတန်ငယ်ပေါက်လာပြီး ဘုရားကြီးကျေးရွာဘက်ဆီ ကျော်ဖြတ်မောင်းလာနေတယ်။ ထိုစဉ် – သားဖြစ်သူ မိုးကျော်လွင်ဟာ ကားစီးလာနေရင်း အပေါ့သွားချင်လာသည်ဆို၍ လမ်းဘေးသစ်ပင်ကြီးအနီးတွင် ကားကို ခေတ္တရပ်ကာ မိသားစုကျန်းမာရေးကိစ္စ ဆောင်ရွက်ခဲ့ကြတယ်။

"ဟဲ့ – သား၊ သစ်ပင်အောက်မှာ အပေါ့သွားတာ ကန်တော့ပြီးမှ သွားလေ"

"ဟာ – အမေကလည်း အပေါ့သွားတဲ့ ဥစ္စာ ဘယ်သူ့ ကန်တော့ရမှာလဲ"

"မင်းဟာ တယ်ခက်တဲ့ကောင်ပဲ၊ မမြင်အပ်တဲ့ တောပိုင်တောင်ပိုင်တွေကို စိတ်နဲ့မှန်းပြီး တောင်းပန်တိုးလျှိုး ကန်တော့ပြီးမှ အပေါ့စွန့်ရတယ်ကွဲ့"

မိုးကျော်လွင်မှာ လူငယ်ပီပီ ဖိုးခနဲဖက်ခနဲ စိတ်မြန်သူဖြစ်၍ သစ်ပင်ခြေရင်းမှာရပ်ပြီး အပေါ့သွားနေသောကြောင့် မိခင်ဖြစ်သူမှ လှမ်းဟန့်တား ပြောဆို သတိပေးနေတယ်။

မိုးကျော်လွင်က ကားထဲကို နောက်ဆုံးမှ ဝင်ထိုင်လိုက်တယ်။ ထိုစဉ် – မိုင်တိုင် (၆၇) မိုင်ဆိုသည့် ဆိုင်းဘုတ်ကို ကားမီးရောင်အောက်မှာ မြင်တွေ့နေတယ်။ သို့သော်လည်း လမ်းမှာ နှစ်ခွပုံစံဖြစ်နေတယ်။ အမြန်လမ်းမကြီး အတိုင်း တည့်တည့်ဆက်မောင်း၍ ရသလို ဖြတ်လမ်းဘက်နေရာမှာလည်း ရှင်းလင်းဖြောင့်ဖြူးနေတယ်။ ကား အသွားအလာမရှိဘဲ လူသူလေးပါး ရှင်းလင်းနေတယ်။

"ငါတို့ – ဒီလမ်းမကြီးအတိုင်း မမောင်းဘဲ ဒီဖြတ်လမ်းကနေ မောင်းရင် ကျောက်တံခါးဘက်ကို ရောက်သွားမယ်။ အဲဒါဆို – တောင်ငူကို အချိန်စောစော ရောက်သွားမယ်ကွ"

"အို – ကိုယ့်ဘာသာ လမ်းရိုးအတိုင်း မောင်းတာပဲ ကောင်းပါတယ်ရှင်"



"မဟုတ်ဘူး – မိန်းမရ၊ မင်း – ကြည့်စမ်း၊ ဒီဖြတ်လမ်းက ဖြောင့်ဖြူးနေတယ်။ လူသွားလူလာရှင်းသလို ကားအသွားအလာလည်း ရှင်းလင်းနေတော့ ကားမောင်းရတာ မျက်စိမရှုပ်ဘူးကွ"

ထိုနေရာလေးမှာ ကားကိုရပ်လျက် မူလသွားရိုးသွားစဉ်အတိုင်း အမြန်လမ်းမကြီးပေါ်မှ မောင်းသွားရန်နီးနီး၊ ဖြတ်လမ်းမှပဲ မောင်းရန်နီးနီးနှင့် လင်မယားနှစ်ယောက် စကားအငြင်းအခုန် ဖြစ်နေကြတယ်။

ထိုစဉ် – ယောက္ခမကြီးဖြစ်သူ ဦးကျော်ခေါင်မှ ရှေးရိုးဆန်သော လူကြီးပီပီ ချင့်ချင့်ချိန်ချိန်စဉ်းစားပြီး စကားကို ချိန်ချိန်ဆဆ တွေးတောကာ ပြောလိုက်တယ်။

"မောင်ကျော်လွင် – မင်းလည်း နားလည်သဘောပေါက်ပြီးသားကွာ၊ အလျင်လို လမ်းအိုမလိုက်နဲ့ ဆိုတဲ့စကားလိုပေါ့၊ လူအသွားအလာ ကင်းရှင်းနေတဲ့လမ်းဆိုတာ အကြောင်းတစ်ခုခု ရှိလို့နေမှာပေါ့။ သူ့ သွားရိုးသွားစဉ်အတိုင်း အမြန်လမ်းမကြီးပေါ်ကပဲ တောက်လျှောက်မောင်းတာပဲ ကောင်းပါတယ်။ တောင်ကြားလမ်းမှာ ကားတစ်ခုခုဖြစ်ရင် ကူညီမယ့်သူမရှိဘဲ အခက်တွေ့နေပါ့မယ်"

ယင်းသို့ – ခရီးဆက်သွားရန် ချီတုံချတုံဖြစ်နေခိုက် အလုံပိတ်ထားသော ကားမှန်ပြတင်းပေါက်နေရာတွင် မှောင်ပျပျအလင်းရောင်အောက်မှာ အရိပ်တစ်ခုပေါ်လာနေသည်ကို မယ်စန္ဒီမှ ရုတ်တရက် လှမ်းမြင်လိုက်ပြီး ...

"အမလေး"

မယ်စန္ဒီမှာ လူကြီးများ ကားဆက်မောင်းရမည့် ကိစ္စအကြောင်းကို နောက်ခန်းမှထိုင်လျက် ငေးမောနားထောင်နေရာမှ မှန်ဘေးတွင် ပေါ်လာသော အရိပ်မည်းကြီးမြင်ပြီး လန့်အော်ခဲ့ခြင်း ဖြစ်တယ်။

သမီးဖြစ်သူ မယ်စန္ဒီ၏ လန့်ဖျပ်အော်ဟစ်လိုက်သည့်အသံကြောင့် မိမိညာဘက်ပြတင်းပေါက်ဘေးကို ကျွန်တော် ကမန်းကတန်း ကြည့်လိုက်မိတယ်။ မိမိဘေးမှန်ပေါ်မှမြင်တွေ့လိုက်ရသည်မှာ အဘွားအိုကြီးတစ်ဦးသည် ခေါင်းပေါ်မှာ တောင်းလေးရွက်ထားသည်ကို မြင်တွေ့ခဲ့ရတယ်။

"အဘွား – ဒီလမ်းက သွားလို့ရလား၊ လမ်းကောင်းလား –"



www.burmeseclassic.com

www.burmeseclassic.com

"..............."

အဘွားကြီး နှုတ်မှ ဘာမျှပြန်မပြောဘဲပြုံးကြည့်လျက် ခေါင်းညိတ်ပြတယ်။ အဘွားကြီးက ဖြတ်လမ်းဘက်နေရာကို လက်ညှိုးညွှန်ပြနေတယ်။

"ကဲ – ငါ မပြောလား။ လမ်းက သွားလို့ ရပါတယ်လို့၊ လူတွေက အမြန်လမ်းသစ်ကြီးပေါ်ကပဲ အပြိုင်အဆိုင် မောင်းချင်နေကြတော့ ဒီလိုလမ်းဟောင်းကနေ မသွားချင်ကြဘူးလေ။ တို့ဘာသာ အေးအေးဆေးဆေး ဒီဖြတ်လမ်းထဲကနေ မောင်းသွားရင် တောင်ငူမြို့ကို စောစောရောက်တော့ပိုကောင်းတာပေါ့"

ယောက္ခမကြီး ဦးကျော်ခေါင်ကတော့ သိပ်ဘဝင်မကျချင်သော်လည်း ကျွန်တော်က ရွာခံအဘွားကြီး၏ လမ်းညွှန်ပြသော ဖြတ်လမ်းကသာ မောင်းချင်နေတယ်။ ကားကို ဖြတ်လမ်းဘက်ဆီ ချိုးတွေ့ဝင်လိုက်တော့ လမ်းညွှန်ဆိုင်းဘုတ်နေရာလေးမှာ တစ်စုံတစ်ရာ ထူးခြားသွားသလို ဖြစ်သွားတယ်။ ယောက္ခမကြီး ဦးကျော်ခေါင်က စိတ်ထဲမှာ မသိုးမသန့်ဖြစ်သလိုနှင့် ကားနောက်ဘက်ဆီ လှည့်ကြည့်လိုက်သောအခါ စောစောက အဘွားကြီးကို မမြင်မတွေ့ရဘဲ ပျောက်သွားသဖြင့် ...

"ဟာ – စောစောက အဘွားကြီးမတွေ့တော့ဘူး။ ဘယ်ရောက်သွားလဲ မသိဘူး"

"အဖေကလည်း သူ့လမ်းသူသွားရင်းတောထဲထင်းကောက်ထွက်သွားမှာပေါ့"

ကျွန်တော်က စကားကိုဖြတ်ရင်းဖြတ်လမ်းလေးအတိုင်းမောင်းနှင်လာနေတယ်။ ယောက္ခမကြီး ဦးကျော်ခေါင်ကတော့ စိတ်ထဲ ဇဝေဇဝါဟန်ဖြင့် နောက်ဘက်သို့ လှည့်ကြည့် လှည့်ကြည့်လုပ်ရင်း လိုက်ပါလာနေတယ်။

ထူးခြားနေသည်မှာ မိမိတို့ ကားတစ်စီးတည်းသာ လမ်းပေါ်မှာ ဖြတ်မောင်းသွားနေတယ်။ လမ်းမှာ လူသွားလူလာ ပြတ်လပ်နေပြီး ကားတစ်စီး



တလေမှ မတွေ့မြင်ခဲ့ပေ။ လမ်းတစ်လမ်းလုံးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိပြီး ညမှောင်မှောင်မည်းမည်းကြီးထဲမှာ ကားမီးအလင်းရောင်သာ ထိန်လင်းနေတယ်။ လမ်းဘေးမှ သစ်ပင်လေလတိုးသံများလို တရှဲရှဲနှင့် သစ်ကိုင်းများ ယိမ်းထိုးနေတယ်။

ကားလမ်းမပေါ်တွင် မိုင်တိုင်တစ်ခုကို ကားမီးရောင်ဖြင့် လှမ်းမြင်နေရသဖြင့် အားလုံးသေသေချာချာ ဂရုတစိုက်ကြည့်လိုက်သောအခါ မိုင်တိုင် (၆၇)ကိုသာမြင်နေရတယ်။ စောစောက လမ်းညွှန်ဆိုင်းဘုတ်ကြီးမှာလည်း သူ့အလိုလို လည်ထွက်သွားနေတယ်။

ကျွန်တော် ကားမောင်းနေရင်း စိတ်ထင့်သွားတယ်။ မိမိမျက်စိဖြင့် တပ်အပ် သေချာကြည့်လိုက်တိုင်း မိုင်တိုင် (၆၇)မိုင် ဆိုင်းဘုတ်ကိုသာ ထပ်ခါတလဲလဲ မြင်တွေ့နေရတယ်။ ကားကို ထိုနေရာမှသာ ထပ်ခါထပ်ခါ ပြန်ဖြတ်လာသလို မောင်းနေရတယ်။ သမီးက ကျွန်တော့်ကို ...

"အဖေ – တစ်ခုခုတော့ ထူးခြားနေပြီ၊ သမီးတို့ကားက ဘယ်လောက်ပဲ မောင်းမောင်း ဒီမိုင်တိုင်နေရာရှည်း ရောက်နေတယ်"

"အင်း – ဟုတ်တယ် – သမီး၊ အဖေလည်း အဲဒါပဲ နားမလည်ဖြစ်နေလို့ စဉ်းစားကြည့်နေတာ၊ ဒီမိုင်တိုင်ကို ဖြတ်ကျော်ပြီးရင် နောက်မိုင်တိုင်အသစ်ကို ရောက်ရမှာ မဟုတ်လား။ ဘာကြောင့် – ဒီမိုင်တိုင်နေရာမှာပဲ၊ တဝဲဝဲ တလည်လည် ပြန်ရောက်နေရတာလဲ"

"နေဦး – အဖေ၊ သေချာသွားအောင် သမီးအမှတ်အသားတစ်ခုခု ဆင်းလုပ်ကြည့်မယ်"

မယ်စန္ဒီက သူမ၏ လက်ဆွဲအိတ်ထဲမှ နှုတ်ခမ်းနီဆိုးဆေးတောင့်ကို နှိုက်ယူပြီး ကားအောက်ဆင်းသွားတယ်။ ၎င်းမိုင်တိုင် (၆၇)အုတ်ပြားပေါ်မှာ နှုတ်ခမ်းဆိုးဆေးဖြင့် "A" အမှတ်အသား ရေးလိုက်ပြီး ကားထဲပြန်ဝင်ထိုင်တယ်။

ကျွန်တော်က ကားကို ထိုနေရာမှ ဆက်မောင်းထွက်လာခဲ့တယ်။ ထိုစဉ် –ကား၏ အနောက်ဘက်မှ ဆိုင်တယ်တစ်စီးအပြင်းမောင်းနှင်လိုက်လာနေသည်ကို မြင်တွေ့ရသဖြင့် အားလုံးကြောက်စိတ်ဝင်သွားကြတယ်။ ဆိုင်ကယ်သမားက ကားဘေးမှာကပ်ရပ်ပြီး ကားဆီ ဆင်းလာတယ်။

www.burmeseclassic.com

"ခင်ဗျားတို့ – ဘယ်သွားကြမှာလဲ"

"ကျွန်တော်တို့ မိသားစု တောင်ငူမြို့ကို မနက်ဖြန်မင်္ဂလာပွဲ အမီသွားနေကြတာပါ"

"ဒီဖြတ်လမ်းအကြောင်းလမ်းညွှန်ဆိုင်းဘုတ်ချိတ်ထားတာ နားမလည်ဘဲ ဘာဖြစ်လို့ မောင်းဝင်သွားရတာလဲဗျ"

ကားအပြင်ဘက်မှ ဆိုင်ကယ်သမားလူရွယ်က ကားထဲမှ လူများကို မျက်နှာခပ်ထန်ထန်ဖြင့် မေးမြန်းနေတယ်။ ကားဘေးမှာကပ်လျက် မှန်အလုံပိတ်ထားသဖြင့် အတွင်းမှလူများကိုမသင်္ကာသောမျက်စိဖြင့် တစ်ဦးစီ အကဲခတ်ကြည့်နေတယ်။ ကျွန်တော်တို့ မိသားစုမှာ လူသူပြတ်လပ်နေသော လမ်းမှ ကားမောင်းဝင်လာမိသဖြင့် လုယက်မည့်လူလားဟု စိတ်ထဲမှာ သင်္ကာမကင်း ဖြစ်သွားတယ်။

လူရွယ်က ကားနောက်ခန်းဘက်ဆီ လျှောက်သွားပြီး ပြတင်းပေါက်နေရာမှ ရပ်လိုက်တယ်။ ကားမှန်ပိတ်ထားသဖြင့် လူရွယ်က မယ်စန္ဒီ၏ ကိုယ်ပေါ်မှာ ဝတ်ဆင်ထားသော လက်ဝတ်လက်စားများကို စိုက်ကြည့်နေလျက် –

"မင်း – အောက်ကို ခဏဆင်းခဲ့စမ်း"

"ဘာဖြစ်လို့ ဆင်းရမှာလဲ၊ ရှင် – ဘယ်သူလဲ"

"ငါမင်းကို မေးစရာရှိတယ် ကားမှန်ဖွင့်လိုက်"

"သမီး – မဖွင့်နဲ့၊ ဟေ့ – မောင်ကျော်လွင် ဒီလူ – စိတ်မချရဘူးကွ။ မင်း – ကားကို အမြန်ဆုံး ဆက်မောင်းစမ်း"

ယောက္ခမဖြစ်သူက အခြေအနေ မဟုတ်မှန်း ရိပ်မိသဖြင့် ကျွန်တော့်ကို…

ကားအမြန် မောင်းခိုင်းတယ်။ ကျွန်တော်ကလည်း ကားလီဗာကိုနင်းပြီး အရှိန်ဖြင့် ဆက်မောင်းထွက်လိုက်တယ်။ ကားဘေးမှ လူရွယ်က ကားမှန်များကို လက်ဖြင့်ပုတ်ခတ်ရင်း ကားကို ဖွတ်ရပ်ခိုင်းနေတယ်။ ကျွန်တော်က ကားကို အရှိန်မြှင့်မောင်းနှင်နေစဉ် နောက်ဘက်သို့ နောက်ကြည့်မှန်မှ လှမ်းကြည့်သောအခါ ဆိုင်ကယ်စက်နှိုးပြီး နောက်က တရကြမ်း မောင်းလိုက်လာနေတယ်။



"ဒီလူ – လူကောင်းတော့မဟုတ်ဘူး။ သမီးကိုယ်ပေါ်မှာဝတ်ဆင်ထားတဲ့ လက်ဝတ်လက်စားတွေ လုချင်လို့ ကားမှန်ဖွင့်ဆင်းခိုင်းနေတာကွ"

"ဟုတ်မယ် – အဖေ၊ ကားလမ်းပေါ်မှာ လူသူပြတ်လပ်နေတော့ ကားရပ်ခိုင်းပြီး လုယက်ဖို့ ကြိုးစားမလို့ ထင်တယ်"

"အဖေ – ကားကို အရှိန်ထပ်မြှင့်မောင်းစမ်းပါ၊ ဆိုင်ကယ် လိုက်လာနေတယ်"

မယ်စန္ဒီက စိုးရိမ်ထိတ်လန့်စွာဖြင့် နောက်ဘက်သို့လှည့်ကြည့်ပြီး ခင်ပွန်းဖြစ်သူ ကျွန်တော့်ကို သတိပေးလော်ဆော်လိုက်တယ်။ ကျွန်တော်လည်း ကားကို အမြန်နှုန်းတင်ပြီး ခြေရာဖျောက်ပစ်နိုင်ရန် ကားလမ်းပေါ်မှ လူသူရှင်းလင်းနေသဖြင့် လီဗာကိုဖိနင်းကာ မောင်းနှင်နေတယ်။

ထိုစဉ် – ကားမှာ မောင်းနှင်နေရာမှ ရုတ်တရက် ထိုးရပ်သွားခဲ့တယ်။ ယခုလို ကားကို အမြန်မောင်းနေရာမှ အမှောင်ကြီးထဲတွင် ကားက ရုတ်တရက် ပျက်သွားတယ်။ ကားထဲမှ မိသားစုဝင်အားလုံးစိုးရိမ်ကြောင့်ကျစိတ်ဖြစ်ပေါ်ခံစားနေရတယ်။ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေသည့်အထဲ ကားစက် ပျက်သွားသဖြင့် နောက်မှ ဆိုင်ကယ်သမား လိုက်လာမည်ကိုလည်း စိုးရိမ်ပူပန်နေခဲ့ကြတယ်။

"အဖေ – ကားက စက်ချို့ယွင်းသွားတာလား မသိဘူး။ ကျွန်တော် ဆင်းကြည့်ဦးမယ်"

"ရှင် – ဆင်းကြည့်လို့ဖြစ်ပါ့မလား။ ညမှောင်မှောင်မည်းမည်းကြီးထဲမှာ လူသူလေးပါးကင်းရှင်းနေတော့ စိုးရိမ်ရတယ်နော်"

"ဘာမှ မဖြစ်နိုင်ပါဘူးကွာ။ ကားခေါင်းထဲ ဖွင့်ကြည့်စစ်ဆေးမှ ပြင်လို့ရ၊ မရ သိနိုင်မှာ"

"အဖေ – ကားအောက်ဆင်းရင် တစ်ယောက်တည်း အန္တရာယ်များတယ်။ လိုရမည်ရ ဒါကို ယူသွား"

သားဖြစ်သူ မိုးကျော်လွင်က ကားနောက်ခန်းထဲမှာရှိနေသော ဂဏန်းလက်မခွသံချောင်းကြီးကို လှမ်းပေးနေတယ်။

"အေး – ဟုတ်တယ်၊ အန္တရာယ် ကာကွယ်ဖို့ ယူသွားရမယ်"



www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီး ကျွန်တော် ကားတံခါးဖွင့်ဆင်းသွားတယ်။ ကားခေါင်းစက်ခန်းကို ဖွင့်ပြီး စစ်ဆေးကြည့်တယ်။ ကားစက်မှာ ချို့ယွင်းချက်မရှိဘဲ အကောင်းပကတိဖြစ်နေသောကြောင့် အဖုံးပိတ်ပြီး ကားထဲဝင်ထိုင်နေတယ်။ ဇနီးဖြစ်သူ ခင်ထားမြင့်ကတော့ တရားဓမ္မလိုက်စားသူပီပီ အန္တရာယ်အခက်အခဲ ဖြစ်ပေါ်နေချိန်မှာ ကားခေါင်းခန်းထဲက ကာက်ဆက်ကိုဖွင့်ဖို့ ကြိုးစားနေတယ်။

"ကားကက်ဆက်ထဲကို အခွေသွင်းလို့ မရပါလား၊ ပျက်နေပြီလား"

"ဟုတ်တယ် – အမေ၊ သား ဟန်းဖုန်းထဲက သီချင်းသံလာနေရာကနေ ရပ်သွားတယ်"

ထိုစဉ်ကားဘေးမှာအရိပ်ထင်လာသဖြင့် ကျွန်တော်က မှန်တံခါးအနည်းငယ်ဟလျက် စကားလှမ်းမေးလိုက်တယ်။ ကားဘေးမှာ လူစိမ်းတစ်ယောက် ရပ်နေတာကို မြင်လိုက်ရတယ်။ လူကတော့ ရိုးသားတဲ့ပုံပါ။

"ကား – ဘာဖြစ်လို့လဲ"

"ဘာဖြစ်သွားမှန်း မသိပါဘူး – စက်ရပ်သွားလို့"

"ဟုတ်လား – ဒါဆို ကျွန်တော် ခဏကြည့်ပေးမယ် ကျွန်တော် ကားပြင်တတ်ပါတယ်"

"တဆိတ်လောက် – ကားခေါင်းခန်းထဲကို ဖွင့်ကြည့်ပေးစမ်းပါ"

ထိုလူစိမ်းက ကားခေါင်းအဖုံးကို ဖွင့်ကြည့်စစ်ဆေးနေတယ်။ ကားခေါင်းထဲ ဟိုနှိုက် သည်နှိုက်လုပ်သလိုလုပ်ပြီး အဖုံးပြန်ပိတ်လိုက်တယ်။

"ကားစက် နှိုးကြည့်ပါဦး"

"ဝူး – ဝူး – ဝူး"

"ဟာ – နှိုးလို့ ရသွားပြီ ကျေးဇူးပဲဗျာ။ ဒါနဲ့ – ခင်ဗျားက ဘယ်ပြန်မှာလဲ"

"ကျွန်တော်တို့ရွာက ဟိုရှေ့နှစ်မိုင်လောက်မှာပါ၊ လမ်းလျှောက် သွားလို့ ရပါတယ်"

"ကားကြုံနေတာပဲ ကျွန်တော်တို့ကားနဲ့ တစ်ခါတည်း လိုက်ခဲ့ပါ"

"အို – ရှင်ကလည်း ဘယ့်နှယ့် လူစိမ်းတစ်ယောက်ကို ကားပေါ်တင်ခေါ်လို့ ဖြစ်ပါ့မလား"



"အော် – မင်းကလည်း စိုးရိမ်စရာမရှိ စိုးရိမ်နေပြန်ပြီ၊ သူက တို့ကားကို စက်နှိုးလို့ရအောင် ပြင်ပေးလိုက်လို့ ကောင်းသွားပြီလေ၊ လူမှုရေးအရ တို့တလည်း ပြန်ကူညီသင့်တာပေါ့ကွာ"

"ကဲ – ကဲ – နေပါစေဗျာ၊ ကျွန်တော်က ဒီလမ်းပေါ် သွားနေကြပါ။ ကျွန်တော့် ဘာသာပဲ လမ်းလျှောက်သွားပါ့မယ်"

လူစိမ်းက မိမိကို ကားပေါ် ခေါ်တင်ရေး အခက်အခဲဖြစ်နေသည်ကို ရိပ်မိဟန်ဖြင့် ကားနှင့် မလိုက်တော့ဘဲ ဆက်လျှောက်သွားနေတယ်။

"မင်းတို့ – မိန်းမတွေဟာ သိပ်စက်တာပဲ။ နေရာတကာ လူတိုင်းအပေါ် မယုံကြည်စိတ်က သိပ်များတယ်၊ သူ ကားပြင်ပေးလိုက်လို့ တို့ ခရီးဆက်နိုင်တာ၊ တို့ဘက်ကလည်း သူသွားမယ့် ခရီးကို ကားကြုံနေလို့ ခေါ်တင်ရတာပါ၊ လမ်းကြုံနေလျက် ခေါ်မတင်တော့ ဘယ်ကောင်းပါ့မလဲ"

"ဟုတ်ပါတယ် – သမီးရယ်၊ မောင်ကျော်လွင် ပြောသလိုပဲ၊ သူက တို့ အခက်အခဲကို ကူညီပေးတဲ့ ကျေးဇူးရှိတော့ တို့ဘက်ကလည်း ပြန်ကူညီ သင့်ပါတယ်၊ ကဲ – ကဲ – မောင်ကျော်လွင် ခေါ်လိုက်ပါကွယ်"

"ဗျို့ – ဆရာကြီး"

ကျွန်တော် ကားထဲမှ ခေါင်းထွက်ပြီး လှမ်းအော်ခေါ်လိုက်သံကြောင့် လူစိမ်းက နောက်လှည့်ကြည့်ပြီး ကားဆီပြန်လာတယ်၊ ကျွန်တော်က ကားထဲမှ ထိုင်စရာပြည့်နေသဖြင့် နောက်ဘက် ကားဖုံးနေရာနားမှ လိုက်ခဲ့ရန် ခေါ်တင်လာခဲ့တယ်။ အားလုံးပြီးမှ ကားကို ထိုနေရာမှ ဆက်မောင်းလာခဲ့တယ်။

"အဖေ – ဟိုနောက်မှာ စောစောက ဆိုင်ကယ်သမား ထပ်ပြီးလိုက်လာနေတယ်"

"ဟာ – ဟုတ်တယ်၊ မြန်မြန်မောင်းမှ ဖြစ်မယ်"

"အော် – ဟိုနောက်ဘက်က ဆိုင်ကယ်မောင်းလာနေတာလား။ အဲဒါ – ဒီလမ်းပေါ်မှာ ဆိုင်ကယ်မှောက်သေသွားတဲ့ ဆိုင်ကယ်တစ္ဆေကောင်ပါ။ လူလို အသွင်ပြောင်းပြီး ဝိညာဉ်ပူးကပ်နေတဲ့ကောင်ပါ၊ ဒီလမ်းပေါ်မှာ အဲဒီ တစ္ဆေကောင်ကြောင့် အသွားအလာ ပြတ်သွားတာပေါ့၊ သူက ဒီလမ်းပေါ်ခရီး

www.burmeseclassic.com

သွားတဲ့လူတွေကို နောက်ကနေ ဆိုင်ကယ်မောင်းပြီး အမြဲခြောက်လှန့်ပြနေလို့ပဲ"

"အမလေး - ဘုရား - ဘုရား - တော်တော်ကြောက်ဖို့ ကောင်းတာပဲ"

ဒေါ်ခင်ထားမြင့်က တစ္ဆေခြောက်သည်ဆို၍ စိုးရိမ်ကြောက်ရွံ့စိတ်ဖြင့် ဘုရားတ,နေတယ်။ ကားပေါ်တွင် မှုလစီးလာသူ ငါးဦးအပြင်လူစိမ်းတစ်ယောက်ပါလာသဖြင့် ခြောက်ယောက်ဖြစ်သွားတယ်။

"ဆရာကြီး - ဒီလမ်းက တောင်ငူမြို့ဘက် ဖြတ်မောင်းသွားလို့ရတယ်မဟုတ်လား"

"ဟုတ်ပါတယ် - ဒီဖြတ်လမ်းက ဖြတ်မောင်းသွားရင် ကျောက်တံခါးကို ရောက်သွားလိမ့်မယ်"

"ဒါဆို - တောင်ငူကို အချိန်စောစော ရောက်နိုင်တာပေါ့"

"ဟုတ်ပါတယ် ..."

ကျွန်တော်ကတော့ မိမိရွေးချယ်မောင်းလာသော ဖြတ်လမ်းလေးမှာ မှန်ကန်သွားသဖြင့် ဇနီးဖြစ်သူကို ဝင့်ကြွားစွာကြည့်ပြီး ပြောလိုက်တယ်။

"ကဲ - ငါမပြောဘူးလား၊ ဒီဖြတ်လမ်းကနေ မြန်မြန်ရောက်ပါတယ်လို့"

"ဟုတ်ပါတယ် - အစ်ကိုကြီး၊ ဒီဖြတ်လမ်းက ရှင်းတယ်၊ လူသွားလူလာတော့ ပြတ်တယ်။ အဲဒီတစ္ဆေကောင်က ခုလို မှောင်မိုက်တဲ့ ညဘက်ကြီးမှာ အပြင်ထွက်ပြီး လမ်းသွားလမ်းလာတွေကို အမြဲနှောင့်ယှက်နေတာကြောင့် ကြောက်ပြီး ဘယ်သူမှ မသွားရဲကြဘူးဗျ"

ကျွန်တော့်မိသားစုများမှာလူစိမ်း၏ပြောစကားကိုကြားလိုက်ပြီးနောက် ကြောက်စိတ်ဝင်လာကာ ထိတ်လန့်စိုးရိမ်နေကြတယ်။ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ပိုမိုကြောက်စိတ်ဝင်ကာ ထိတ်လန့်တုန်လှုပ်နေခဲ့တယ်။



ထိုစဉ် ကားအနောက်ဘက်နေရာမှာ ထိုင်လိုက်လာသော လူစိမ်းသည် ဟိုအဝေးခပ်လှမ်းလှမ်းနေရာဆီမှ လိုက်လာနေသော ဆိုင်ကယ်ကို လှမ်းမြင်သဖြင့် ကျွန်တော့်ကို ကမန်းကတန်း လှမ်းပြောနေတယ်။

"ဟော - ဟော - ဟိုးနောက်မှာ ဆိုင်ကယ် လိုက်လာနေတယ်"

"ဟုတ်တယ် - ဟုတ်တယ် - အဲဒီ ဆိုင်ကယ်ပဲ စောစောကတည်းက နောက်ကနေ တောက်လျှောက် လိုက်လာနေတယ်"

"ဒီမှာ - အစ်ကိုကြီး၊ ဟိုရှေ့နားမှာ လမ်းချိုးလေးရှိတယ်။ ဘယ်ဘက်ကို ချိုးကွေ့ပြီးဝင်လိုက်။ အဲဒီနေရာမှာ အသာပုန်းနေလို့ ရတယ်"

လူစိမ်း၏ ပြောစကားကြောင့် ကျွန်တော်က ကားကို ဘယ်ဘက်ရှိလမ်းမြှောင်လေးထဲ ချိုးကွေ့ဝင်လိုက်တယ်။ နောက် ကားမီးကိုပိတ်ပြီး ငြိမ်နေလိုက်တယ်။ နောက်မှ - ဆိုင်ကယ်သမားသည် ကားတစ်စီးလုံးရှေ့မှ မောင်းနှင်သွားနေသည်ကို မြင်တွေ့လျက် မျက်ခြေပြတ်သွားသဖြင့် ဆိုင်ကယ်စက်ရပ်ကာ ဟိုဟိုသည်သည်သို့ လှည့်လည်ရှာဖွေကြည့်နေတယ်။

ကျွန်တော်တို့အားလုံး ကြောက်ရွံ့ထိတ်လန့်စိတ်ဖြင့် ကားထဲ မီးမှောင်ထဲမှနေ လှမ်းမြင်နေရတယ်။ မကြာမီ ဆိုင်ကယ်သမားသည် စက်နှိုးကာ ထိုနေရာမှ အရှေ့ဘက်ဆီသို့ ဆက်မောင်းသွားတယ်။ ထိုအခါမှ ကားမီးပြန်ဖွင့်လိုက်ပြီးနောက် ...

"အဖေ - ဟိုမှာကြည့်စမ်း၊ လက်ဖက်ရည်ဆိုင်လား မသိဘူး၊ မီးလင်းနေတယ်"

"ဟဲ့ - သား၊ ဘယ့်နှယ့် - တောထဲတောင်ထဲမှာ ဘယ်ကလက်ဖက်ရည်ဆိုင်ရှိမလဲ၊ မင်း - စိတ်ထင်နေလို့ပါ"

သားဖြစ်သူက ကားထဲမှနေ လှမ်းမျှော်ကြည့်ရင်း ပြောနေသည်ကို ဇနီးသည် ခင်ထားမြင့်မှ လှမ်းမျှော်ကြည့်သော်လည်း မှောင်မှောင်မည်းမည်းသာ မြင်နေတယ်။ ဘေးပတ်ဝန်းကျင်မှ သစ်ပင်များမှာလည်း လေမတိုက်ပါဘဲ ယိမ်းယိုင်လှုပ်ရှားနေလျက် တရှဲရှဲအသံတွေ မြည်နေတယ်။

ကျွန်တော်လည်း သားဖြစ်သူ လက်ညှိုးညွှန်ပြနေသော နေရာဘက်ဆီ လှမ်းမျှော်ကြည့်လိုက်သောအခါ အောက်လင်းဓာတ်မီးထွန်းထားသော အလင်းရောင်အောက်မှာ စားသောက်ဆိုင်လေးကို လှမ်းမြင်တွေ့ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ - ဟုတ်တယ်ကွ၊ လက်ဖက်ရည်ဆိုင်လေးလားမသိဘူးကွ၊ ကားမောင်းလာရင်း ဗိုက်ဆာလာပြီကွာ - သွားကြည့်ရအောင်"

"ဟုတ်တယ် - အစ်ကိုကြီး၊ ဒီလမ်းပေါ်မှာ ဟိုတုန်းက ကားတွေ ဥဒဟိုသွားနေတော့ မီးလင်းပေါက် ဖွင့်တဲ့ဆိုင်ပါ"

"ကဲ - လာ - လာ - ရွာခံလူက ဒီလမ်းအကြောင်းသိနေတာ၊ အဲဒီဆိုင်ကို အားလုံးစုပြီး သွားကြမယ်"

ကျွန်တော်တို့ အားလုံး ရပ်ထားတဲ့ကားပေါ်ကနေ ဆင်းခဲ့ကြတယ်၊ လက်ဖက်ရည်ဆိုင်လေးရှိရာ မိသားစုတစ်စုတစ်ရုံး သွားကြတယ်၊ ဆိုင်တလေးမှာ မီးအလင်းရောင်အောက်မှာ လက်ဖက်ရည် သောက်နေကြသူ လူလေးငါးဆယ်ဦးခန့် ထိုင်နေကြသည်ကို မြင်တွေ့နေရတယ်၊

သို့သော်လည်း - ဖနီးဖြစ်သူ၏ စိတ်ထဲဝယ် မသိုးမသန့်ဖြစ်နေတယ်၊ မိမိကိုယ်နှိုက်က တရားမမွှကို ယုံကြည်ကိုးစားနေသူဖြစ်၍ အမြင်အာရုံဝယ် မယုံသင်္ကာစရာ ဖြစ်နေတယ်၊ ဆိုင်ကလေးမှာ လူသူကင်းရှင်းနေသည်ဟု အမြင်အာရုံမှာ ပေါ်လာနေတယ်၊ တစ်စုံတစ်ရာ ထူးခြားမှုဖြစ်ပေါ်နေသည်ဟု စိတ်ထဲမှာ ခံစားနေမိတယ်၊

"ရှင်တို့ - ပြောတဲ့ဆိုင်က ဘယ်မှာလဲ"

"ဟိုး - ရှေ့နားမှာလေ၊ မီးရောင်ထွန်းလင်းနေတာ မတွေ့ဘူးလား"

ထို့နောက် - လက်ဖက်ရည်ဆိုင်ထဲသို့ ရောက်ရှိလာခဲ့ကြတယ်၊ ဆိုင်ထဲဝယ် လက်ဖက်ရည်သောက်နေကြသူ လေးငါးဦးခန့် ထိုင်နေကြတယ်၊ ဇနီးသည်မှာ ဘာတစ်ခုမှ နားမလည်နိုင်အောင် ခေါင်းတခါခါ ဖြစ်နေတယ်၊

ကျွန်တော်က မျက်စိရှေ့မှောက်မှာ လက်ဖက်ရည်သောက်နေကြသူများကို လှမ်းမြင်နေပြီး ပိုသေချာသွားစေရန် မိမိအနီးမှ ဖြတ်သွားသော စားပွဲထိုး ချာတိတ်လေးလက်ထဲမှာ သယ်ယူလာသော လက်ဖက်ရည်ခွက်ကို လှမ်းယူကိုင်ကြည့်ပြီး စမူဆာတစ်ခုကိုပါ ကိုင်ကြည့်နေတယ်၊

"ဟာ - ဒါတွေက တကယ်အစစ်အမှန်တွေပါဟ၊ မယုံ - စားကြည့်ပါလား"



"အဖေ - ကျွန်တော့် ဟန်းဖုန်း ကားထဲမှာကျန်ခဲ့တယ် သွားပြေးယူဦးမယ်"

မိုးကျော်လွင်သည် မိမိဖုန်း မေ့ကျန်ရစ်ခဲ့သည်ကို သတိရလိုက်ပြီးနောက် ကားရပ်ထားရာနေရာသို့ ပြန်ပြေးသွားတယ်၊ နောက်ဘက် ကားတံခါးကို ဖွင့်ပြီး ထိုင်ခုံပေါ်မှာ ကျန်ရစ်သော ဖုန်းကို ကောက်ယူလိုက်တယ်၊ နောက်ကားနောက်ဘက်မှ လူကြီးကားပေါ်မှာကျန်နေသေးလားဆိုပြီး နောက်ဘက်နေရာကို ကြည့်လိုက်စဉ်မှာ -

"အမလေးဗျ"

မိုးကျော်လွင်၏ စူးစူးဝါးဝါး အော်ဟစ်လိုက်သံကြောင့် ဆိုင်ထဲမှ ကျွန်တော်တို့ မိသားစုအားလုံး ထိတ်လန့်စိုးရိမ်သွားပြီး ကားနေရာဆီကို အပြေးအလွှားပြန်ပြေးလာကြည့်ခဲ့ကြတယ်၊ မိုးကျော်လွင်တစ်ယောက် ကြောက်ရွံ့ထိတ်လန့်စွာဖြင့် လက်ထဲမှာ ဖုန်းလေးကိုင်လျက် တုန်လှုပ်နေသည်ကို မြင်တွေ့လိုက်ရတယ်၊

"ဘာဖြစ်တာလဲ..."

"ဟို - ဟို - ကားနောက်ခန်းထဲမှာ လူသေအလောင်းကြီး"

"ဟုတ်လား - ဘယ်မှာလဲ"

ဆိုပြီး ကားနောက်ခန်း နောက်ဘက်နေရာကို သေသေချာချာ ကြည့်သော်လည်း ဘာမှမမြင်တွေ့ရတော့၊ ကျွန်တော်က...၊

"ဟေ့ - သား၊ ဘယ်မှာလဲ - မင်းပြောတဲ့အလောင်းကောင်ကြီးဆို၊ ဘာမှလည်း မတွေ့ပါလားကွ"

"ဟုတ်ပါတယ် - အဖေ၊ စောစောက ကားပေါ်လိုက်လာတဲ့ လူကြီးကို တစ်ကိုယ်လုံး သွေးသံရဲရဲနဲ့ သေဆုံးနေတာ သေသေချာချာမြင်တွေ့ရတယ်"

"ဟာ - မင်းဟာက မဟုတ်သေးပါဘူး၊ အဖေကိုယ်တိုင် ကြည့်တာပဲ၊ ဘာမှလည်း မတွေ့ဘူး၊ မင်း အမြင်မှားတာနေမှာပါ၊ ဟိုလူက ဖြင့် ကားပေါ်မလိုက်ချင်တော့လို့ ဆင်းသွားပြီးနေမှ"



www.burmeseclassic.com

www.burmeseclassic.com

ဇနီးဖြစ်သူခင်ထားမြင့်ကညဘက်ကြီးမှာ သားဖြစ်သူ၏ရုတ်တရက်ကြီး မကောင်းဆိုးဝါးကိုမြင်တွေ့ရသောကြောင့် ကြောက်လန့်တကြား အော်ဟစ်လိုက်သံကို စိတ်ထဲမှာ စိုးရိမ်စိတ်ဝင်သွားတယ်။ ကြောက်ရွံ့ထိတ်လန့်နေရှာသော သားဖြစ်သူ၏ မျက်လုံးအစုံကို စိုက်ကြည့်ပြီး နှုတ်မှ ဘုရားစာ တတွတ်တွတ် ရွတ်ဖတ်ရင်း ကြည့်နေတယ်။

"ဟဲ့ - သား၊ အမေ့မျက်လုံးကို သေသေချာချာကြည့်စမ်း"

သားဖြစ်သူ မိုးကျော်လွင်မှာ မိခင်ဖြစ်သူ၏ နှုတ်မှ ဘုရားစာများကို ရွတ်ဆိုပြီး စိုက်ကြည့်နေသည်ကို မျက်နှာချင်းမဆိုင်ရဲဘဲ မျက်နှာလွှဲနေတယ်။

"ဟဲ့ - ငါ့မျက်နှာကို သေသေချာချာ ကြည့်စမ်းဆို"

ကျွန်တော်က ဝင်၍...

"ဘာဖြစ်လို့လဲ - မိန်းမရယ်၊ သား မျက်လုံးထဲမှာ ဘာမှလည်း မမြင်ပါလား"

"ရှင် - မသိပါဘူး။ ကျွန်မ သူ့မျက်လုံးကို သေသေချာချာ ကြည့်နေတာ။ သူ့ကိုယ်ပေါ်မှာ မကောင်းဆိုးဝါး ဝင်ပူးနေသလို မျက်တောင့်နီနေတယ်"

"ဟင် - မင်းပြောတာ ငါကြည့်တော့လည်း ဘာမှ မမြင်ပါဘူးကွာ။ ကဲ - ကဲ - လာ - လာ ဗိုက်ဖြည့်ရအောင် စောစောကဆိုင်ကို ပြန်သွားမယ်"

ကျွန်တော်တို့အားလုံး မှောင်မှောင်မည်းမည်းထဲမှာ စောစောက ဖွင့်ထားသော လက်ဖက်ရည်ဆိုင်ဘက်ဆီ ပြန်သွားခဲ့ကြတယ်။ ဇနီးဖြစ်သူကတော့ ထုံးစံအတိုင်း ဘုရားစာများ ရွတ်ဖတ်သရဇ္ဈာယ်ပြီး လိုက်ပါတယ်၊ ဆိုင်ထဲမှာတော့ လက်ဖက်ရည်သောက်နေသူ လေးငါးဦးခန့် ထိုင်နေကြတယ်၊

"အဖေ - အခုနေ သူရဲနောက်က လိုက်လာရင် ဘယ်လိုလုပ်ကြမလဲ"

"ဟေ့သား - မင်း ဒီလိုအချိန်မျိုးမှာ ပေါက်ရစကားတွေ လျှောက်မပြောစမ်းနဲ့၊ နောက်တစ်ခါ ဒါမျိုးထပ်ပြောရင်တော့ သေဖို့သာပြင်ထား၊ နားလည်လား"

ကျွန်တော်က နဂိုကတည်းမှ ကြောက်ရွံ့ထိတ်လန့်နေသည့် မိသားစုကြားမှာ မဟုတ်တရုတ်စကားများကို ပြောဆိုနောက်ပြောင်နေသော သားဖြစ်သူကို စကားခပ်မာမာပြောပြီး ဟိန်းဟောက်ပစ်လိုက်တယ်။ သားဖြစ်သူမှာ ကျွန်တော်၏ သတိပေးစကားကိုကြားပြီး ငြိမ်ကုပ်လိုက်လာတယ်။

လက်ဖက်ရည်ဆိုင်လေးထဲ ရောက်လာသောအခါ ဆိုင်ထဲတွင် လူများရှိနေဆဲဖြစ်တယ်။ ဇနီးဖြစ်သူကတော့ ကျွန်တော် အမြင်မှားနေခြင်းဖြစ်မည်ကို စိတ်အာရုံစွမ်းဝယ် မြင်တွေ့နေတယ်။

"သား - မင်းဖုန်း - အမေ့ကို ခဏပေးစမ်း"

"ဘာလုပ်မလို့လဲ - အမေ"

"မင်းဖုန်းထဲက - ကင်မရာနဲ့ ငါတို့မိသားစုပုံကို ဒီဆိုင်လေး နောက်ခံထားပြီး အမှတ်တရ ရိုက်ထားချင်လို့ပါ"

ဇနီးသည်က သားဖြစ်သူလက်ထဲမှ ဖုန်းကို တောင်းယူလိုက်ပြီး မိသားစုလေးဦးလေးရှေ့မှာ မတ်တတ်ရပ်နေစေလျက် ဖုန်းထဲမှ ကင်မရာဖြင့် ဓာတ်ပုံရိုက်နေတယ်။ ဖုန်းထဲက ကင်မရာပေါ်မှာ ပေါ်လာသော မိသားစုဓာတ်ပုံကို ကြည့်လိုက်သောအခါ နောက်ခံဆိုင်နှင့် စားသောက်နေကြသူများ၏ပုံက မပေါ်ဘဲ မိသားစုလေးယောက်ထဲသာ ပေါ်နေတယ်၊

"ကဲ - ဟောဒီ ဖုန်းထဲက ကင်မရာကိုကြည့်လိုက် ဘယ်မှာလဲ။ နောက်ခံဆိုင်နဲ့ စားသောက်နေတဲ့လူတွေ မြင်လား"

"ဟာ - ဟုတ်ပါရဲ့ တစ်ခုခုတော့ မှားနေပြီထင်တယ်"

"ကဲ - သား ငါတို့ ဒီနေရာကနေ အမြန်ဆုံး ကားဆီပြန်မှ ဖြစ်မယ်"

ယောက္ခမကြီးဦးကျော်ခေါင်က အခြေအနေမှန်ကို ရိပ်မိသိရှိနေဟန်ဖြင့် ကျွန်တော့်ကို သတိပေးလိုက်တယ်။ သည်တော့မှ မိသားစုအားလုံးမှာ စိုးရိမ်သောကစိတ် ဖြစ်ပေါ်လာကာ ကားရပ်ထားရာနေရာဆီ တစုတရုံးတည်း အပြေးပြန်လာခဲ့ကြတယ်၊

ကားကို လမ်းသွယ်နေရာမှာ ရပ်ထားရာမှ စက်နှိုးပြီး အမြန်မောင်းထွက်လာခဲ့တယ်။ ထိုစဉ် - ဆိုင်ကယ်သမားသည် ကားရှေ့မြင်ကွင်း မီးရောင်အောက်မှာ ဆိုင်ကယ်ကို လမ်းပိတ်ရပ်ထားသည်ကို တွေ့မြင်လိုက်တယ်၊





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ စီးလာသော ကားဆီသို့ ဦးတည်လျှောက်လာကာ လက်ထဲမှ အမဲလိုက်တူမီးသေနတ်တစ်လက်ဖြင့် ချိန်ရွယ်ထားနေတယ်၊ ကျန်လက်တစ်ဖက်မှလည်း ဆေးကြိမ်လုံးလိုလို အနီရောင်တစ်ချောင်းကို ကိုင်ဆောင်လာနေတယ်၊

"ခင်ဗျားတို့ကို - ကျုပ် စောစောကတည်းက သတိပေးမလို့၊ ဘာဖြစ်လို့ ကားကို ဖွတ်မောင်းပြေးရတာလဲ"

"ကျွန်တော်တို့က ကျွန်တော်တို့ မိသားစုဆီက ရွှေငွေပစ္စည်း လုယက်မယ့် ဓားပြထင်ပြီး ကြောက်လို့ ကားမောင်းပြေးကြတာပါ"

"ဟား - ဟား - ခင်ဗျားတို့က တော်တော် လူကဲခတ်ညံ့တဲ့လူတွေပဲ၊ ကျုပ်သာ ဓားပြဆို ခုလိုဆိုင်ကယ်နဲ့လိုက်ပြီး ဓားပြတိုက်ပ့ါမလားဗျ"



ဟုတ်မယ်ဗျ - စောစောက အဲဒီလမ်းညွှန်ဆိုင်းဘုတ်ကို
တစ်စုံတစ်ယောက်က လမ်းလွှဲသွားအောင် လုပ်လိုက်တာလားမသိဘူး။
အဲဒီလမ်းညွှန်ဆိုင်းဘုတ်နားမှာ အဘွားအိုကြီးတစ်ယောက်တွေ့လို့
ဒီလမ်းက သွားလို့ရသလားလို့မေးတော့ ကောင်းတယ်ဆိုပြီး
ခေါင်းညိတ်ညွှန်ပြနေလို့ မောင်းလာခဲ့တာ . . .



"ဒါဆို - ဘာဖြစ်လို့စောစောတုန်းက ကျွန်တော်တို့မိသားစုကို သေသေချာချာကြည့်ပြီး ကျုပ်သမီးကို ကားပေါ်ကနေ ဆင်းခိုင်းတာလဲ"

"ဩော် - ဒါကြောင့်တိုး၊ ဟဲ - ဟဲ - ကျုပ်က ဒီရွာက လမ်းပေါ်ရွာသားတစ်ယောက်ပါ၊ ခင်ဗျားတို့ကို ဒီလမ်းဘက်ကို ကားမောင်းမဝင်ရအောင် လမ်းခွဆုံမှာ တားမြစ်ထားတဲ့ သတိပေးဆိုင်းဘုတ်ကို မမြင်လို့များ ဘုမသိဘမသိ ကားမောင်းဝင်သွားခဲ့တာမြင်လို့ တားမြစ်ရအောင် နောက်ကလိုက်သတိပေးမလို့ပါ"

"ဟုတ်မယ်ဗျ - စောစောက အဲဒီလမ်းညွှန်ဆိုင်းဘုတ်ကို တစ်စုံတစ်ယောက်က လမ်းလွှဲသွားအောင်လုပ်လိုက်တာလားမသိဘူး၊ အဲဒီလမ်းညွှန်ဆိုင်းဘုတ်နားမှာ အဘွားအိုကြီးတစ်ယောက်တွေ့လို့ ဒီလမ်းက သွားလို့ရသလားလို့မေးတော့ ကောင်းတယ်ဆိုပြီး ခေါင်းညိတ်ညွှန်ပြနေလို့ မောင်းလာခဲ့တာ"

"ဘယ်အဘွားကြီးတဲ ဒီလောက်မှောင်မှောင်မည်းမည်း လမ်းပေါ်မှာ ရှိနေမှာလဲဗျ"

"ဟုတ်ပါတယ် - ကျုပ်တို့အားလုံး မျက်စိနဲ့ တပ်အပ်မြင်တွေ့ခဲ့တာပါ"

"အင်း - အဲဒါမနက်အရုဏ်တတ်ချိန်လောက်မှာ ရွာထဲကထွက်လာပြီး ဟိုဘက်ရွာတွေဆီ ပဲပြုတ်ရောင်းထွက်လာရင်း ဘယ်ကားကတိုက်သွားမှန်းမသိ သေဆုံးသွားခဲ့တဲ့ ပဲပြုတ်သည် ဒေါ်အေးမိပါ"

"ဟင် - သူက လူ မဟုတ်ဘူးလား"

"ဘယ်က လူဟုတ်ရမှာလဲ၊ ဒီအမြန်လမ်းပေါ်မှာ ကားတိုက်သေသွားတဲ့ ဝိညာဉ်တွေကနေ လေလွင့်မျောပါခြောက်လှန့်ပြနေတဲ့ တစ္ဆေပုံရိပ်တွေပါ"

"အမလေး - ကံသီပေလို့ပဲ၊ ဘုရား - ဘုရား - သရဲမကြီးနဲ့ ဆုံတွေ့တာ လူလို့ပဲ ထင်နေတယ်၊ ရှင့်ကို ကျွန်မ ပြောသားပဲ ရှင်က မယုံမကြည်အဲ ခေါင်းမာနေလို့ စွတ်မောင်းဝင်သွားတော့ ခုလို ကြုံဆုံခဲ့ရတာပဲ"

"နေပါဦးဗျာ - လမ်းမှာ ကားပျက်နေတုန်း ကားကို လာပြင်ပေးသွားတဲ့ လူစိမ်းကရောဗျာ"

"ဩော် - ခေါင်းတုံးလိုလိုပုံစံနဲ့ လူမဟုတ်လား၊ အဲဒါ - ဒီမိုင်တိုင်နားမှာ ကားမှောက်သေဆုံးသွားတဲ့ စပယ်ယာဖိုးလုံးဆိုတဲ့ ကောင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ရှင် . . ."

"ဗျာ . . ."

"သူ့ကို – ကျုပ်တို့ ကားပေါ်တောင် ခေါ်တင်လာသေးတယ်။ နောက် – သူ့ရွာက ရေနွားမှာနေတာဆိုပြီး ဘယ်အချိန် ကားပေါ်က ဆင်းသွားမှန်း မသိဘူး"

"ဘယ်က လူ ဟုတ်ရမှာလဲ၊ သရဲ တစ္ဆေတွေက လူယောင်ဖန်ဆင်းပြီး ခင်ဗျားတို့ ကားပေါ်လိုက်ပါရင်း ဝင်ပူးတပ်ဖို့ကြံစည်နေတာဗျ"

"ဟင် – ဒါဆို ဟိုးနားက တောထဲမှာ လက်ဖက်ရည်ဆိုင်နဲ့ လူတွေက ကော"

"ခင်ဗျားတို့ကို မျက်စိမှောက်အောင် လှည့်စားထားတာ၊ ဒီတောကြီး တောင်ကြီးထဲမှာ ဘာအရာဝတ္ထု၊ လူပုဂ္ဂိုလ်ဆိုတာ တစ်ခုမှမရှိဘူး။ ဒီအမြန် လမ်းမကြီးပေါ်မှာ ကားမှောက်လို့၊ ကားတိုက်လို့ သေဆုံးသွားကြတဲ့ ဝိညာဉ် တွေက ဒီအနီးအနားမှာ မကျွတ်မလွတ်ဘဲ ခရီးသွားတွေကို မကြာခဏ ခြောက်လှန့်နေခဲ့တာဗျ"

"ဒီဖြတ်လမ်းက ကားမောင်းသွားလို့ မရဘူးလား"

"ဟုတ်တယ် – ညဘက် မှောင်မှောင်မည်းမည်းကြီးထဲမှာ လမ်းမှားဝင် သွားမှာစိုးလို့ ဒီလမ်းခွဆုံထိပ်မှာ "သတိ – ကားမောင်းမဝင်ရ၊ လမ်းပိတ်ထား သည်" ဆိုတဲ့ သတိပေးလမ်းညွှန်ဆိုင်းဘုတ် မတွေ့ခဲ့ကြဘူးလား"

"အဲဒီလမ်းညွှန်ဆိုင်းဘုတ်ကို တစ်ယောက်ယောက်က လမ်းလွဲသွား အောင် ပြောင်းလဲလိုက်လို့ ကျွန်တော်တို့ကလည်း အမြန်ရောက်ချင်ဇောနဲ့ ဒီဖြတ်လမ်းထဲက မောင်းဝင်သွားခဲ့ကြတာပဲ"

"ခင်ဗျားတို့အားလုံးမသိရင် မှတ်ထားကြ။ ဒီဖြတ်လမ်းနာမည်က မရဏ ဖြတ်လမ်းလို့ လူတွေက ခေါ်တယ်"

"ဗျာ . . ."

"ရှင် . . ."



သည်တော့မှ – ကျွန်တော်တို့အားလုံး အံ့ဩလွန်းလို့ အာမေဋိတ်သံကို ပြိုင်တူထွက်သွားခဲ့ကြတယ်။ ယခုလို လမ်းမှာ အလွဲလွဲအချော်ချော်တွေ ဖြစ်ပေါ်လာစေရန် ဤနယ်မြေပတ်ဝန်းကျင်မှာ ကျင်လည်ကျက်စားနေကြ သော တစ္ဆေဝိညာဉ်များမှနေပြီးတော့ လှုပုံသဏ္ဌာန်ဖန်ဆင်းဟန်ဆောင်လာ သည်များကို ပြန်လည်မြင်ယောင်လာကာ ကြက်သီးမွေးညင်း ထသွားခဲ့ကြ လေတော့တယ်။

ထိုစဉ် – ကျွန်တော်၏ သားဖြစ်သူ မိုးကျော်လွင်တစ်ယောက်မှာ လူကြီး များကို ရွာသားပုဂ္ဂိုလ်မှ အကြောင်းစုံ ရှင်းလင်းပြောပြနေစဉ် မည်သည့် အချိန်မှာ အနီးအနားကနေ ရုတ်တရက်ပျောက်သွားသဖြင့် အားလုံးစိုးရိမ် ပူပန်သွားခဲ့တယ်။

"ဟင် – သားမိုးကျော်လွင်၊ ဘယ်ပျောက်သွားပြီလဲ"

"ဟုတ်တယ် – တို့တွေ စကားပြောနေတုန်း ဘယ်ရောက်သွားလဲ"

"ကဲ – ကဲ – ခင်ဗျားတို့ ဒီနေရာကနေ အမြန်ဆုံးထွက်မှ ဖြစ်မယ်။ ကျုပ် ရွာထဲကို လိုက်ခဲ့ကြ။ ကျုပ် ရွာသားတွေနဲ့ လိုက်ရှာပေးမယ်"

"အင်း – ကားပေါ်မှာ အလောင်းကောင်ကို တင်လာကတည်းက သူဟာ မြင်တွေ့ပြီး မှုမမှန်သလို ဖြစ်လာနေတာ ဒုက္ခပါပဲရှင်"

ရွာသားဖြစ်သူမှ ကျန်သည့်လူများအတွက် အန္တရာယ်ရှိနိုင်လို့ ကျေးရွာ ကင်းစခန်းထဲ စုရုံးခေါ်ဆောင်သွားတယ်။ ကင်းစခန်းရုံးထဲမှာ တစ်စုံတစ်ဝေး တည်း ထိုင်နိုင်းပြီး အမြန်လမ်းမကြီးပေါ်မှာ သေဆုံးသွားသူများ၏ မှတ်တမ်း ဓာတ်ပုံများ ကို ပြသနေတယ်။

ထိုဓာတ်ပုံများထဲတွင် ပဲပြုတ်သည် ဒေါ်အေးမိအား ကားတိုက်သွား၍ ဒဏ်ရာများနှင့် သေဆုံးနေသော ဓာတ်ပုံများ။ ကားစပယ်ယာ ဖိုးလုံးဆိုသူမှာ ကားမှောက်ပြီး ဒဏ်ရာများနှင့် သေဆုံးနေပုံနှင့် အခြားသော သေဆုံးသူများ ၏ ဓာတ်ပုံများကို တွေ့မြင်ရတယ်။

ယင်းဓာတ်ပုံများကို ကြည့်ပြီးသောအခါ အဘိုးဖြစ်သူ ဦးကျော်ခေါင်မှာ စိတ်ဆင်းရဲ သောကရောက်ပြီး မိမိ ချစ်ခင်သံယောဇဉ်ရှိနေသော မြေးဖြစ်သူ မိုးကျော်လွင်အတွက် စိတ်ဖိစီးမှု ဝေဒနာခံစားနေရတယ်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် – ကင်းစခန်းအပြင်ဘက်မှာ မိုးကျော်လွင်ကို အမှတ်မထင် တွေ့မြင်လိုက်ရတယ်။ အဘိုးဖြစ်သူမှာ မြေးအတွက် စိတ်မချနိုင်သောကြောင့် ကျေးရွာကင်းစခန်းထဲမှ ရုတ်တရက် ပြေးထွက်လိုက်ခေါ်တယ်။

ယင်းအပြုအမူကို အားလုံးက အချိန်မီ မတားဆီးလိုက်နိုင်ဘဲ ကျေးရွာကင်းစခန်းထဲမှ အဘိုးဖြစ်သူသည် မြေးနောက် တကောက်ကောက် လိုက်ခေါ်နေသည်ကို လှမ်းမြင်နေရတယ်။

ဒါကြောင့် – ကျန်လူများကို စခန်းရုံးအပြင်ဘက် လုံးဝမထွက်ရန် ကျေးရွာလုံခြုံရေးအဖွဲ့တာဝန်ရှိတစ်ယောက်က တားမြစ်ပိတ်ပင်နေတယ်။ သူ့လက်ထဲမှာလည်း အနီရောင်တုတ်တစ်ချောင်းကို ကိုင်ဆောင်ထားတယ်။

ဦးကျော်ခေါင်သည် ရှေ့မှလျှောက်သွားနေသော မြေးလေးမိုးကျော်လွင်နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားနေတယ်။ ထိုစဉ် – မြေးဖြစ်သူသည် ရှေ့မှချောင်းကြီးအတွင်းသို့ တဖြည်းဖြည်းဆင်းသွားနေသဖြင့် စိုးရိမ်ပူပန်စိတ်များဖြစ်ပေါ်လာကာ နောက်မှ တကြော်ကြော်ခေါ်ရင်း လိုက်ဆွဲတယ်။

မိုးကျော်လွင်ကတော့ အဘိုးဖြစ်သူနောက်မှ အော်ခေါ်လျက် လိုက်ဆွဲနေသည်ကို မကြားနိုင်သလို ချောင်းရေအလယ်ကောင်ထိ လျှောက်သွားလို့နေတယ်။ အဘိုးကလည်း မြေး ရေနစ်တော့မည့်အဖြစ်ကို မကြည့်ရက်နိုင်သဖြင့် အတင်းလိုက်ဆွဲနေရာမှ ရေအောက် စုပ်စုပ်မြုပ်သွားတော့တယ်။

မကြာမီ မြေးဖြစ်သူ မိုးကျော်လွင်တစ်ဦးတည်း ကျေးရွာလုံခြုံရေးစခန်းရုံးရှေ့မှာ မျက်နှာသေလေးဖြင့် ရပ်နေသည်ကို စခန်းရုံးထဲမှ လူများ လှမ်းမြင်နေရတယ်။

"အဖေ – အမေ"

အပြင်ဘက်မှ တကြော်ကြော် အော်ခေါ်နေသံကို ကျေးရွာစခန်းရုံးခန်းထဲမှလူများ အတိုင်းသား ကြားနေရတယ်။

"ဒါ – ဝိညာဉ်ပူးနေတဲ့ ခင်ဗျားတို့သားပဲ။ အထဲက လူတွေကို အပြင်ထွက်လာအောင် ခေါ်ထုတ်နေတာဗျ"

"မဟုတ်ပါဘူး – ဆရာရယ်၊ ဒါ – ကျွန်တော့်သားအစစ်ပါဗျာ၊ သူ့အသံကို ကောင်းကောင်းမှတ်မိပါတယ်"



ခေါင်းထားမြင့်က သားထံအာရုံပြုပြီး ကြည့်ရှုလိုက်တယ်။ မိမိတို့သား မိုးကျော်လွင် ကိုယ်တိုင်ဖြစ်နေပြီး မည်သည့်ပယောဂ အနှောင့်အယှက်မျှ ဝင်ပူးကပ်နေခြင်းမရှိကြောင်း အခိုင်အမာ ပြောဆိုနေတယ်။

"ဆရာ – ကျွန်တော်တို့သား အစစ်အမှန်ပါဗျာ၊ ဒီလိုအန္တရာယ်များတဲ့ အပြင်မှာ သူ့ကို ပစ်မထားရက်ဘူးဗျာ။ ကျွန်တော် ထွက်ခေါ်ပါရစေ"

"ဟုတ်ကဲ့ – ဆရာ"

ကျွန်တော်လည်း ကျေးရွာလုံခြုံရေးတာဝန်ရှိသူနှင့်အတူ စခန်းအပြင်ဘက်ကို ပြေးထွက်ခေါ်ခဲ့တယ်။ မိုးကျော်လွင်မှာ သူ့ကိုယ်သူ ဘာဖြစ်နေမှန်းမသိဘဲ ကြောင်တိကြောင်တောင် ဖြစ်နေတယ်။ ကျွန်တော်က သားဖြစ်သူအကောင်းပကတိဖြစ်နေမှန်း သိရမှ လက်ကိုဆွဲကာ စခန်းရုံးထဲဝင်လာခဲ့တယ်။

ယင်းကဲ့သို့ – တစ်ညတာလုံး ဒုက္ခ၊ သုက္ခများနှင့် ရင်ဆိုင်ဖြေရှင်းနေရသဖြင့် အချိန်မှာလည်း မိုးသောက်ရောင်နီ ပေါ်ထွန်းလာတယ်။ ပတ်ဝန်းကျင်တစ်ခုလုံး အလင်းရောင်များ ဖုံးလွှမ်းလာကာ ထင်သာမြင်သာ အခြေအနေမြင်ပေါ်လာခဲ့တယ်။

နောက်ဆုံးမှာတော့ – ကျေးရွာလုံခြုံရေးကင်းစခန်းထဲမှ ထွက်ခွာလျက် ကျွန်တော်တို့ မိသားစုဝင် ငါးဦးအနက် ယောက္ခမကြီး ဦးကျော်ခေါင်သာ မပါလာတော့ဘဲ ကားပေါ်မှာ နေရာယူထိုင်လိုက်ကြတယ်။ ရှေ့မှ ကျေးရွာလုံခြုံရေးတာဝန်ရှိသူကိုယ်တိုင် ဆိုင်ကယ်စီး လမ်းပြပေးပြီးနောက်မှ ကျွန်တော်တို့ မိသားစုစီးသော မတ်တူးကားက လိုက်လျက် နောက်ဆုံးမှ ကျေးရွာမှ ဆားတစ်စီးပေါ်တွင် ရှာသားများ၊ တာဝန်ရှိသူများ လိုက်ပါစီးနင်းထွက်ခွာလာကြတယ်။

ကျွန်တော်တို့ စီးလာသော ယာဉ်များအမြန်လမ်းမကြီးပေါ်ကို ပြန်လည်ရောက်ရှိလာခဲ့ကြတယ်။ ထိုစဉ် အမြန်လမ်းမကြီး မိုင်တိုင် (၆၇) မိုင် အမှတ်အသားကိုမှီလျက် သေဆုံးနေပြီဖြစ်သော ယောက္ခမကြီး ဦးကျော်ခေါင်၏ အလောင်းကိုစိတ်မချမ်းမြေ့စရာ မြင်တွေ့ခဲ့ရတော့တယ်။ သူ့ရဲ့တစ်ကိုယ်လုံးကိုလည်း ရေများရွှဲနစ်လျက် ရှိနေသည်ကို မြင်တွေ့ကြရတယ်။



www.burmeseclassic.com

www.burmeseclassic.com

"အမှန်တော့ – စိတ်ဖိစီးမှုများနေတဲ့ အချိန်မှာ တစ္ဆေသရဲတွေက ဝင်ပူးကပ်လို့လွယ်တယ်၊ စက္ကန့်ပိုင်းအတွင်းမှာ နေရာစုံကို အရိပ်ထင်မြင်လာအောင် အရိပ်ထင်ပြပြီး ဖန်ဆင်းတတ်တယ်။ တစ္ဆေ၊ သရဲ ဝင်စီးခံနေရသူရဲ့ မျက်လုံးအစုံဟာ အငြိမ်မနေဘဲ လှုပ်ရှားနေတတ်တယ်၊ လူကောင်းတွေရဲ့ မျက်လုံးကို တစ္ဆေ၊ သရဲ ဝင်စီးခံနေရသူက ဘယ်တော့မှ မျက်လုံးချင်းမဆုံနိုင်အောင် ရှောင်လွှဲပစ်တတ်တယ်ဗျ"

ကျေးရွာမှ တာဝန်ရှိသူက ဤမရဏဖြတ်လမ်းပေါ်မှာ ယခုလို သေဆုံးသွားခဲ့ကြသူများ၏ဖြစ်ရပ်အခြေအနေကို နားလည်သဘောပေါက်နေသောအတွေ့အကြုံရှိသူ ဖြစ်တယ်။

"တကယ်တော့ – တစ္ဆေ၊ သရဲတွေဟာ ညနေ မိုးချုပ်ခါနီး ငါးနာရီလောက်ကစပြီး မြင်ပလောကဝန်းကျင်ထဲမှာ သွားလာလှုပ်ရှားနေတတ်တယ်၊ လူတစ်ယောက်တည်းသွားလျှင် သရဲဖမ်းစားဖို့လွယ်တယ်၊ အုပ်စုလိုက်ရှိနေတဲ့အခါ တစ်နည်းနည်းဖြင့် လူအုပ်စုကို ခွဲထုတ်ပစ်ဖို့ ကြိုးစားကြတယ်၊ ဒါမှ – လူစုကွဲပြီး သရဲဖမ်းစား လွယ်မယ်ဗျ"

အမှန်တော့ – ဒီလိုဖြတ်လမ်းလေးကို အလွယ်တကူ ကားမောင်းဝင်လို့ လွယ်ကူတာကြောင့် အလွယ်လိုက်ခဲ့လို့ အခက်တွေ့ခဲ့ရခြင်းဖြစ်ပါတယ်။ ဒီဖြတ်လမ်းလေးထဲမှာ ဘယ်လိုအန္တရာယ်မျိုးတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရလိမ့်မယ်လို့ ဘယ်သူ သိနိုင်မှာလဲ၊ အစကသာ ယောက္ခမကြီး ဦးကျော်ခေါင်လို လူကြီးတစ်ယောက်ရဲ့စကားကိုသာ မြေဝယ်မကျ နားထောင်ခဲ့မည်ဆိုလျှင် ဒီနေ့လို ဝမ်းနည်းစရာအဖြစ်ဆိုးကြီးနဲ့ ကြုံဆုံခဲ့ရမှာ မဟုတ်ဘူးဗျာ၊

ခုတော့ – မင်္ဂလာဆောင်ကိုမင်္ဂလာရှိအောင် သွားခဲ့ကြတဲ့ ကျွန်တော်တို့မိသားစုတွေမှာ ခုတော့ အ.မင်္ဂလာအိပ်မက်ဆိုးကြီးနဲ့ ဒုက်ထိတိုးခဲ့ရတာပဲ အဖတ်တင်သွားခဲ့တော့တယ်။

→ စိတြအောင်



www.burmeseclassic.com

# ချစ်သူ့ နေရာ

ကောင်းသုခ

ကျွန်ုပ်သည် အလွန်အားလပ်သော နေ့ရက်များတွင် ရန်ကုန်မြို့ (၁၀၁) လမ်းရှိ မိတ်ဆွေကြီး ဒေါက်တာရွှေမင်းအိမ်ထံသို့ သွားရောက်လည်ပတ်လေ့ရှိ၏။ တောင်ဥက္ကလာပရှိ ညီဖြစ်သူ၏ နေအိမ်တွင် မိမိအသုံးအဆောင်များ ထားရစ်ခဲ့ပြီး ဒေါက်တာရွှေမင်းအိမ်ထံတွင်သာ အချိန်ပေးနေထိုင်လေ့ရှိ၏။ မိမိတာဝန်ကျရာ နေပြည်တော်နှင့် မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်မှ လုပ်ငန်းများကြောင့် မအားလပ်သော်လည်း ခွင့်ရက်ရှည်ရရှိသည့်အခါတိုင်း အလည်အပတ်သွားလေ့ရှိ၏။ ယခုလည်း (၁၀၁)လမ်းရှိ ဒေါက်တာရွှေမင်းအိမ်ထံသို့ ခွင့်ရက်များအတွင်း သွားရောက်ခြင်းဖြစ်၏။

ဒေါက်တာရွှေမင်းအိမ်မှာ ရူပဗေဒပါမောက္ခတစ်ဦးဖြစ်ပြီး သူ၏ အင်္ဂလိပ် စိန်မင်းအိမ်မှာ ကျွန်ုပ်နှင့် ငယ်သူငယ်ချင်း ဖြစ်လေ၏။ ၎င်းမှာ စီးပွားရေး မတောင့်မတနေရသော တစ်ကိုယ်ရေသမားဖြစ်သဖြင့် စိတ်သွားတိုင်း ကိုယ် ပါနိုင်သူ ဖြစ်၏။ ပြည်ပနိုင်ငံတကာ ခရီးများ သွားလာနေပြီး သုတေသန စာတမ်းများ၊ အကြံပြုလွှာများသည်လည်း များစွာကောင်းမွန်သဖြင့် နိုင်ငံ ခြား ကုမ္ပဏီများမှ အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်ထားခြင်း ခံရသူလည်းဖြစ်၏။ ရူပဗေဒပညာရပ်ဖြင့် ပါရဂူဘွဲ့ရရှိသော်လည်း စိတ်ပိုင်းဆိုင်ရာ ပညာရပ်များ ဂီတ၊ အနုပညာ၊ ပန်းချီ၊ ဗေဒင်လက္ခဏာ၊ ကိုယ်ခံပညာများကို လေ့လာလိုက်စားသူဖြစ်၍ ဘက်စုံထူးချွန်သူဟု ဆိုနိုင်၏။ ကျွန်ုပ်မှာ ဒေါက်တာရွှေမင်းအိမ် ဖြေရှင်းပေးတတ်သော ဆန်းကြယ်သည့် ဂမ္ဘီရဖြစ်ရပ်ဆန်းများစွာကို သိရှိရသဖြင့် မဂ္ဂဇင်းများတွင် တစ်ဆင့်ပြန်လည်ရေးသားပေးလေ၏။ ဒေါက်တာရွှေမင်းအိမ်မှာ ကျွန်ုပ်အား အစ်ကို အရင်းသဖွယ် ခင်မင်လေးစားသကဲ့သို့ ကျွန်ုပ်ကလည်း ၎င်း၏ ပညာရပ်နှင့် ဉာဏ်ရည်ထက်မြက်မှုကို များစွာအားကျလေးစားရလေ၏။

(၁၀၁)လမ်းရှိ ပထမထပ်မှာ တွဲလျက်တိုက်ခန်းနှစ်ခန်းတွင် နေထိုင်သော ဒေါက်တာရွှေမင်းအိမ်၏ အခန်းသို့ ရောက်ရှိသောအခါ မှုဆာဟုခေါ်သည့် ကုလားလေး ဖျော်ပေးသည့်လက်ဖက်ရည်နှင့် တိုရှည်ကို ကျွေးမွေးလေ၏။ လက်ဖက်ရည်မှာ ပူရှိန်းရှိန်းဖြင့် အနံ့တစ်မျိုးသင်းပြီး သောက်၍ကောင်းလှပေ၏။ ဒေါက်တာရွှေမင်းအိမ်က "လက်ဖက်ရည် ဘယ်လိုနေသလဲ၊ ဆရာကောင်း"ဟု မေးမြန်းသဖြင့် ကောင်းမွန်ကြောင်း ချီးမွမ်းရသေး၏။

"လက်ဖက်ရည်ထဲကို ဂျင်း(ချင်း) အရည်နည်းနည်းနဲ့ ပူဒီနာအရည် နည်းနည်း ရောလိုက်တာပါ – ဆရာကောင်း။ ဒီရာသီက မိုးများလွန်းတော့ အအေးမိ၊ နှာစေး၊ တုပ်ကွေး ကာကွယ်နိုင်တာပေါ့"

"ဟုတ်တာပေါ့ – ဒေါက်တာရယ်၊ ဒီရာသီမျိုးက အိပ်ရာထဲမှာ စာအုပ်ကောင်းကောင်းတစ်အုပ်နဲ့ နွေးနွေးထွေးထွေးနေလိုက်၊ လက်ဖက်ရည်လေးသောက်လိုက်နဲ့ ဇိမ်ကျနေသင့်တာပေါ့။ ကျွန်တော်တို့လို ဗေဒင်လက္ခဏာဟောတဲ့သူတွေ ဧည့်သည်နည်းပါးတာပေါ့၊ ဒေါက်တာ – ဧည့်ခန်းလည်း အရင်လို ဧည့်သည်ဝိုင်းမနေတော့ဘူးပေါ့"

"အင်း – ဟုတ်ပါရဲ့ ဒါပေမဲ့ – ခုလို မိုးသည်းသည်းထဲမှာ လာမယ့် ဧည့်သည် ရှိနေတယ် – ဆရာကောင်းရဲ့ ဒါကြောင့် – ဆရာ့ကို အချိန်ကိုက်ခေါ်တင် ခေါ်လိုက်တာပါ"





www.burmeseclassic.com

www.burmeseclassic.com

"ဟာ – ဒီလိုလား။ ကျွန်တော် ခန့်မှန်းတာလွဲသွားလို့ ဝမ်းသာရမှာပေါ့။ ဖာတ်လမ်း ထူးထူးဆန်းဆန်းများ တွေ့နေရဦးမှာလား"

"ထူးဆန်းလိမ့်မယ်ထင်ပါရဲ့။ သူတို့ လာတော့ ဆရာလည်း အတူနားထောင်ပေးပါ"

ထိုသို့ ပြောနေစဉ်မှာပင် CCTV Camera ၌ပုံရိပ်နှစ်ခုပေါ်လာ၍ ဒေါက်တာ ရွှေမင်းအိမ်က တံခါးကို Remote ဖြင့် ဖွင့်ပေးလိုက်လေ၏။ ဝင်လာသော ညှိသည်နှစ်ယောက်မှာ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး ဖြစ်၏။ အမျိုးသားမှာ အသားဖြူဖြူ၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းသပ်ရပ်ပြီး အသက်အားဖြင့် (၄၀) နှစ်ခန့် ရှိလေ၏။ အမျိုးသမီးမှာ (၂၅)နှစ်ဝန်းကျင်ခန့်ရှိပြီး အရပ်မြင့်မြင့်၊ သွယ်သွယ်၊ နှာတံပေါ်ပေါ်နှင့် လှပသော နှုတ်ခမ်းပိုင်ရှင် ဖြစ်၏။ နှာတံပေါ်တွင် မှည့်သေးသေးလေး တစ်လုံးရှိသဖြင့် ပို၍ဆွဲဆောင်မှု ရှိ၏။ နှစ်ဦးစလုံးမှာ ပညာတတ်၊ အရာရှိ၊ ဥပဓိမျိုးဖြစ်၍ တည်ကြည်မှုနှင့် နပျိုမှုရှိသူ နှစ်ဦး ဖြစ်လေ၏။ ဒေါက်တာရွှေမင်းအိမ်က နေရာထိုင်ခင်းပေးပြီး …

"ဟောဒါက ကျွန်တော့်အစ်ကိုကြီး ဆရာကောင်းသုခပါ။ သူ့အကြောင်းလည်း ကျွန်တော် ပြောပြထားပြီးဖြစ်လို့ ဒီနေရာမှာ ဖိတ်ထားတာပါ။ လွတ်လပ်ပွင့်လင်း ပြောနိုင်ပါတယ်"

ထိုအခါ – အမျိုးသားဖြစ်သူက …

"တွေ့ရတာ ဝမ်းသာပါတယ် – ဆရာ။ ကျွန်မက နန်းထိုက်ထိုက်နွေးပါ" ဟု ပြောလေ၏။ ထို့နောက် – အမျိုးသမီးက …

"ဟုတ်ကဲ့ – ဆရာ၊ ကျွန်တော်က ကောင်းအောင်ပိုင်စိုးပါ။ ဝမ်းသာပါတယ် – ဆရာ" ဟု ပြောလေ၏။ ပြောသောစကားများမှာ မထူးဆန်းသော်လည်း အမျိုးသား၏စကားသံမှာ မိန်းကလေးသံ ဖြစ်နေပြီး မိန်းကလေးအမည်ပြော၍ အမျိုးသမီး၏ စကားသံမှာ အမျိုးသားအသံဖြစ်နေပြီး အမျိုးသားနာမည်ဖြစ်နေ၏။ ကျွန်ုပ်မှာ ထိုအဖြစ်ကြောင့် စကားပြန်မပြောနိုင်လောက်အောင် အံ့သြ၍ မှင်တက်မိနေလေ၏။ ထိုအခါမှ – ဒေါက်တာ ရွှေမင်းအိမ်က …

"ဆရာကောင်းကို ကျွန်တော် ဘာမှ ကြိုတင်ပြောမထားရသေးပါဘူး။ သူတို့ရဲ့အဖြစ်တွေကိုတော့ ကျွန်တော်က တစ်ကြိမ်ကြားသိပြီးပါပြီ။ ကူညီ



ပေးရမယ့်အပိုင်းပဲ ကျန်ပါတယ်။ ဒါပေမဲ့ – ဆရာကောင်းကလည်း ဗေဒာရုပ်များစွာ လိုက်စားသူဆိုတော့ ပြန်ရှင်းပြရင်း ဆွေးနွေးဖို့ ခေါ်လိုက်တာပါ။ တဲ – အဖြစ်အပျက်ကို ပြောပြလိုက်ပါ"

ဒေါက်တာ ရွှေမင်းအိမ်က ထိုသို့ပြောလိုက်သောအခါမှ အမျိုးသားအသံပေါက်နေသော အမျိုးသမီးက အမျိုးသားကို လက်ညှိုးညွှန်ပြလျက် …

"ဆရာ့ကို ကျွန်တော် ရှင်းပြပါ့မယ်။ တကယ်က ကျွန်တော့်ရဲ့ရုပ်က ဟောဟိုမှာပါ။ ဒီအမျိုးသမီးရုပ်ခန္ဓာပိုင်ရှင်နဲ့ နန်းထိုက်ထိုက်နွေးက ဟောဟိုက ကျွန်တော့် ရုပ်ခန္ဓာထဲမှာပါ။ ကျွန်တော့်နာမ်ခန္ဓာက ဒီနန်းထိုက်ထိုက်နွေးရဲ့ကိုယ်ထဲ ရောက်နေတာပါ"

"ဘယ်လို – ဘယ်လို"

ထိုအခါ ဒေါက်တာရွှေမင်းအိမ်က …

"ဒီလိုပါ – ဆရာကောင်း၊ သူတို့ရဲ့ရုပ်နဲ့နာမ်က အပြန်အလှန်နေရာယူထားကြပါတယ်။ ကိုကောင်းအောင်ပိုင်စိုးရဲ့ခန္ဓာကိုယ်ထဲမှာ နန်းထိုက်ထိုက်နွေးရဲ့ခန္ဓာကိုယ်ထဲမှာ ကိုကောင်းအောင်ပိုင်စိုးရဲ့နာမ်ရောက်နေတယ်လို့ ဆိုလိုတာပါ။ ဒါကြောင့် – အသံကော တခြားနာမ်ပိုင်းဆိုင်ရာ အတွေး၊ အကြံ၊ အသိတွေအားလုံး အပြန်အလှန် နေရာယူထားကြတဲ့သဘောပါ။ ဒါကို ဆိုလိုတာပါ။

ကျွန်ုပ်လည်း ရှင်းပြချက်များကို နားလည်ရန် အတော်ပင် ကြိုးစားရလေ၏။ ထိုအခါ အမျိုးသမီး၏ ခန္ဓာကိုယ်ထဲ ရောက်နေသည်ဟုဆိုသော ကောင်းအောင်ပိုင်စိုးက အမျိုးသားအသံဖြင့် …

"ဒါဆို – ကျွန်တော် ဆက်ရှင်းပြပါရစေနော်။ ဟောဟိုက နန်းထိုက်ထိုက်နွေးနဲ့ ကျွန်တော်က ချစ်သူတွေပါ။ ကျွန်တော်က သူ့ထက်တော့ (၁၅)နှစ်လောက် အသက်ကြီးပါတယ်။ ကျွန်တော်တို့နှစ်ယောက်ကြားမှာ အသက်အရွယ်က ပြဿနာမဟုတ်ပါဘူး။ ကျွန်တော်ကော သူပါ အင်ဂျင်နီယာတွေပါ။ ကျွန်တော်က ထိုင်းကုမ္ပဏီတစ်ခုမှာ အလုပ် လုပ်တယ်။ သူက စင်ကာပူက ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ပါတယ်။ ထိုင်းကုမ္ပဏီက ရန်ကုန်မှာဖွင့်ထားတာပါ။ ထိုက်ထိုက်က စင်ကာပူမှာ (၃)နှစ်ပြည့်ရင် ပြန်လာပြီး ကျွန်

www.burmeseclassic.com

တော်တို့ လက်ထပ်မှာပါ။ ကျွန်တော်တို့ နှစ်ယောက်ကြားမှာ ဘာအခက်အခဲမှ မရှိပါဘူး။ ရှိလာရင်လည်း အတူရင်ဆိုင်ကြမှာပါပဲ။ ကျွန်တော်တို့ နှစ်ယောက်က ဝါသနာတူပါတယ်။ အထူးသဖြင့် ဗေဒင်လက္ခဏာပညာနဲ့ ထူးဆန်းတဲ့ စိတ်ပိုင်းဆိုင်ရာ ပညာရပ်တွေကို စိတ်ဝင်စားပါတယ်။ ထိုက်ထိုက်က ကျွန်တော့်ထက် ငယ်တော့ အလိုလိုက်ရတာပေါ့၊ သူက စိတ်မြန်၊ စိတ်ထက်တယ်"

ထိုအခါ ကျွန်ုပ်က ...

"စိတ်ကောက်တတ်တာလား" ဟု မေးလိုက်ရာ ကောင်းအောင်ပိုင်စိုး အသံရှင်က ...

"ဟုတ်ပါ့ - ဆရာ၊ သူက အရမ်းစိတ်ကောက်တတ်တာ၊ ဒါပေမဲ့ - ကျွန်တော် ချော့လိုက်ရင်တော့ သူ ပျော်သွားပါတယ်။ ချစ်သူအပြင် နမလေးလိုပါ ချစ်ရတာပေါ့"

ထိုအခါ ကောင်းအောင်ပိုင်စိုး၏ ခန္ဓာကိုယ်မှ နန်းထိုက်ထိုက်နွေး အသံဖြင့် ...

"ကိုကိုနော် - မဆိုင်တာတွေ လျှောက်ပြောမနေနဲ့" ဟု ပြောလေ၏။ ကျွန်ုပ်အနေဖြင့် ချစ်သူချင်း နွဲ့နွဲ့နေသည်ဟု နားလည်ပေးနိုင်သော်လည်း အသံနှင့် ရုပ်မှာ ပြောင်းပြန်ဖြစ်နေသဖြင့် အနည်းငယ် ရယ်ချင်မိပြီး စိတ်ကသိကအောက် ဖြစ်ရလေ၏။

"အေးပါ - ထိုက်ရယ်၊ ဆိုင်တာကို ဆရာသိအောင် ရှင်းပြမှာပါ၊ စိတ်မကောက်နဲ့တော့နော်။ ဟဲဟဲ - အားနာပါတယ်ဆရာ၊ ဆက်ပြောပါမယ်နော်။ ဒီလိုပဲ ကျွန်တော်က ပြည်တွင်းမှာနေပြီး သူက ပြည်ပရောက်နေတော့ Face Book, Viber စသည်ဖြင့်ပဲ ဆက်သွယ်ပြောဆိုနေရပါတယ်၊ ဒါပေမဲ့ - ကျွန်တော့်တာဝန်က ပြည်တွင်းနေရာအနှံ့ဆိုတော့ အဆက်အသွယ်မရတဲ့ နေရာတွေလည်း ရှိပါတယ်။ MPT ကို အပြစ်ပုံချနေတာ မဟုတ်ပါဘူး။ အဲဒီလို အဆက်အသွယ်ပြတ်သွားရင် ထိုက်က စိတ်ဆိုးတယ်။ နေ့စဉ် သူက ကျွန်တော့်အသံ၊ စာတွေ့နေရမှ ပျော်တာပါ"

"ကိုကိုနော် - ပြောရင်းဆိုရင်း များနေပြီနော်၊ တော်ကီပွားလွန်းနေတယ်"



"လိုရင်းရောက်တော့မှာပါ - ထိုက်ရဲ့ အဲ - အဲဒီတော့ ဘာ Connection မှ မလိုတဲ့နည်း စမ်းကြည့်မလားဆိုတော့ သူလည်း သဘောတူတယ်၊ ဝါသနာတူ မဟုတ်လား။ အဲဒါကတော့ လိပ်ပြာလွှင့်ဖို့ပါပဲ"

"လိပ်ပြာလွှင့်တယ် ဆိုတာက"

"လိပ်ပြာလွှင့်တယ်ဆိုတာက ကျွန်တော်တို့ရဲ့ ရုပ်ခန္ဓာကြီးထဲက စိတ်၊ ဝိညာဉ်၊ နာမ်ခန္ဓာက အပြင်ထွက်သွားဖို့ပါပဲ၊ အဲဒီအခါ ကိုယ်လိုသလို သွားလေရာ စိတ်ညွှတ်ပြီး သွားလာနိုင်တယ်။ ဆရာ - မယုံဘူးလား"

"အင်း - မယုံဘူးတော့ မပြောလိုပါဘူး၊ ဒါပေမဲ့ - ဒီနေ့ထိတော့ တစ်ခါမှ မတွေ့ဖူးပါဘူး"

"ဟုတ်ပါတယ် - ကျွန်တော်လည်း အဲဒီနည်းကို မိတ်ဆွေတစ်ယောက်က ပို့ပေးလို့ ရတာပါ၊ ဒါနဲ့ - စမ်းသပ်ကြည့်မိပါတယ်။ နှစ်ယောက်စလုံး တစ်ပြိုင်နက် လုပ်ကြဖို့ပါ၊ သူက စင်္ကာပူမှာနေတော့ အချိန်က သန်းခေါင်လောက်မှ အဆင်ပြေပါတယ်၊ လိပ်ပြာလွှင့်တဲ့နည်းကို ပြောပြရမလားဆရာ၊ စိတ်ဝင်စားလား၊ အတိအကျမဟုတ်တောင် အကြမ်းဖျဉ်း ပြောပြပါမယ်"

"ပြောပြပါ - သိချင်ပါတယ်"

"ဒီလိုပါ - ဆရာ၊ ည တိတ်ဆိတ်တဲ့အချိန် အိပ်ရာပေါ်မှာ ပက်လက်နေပြီး ဖြေလျှော့ရပါတယ်၊ ဖြေလျှော့တာကို Relaxation နည်းလို့ ခေါ်ပါတယ်၊ ကြွက်သားတွေ၊ အာရုံကြောတွေ လျှော့ချရတာပါ၊ နည်းတော့ မပြောတော့ပါဘူး၊ အဲဒီနောက် - ကိုယ့်အိပ်ရာခြေရင်းမှာ မိမိရဲ့ပုံရိပ်ကို မြင်အောင်ကြည့်ရပါမယ်၊ မတ်တတ်ရပ်ပြီး ကိုယ့်ကို ကြည့်နေတယ်ဆိုတဲ့ ပုံရိပ်မျိုးကို စိတ်ထဲက ပုံဖော်ကြည့်ရတာပါ၊ အသက်ကို မှန်မှန်ရှူရပါတယ်၊ အပူချိန်ကို လေအေးစက်နဲ့ မပူမအေးထားရင် ပိုကောင်းပါတယ်၊ ကိုယ့်ခြေရင်းမှာ ရှိနေတယ်လို့ သေချာအာရုံခံရပြီဆိုရင် ကိုယ့်အိပ်ရာဘေးကို ဘယ် ဒါမှမဟုတ် ညာဘက်ရောက်လာပြီး ကိုယ့်ကိုကြည့်နေတယ်လို့ အာရုံခံရပါတယ်၊ နောက် - ကိုယ့်အိပ်ရာဘေးမှာ ကိုယ်နဲ့အတူ အိပ်နေတယ်၊ လဲလျောင်းနေတယ်လို့ အာရုံခံရပါတယ်၊ ဒါက - အခြေခံပါ"

"အင်း - သိပ်မခက်သလိုပဲနော်"



www.burmeseclassic.com

www.burmeseclassic.com

"ခက်ပါတယ် - ဆရာ။ တကယ်က ကျွန်တော်ကော၊ ထိုက်ထိုက်ကော ငယ်ငယ်တည်းက ဝိပဿနာတရား ပတ်ဝင်မှုကြပါတယ်။ နှစ်စဉ်လိုလို ပါပဲ။ အဲဒီအခြေခံသမထကို ယူရတာပါ။ သမထထူထောင်ပြီး သမာဓိရလာမှ ဒီပုံရိပ်ကို စိတ်ညွတ်အာရုံပြုရတာပါ။ ပထမလုပ်ခါစဆိုရင် အိပ်ရာတစ်ခုလုံး ချွေးတွေနစ်နေအောင် ထွက်ပါတယ်။ ခေါင်းတွေကိုက်၊ ဖက်ကြောတွေ တက်ပါတယ်။ ပထမအဆင့်တနေ ကိုယ့်ဘေးနေရာရောက်လာဖို့ (၆)လ လောက် ညတိုင်းလိုလို လေ့ကျင့်ရပါတယ်"

"အော် - ဖွဲကောင်းသားပဲ။ ဒါနဲ့ - နန်းထိုက်ထိုက်နွေးကကော ဘယ်လို အခြေအနေရှိခဲ့လဲ"

ထိုအခါ ကောင်းအောင်ပိုင်စိုး ရုပ်ခန္ဓာရှိနေသည့် နန်းထိုက်ထိုက်နွေး က...

"သူနဲ့ ကျွန်မက အတူတူ အချိန်တိုက်ပြီး လေ့ကျင့်ကြသလို တိုးတက်မှု နှုန်းကလည်း အတူတူပါပဲ ဆရာ။ (၆)လလောက်ကြာတော့ ပထမဆုံး ကျွန်မက သူ့ထက် (၃)ရက်လောက် စောပြီး လိပ်ပြာလွှင့်နိုင်တာပါ။ နောက် ပြီးတော့ - သူနဲ့ ကျွန်မက တရုတ်လိုမြင်းနစ်ဖွားချင်း တူပါတယ်။ နှစ်ယောက် လုံး စနေဖွားတွေပါ။ ဇာတာချကြည့်တော့ လက်တူသလို ဂြိုဟ်အနေအထား မှာလည်း (၉)လုံးရှိတဲ့အနက် (၇)လုံးက ရာသီခွင်၊ နက္ခတ်အတူတူပါ။ ဖုန်း ရွေဇာတာတိုက်တော့လည်း ၈၀% လောက်တူပါတယ်"

"ဟုတ်လုချည့်လား - နန်းထိုက်ထိုက်နွေးက ဗေဒင်လက္ခဏာပညာ လည်း တော်တော်လေ့လာထားတာပဲ"

"ဟုတ်ပါတယ် ရှင့်။ လိပ်ပြာစလွှင့်တော့ ကျွန်မ ကိုယ်က သိမ့်ခနဲ ဖြစ် သွားပြီး ဘေးက အတူအိပ်နေတဲ့ ကျွန်ပုံရိပ်ထဲကို တစ်နည်းနည်းနဲ့ရောက် သွားသလို ဖြစ်ပါတယ်။ နောက်တော့ - ကျွန်မ ပုံရိပ်နဲ့အတူ လေထဲမှာ ပေါ် လောမျောနေပါတယ်။ အိပ်ရာပေါ်က အိပ်နေတဲ့ ကျွန်မရဲ့ခန္ဓာကိုယ်ကိုလည်း မြင်နေရပါတယ်၊ နေရာရွှေ့ပြောင်းချင်ရင် အာရုံညွှတ်လိုက်ရင် ပြီးတာပါပဲ။ ပထမရက်တွေမှာတော့ အခန်းထဲ၊ တိုယ်နေတဲ့တိုက်ခန်း၊ ရပ်ကွက်၊ ရပ်ကွက် ပန်းခြံလောက်ကို လေထဲမျောပြီး ရှေ့ကြည့်ပါတယ်။ အုတ်နံရံတွေ အတား

အဆီးတွေ အနီမ့်အမြင့်တွေကို ဒီလိုပဲ ထိုးဖောက်သွားလာနိုင်ပါတယ်။ အနေးအမြန်ဆိုတာလည်း ကိုယ်စိတ်အာရုံညွှတ်သလို ဖြစ်ပါတယ်"

"အော် - ဆန်းကြယ်လှပါလား။ ဒါဆို မူလခန္ဓာကိုယ်ထဲ ဘယ်လိုပြန်ဝင် မလဲ"

"ဒါက မူလရုပ်ခန္ဓာနဲ့ လိပ်ပြာလွှင့်တဲ့နာမ်ခန္ဓာက ဖန်ကြိုးမျှင်လို အလင်း ကြိုးတစ်ခုနဲ့ ဆက်သွယ်နေပါတယ်၊ ကိုယ့်ရုပ်ခန္ဓာနား ပြန်သွားပြီး အိပ်နေ တဲ့ရုပ်ခန္ဓာပေါ်ကို လှဲပြီးအိပ်ချလိုက်ရုံပါပဲ။ နောက်တော့ - တဖြည်းဖြည်းနဲ့ စင်္ကာပူကနေ မလေးရှား၊ မလေးရှားကနေ ထိုင်း၊ ထိုင်းကနေ မြန်မာနိုင်ငံ၊ ရန်ကုန်၊ ကိုကိုနေတဲ့ မြို့ယမုံအိပ်ရာက တိုက်ကို စက္ကန့်ပိုင်းနဲ့ ရောက်သွားနိုင် ပါတယ်၊ ဒီအချိန် (Time) နဲ့ နေရာ (Space) ဆိုတာ မလိုအပ်သလိုပါပဲ"

"ဒါဆိုရင် - ကိုကောင်းအောင်ပိုင်စိုး အခြေအနေ ပြန်ပြောပါဦး"

ထိုအခါ နန်းထိုက်ထိုက်နွေး ခန္ဓာနှင့် ရှိနေသော ကိုကောင်းအောင် ပိုင်စိုးက...

"ကျွန်တော်က သူ့ထက် (၃) ရက်လောက် နောက်ကျပြီးမှ လိပ်ပြာ လွှင့်နိုင်တာပါ။ ကျန်တာတွေကတော့ ညီမလေး ထိုက်ထိုက်ပြောသွားသလို အတူတူပါပဲ၊ ကျွန်တော်တို့ချင်း ချိတ်ဆက်ထားပြီး သူ့ခန္ဓာကိုယ်ရှိရာ စင်္ကာပူကို သွားလိုက်၊ သူက ကျွန်တော်ရှိတဲ့ ရန်ကုန်ကို လာလိုက် လုပ်ပါ တယ်"

"ဒါဆိုရင် နာမ်ဘုံနှစ်ခုက တစ်ခုကိုတစ်ခု တွေ့မြင်ရသလား၊ ထိတွေ့ လို့ရသလား၊ စကားပြောလို့ ရမလား"

"နာမ်ခန္ဓာနှစ်ခုက တစ်ယောက်ကိုတစ်ယောက် မြင်နိုင်ပါတယ်။ စကား ပြောစရာမလိုဘဲ စိတ်ထဲက ပြောသလိုပြောတာနဲ့ တစ်ဖက်က အလိုလိုသိ ပါတယ်။ ထိတွေ့လို့ရပေမယ့် ဖါဂွမ်းနုနုရွရွကလေးကိုင်ရတာမျိုးပါ။ ရုပ်ခန္ဓာ တို့ အမာအပျော့ မခံစားရပါဘူး။ အခုလိုဆိုတော့ ကျွန်တော်တို့နှစ်ယောက် တာ တစ်ဦးနဲ့တစ်ဦး တွေ့မြင်နိုင်သလို တခြားအင်တာနက်၊ ဖုန်းဆိုတာတွေ မလို ဘဲ စကားပြောဆိုတွေ့ဆုံနေရပါတယ်။ ပိုပြီး ထူးခြားတာက နာမ်ခန္ဓာနဲ့ ရှိနေစဉ်မှာ စိတ်အေးချမ်းမှု ခံစားပြီး ဒေါသလောဘဆိုတာတွေ မရှိ



www.burmeseclassic.com

www.burmeseclassic.com

သလောက် ပါပဲ။ ကြည်လင်နေပါတယ်။ နောက်ပိုင်းမှာတော့ ကျွန်တော်တို့ တစ်ပတ်ကို သုံးရက် လိပ်ပြာလွှင့်ကြပါတယ်။ တွေ့ဆုံကြပါတယ်။ မေတ္တာလည်း ပိုပြီးခိုင်မြဲလာပါတယ်"

"ဟုတ်ပါပြီ - ခုလို ပြောင်းပြန်အခြေအနေကို ဘယ်လိုဖြစ်ခဲ့တာလဲဆိုတာ ပြောပါဦး"

"ဒါကတော့ သဘာဝတရားရဲ့ထူးခြားတိုက်ဆိုင်မှုပါ။ ကျွန်တော်တို့လိပ်ပြာလွှင့်ချိန်မှာ တစ်ခုခု အနှောင့်အယှက်မဝင်ဖို့ အခန်းတံခါးကို ပိတ်ထားပါတယ်။ အဲဒီအချိန် ညီမလေးထိုက်ထိုက်က ဂျပန်ကို ရောက်နေပါတယ်။ လိပ်ပြာလွှင့်ပြီး ကျွန်တော်တို့ သူ့အခန်းမှာ ဆုံတွေ့နေချိန် *ကြောင်လှုပ်ပါ*တယ်။ အဲဒီလှုပ်တဲ့ ငလျင်ကတော့ ငလျင်ဒဏ်ခံ အဆောက်အအုံမို့ ဘာမှမဖြစ်ပေမဲ့ ထိုက်ထိုက်ရဲ့ ခန္ဓာကိုယ်က ခုတင်ပေါ်က ပြုတ်ကျပါတယ်။ ဒါကအသိတရားနဲ့ ကိုယ်က ကြိုးစားတာမဟုတ်ဘဲ အလိုလိုဖြစ်သွားတာပါ။ အဲဒီအချိန်မှာ သူ့အလင်းကြိုးနဲ့ ကျွန်တော့်အလင်းကြိုး ချိတ်ပြီး ရစ်သွားပါတယ်။ ထိုက်ထိုက်က သူ့ခန္ဓာထဲ ပြန်ဝင်ဖို့ ထိန်းမနိုင်သိမ်းမရ ဖြစ်နေပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့် နာမ်ခန္ဓာက ရုတ်တရက် ထိုက်ထိုက် ခန္ဓာကိုယ်ထဲဝင်သွားပြီး ထိုက်ထိုက် နာမ်ခန္ဓာက ကျွန်တော့်ကိုယ်ထဲ ဝင်သွားပါတယ်ခင်ဗျာ။ အဲဒီမှာ ရှုပ်ထွေးသွားပြီး ခုလို ဖြစ်သွားပါတယ်"

"ဒီတော့ - ပြန်ပြီး တည့်ကြဖို့ နောက်တစ်ကြိမ် လိပ်ပြာလွှင့်ပြီး ပြန်နေရာယူကြဖို့ မကြိုးစားဘူးလား"

"ကြိုးစားတာပေါ့ - ဆရာ။ ဒါပေမဲ့ - အဲဒီအချိန်ကစပြီး ခုထိ လိပ်ပြာလွှင့်လို့ မရတော့ဘူး ဆရာ"

"ခုလို ဖြစ်သွားတော့ ပတ်ဝန်းကျင်က မရိပ်မိဘူးလား"

"ဖြစ်ပြီးတော့ အချင်းချင်းဖုန်းနဲ့ ဆက်သွယ်၊ ဇာတ်တိုက်ထားရတာပေါ့ဆရာ။ ရုတ်တရက် အသံအိုးရောင်လို့ စကားပြောမရဘဲ အသံဝင်နေတယ်ဆိုပြီး ထိုက်ထိုက်က စက်ရုံက ခွင့်ယူပြီးပြန်လာရတာပေါ့။ ပြန်လာရတာကတော့ ကျွန်တော့်စိတ်နဲ့ ထိုက်ထိုက်ခန္ဓာကိုယ်ပေါ့။ ကျွန်တော်တို့လိုပဲ ထိုက်ထိုက်ကလည်း ကျွန်တော့်ကိုယ်စားခွင့်ယူပြီး အခန်းအောင်းနေရတာ



ပေါ့။ ဒီရောက်တော့ တိုင်ပင်ကြတဲ့အခါ ထိုက်ထိုက်သူငယ်ချင်းတစ်ယောက်ရဲ့အဖေက ဒေါက်တာရွှေမင်းအိမ်အကြောင်း ပြောဖူးတာနဲ့ မရအရ စုံစမ်းပြီး ပထမတစ်ကြိမ် လာရောက်ဆွေးနွေးပြီးပါပြီ။ ဒေါက်တာက ဆရာကောင်းသုခလည်း ရောက်လာလိမ့်မယ်။ သူ့ကိုလည်း ရှင်းပြပါလို့ ပြောလို့ ခုလိုလာပြီး ပြောပြတာပါ"

ကျွန်ုပ်အနေဖြင့် ပွင့်လင်းစွာဝန်ခံရပ်မှု ယခုကဲ့သို့ မျက်မြင်တွေ့နေရသည့်တိုင် လိပ်ပြာလွှင့်ခြင်း၊ နာမ်ခန္ဓာ ဝင်/ထွက်ခြင်းဆိုသော အကြောင်းအရာများကို တစ်ခါတစ်ရံ စာအုပ်များတွင် ဖတ်ရှုဖူးသည်မှတစ်ပါး တွေ့ကြုံခြင်းမရှိ။ များများစားစားလည်း မသိချေ။ မိမိလေ့လာလိုက်စားသော ဗေဒင်၊ လက္ခဏာပညာရပ်များနှင့်လည်း များစွာ သက်ဆိုင်ခြင်းမရှိချေ။ ထို့ကြောင့် ဤအခြေအနေအား မည်သို့ကုစားရမည်ကို ကောင်းစွာမသိရှိချေ။ များသောအားဖြင့် ဒေါက်တာရွှေမင်းအိမ်ကသာ ယခုကဲ့သို့ ထူးဆန်းထွေလာတိစ္ဆရပ်များကို ဖြေရှင်းပေးခြင်း ဖြစ်လေ၏။ ကျွန်ုပ်အနေဖြင့် ဖြစ်ရပ်များကို ဖတ်ရှုရအဆင်ပြေစေရန် ဝတ္ထုဇာတ်ကြောင်းတစ်ခုကဲ့သို့ ပြန်လည်ရေးသားခြင်း၊ တစ်ခါတစ်ရံ ဗေဒင်လက္ခဏာပညာရပ်များနှင့် ဆက်စပ်အကြံပြုခြင်းမျှသာ တတ်နိုင်စွမ်း ရှိလေ၏။

ဒေါက်တာရွှေမင်းအိမ်အနေဖြင့်လည်း အတော်ကြာ စဉ်းစားနေပြီး အဖြေရှာဆောင်ရွက်ပေးပါမည်ဟု ပြောသဖြင့် ဧည့်သည်ချစ်သူနှစ်ယောက် ပြန်ထွက်သွားလေ၏။ ကျွန်ုပ်အနေဖြင့် ဆိတ်ဆိတ်နေခြင်းဖြင့်သာ ၎င်းအားကူညီရာရောက်မည်ကို သိရှိသဖြင့် မည်သည့်မေးခွန်းမျှ ထပ်မံမေးမြန်းခြင်းမပြုဘဲ စာအုပ်တစ်အုပ်နှင့်သာ အချိန်ဖြုန်းနေခဲ့လေ၏။ ဒေါက်တာရွှေမင်းအိမ်က နောက်တစ်နေ့ ညနေတွင် လာခဲ့ပါရန် ဖိတ်ကြားသဖြင့် နှုတ်ဆက်၍ ပြန်လာခဲ့လေ၏။

နောက်တစ်နေ့ ညနေရောက်လာသောအခါ ကိုကောင်းအောင်ပိုင်စိုးနှင့် နန်းထိုက်ထိုက်နွေးတို့ နှစ်ယောက်ကိုလည်း ဒေါက်တာရွှေမင်းအိမ် ဧည့်ခန်း



www.burmeseclassic.com

www.burmeseclassic.com

တွင် တွေ့ရလေ၏။ ကိုကောင်းအောင်ပိုင်စိုးမှာ ဂျင်းရှပ်အပြာနနှင့် ဘောင်းဘီအနက် ဝတ်ဆင်ထားပြီး နန်းထိုက်ထိုက်နွေးမှာ အဖြူရောင် လက်ဖောင်းအင်္ကျီနှင့် စကတ်အဖြူဝတ်ဆင်ထားပြီး နှစ်ယောက်စလုံး သပ်ရပ်လှပ လိုက်ဖက်နေသည်ကို တွေ့ရလေ၏။ ပို၍ထူးခြားသည်မှာ ကိုကောင်းအောင်ပိုင်စိုး၏ အသံနှင့် စိတ်ပိုင်းမှာ မူလအမျိုးအစားအသံ၊ စိတ်ထားပြန် ဖြစ်နေပြီး နန်းထိုက်ထိုက်နွေးမှာလည်း မိန်းကလေးတစ်ယောက်ပုံမှန် ပြန်ဖြစ်နေခြင်း ဖြစ်လေ၏။ ကျွန်ုပ်လည်း အံ့ဩဝမ်းသာရလေ၏။ ကိုကောင်းအောင်ပိုင်စိုးက …

"ဒေါက်တာက အားနာလို့ ဆရာ့ကို နောက်ကျချိန်းလိုက်တာ ထင်ပါတယ်။ ကျွန်တော်တို့ နှစ်ယောက်တော့ ပုံမှန်ဖြစ်သွားလို့ ဒေါက်တာကို



*Hypnosis* ဆိုတာ စိတ်ညှို့ အိပ်မွေ့ချတာကို ခေါ်တာပါ။ သူတို့နှစ်ယောက်ကို ခုတင်တစ်လုံးပေါ် ဘေးချင်းယှဉ်ပြီး အိပ်ခိုင်းရတယ်။ နောက် သူတို့ကို *Suggestion* ပေးရတယ်။ *Suggestion* ဆိုတာက ညှို့ချက်ပေါ့။ မင်းတို့ နှစ်ယောက်တွေ နေရာလွဲနေတယ်။ နေရာပြောင်းကြဆိုတဲ့ သဘောပေါ့။ သူတို့ကို ချိန်သီးလေးတစ်ခုနဲ့ အဝင်စိတ်ကျသွားအောင် လုပ်ရတယ်။ အဓိကကျတယ်ဆိုတာ သိစိတ် *Concious mind* ကို ပျောက်အောင်လုပ်ပြီး မသိစိတ် *Unconcious mind* ပေါ် ထွက်လာအောင် ညှို့ယူရတာပါ . . .



ဘယ်လို ကျေးဇူးဆပ်ရမှန်းမသိဘူး။ ကျွန်တော်တို့ မင်္ဂလာပွဲကျတော့ ဆရာကောင်းသုခကော၊ ဒေါက်တာကော နှစ်ယောက်စလုံး ကြွခဲ့ကြပါ၊ ထိုက်ထိုက်က စာချုပ်နှစ်စေ့လို့ ပြန်လာရင် လက်ထပ်ကြတော့မှာပါ၊ ဆရာကောင်းက နေ့ကောင်းရက်သာရွေးပေးပြီး သားသားမီးမီးရလာရင်လည်း ဆရာပဲ နာမည်လေး မှည့်ခေါ်ပေးပါ"

ထိုစကားကြောင့် နန်းထိုက်ထိုက်နွေး၏ ဖြူဝင်းသော ပါးမို့နှစ်ဖက်မှာ နီမြန်းသွားပြီး ချစ်ဖွယ်ကောင်းသော မျက်စောင်းဖြင့် ကောင်းအောင်ပိုင်စိုးအား ကြည့်လျက် …

"ကိုကိုနော်၊ လူကြီးတွေကိုဘာတွေပြောနေတာလဲ" ဟုပြောလိုက်လေ၏။ ကျွန်ုပ်လည်း ချစ်သူနှစ်ဦး၏ မြင်ကွင်းကို မသိဟန်ပြုလျက် ရယ်မောလိုက်ပြီး …

"စိတ်ချပါ - စောင့်နေပါ့မယ်ဗျာ" ဟု အလိုက်သင့် ပြောလိုက်လေ၏။ နှစ်ဦးသား လက်ချင်းချိတ်၍ ထွက်ခွာသွားသောအခါ ကျွန်ုပ်က ဒေါက်တာရွှေမင်းအိမ်အား …

"ဘယ့်နှယ့်လူပျိုကြီး - အားမကျဘူးလား" ဟု နောက်ပြောင်လိုက်ရာ

"အားတွေ တကယ်ကျပါတယ် - ဆရာကောင်းရယ်၊ သူတို့နှစ်ယောက်ကို တော်တော်ပြန်တည့်ယူရတယ်" ဟု ပြောလိုက်လေ၏။ ထိုအခါမှ ကျွန်ုပ်လည်း ကပျာကယာဖြင့် …

"ဟုတ်ပါရဲ့ - ဒေါက်တာ ကုထုံးကို သိချင်ပါတယ်ဗျာ" ဟု ပြောလိုက်ရလေ၏။

"ဒီလိုပါ - ဆရာကောင်းရေ၊ သူတို့ ပြန်သွားတဲ့အထိ အဖြေမရသေးပါဘူး၊ ဒါနဲ့ - ကျွန်တော်လည်း စာအုပ်စာတမ်းတွေ တော်တော်လှန်လှော်ဖတ်ရှုရတယ်၊ တချို့လည်း အင်တာနက်ပေါ်တက်ပြီးလှလာရတယ်။ နောက်တော့ - သူတို့ကို Hypnosis လုပ်ရမယ်ဆိုတာ သတိပြုမိလာတယ်"

"Hypnosis ဆိုတာ ဘာလဲဒေါက်တာရဲ့"

"Hypnosis ဆိုတာ စိတ်ညှို့အိပ်မွေ့ချတာကို ခေါ်တာပါ။ သူတို့နှစ်ယောက်ကို ခုတင်တစ်လုံးပေါ် ဘေးချင်းယှဉ်ပြီး အိပ်ခိုင်းရတယ်၊ နောက်

www.burmeseclassic.com


သူတို့ကို Suggestion ပေးရတယ်၊ Suggestion ဆိုတာက ညှို့ချက်ပေါ့၊ မင်းတို့ နာမ်ခန္ဓာတွေ နေရာလွဲနေတယ်၊ နေရာပြောင်းကြ ဆိုတဲ့ သဘောပေါ့၊ သူတို့ကို ချိန်သီးလေးတစ်ခုစီနဲ့ ဘဝင်စိတ်ကျသွားအောင် လုပ်ရတယ်၊ ဘဝကျတယ်ဆိုတာ သိစိတ် Concious mind ကို ပျောက်အောင်လုပ်ပြီး မသိစိတ် Unconcious mind ပေါ်ထွက်လာအောင် ညှို့ယူရတာပါ၊ လိပ်ပြာလွှင့်တယ်ဆိုတာ သိစိတ်နဲ့ မလွှင့်နိုင်ဘူး၊ စိတ်ရဲ့ ဒုတိယအတွင်းခံလွှာဖြစ်တဲ့ Unconcious ကို သုံးမှရတယ်၊ ဒါကြောင့် - ညှို့ယူပြီး လုပ်ရတာ၊ ဒါပေမဲ့ - သူတို့နှစ်ယောက်ကို စိတ်ညှို့အိပ်မွေ့ချရတာ မလွယ်လှဘူး၊ သူတို့က စိတ်ခိုင်မာတဲ့ သူတွေဖြစ်နေတယ်၊ နန်းထိုက်ထိုက်နွေးက ပိုပြီးအိပ်မွေ့ချရခက်တယ်၊ ပထမအဆင့်မှာတင် (၄၅)မိနစ် ကြာတယ်၊ အားလုံးစုစုပေါင်း သုံးနာရီနီးပါးလောက် ကြိုးစားရတယ်၊ လေအေးပေးစက်ဖွင့်ပြီး အသံလုံခန်းထဲမှာ လုပ်ရတာ၊ ကျွန်တော့်စာကြည့်ခန်းပေါ့၊ သူတို့ အိပ်မွေ့ချပြယ်တိုင်းမေးရတာ၊ သုံးကြိမ်လုပ်ပြီးမှ အောင်မြင်တယ်၊ ကျွန်တော် စိတ်ညှို့ရ အခက်ဆုံး စုံတွဲပါပဲ"

"တော်သေးတာပေါ့ - ဒေါက်တာရယ်၊ တစ်သက်လုံးသာ ဒီလိုဖြစ်သွားရင် ဒီအဖြစ်အပျက်ကို ဘယ်သူမှ ယုံမှာမဟုတ်ဘူး၊ ပယောဂလိုလို၊ စိတ်ရောဂါလိုလိုနဲ့ ဒုက္ခများပြီး ချစ်သူနှစ်ယောက် ဒုက္ခရောက်နေလိမ့်မယ်"

"ဟုတ်တာပေါ့၊ သူတို့ကိုတော့ တစ်ခု သတိပေးလိုက်ပါတယ်၊ အဲဒီလောက်လည်း အန္တရာယ်ကြားက မရှစ်တြပါနဲ့လို့"

ကျွန်ပ်နှင့် ဒေါက်တာရွှေမင်းအိမ်လည်း ပြောရင်း ရယ်မောနေလိုက်ပါ၏၊ နောက် (၂)နှစ်ခန့် ကြာသောအခါ ကောင်းအောင်ပိုင်စိုးနှင့် နန်းထိုက်ထိုက်နွေးတို့၏ မင်္ဂလာပွဲကို ဆီဒိုးနားတွင် သွားရောက်ခဲ့ရပြီး နောက်ထပ် တစ်နှစ်ခွဲခန့်တွင် ၎င်းတို့၏ သားဦးလေးအားလည်း (မိဘနှစ်ဦး စနေ ဖြစ်သကဲ့သို့) စနေသားဖြစ်နေသဖြင့် ထိုက်အောင်ပြည့်စုံဟု နာမည်ကင်ပွန်းတပ်ပေးလိုက်ရပါတော့သည်၊

→ တောင်းသူ



www.burmeseclassic.com

# ချစ်ရိပ် ချစ်ရောင်

မြမြလှိုင်

ပြောရမည်ဆိုလျှင် ကြေကွဲမှု၊ ရင်နာမှုတွေကိုသာ ကြားရလိမ့်မည်။ မမြင်ဖူးသော ဆေးဆရာ၊ မကြားဖူးသော တရားသူကြီးဆိုသည့်စကားသည် မှန်လှသည်။ ကျွန်ုပ်အဖို့ မြင်လည်းမြင်ရ၊ သိရကြားရသည်တွင် ရင်ထဲ၌ ခံစားရသည်။ ရှေ့နေတစ်ယောက်အဖို့ တရားလိုဘက်ကဖြစ်စေ၊ တရားခံဘက်ကဖြစ်စေ၊ အမှုကို လက်ခံလိုက်ပြီဆိုလျှင် အမှုအကြောင်းကိုတော့ သေသေချာချာ သိရမှ ဖြစ်သည်။ ထို့ကြောင့် – ကိုယ်လိုချင်သည့် အချက်အလက်ကို အမှုသည်ဆီက ကြားရသိရဖို့အတွက် စိတ်ကို ရှည်ရှည်ထားပြီး မေးရတော့သည်။

ကျွန်ုပ်ရဲ့ရှေ့မှာ သူရှိနေသည်။ စကားက နည်းသည်၊ အေးအေးဆေးဆေး နေတတ်သောအသွင် ရှိသည်။ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ခန့်ထည်ကြည်လင်သောသူ့ကို မြင်ရသည်မှာ တရားခံပုံနှင့် မတူ။ အလုပ်ကိစ္စနှင့်လာသော ကုမ္ပဏီအရာထမ်းတစ်ဦးပမာပင်။ အမှန်တကယ်မှ – သူသည် တရားခံ၊ လူသတ်တရားခံဖြစ်သည်။ ချောသော၊ လှသော၊ ငယ်ရွယ်သော မိန်းမပျိုလေးကိုမှ ရက်စက်စွာသတ်ခဲ့သော သူပင်။ ထိုသူကို ကျွန်ုပ်က တရားစွဲပြီး ဥပဒေဘောင်အတွင်းသို့ ပို့ခဲ့ရသည်။ သူ သတ်ခဲ့သည့် မိန်းကလေးကလည်း သူ့ချစ်သူ ဖြစ်သည်။ "စိမ်းနဒီ" မြို့လေးသည် လွန်စွာမှ အေးချမ်းသာယာသော မြို့လေးတစ်မြို့ဖြစ်သည်။ ဘုရား၊ ကျောင်းတကန်၊ ဈေးနှင့် သူ့အနေအထားနှင့် သူ စည်ကားလျက်ရှိသည်။ ထိုမြို့လေးမှာပင် သူ့ကို တရားခံတစ်ဦးအနေနှင့် တွေ့ရခြင်း ဖြစ်သည်။

သင်းစန္ဒီက သူရဲ့ချစ်သူ၊ ဝဏ္ဏမောင်ရဲ့ချစ်သူ၊ နှစ်ဦးသား တော်တော်လေးချစ်ပြီး တွဲခဲ့ကြသူတွေဆိုတာကို ကျွန်ုပ် စုံစမ်း၍ သိရသည်။ သင်းစန္ဒီက ဝဏ္ဏမောင်အရင် နှစ်နှစ်လောက်စောပြီး "စိမ်းနဒီ" သို့ ရောက်ခဲ့သူ ဖြစ်သည်။ ဝဏ္ဏမောင်က ကုမ္ပဏီတာဝန်နှင့် ရောက်လာသည်၊ သင်းစန္ဒီက မြို့ခံဖြစ်သည်။ လုပ်ငန်းနှင့် ပတ်သက်ပြီး မိတ်ဆက်စားပွဲတစ်ခုတွင် နှစ်ယောက်သား တွေ့ဆုံကြသည်။ နှစ်ယောက်သားသည် လူလွတ်၊ အနှောင်အဖွဲ့ မရှိကြသူတွေချင်းဖြစ်၍ ခင်မင်ရာမှ ပိုပြီးရင်းနှီးလာကြသည်၊ ထို့ထက်ပိုပြီး အဆင်ပြေသည်က စိမ်းနဒီမှာ ရုံးခွဲဖွင့်ကာ တာဝန်ယူရသူဖြစ်လာလျှင် နှစ်ဦးသားမှာ အမြဲတမ်း တွေ့ကြုံဆုံကြုံရလေသည်။ မြင်ပါများတော့ ကြင်နာစရာ စကားလေးတွေ ဆိုဖြစ်ကြသည်။ သင်းစန္ဒီဘက်က ပုံမှန်အနေအထားထက် ပိုလွန်အောင် မဆက်ဆံသော်လည်း ဝဏ္ဏမောင်ကမူ အချစ်ကြီးမှုင်တို့မှာ တစ်ရက်ပြီးတစ်ရက် ရစ်ပတ်ရှုပ်နှောင်လာသည်၊ ချစ်မိသူ သင်းစန္ဒီအား သူ့အနားမှာသာ အမြဲရှိနေစေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုမောင့်ဘဝမှာ အသည်းနှင့်အောင် ချစ်ရတဲ့သူက စန္ဒီပါ၊ စန္ဒီနဲ့ ဘဝတစ်ခုကို သာယာချမ်းမြေ့စွာနဲ့ တည်ဆောက်ချင်တယ်"

ဝဏ္ဏမောင်က သူ့ဆန္ဒကို လေးလေးနက်နက်ထုတ်ဖော်ပြီး ပြောပြသည်။ သင်းစန္ဒီက တည်ငြိမ်အေးဆေးစွာပင်။ ဒါကိုပင် ဝဏ္ဏမောင်က စိတ်တိုင်းမကျဖြစ်ရသည်။

"စန္ဒီက ကိုယ့်အပေါ်မှာ သိပ်ပြီး အေးဆေးလွန်းတယ်၊ ကိုယ့်အပေါ်မှာ စိတ်ဝင်စားမှုမရှိဘူး"

ဝဏ္ဏမောင်ရဲ့ ခံစားချက်ကို သင်းစန္ဒီက ဥပေက္ခာပြုရုံမျှမက သွေးအေးစွာနှင့်ပင် ဆက်ဆံသည်။ ဝဏ္ဏမောင်ရင်ထဲတွင် သံသယစိတ်တွေ ဝင်လာသည်။


"စန္ဒီရယ် - ကိုယ့်အပေါ်မှာ နားမလည်သေးဘူးလား၊ တို့ယ်တို့ နှစ်ယောက်ရဲ့ဆက်ဆံမှုအတိုင်းအတာကလည်း တစ်နှစ်ကျော်လာပြီ။ ပတ်ဝန်းကျင်ကလည်း အတွဲညီတယ်လို့ ပြောကြတယ်"

သည်လောက် - ချစ်လျက်သားနဲ့ ဘာကြောင့် လှသတ်မှုဖြစ်ရသလဲဆိုတာကို ကျူပ် တော်တော်လေး စဉ်းစားခက်သွားသည်၊ မှုခင်းရဲဘက်က သင်းစန္ဒီ သေနတ်ပစ်ခံရပြီးလိမ့်ကျသေဆုံးသော လှေကားရင်းကနေရာကို အမှတ်အသား ပြုထားထားသည်ကို ပြသည်။ အပေါ်ဆင့်ကနေ သေနတ်မှန်ပြီး တလိမ့်ခေါက်ကွေး ကျခဲ့ခြင်းဖြစ်သည်၊ ကျည်ဆန်သည် လည်ပင်းနောက်ကနေ ဖောက်ဝင်ခဲ့သည်။

အဖြစ်အပျက်အားလုံးကို ကြားသိသမျှ ဆက်စပ်ကြည့်လိုက်သည်၊ သင်းစန္ဒီသည် စိမ်းနဒီမြို့သူမဟုတ်။ မှုရင်းနေရပ်က မြိုင်သာမြို့က ဖြစ်သည် ဗုဒ္ဓဘာသာ မဟုတ်၊ သင်းစန္ဒီတွင် အိမ်ထောင်ရှိခဲ့ဖူးသည်၊ သားသမီး မရှိ၊ လင်ယောက်ျားနှင့် စိတ်သဘောထားချင်း မတိုက်ဆိုင်၍ ပေါင်းသင်းခြင်း မရှိတော့ဘဲ ခွဲခွာနေသည်မှာ နှစ်နှစ်နီးပါးရှိပြီ။ မိမိဘဝကို မိမိရပ်တည်နိုင်အောင်



ကြိုးစားကာ နေသူဖြစ်သည်။ အလုပ်ဝင်လုပ်သည်၊ တစ်မြို့တစ်နယ်သို့ ပြောင်းရင်းက ဝဏ္ဏမောင်နှင့် တွေ့ဆုံသိကျွမ်းရင်းက ခင်မင်ခဲ့သည်။ ရင်ထဲတွင် လောင်ကျွမ်းသော ဘဝအပူမီးလေး ငြိမ်းစပြုသည်ကို သင်းစန္ဒီက ကျေနပ်ကြည်နူးခဲ့သည်၊ ဝဏ္ဏမောင်အပေါ်တွင် ချစ်သည့်စိတ်လေးတော့ မထားရဲသေး။ သင်းစန္ဒီမှာ ဘာသာကွဲဖြစ်သည်။ သူတို့ဘာသာတွင် တစ်ဦးဦးက သက်ရှိထင်ရှားမရှိတော့မှသာလျှင် နောက်ထပ် အိမ်ထောင်ပြုခွင့်ရသည်။ သင်းစန္ဒီဘဝတွင် ဘဝသစ်ကို ထူထောင်ခွင့်မရှိသေး။



www.burmeseclassic.com

ထို့ကြောင့်ပင် – ဝဏ္ဏမောင်အပေါ်တွင် သံယောဇဉ်ကြီးကို ဖြတ်နိုင်အောင်ကြိုးစားပြီး မြိုင်သာမြို့သို့ပြန်ရန် ဆုံးဖြတ်လိုက်သည်။ မြိုင်သာမှာပင် မူလတန်းပြဆရာမအဖြစ် ဝင်လုပ်ရန် စဉ်းစားသည်။

“အစ်ကို – ကျွန်မကို ခွင့်လွှတ်ပါ၊ ခွင့်ပြုပါ။ ကျွန်မတို့ဘဝသာမှာ သက်ရှိထင်ရှားမရှိတော့မှသာ နောက်ထပ်အိမ်ထောင်ပြုဖို့ရမှာ ဖြစ်တယ်။ အစ်ကို့အပေါ် ကျွန်မ စိတ်အနှောင့်အယှက် မပေးချင်တော့ဘူး”

စိမ်းနုဒီမှာ အလုပ်လာလုပ်ရင်း ဝဏ္ဏမောင်နှင့်တွေ့ကာ သာယာမှုနောက်ကို လိုက်ခဲ့မိခြင်း ဖြစ်သည်။ ရှေ့ဆက် အများထပ်ပြီး မလုပ်မိခင် ဝဏ္ဏအောင်ထံ ခွင့်တောင်းခြင်းဖြစ်သည်။ နီးစပ်ခင်မင်မှုဖြင့် ဝဏ္ဏမောင်အပေါ်တွင် သံယောဇဉ် ရှိပါသော်လည်း မဆုံနိုင်၊ မကြုံနိုင်သည့် ဘဝဖြစ်နေလျှင် မတတ်သာဘဲ ခွဲခွာရမည့်စကားကို ဆိုခြင်းဖြစ်သည်။ ဝဏ္ဏမောင်က အတန်တန်တားသည်၊ ညင်သာကြင်နာသော စကားလုံးများဖြင့် ပြောသည်။ နူးညံ့ချိုသာစွာဖြင့် ခွင့်ပန်သည်။ သင်းစန္ဒီက လုံးဝပင် ရှေ့ဆက်လိုစိတ် မရှိတော့၊ သူ့ဘဝကို မြိုင်သာမှာပင် မြှုပ်နှံဖို့ စိတ်ကူးလိုက်သည်။

“သူက ကျွန်တော်ရှိရာကို လာပြီးနှုတ်ဆက်တယ်၊ ကျွန်တော့်ဘဝထဲက အပြီးအပိုင် ထွက်သွားဖို့ သူ့ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူးဆိုပြီး နောက်ဆုံးနှုတ်ဆက်စကား လာပြောတာတဲ့ဗျာ”

ချစ်ရလွန်းသူကိုမှ ရက်စက်စွာ သူ သတ်မိပြီး အလုပ်တာဝန်နှင့် ငွေကြေးကိစ္စအတွက် အထောက်အကူဖြစ်စေရန် လိုင်စင်နှင့် သူ ကိုင်ဆောင်သော သေနတ်နှင့် အိမ်အပေါ်ထပ်မှ ပြန်အဆင်းတွင် စိတ်လိုက်မာန်ပါ ပစ်လိုက်မိသည်။

“သူများ လန့်သွားမလားဆိုပြီး ရှောက်လှန့်တဲ့အနေနဲ့ ပစ်မိရင်းက လက်လွန်သွားတာပါ”

နောင်တများ ဘယ်လိုပင် ရပါစေ၊ ရာဇဝတ်မှုကတော့ ဖြစ်လာပြီ။



တရားရုံးမှာ ပြစ်မှုအတွက် သူရင်ဆိုင်ရပြီ၊ သည်အဖြစ်အပျက်ကို တစ်ရက်နှင့် တစ်နေ့ခင်း သေသေချာချာ မေးရသည်။ သူကလည်း စိတ်ပျက်အားလျော့စွာနှင့် သူ့ကို အပြစ်ပေးဖို့ သူ သေချင်ပါပြီဆိုတာကိုပင် ပြောဆိုနေတော့၏၊ သူ့အမှုအတွက် ခုခံကာကွယ်ဖို့၊ ရှေ့နေငှားရန်ကို သူ ငြင်းဆိုသည်။ တရားသူကြီးထံ လျှောက်လဲချက်ပေးရန် ပြောကြားလေသည်။

“တရားသူကြီး ခင်ဗျား – သင်းစန္ဒီကို အမှန်တကယ် ကျွန်တော် သတ်လိုက်တာပါ။ လူကြီးမင်းတို့ကို ကျွန်တော် လေးစားပါတယ်၊ ကျွန်တော့်အတွက် အချိန်တွေအလဟဿ ကုန်သွားတာကို ခွင့်လွှတ်ပါ။ ကျွန်တော့်ကို လူသတ်မှုနဲ့ သေဒဏ်ပေးရင်လည်း မြန်မြန်ပေးကြပါ။ ကျွန်တော့်ချစ်သူနဲ့ တမလွန်ဘဝမှာ ပြန်ဆုံချင်ပါတယ်၊ ကျွန်တော် သူ့ကို တစ်နေ့မှ မေ့မရဘူး။ သူကလည်း ပြောပါတယ်၊ ဒီဘဝမှာ မဆုံရပေမဲ့ နောင်ဘဝမှာ ပေါင်းရဖို့သာ ဆုတောင်းပါတဲ့၊ ဒီတော့ – ကျွန်တော်လည်း သေချင်ပါတယ်၊ ကျွန်တော့်ကို အပြစ်ဒဏ် မြန်မြန်သာပေးကြပါ”

ဝဏ္ဏမောင်က ကျူပ်ဘက်ကို လှည့်လိုက်၊ တရားသူကြီးဘက်ကို လှည့်လိုက်နဲ့ တတွတ်တွတ် ပြောနေသည်၊

“ဒီမှာ – ရှေ့နေလေး၊ အမှန်တရားဘက်က ရပ်တည်ပြီး ဖြေရှင်းပေးတာကို သိပ်ပြီး ကျေးဇူးတင်ပါတယ်၊ ဘယ်လိုမှ စိတ်မကောင်းမဖြစ်ပါနဲ့၊ တရားသူကြီးကိုလည်း ကျေးဇူးတင်ပါတယ်၊ သင်တို့ နှစ်ယောက်စလုံး မိတ်ဆွေကောင်းတွေပါ”

စီရင်ချက်ချပြီးသည့်နောက် ကျုပ်တို့နှစ်ယောက်ကို နှုတ်ဆက်စကားပြောရင်း ရဲတပ်ဖွဲ့ဝင်တွေ ခေါ်ဆောင်ရာနောက်သို့ လက်ထိတ်ခတ်လျက်သားနှင့် ပါသွားလေသည်၊ သူ့မျက်နှာတွင် တစ်စုံတစ်ခုအတွက် သောကဝေဒနာတစ်ခုကို ခံစားနေရသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com

အချိန်တွေက တဖြည်းဖြည်း ပြောင်းလဲလာသည်။ ကျုပ်ကတော့ မိသားစုဘဝကို စတင်သည့်အချိန်ဖြစ်၍ ပိုပြီး အလုပ်ကို ကြိုးစားရတော့သည်။ ဆုတောင်း၍ မကောင်းသော ဆုတောင်းဖြစ်ရသည်က ကျုပ်တို့ ရှေ့နေအလုပ်ဖြစ်သည်။ တရားရုံးသို့ အမှုများများရောက်ပါမှ ဝမ်းစိုကြရသည်။ တစ်နေ့ - မြို့နယ်တရားရုံးတစ်ခုတွင် လွန်ခဲ့သော လေးငါးလက ဝဏ္ဏမောင်၏ အမှုနှင့်ပတ်သက်သော ရဲဝန်ထမ်းတစ်ဦးကို တွေ့ရသည်။

"သူငယ်ချင်း - မင်းကို တွေ့ချင်နေတာနဲ့ အတော်ပဲ။ မင်း - မှတ်မိမလား မသိဘူး။ ဝဏ္ဏမောင်လေ ..."

"အေး - မှတ်မိပါတယ်၊ ဝဏ္ဏမောင် ကြိုးမိန့်ကျသွားပြီ မဟုတ်လား။ အယူခံ ပယ်ချခံရတယ်လေ"

"အေး - ဟုတ်တယ်၊ အဲဒီတရားခံက သူငယ်ချင်းကို သူ သေအောင် စီရင်ချက်ချခံရပြီး မင်းနဲ့ တွေ့ချင်တယ်ဆိုပြီး ခွင့်တောင်းနေတယ်၊ အဲဒါ - မင်း သွားတွေ့လိုက်ပါဦး"

ကျုပ်စိတ်ထဲ ထူးဆန်းသလို ခံစားရသည်။ ထိုတရားခံ ဝဏ္ဏမောင်နှင့် ကျုပ် သိပ်ပြီးရင်းနှီးမှုမဖြစ်ခဲ့လျှင် ကျုပ်ကိုမှ တွေ့ချင်သည်ဆိုခြင်းကို လွန်စွာမှ အံ့သြမိသည်။

"သူက မင်းကို သေဒဏ်မခံရမီ နောက်ဆုံးနေ့မှာ သူပြောချင်တာတွေ ပြောပါရစေတဲ့။ သူ့မှာ ရင်းနှီးတဲ့ အပေါင်းအသင်းမိတ်ဆွေကလည်း မရှိ၊ အားကိုးစရာ၊ ရင်ဖွင့်စရာဆိုလို့ မင်းကလွဲပြီး မရှိဘူးတဲ့၊ အဲဒါ - သူ့ဆန္ဒကို ဖြည့်ဆည်းတဲ့အနေနဲ့ မင်း သွားတွေ့လိုက်ပါ"

ကျုပ် သူ့စကားကို ငြင်းသော်လည်း သေခါနီးလူတစ်ယောက်၏ ဆန္ဒကို ဖြည့်ဆည်းဖို့ စဉ်းစားလိုက်သည်။

အိမ်ရောက်သည့်အခါတွင် ကျုပ်ရဲ့ဇနီးကို ဖြစ်သမျှအကြောင်းအား ဖွင့်ဟတိုင်ပင်လိုက်သည်။



"သေခါနီး လူတစ်ယောက်ရဲ့ဆန္ဒကိုတော့ အစ်ကို ဖြည့်ဆည်းပေးလိုက်ပါ"

ဇနီးသည်က တိုက်တွန်းသည်။ ထို့ကြောင့်ပင် - လေးရက်မြောက်သည့်နေ့တွင် တရားခံအား သူ့အလှည့်ကျရာသို့ ကျုပ်သွားလိုက်သည်။ သူနှင့်တွေ့သည်။ ရင်းရင်းနှီးနှီး စကားပြောကြရသည်။ ဝဏ္ဏမောင်သည် သေဒဏ်စီရင်ချက် အချခံရသော အကျဉ်းကျသမားနှင့်မတူ၊ သာမန်လူတစ်ယောက် စိတ်အပူအပင် မရှိသလို အေးအေးဆေးဆေး လက်ခံစကားပြောသည်။

"ကျွန်တော် - လုံးဝယုံကြည်တယ်၊ သင်းစန္ဒီနဲ့ မကြာခင် တွေ့ရတော့မှာ"

ကျုပ် - သူ့ကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိသည်။ တော်တော်လေးအစွဲအလမ်းကြီးသော လူတစ်ယောက်ပင်။

"ရှေ့နေလေးရဲ့ဇနီးသည်ဟာ လိမ္မာရေးခြား ရှိတယ်လို့ ကြားရတယ် ဟုတ်လား ..."

"ဟုတ်တယ် - ကိုဝဏ္ဏ၊ အိမ်က မိန်းမက အလိုက်လည်းသိတယ်၊ နားလည်း နားလည်တယ်၊ ဘာပြောချင်လို့လဲ ..."

"ရှေ့နေလေးက သူ့ကို သိပ်ချစ်တာပဲလား"

"ဟင်း - ဟင်း - ပြောရရင် - ကလေးတလား ဆန်မလားပဲ၊ အသည်းထဲ၊ ရင်ထဲကကို လှိုက်လှိုက်လှဲလှဲ နှင့်နေအောင်ကို ချစ်တာ"

"ဒါဆို - ရှေ့နေလေးဘဝထဲက သူ ထွက်ပြေးသွားမယ်ဆိုရင် ရှေ့နေလေး ဘယ်လိုခံစားရမလဲ"

သူ့အစား ကျုပ် ရုတ်တရက် ပြန်ပြီးမဖြေနိုင်သလို ဖြစ်သွားတယ်။

"ရှေ့နေလေး - မဖြေပါနဲ့တော့၊ ဒီလိုဖြေလေ - ကျွန်တော်လည်း ကျွန်တော့် ချစ်သူကို သိပ်ချစ်တယ်၊ မခွဲနိုင် မခွာရက်လောက်အောင်လို ချစ်ခဲ့တာ၊ ဒါပေမဲ့ - သူက ကျွန်တော့် ဘဝထဲကို မဝင်လာနိုင်ဘူးတဲ့၊ သူ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com

အမုန်ဆီကို သူ ပြန်တော့မယ်တဲ့၊ သူက ကျွန်တော့်ကို ထားရစ်ခဲ့မယ်၊ မချစ်တာလည်း မဟုတ်ဘူး။ ချစ်လျက်သားနဲ့ အပြောတခြား အလုပ်တခြား ဖြစ်နေတယ်၊ သူနဲ့ တွေ့တိုင်း ကျွန်တော့်ရင်ထဲမှာ အတူတူနေချင်တယ်၊ သူ့ကို လက်လွှတ် ဆုံးရှုံးရမှာကို သိပ်ကြောက်တယ်၊ သူကတော့ မြိုင်သာမြို့ကိုပဲ ပြန်ဖို့ဆုံးဖြတ်ထားတယ်၊ ကျွန်တော်ကတော့ သူနဲ့ဆိုရင် နတ်ပြည်ပဲ သွားရ သွားရ၊ ငရဲပြည်ပဲ သွားရသွားရ အတူနေ အတူသွားချင်တာ၊ အခုဘဝမှာတော့ မဆုံနိုင်တော့ပေမဲ့ တမလွန်မှာ ပြန်ဆုံရလိမ့်မယ်လို့ ကျွန်တော် ယုံကြည်တယ်။ သူ တမလွန်မှာ ကျွန်တော့်ကို စောင့်နေမှာ၊ ကျွန်တော်က လူသတ်သမား မဟုတ်ပါဘူး၊ သူနဲ့ ဘဝချင်း နီးရလေအောင် ကျွန်တော် ကြိုးပမ်းဆောင်ရွက် ပြုလုပ်တာပါ"

ဝဏ္ဏမောင် ဘယ်လိုပဲပြောပါစေ၊ သူ့အမှုကတော့ လူသတ်မှုပါပဲ၊ တရားဥပဒေရဲ့ အစီအရင်ကို ခံရမှာဖြစ်သည်၊ ကျုပ်လည်း သူနဲ့ အချိန်ကြာကြာလေး စကားပြောပြီး ပြန်လာခဲ့သည်။ နောက်တစ်နေ့ဆို သူ ကြိုးပေးခံရတော့မည်၊

သန်းခေါင်ယံအလွန် နံနက်မိုးသောက်ခါနီးအချိန်တွင် ဝဏ္ဏမောင်ကို ကြိုးပေးရန် စီစဉ်ပြီ၊ ကြိုးသမားများအား ကြိုးပေးနေစဉ်မှာပင် ဝဏ္ဏမောင်က ကျုပ် ရှိနေသည့်ဘက်သို့ ခေါင်းအနည်းငယ်လှည့်ကာ တာဝန်ရှိအရာရှိမင်းတစ်ဦးအား တိုးတိုးလှမ်းပြောလိုက်သည်၊ သူ့အသွင်က ခရီးရှည်တစ်ခုကို ထွက်ခွာရန် အေးအေးဆေးဆေး တည်ငြိမ်စွာပင်၊

"ရှေ့နေလေးကို တွေ့ချင်လို့တဲ့"

ထောင်မှူးက လာပြော၍ ကျုပ် ဝဏ္ဏမောင်အနီးသို့ လျှောက်လာခဲ့သည်၊ သေဒဏ်ကျ ကြိုးသမားတွေကို နောက်ဆုံးပေးသော အခွင့်အရေးဆန္ဒတစ်ခု ဖြစ်သည်၊

"ကျွန်တော် ရှေ့နေလေးနဲ့ ငါးမိနစ်လောက် စကားပြောပါရစေ"



ထောင်မှူးက အလိုက်သိစွာပင် အနားမှနေ ခပ်လှမ်းလှမ်းတွင် သွားနေလိုက်သည်။

"ရှေ့နေလေး..."

"ပြောပါ - ကျုပ် နားထောင်နေပါတယ်"

"ဒီနေ့က ကျွန်တော့်ဘဝအတွက် နောက်ဆုံးနေ့ရက်ပဲ၊ ကျွန်တော်ရဲ့ ဆန္ဒတစ်ခုကို ရှေ့နေလေးက ဆောင်ရွက်ပေးပါ။ မေတ္တာရပ်ခံပါတယ်..."

"လုပ်ပေးနိုင်ရင် လုပ်ပေးပါ့မယ် - ပြောပါ"

"သောကြာနေ့ဆို ကျွန်တော့်ချစ်သူရဲ့ မွေးနေ့ဖြစ်တော့ နှစ်ဦးသားဟောဒီမြို့က မြို့ဦးစေတီကို သွားကြတယ်၊ ဘုရားမှာ ဆီမီးရေချမ်းကပ်ပြီး နှစ်ယောက်သား ရှိခိုးကြတယ်၊ မြို့ဟိုင်းမှာ ဖယောင်းတိုင်မီး ပူဇော်တယ်၊ ပြီးမှ - သူနဲ့ ကျုပ် လမ်းမတန်းက စားသောက်ဆိုင်လေးမှာ နှစ်ယောက်သား ရက်နာချင်းဆိုင်ထိုင်ပြီး စကားတွေပြောကြ၊ အချိန်ကြာမှ နှစ်ယောက်သား ထမင်းခွဲကြတယ်၊ အဲဒီလိုပုံစံမျိုးနဲ့ ထပ်တူထပ်မျှ ရှေ့နေလေးရယ်၊ ရှေ့နေလေး ဇနီးရယ် လုပ်ဆောင်ကူညီပေးကြပါ"

"ကျုပ် ကတိပေးပါတယ် - ဝဏ္ဏမောင်"

"ဒါဆို - ကျွန်တော် သိပ်ကျေးဇူးတင်ပါတယ်"

ကြိုးစင်ပေါ် လှမ်းတက်သွားသည့် သူရဲ့ နောက်ဆုံးပုံကို မကြည့်ရက်၊ နာရီကို စုံမှိတ်နေလိုက်သည်၊ စက်ခလုတ် ဒေါက်ဖြုတ်သံနဲ့ တပြိုင်တည်း ကြိုးတုပ်ပြည်သံ၊ ပွင့်ကျသွားသံ၊ ကြိုးတုန်ခါသံတို့ကို မကြည့်ဘဲ၊ မမြင်ချင်ဘဲ ကြားသိနေရသည်၊ ထို့နောက် - တိတ်ဆိတ်သွားပြီးမှ အသက်ရှူသံတွေကို ပြန်ကြားရသည်၊

"တို့ယ်တို့ ဒီနေ့ညစာကို အပြင်မှာပဲ စားမယ်"

အိမ်ပြန်ရောက်သည်နှင့် ဇနီးသည်အား အကျိုးအကြောင်း စုံလင်စွာကို ပြောလိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ - စိတ်မကောင်းလိုက်တာ"

ဖနီးသည်က ဝမ်းနည်းကြေကွဲစွာ စကားဆိုသည်၊ ဝဏ္ဏမောင်ကို မမြင်ဘူးသော်လည်း ကျုပ်တ မကြာခဏပြောနေ၍ နာမည်ကို ရင်းနှီးနေပြီ၊ ကျုပ်တို့ လင်မယားနှစ်ယောက် ပထမဆုံး မြို့ဦးစေတီရှိရာ သာသနာ့ ရက္ခိတတောင်ကုန်းကို လာခဲ့ကြသည်၊ စေတီတော်၏နောက်ခံ မိုးကောင်းကင်ညိုပြာရောင်နှင့်အတူ ဆီမီးရောင်စုံထွန်းညှိပူဇော်ထားသည်ကို သပ္ပာယ်စွာ ဖူးမြော်ရသည်၊ လေအတိုက်တွင် ဆည်းလည်းသံတို့က တချွင်ချွင်မြိမ့်ညောင်းစွာ ကြားရသည်၊

"ကိုယ်တို့ လမ်းမတန်းက ဆိုင်လေးမှာ ညစာ သွားစားကြရအောင်"

ဝဏ္ဏမောင်ပြောသည့် ဆိုင်၊ ဝဏ္ဏမောင်တို့ ထိုင်ခဲ့ကြသည့် ဆိုင်၏ ထောင့်တကျကျစားပွဲခုံတွင် ကျုပ်တို့ နှစ်ယောက်သားထိုင်ပြီး ဝဏ္ဏမောင်တို့ မှာစားသည့် စားစရာဟင်းလျာကို မှာစားလိုက်သည်၊ စားသောက်ပြီး နှစ်ယောက်သား လဘက်ရည်ကြမ်းကိုသော က အတွေးနှင့်အတူ လျှောက်လာခဲ့ကြသည်၊

"ဝဏ္ဏမောင်နဲ့ သင်းစန္ဒီတို့ တမလွန်မှာ ဆုံကြပါစေ"

"အစ်ကို - ဘာပြောနေတာလဲ ဟင်"

ကျုပ်စိတ်ထဲမှ ဆုတောင်းသည့် စကားလုံးများ နှုတ်မှ ပွင့်အန်ထွက်သွား၍ ဖနီးသည်က လှမ်းမေးလိုက်သည်၊ ဘုရားရင်ပြင်တွင် ရှိစဉ် ပန်းရေချမ်း ကပ်နေစဉ်မှာပင် ဝဏ္ဏမောင်တို့ နှစ်ယောက်သား၏ အမည်ကိုခေါ်ကာ အမျှဝေခဲ့သည်၊ ယခုလည်း သူတို့နှစ်ယောက်ကို သတိရစွာဖြင့် တမ်းတကာ ဆုတောင်းမိပြန်သည်၊ ကျုပ်က အတွေးနှင့်လျှောက်လာလျှင် ဖနီးသည် နောက်တွင် ကျန်ခဲ့မှန်း သတိမထားမိ ဖြစ်သွားသည်၊

"အစ်ကို - လေမတိုက်ဘဲနဲ့ ကျွန်မ အနားက လူတွေ ဖြတ်သွားသလိုပဲ အေးစိမ့်သွားတယ်၊ တစ်ကိုယ်လုံး ကြက်သီးထသွားတယ်၊ ပန်းအနံ့တစ်မျိုးလည်း ရှူလိုက်ရတယ် - အစ်ကို"



ကျုပ် အနားသို့ ခပ်သွက်သွက်လျှောက်လာပြီး ဖနီးသည်က လာပြောသည်၊ သူ့လက်ဝါးနှစ်ခုစလုံး အေးစက်နေသည်၊ လရောင်ဆမ်းသည့် ကောင်းကင်ယံသို့ ကျုပ် မျှော်ကာမော့ကြည့်လိုက်သည်၊ တိမ်နှင့်အတူ ရွှင့်ပါးနေသော မီးမိုးမျှင်တန်းလေးနှစ်ခု၊ ကျုပ် သူတို့ကို မြင်လိုက်ရသလို ခံစားမိသည်၊

"ကျေးဇူးတင်လိုက်တာ - ရှေ့နေလေးရယ်"

ထိုသို့များ စကားဆိုပြီး နှစ်ဦးသား တမလွန်ဘဝတွင် အနောက်အယုတ် အတန့်အတားမရှိ ပြုံးပျော်ကာ ကြည်နူးနေမည်ဟု ကျုပ် ယုံကြည်လိုက်သည်၊

→ မြမြလှိုင်



လေးစားစွာဖြင့်
ဂမ္ဘီရလောကမဂ္ဂဇင်း

www.burmeseclassic.com




မိုးရာသီ၏ ထိုင်းမှိုင်းအေးစက်သော ညနေခင်းတစ်ခု ...။

ညနေ (၆း၃၀)ခန့် ရှိပြီဖြစ်၍ ပတ်ဝန်းကျင်က အလင်းရောင်ပျောက်ကာ အမှောင်ရိပ် သန်းနေခဲ့ပြီ။ ထို့အပြင် ကောင်းကင်တစ်ခွင်လုံး မိုးသားတိမ်လိပ်များ ဖုံးအုပ်လွှမ်းခြုံထားသဖြင့် သာမန်ညနေခင်းများထက် ပို၍အေးစက်မှိုင်းမှုန်နေသလို ခံစားရသည်။ မိုးရွာမည့်ဟန်ရှိသော်လည်း လေက ငြိမ်နေသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး ထိုင်းမှိုင်းစွာ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# စံရိပ်ငြိမ်

နတ်မိမယ်

သိမ့်မခင်က ကြီးမားသော အဝတ်အစားအိတ်ကြီးကို မနိုင့်တနိုင်ဆွဲရင်း ခပ်လှမ်းလှမ်းတွင် မြင်နေရသော ခြံတံခါးဝဆီသို့ လျှောက်လာခဲ့သည်။ ထိုခြံတံခါးဝတွင် (စံရိပ်ငြိမ်) တည်းခိုခန်းဟူသော ဆိုင်းဘုတ်ပေါင်းလေးကို တွေ့ရသည် မဟုတ်လား။ သည်တစ်ညတော့ ဒီတည်းခိုခန်းမှာပဲ သိမ့်နေရတော့မည်။

တကယ်တော့ သိမ့် ရန်ကုန်မှာ စီစဉ်လာခဲ့သည်က ထိုသို့မဟုတ်ခဲ့ပါ။ အမှန်ဆို သိမ့် ရန်ကုန်မှ စီးလာသည့် အဝေးပြေးကားက ဤမြို့လေးသို့ ညနေ (၄) နာရီခန့်မှာ ရောက်ရမည်ဖြစ်သည်။ အခုတော့ - လမ်းမှာ ကားပျက်နေသဖြင့် သိမ့် အစီအစဉ်တွေက လွဲချော်သွားသည်။ အခုအချိန်ရောက်မှတော့ သိမ့် သွားရမည့် ရုံးကလည်း ပိတ်သွားလောက်ပြီ။

သိမ့်က (NGO) အဖွဲ့အစည်းတစ်ခုမှ ရုံးဝန်ထမ်းတစ်ယောက်ဖြစ်သည်။ ထိုအလုပ်ကို ယခုမှ စ,လုပ်ရခြင်းဖြစ်ပြီး အလုပ်ဝင်ဝင်ချင်းမှာပင် ရန်ကုန်ရုံးတွင်မထိုင်ရပဲ ဒီမြို့လေးမှ ရုံးခွဲတွင် တာဝန်ကျသည်။ ထို့ကြောင့် - ယနေ့ ဒီမြို့လေးသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။ ရန်ကုန်မှ စီစဉ်လာခဲ့သည်ကတော့ ဤမြို့သို့ ညနေ (၄) နာရီလောက်ရောက်လျှင် ရုံးသို့သွားကာ ဦးစီးကို သွားတွေ့မည်။

သိမ့် နေဖို့အတွက် ရုံးမှ စီစဉ်ပေးမှာဖြစ်ပြီး နောက်နေ့မနက်မှ အိမ်ငှားရန် သိမ့်စိတ်တိုင်းကျ လိုက်ရှာရမည်ဖြစ်သည်။ ရုံးကို သွားတွေ့၍ စီစဉ်ထားတောင်မှ ယခုလို အချိန်ကြီးမှာ ဘာကြောင့် ဦးစီး၏အိမ်လိပ်စာကိုလည်း မမေးမိခဲ့ပါ။ အိမ်လိပ်စာသိလျှင် ဘယ်လိုလိုက်ရှာရမှန်း မသိပါ။ ဤမြို့လေးက တစ်ခါမှ မရောက်ဘူးသော သိမ့်အတွက် စိမ်းလွန်းနေသည် မဟုတ်လား။ ညအချိန်လည်း ရောက်နေပြီမို့ ဒီတစ်ညတော့ တည်းခိုခန်းမှာပဲ တည်းရတော့မည်။

သံပန်းတံခါးက စေ့ရုံပဲ စေ့ထားတာမို့ သိမ့် အသာတွန်းဖွင့်ကာ ဝင်လာခဲ့သည်။ သိမ့် ကျောက်စရစ်ခင်းထားသော လမ်းလေးအတိုင်း လျှောက်လာရင်း စံရိပ်ငြိမ် တည်းခိုခန်းကို တစ်ချက်အကဲခတ်မိသည်။ နှစ်ထပ်တိုက်ခံ အိမ်ဖြစ်ပြီး တည်းခိုခန်းဟု ဆိုရသော်လည်း ကြီးကြီးကျယ်ကျယ် ဟုတ်ဟုတ်ပြန်ပြန် မဟုတ်ပါ။ သူစိမ်းဧည့်သည် အရောက်အပေါက်နည်းသော မြို့လေးမို့မည်ကာ မတ္တတည်းခိုခန်းကလေးသာ ဆောက်လုပ်ထားပုံရသည်။ မြို့ထဲသို့ ဝင်ဝင်ခြင်း မြို့အစွန်တွင်တည်ရှိသောကြောင့် ပတ်ဝန်းကျင်ကလည်း လူသူရှင်းပြတ်တိတ်ဆိတ်နေလေသည်။

သိမ့်က လူတစ်ကိုယ်စာ ဖွင့်ထားသော သံဘာဂျာတံခါးမှ အိမ်ထဲသို့ ဝင်လာခဲ့သည်။ အိမ်ထဲသို့ ဝင်ဝင်ခြင်း ဧည့်ခန်းကိုတွေ့ရပြီး ဧည့်ခန်းထဲတွင် လူတချို့ထိုင်နေကြသည်။ အသက် (၃၀) ကျော်ခန့် အမျိုးသားနှင့် အမျိုးသမီးက တစ်ခုခုကို တိုင်ပင်ဆွေးနွေးနေသလို မျက်နှာချင်းဆိုင် ထိုင်နေကြပြီး အသက် (၈) နှစ်ခန့် ကောင်မလေးတစ်ယောက်ကတော့ သူတို့နှင့် မလှမ်းမကမ်းတွင် ထိုင်ကာ ပုံဆွဲနေပုံရသည်။

www.burmeseclassic.com

သိမ့် အိမ်ထဲဝင်လာသည်ကို တစ်ယောက်မှ စိတ်ဝင်တစား လှည့်မကြည့်ပါ။ သိမ့် ဝင်လာသည်ကို မသိသလိုပင် နေမြဲတိုင်း နေနေကြသည်၊ သူတို့သည် ဧည့်သည်တွေလားဟု သိမ့် တွေးလိုက်မိသည်၊

ဧည့်ခန်းထောင့်မှ ကောင်တာမှာတော့ မိန်းမကြီးတစ်ယောက် ထိုင်နေသည်ကို တွေ့ရသဖြင့် သိမ့် ကောင်တာဆီသို့ လျှောက်လာခဲ့သည်၊ အသက် (၅၀)ကျော်ခန့် ထိုမိန်းမကြီးသည် ခပ်ဝဝ ဗိုင့်ဗိုင့်ခန္ဓာကိုယ်နှင့် ပြုံးမြဲရှိသာနေသောမျက်နှာထားက သဘောကောင်းမည့်ပုံရသည်၊ ထိုမိန်းမကြီး၏ ဝတ်စားနေထိုင်ပုံအရ သူမသည် မန်နေဂျာဖြစ်သလို တည်းခိုခန်းပိုင်ရှင်လည်း ဖြစ်ပုံရသည်ဟု သိမ့် တွေးမိသည်၊

"ကျွန်မ - အခန်းတစ်ခန်းလောက် လိုချင်လို့ပါ"

သိမ့်က ပြောလိုက်တော့ ထိုမိန်းမကြီးက ဖျာဖျာသလဲ့ အမူအရာဖြင့် -

"ရတယ် - သမီးလေး၊ ရတယ် - တစ်ယောက်ခန်း မဟုတ်လား"

သိမ့်က ခေါင်းညိတ်ပြလိုက်သည်၊ ထိုမိန်းမကြီးက သော့တစ်ချောင်းကို ထုတ်ပေးပြီး -

"အပေါ်ထပ်မှာနော် - သမီးလေး၊ ညာဘက်အစွန်က အခန်း၊ အို - သမီးမှာလည်း အဝတ်အစားအိတ်ကြီးနဲ့၊ အန်တီကြီးပဲ လိုက်ပို့ပါ့မယ်ကွယ်"

သူမက ပြောပြောဆိုဆိုဖြင့် ကောင်တာနောက်မှ ထွက်လာကာ သိမ့်၏ အိတ်ကြီးကို ဆွဲသည်၊ သိမ့်က အားနာသဖြင့် ကိုယ့်ဟာကိုယ် သယ်မည်ဟု ပြောသော်လည်း လက်မခံပါ၊ အိတ်ကြီးကို မနိုင့်တနိုင်ဆွဲကာ အပေါ်ထပ်တက်သော လှေကားရင်းသို့ ရှေ့မှ လျှောက်သွားသည်၊ သိမ့်က ထိုအန်တီကြီး နောက်မှ လိုက်လာခဲ့သည်၊

ထိုစဉ်မှာပင် အန်တီကြီး၏ လက်တစ်ဖက်တွင် ကိုင်ထားသော အခန်းသော့က ကြမ်းပြင်ပေါ် မတော်တဆ ပြုတ်ကျသွားသည်၊ တိတ်ဆိတ်ငြိမ်သက်နေသော အိမ်ထဲတွင် သော့ကျသွားသံက အနည်းငယ်ကျယ်လောင်သွားသဖြင့် ဧည့်ခန်းထဲတွင် ထိုင်နေသော ဧည့်သည်များကို သိမ့် အားနာသွားရသည်၊



သိမ့်က သော့ကိုပြန်ကောက်ရင်းထိုဧည့်သည်များကိုအမှတ်တမဲ့လှမ်းကြည့်မိစဉ် -

"ဟင် ..."

စိမ်းစိမ်းစူးစူးကြည့်နေသော မျက်လုံးသုံးစုံကို ရုတ်တရက်မြင်လိုက်ရသဖြင့် သိမ့်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားမိသည်၊ ဧည့်ခန်းထဲမှ လူသုံးယောက်လုံး သိမ့်တို့ ရှိရာသို့ လည်ပြန်လှည့်ကြည့်နေကြလေသည်၊

သော့တစ်ချောင်း ပြုတ်ကျသွားသံက သူတို့ကို ထိုမျှ ထိရောက်သွားလိမ့်မည်ဟု သိမ့် မထင်ခဲ့မိပါ၊ သိမ့် အံ့အားသင့်စွာ တွေးနေမိစဉ်မှာပင် ထိုလူအားလုံး၏ ဦးခေါင်းများက တစ်ဖက်သို့ပြန်လှည့်သွားကြသည်၊ သူတို့သည် သိမ့်တို့ကို လှည့်သာကြည့်သော်လည်း မျက်လုံးများက ဘာမှမမြင်မတွေ့ရသလို ဗလာဟင်းလင်းကြီး ဖြစ်နေသည်ဟု သိမ့် ထင်မိသည်၊

"ကဲ - လာ - သမီး"

အန်တီကြီးက လှေကားပေါ် တက်သွားသဖြင့် သိမ့်နောက်မှ လိုက်လာခဲ့သည်၊ သိမ့် မြင်ရသလောက်တော့ ဤတည်းခိုခန်းတွင် အိပ်ခန်းများများစားစား မရှိပါ၊ သို့တိုင်အောင် ဧည့်သည်များအတွက် ကောင်းစွာလုံလောက်ပုံရသည်၊

"အပေါ်ထပ်မှာ အိပ်ခန်း(၄)ခန်း ရှိတယ် - သမီး၊ ရေချိုးခန်းနဲ့ အိမ်သာတတော့ အတူတူ သုံးရမှာပေါ့ကွယ်၊ အန်တီကြီးတို့ လင်မယားကတော့ အောက်ထပ်မှာပဲ နေတယ်၊ အန်တီကြီးတို့မြို့လေးက သူစိမ်းဧည့်သည် ဆိုတာ သိပ်မလာကြတော့ ဒီလောက်နဲ့ လုံလောက်တယ်လေ၊ ဒါတောင် - ဒီမြို့မှာ အန်တီကြီးတို့ တည်းခိုခန်းတစ်ခုပဲ ရှိတာကွဲ့"

သူမကိုယ်သူမ အန်တီကြီးဟု သုံးနှုန်းသော အဒေါ်ကြီးက သိမ့် ရှေ့မှသွားရင်း တတွတ်တွတ် ပြောနေသည်၊ သိမ့်က သူမ နောက်မှလိုက်လာရင်း အပေါ်ထပ်အနေအထားကို အကဲခတ်သလို ကြည့်မိသည်၊

အိပ်ခန်း(၄)ခန်းက နှစ်ခန်းစီတွဲလျက် မျက်နှာချင်းဆိုင် တည်ရှိပြီး အခန်းတိုင်း၏ရှေ့တွင် ဝပ်အားနည်းမီးလုံးကလေးများ တပ်ဆင်ပေးထားသည်၊ ခပ်ကျဉ်းကျဉ်း ဧည့်ခန်းတစ်ခုလည်းရှိပြီး ရေချိုးခန်းနှင့် အိမ်သာက



www.burmeseclassic.com

www.burmeseclassic.com

ညေ့ခန်း၏ဟိုဘက်တွင် တည်ရှိသည်။ ညေ့ခန်းထဲမှာသာ မီးရောင်က လင်းဖြာလျက်ရှိပြီး ကျန်သည့်နေရာများက အလင်းရောင် နည်းပါးလျက်ရှိသည်။

သိမ့် နေရမည့်အခန်းက ညာဘက်ထောင့်မှာဖြစ်ပြီး ကပ်လျက်အခန်းတွင် ညေ့သည်ရှိပုံ မရပါ။ အန်တီကြီးက သိမ့်ရဲ့ အိတ်ကြီးကိုဆွဲကာ အခန်းထဲအထိ လိုက်ပို့ပြီး ...

"ကဲ - သမီး - လွတ်လွတ်လပ်လပ်နေနော်။ ရေချိုးချင်ရင် ဟိုဘက်က ရေချိုးခန်းမှာ သွားချိုးပေါ့။ ပြီးရင် - အန်တီကြီးတို့နဲ့ ညစာ အတူစားရအောင်။ အောက်ကို ဆင်းခဲ့နော်။ အန်တီကြီးတို့က တည်းခိုခန်းသက်သက်ဆိုပေမယ့် တစ်ယောက်စာ ထမင်းအတွက်တော့ မပူရပါဘူး"

ညေ့ဝတ်ကျေပွန်သော အန်တီကြီး၏ စကားကြောင့် သိမ့် အားနာသွားမိကာ -

"ဟို - နေပါစေ - အန်တီကြီး။ ညစာအတွက် ကျွန်မ အဆင်ပြေသလိုပဲ ..."

သိမ့် စကားမဆုံးမီ အန်တီကြီးက ဖြတ်ပြီး ...

"အို - ဘယ်ဟုတ်မလဲ - သမီးရဲ့။ ဒီအချိန်ကြီး သမီးအနေနဲ့ အပြင်ထွက်စားဖို့လည်း မသင့်တော်ဘူးလေ။ ပြီးတော့ - ဒီအနီးတစ်ဝိုက်မှာလည်း ထမင်းဆိုင်တို့၊ စားသောက်ဆိုင်တို့ မရှိဘူးကွဲ့။ အန်တီကြီးကို ဘာမှအားမနာပါနဲ့ကွယ်၊ ထမင်းတစ်နပ်အတွက် ဘာမှအပန်းမကြီးပါဘူးကွဲ့။ အန်တီကြီးက ဒီလိုညေ့သည်တိုင်းကို ကူညီနေကျပါ"

အန်တီကြီးက ထပ်မံပြောနေသောကြောင့် သိမ့်လည်း မငြင်းတော့ပါ။ ခဏကြာရင် ညစာ လာစားပါမည်ဟု ပြောလိုက်ရသည်။ အန်တီကြီးက အခန်းထဲမှထွက်သွားမှ သိမ့်လည်း ကိုယ်လွတ်လက်လွတ် နားမိသည်။

အခန်းလေးက သိပ်တော့မကျယ်ပါ။ သို့တိုင်အောင် - တစ်ညတာ အနားယူရန်အတွက်တော့ ကောင်းမွန်လုံလောက်ပါသည်။ အပြင်မှာတော့ မိုးစပ် ဖွဲဖွဲ ရွာသွန်းစပြုလာပြီ။ ဒီနေရာမှာ တည်းခိုခန်းရှိတာ သိမ့်အတွက်



ကံကောင်းသွားသည်။ မဟုတ်လျှင်တော့ ညအချိန်မတော် မိုးရွာကြီးထဲတွင် သိမ့် တစ်ယောက် မျက်စိသူငယ်၊ နားသူငယ်ဖြင့် ဒုက္ခရောက်ရမှာ အမှန်ပဲဖြစ်သည်။

ရာသီဥတုက အနည်းငယ် အေးစိမ့်နေသဖြင့် ရေမချိုးတော့ဘဲ ရေချိုးခန်းသွားကာ ခြေလက်ဆေးကြောလိုက်သည်။ ထို့နောက် - ညေ့ခန်းမှ ဖြတ်ကာ ကိုယ့်အခန်းကိုယ် ပြန်လာခဲ့စဉ်မှာပင် ...

"..."

ငိုရှိုက်သံလိုလို ကြားလိုက်ရသဖြင့် သိမ့် ခြေလှမ်းများ ရပ်တန့်သွားမိသည်။

သေချာနားစွင့်ကြည့်လိုက်တော့ဟုတ်သည်။ မိန်းကလေးတစ်ယောက်၏ငိုရှိုက်သံ ဖြစ်သည်။ ပြီးတော့ - သိမ့်အခန်းနှင့် မျက်စောင်းထိုးအခန်းထဲမှ ကြားရခြင်း ဖြစ်သည်။

သိမ့် လှမ်းကြည့်လိုက်တော့ ထိုအခန်း၏တံခါးက အနည်းငယ်ဟ.ကာ အခန်းထဲမှ မီးရောင်က အပြင်သို့ တစ်စွန်းတစ်စ ထွက်နေသည်ကို တွေ့ရသည်။ ထိုအခန်းထဲမှာ ညေ့သည်ရှိမှန်း သိမ့် မသိပါ။ သိမ့် ရောက်လာစဉ်က ထိုအခန်းတွင် မီးများမှိတ်လျက် အခန်းတံခါးလည်း ပိတ်ထားသည် မဟုတ်လား ...။

သိမ့် အနည်းငယ်ပွင့်နေသောတံခါးမှ အခန်းထဲသို့ လှမ်းကြည့်မိရင်း ငိုသံထွက်ပေါ်လာသော အကြောင်းရင်းကို သိချင်စိတ် ပေါ်လာမိသည်။ သို့သော် - သူတစ်ပါး ကိုယ်ရေးကိုယ်တာကို မစပ်စုသင့်ဟူသော အတွေးက ဝင်လာပြန်သည်။

သိမ့်စိတ်က ဇဝေဇဝါဖြစ်နေမိစဉ်မှာပင် ခြေလှမ်းတို့က ထိုအခန်းတံခါးဝသို့ အလိုအလျောက် ရောက်ရှိသွားသည်။ သိမ့်က ဟ.နေသော တံခါးမှ အခန်းတွင်းသို့ ချောင်းကြည့်လိုက်မိသည်။ ထိုအခါ အခန်းမီးမှိန်မှိန်အောက်တွင် ခုတင်ပေါ်ထိုင်ကာ ငိုကြွေးနေဟန်တူသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည်။

www.burmeseclassic.com

ထိုမိန်းကလေးက ခေါင်းငုံ့ကာ ငိုကြွေးနေပြီး ရှည်လျားနက်မှောင်သော ဆံပင်များက မျက်နှာကို ဖုံးအုပ်နေသဖြင့် သေချာတော့ မမြင်ရပေ။ ထိုမိန်းကလေး ဘာကြောင့်ငိုနေပါလိမ့်ဟု တွေးရင်း သိမ့် ငေးစိုက်ကြည့်နေမိစဉ်မှာပင် -

ရုတ်တရက် ...။

မိန်းကလေးက သိမ့်ရှိရာသို့ဖျတ်ခနဲ လှည့်ကြည့်လိုက်သဖြင့် သိမ့်ရင်ထဲ ဒိန်းခနဲ ခုန်သွားကာ တံခါးနောက်တွင် အလျင်အမြန် ကွယ်လိုက်ရသည်။ သိမ့် ချောင်းကြည့်နေတာ သိသွားပြီလားဟုလည်း စိုးရိမ်စွာ တွေးလိုက်မိသည်။ တကယ်ဆို သူတစ်ပါး၏ အခန်းထဲ ချောင်းကြည့်သည်အထိတော့ မစပ်စုသင့်ဘူး မဟုတ်လား။

ကံကောင်းသည်က မိန်းကလေးက အပြင်ထွက်ကြည့်ခြင်း မပြုပါ။ အခန်းတံခါးကိုသာ အတွင်းမှ လာပိတ်သွားသည်။ ထိုအခါကျမှ သိမ့်လည်း ကိုယ့်အခန်းကိုယ် ပြန်လာခဲ့ရသည်။

အောက်ထပ်သို့ ညစာဆင်းစားရန် ထိုအခန်းရှေ့မှ ဖြတ်လာတော့ သိမ့် တစ်ချက် လှည့်ကြည့်မိခဲ့သေးသည်။ အခုတော့ - အခန်းတံခါး ပိတ်ထားသလို ငိုသံလည်း မကြားရတော့ပါ။ ထိုမိန်းကလေးလည်း သိမ့်လို ဧည့်သည် ဖြစ်မည်ဟု တွေးမိသည်။ ဒီအတိုင်းဆို ဒီညတော့ အခန်းတိုင်း လူပြည့်နေပြီ ဖြစ်သည်။ အောက်ထပ်ဧည့်ခန်းမှာလည်း ဧည့်သည်မိသားစုသုံးယောက်ကို တွေ့ခဲ့ရသည် မဟုတ်လား။

သိမ့်က လှေကားအောက်ရင်းတွင် တပ်ဆင်ထားသော ခပ်မှိန်မှိန်မီးလုံးကလေး၏ အလင်းရောင်ကို အားပြုကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ထိုသို့ ဆင်းလာခဲ့စဉ်မှာပင် စောစောက ဧည့်ခန်းတွင် ပုံဆွဲနေသော ကောင်မလေးက လှေကားအတိုင်း တက်လာသည်ကို တွေ့လိုက်ရသည်။

ကောင်မလေးက အသားဖြူဖြူ၊ ဆံပင်ရှည်ရှည်နှင့် ချစ်စဖွယ်လေးမို့ သိမ့်က ခင်မင်ချင်စိတ်ဖြစ်မိကာ ပြုံးပြနှုတ်ဆက်ဖို့ကြိုးစားမိသည်။ သို့သော် - ကောင်မလေးက မျက်နှာချင်းဆိုင်မှ ဆင်းလာသော သိမ့်ကို တစ်ချက်ကလေးပင် မော့မကြည့်ဘဲ ငေးတိငေးငိုင် အမူအရာဖြင့် တက်လာသည်။



သူမကို ကြည့်ရသည်မှာ ပိုးဟပ်ဖြူလေးလို ပါးလျဖြူရော်နေပြီး ကျန်းမာရေး သိပ်ကောင်းပုံမရပေ။

ကောင်မလေးက သိမ့် ဘေးမှ နီးကပ်စွာဖြတ်သန်းပြီး အပေါ်ထပ် တက်သွားသည်။ ထိုစဉ်မှာပင် လေတစ်ချက်က အောက်မှပင့်ကာ တိုက်ခတ်လိုက်သဖြင့် ကျောလယ်ထိရှည်သော သိမ့်ဆံပင်များက လွင့်ခနဲ ဖြာဝဲသွားသည်။ ထိုအခါ - ဆံပင်အချို့က အနားမှဖြတ်သွားသော ကောင်မလေး၏ လည်ပင်းကို ပွတ်သပ်ထိမိသွားသည်။

ထိုအဖြစ်ကို သိမ့်က အမှတ်တမဲ့ပင် ဆက်ဆင်းလာခဲ့မိသော်လည်း ကောင်မလေးက ကျင်စက်ဖြင့် အတို့ခံလိုက်ရသလို တုန်ခနဲ ဖြစ်သွားကာ ခြေလှမ်းများ ရပ်တန့်သွားသည်။ ထို့နောက် - လည်ပြန်လှည့်ကာ သိမ့်ကို စူးစိုက်ကြည့်နေသည်။

သိမ့်ကလည်း ကောင်မလေး ခြေလှမ်းများ ရပ်တန့်သွားသဖြင့် နောက်ပြန်လှည့်ကြည့်မိရာ အကြည့်ချင်း ဆုံမိသွားသည်။ ညိုမည်းရှိုင့်ဝင်နေသော မျက်လုံးအိမ်အတွင်းမှ စိမ်းစိမ်းစူးစူးကြည့်နေသော ပြူးကြောင်ကြောင် မျက်ဝန်းများကြောင့် သိမ့် ရုတ်တရက် ထိတ်လန့်ကာ နောက်ပြန်လန်ကျတော့ မတတ် ဖြစ်သွားသည်။

ဤမျှချစ်စရာကောင်းသော ကလေးငယ်လေး၏ မျက်ဝန်းများက ထိုသို့ ကြောက်မက်ဖွယ် ကောင်းနေလိမ့်မည်ဟု သိမ့် လုံးဝမထင်ခဲ့မိပါ။ သိမ့် ငေးကြောင်ကြည့်နေမိစဉ်မှာပင် ကောင်မလေးက အကြည့်လွှဲကာ အပေါ်ထပ်သို့ တဒုန်းဒုန်း ပြေးတက်သွားသည်။ မှိန်ဖျော့သော မီးရောင်အောက်တွင် ကောင်မလေး၏မျက်နှာက သွေးဆုတ်ဖြူရော်နေသည်ကို သိမ့်မြင်လိုက်ရသေးသည်။

သိမ့်က လှေကားမှ ဆက်ဆင်းလာခဲ့ရင်း စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေမိသည်။ ဒီတည်းခိုခန်းမှာ တွေ့ရတဲ့ လူတိုင်းရဲ့ မျက်လုံးတွေက ဘာကြောင့် ထိုသို့ ထူးဆန်းနေမှန်း သိမ့် မသိပါ။ (တည်းခိုခန်းပိုင်ရှင် အန်တီကြီးက လွဲရင်ပေါ့)။ သူတို့၏ မျက်လုံးတွေက ဘာကိုမှမမြင်ရသလို၊ ဘာခံစားချက်မှ မရှိသလို ဗလာဟင်းလင်းကြီးဖြစ်နေသလို သိမ့် ထင်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ညော် - သမီး - လာ"

သိမ့်ကို မြင်တော့ အန်တီကြီးက လက်ကိုဆွဲကာ ထမင်းစားခန်းဘက် ခေါ်သွားသည်။ ကောင်တာမှာတော့ ပိန်ကိုင်းကိုင်းနှင့် မျက်မှန်ထူကြီး တပ်ထားသော အသက်(၅၀)ခန့် လူကြီးတစ်ဦး ထိုင်နေသည်။ အန်တီကြီး၏ ခင်ပွန်းဖြစ်မည်ဟု သိမ့် ခန့်မှန်းမိသည်။

ထမင်းစားပွဲမှာတော့ သိမ့်နှင့်အန်တီကြီးတို့နှစ်ယောက်တည်းသာ ဖြစ်သည်။ ဟိုဧည့်သည် လင်မယားကိုတော့ အရိပ်အယောင် မမြင်ရပါ။ အန်တီကြီးက သိမ့် ပန်းကန်ထဲ ဟင်းတွေ အများကြီးခပ်ထည့်ပေးနေသဖြင့် သိမ့် အားနာလာသည်။ ဗိုက်ထဲမှာ လုံးဝဆာလောင်မှုမရှိသော်လည်း အန်တီကြီးကို အားနာသဖြင့် တို့ကနန်း ဆိတ်ကနန်းတော့ စားနေရလေသည်။

"ကောင်တာမှာထိုင်နေတာ အန်တီကြီးရဲ့ခင်ပွန်းလေ၊ သူက အစာအိမ် ရောဂါရှိတော့ ညစာကို ထမင်းမစားနိုင်ဘူးလေ၊ ဆန်ပြုတ်တို့၊ ကွေကာအုတ်တို့ပဲ စားရတာ၊ တစ်ခါတလေ - အန်တီကြီး တစ်ယောက်တည်း ချက်ပြုတ်စားရတာ ပျင်းတောင် လာပါတယ်ကွယ်"

အန်တီကြီးက ညည်းညူသလိုပြောသည်။ သိမ့်က . . .

"အန်တီကြီးတို့မှာ သားသမီး မရှိဘူးလား"

"ရှိတာပေါ့ကွယ် - သမီးနှစ်ယောက် ရှိတယ်၊ သမီးကြီးက အိမ်ထောင်ကျပြီး သူ့ယောက်ျားအိမ် လိုက်သွားတယ်လေ၊ သမီးငယ်ကတော့ ရန်ကုန်မှာ ကျောင်းသွားတက်နေတယ်၊ အဲဒီတော့ အိမ်မှာအန်တီကြီးတို့နှစ်ယောက်တည်း ဖြစ်နေတာပေါ့"

အန်တီကြီးက ပြောရင်း သက်ပြင်းတစ်ချက် ချသည်။ သူမကို ကြည့်ရသည်မှာ အထီးကျန်နေပုံရလေသည်။ သူမက ဆက်ပြီး . . .

"အန်တီကြီးအတွက်တော့ သမီးလို ဧည့်သည်တွေက အဖော်ပဲလေ၊ ဒီအလုပ်ကို လုပ်မိတာ ကံကောင်းတယ်လို့ ပြောရမှာပဲ၊ အိမ်မှာ လူတွေ ဝင်၊ ထွက် သွားလာနေတာကို အန်တီကြီး သဘောကျတယ်၊ သမီးကြီးကတော့ ဒီတည်းခိုခန်းကို မဖွင့်စေချင်တော့ဘူးကွယ့်၊ သူ အပြည့်အစုံ ထောက်ပံ့ပေးနိုင်ပါတယ်တဲ့၊ ဒီအလုပ်ကို မလုပ်တော့ဘဲ အေးအေးဆေးဆေးနေပါတော့



တဲ့၊ ဒါပေမဲ့ - မတူဘူးလေကွယ်၊ သူ ပေးနိုင်တဲ့ပြည့်စုံမှုဆိုတာ အန်တီကြီး လိုချင်တဲ့အရာမှ မဟုတ်တာ၊ ဒါတွေကို သူတို့က နားမလည်ကြဘူးလေ"

အန်တီကြီး၏ စကားများကိုကြားရတော့ သိမ့် စိတ်မကောင်း ဖြစ်သွားမိသည်။ မိသားစုဆိုသည့် နွေးထွေးမှုကို မခံစားရရှာသည့် အန်တီကြီးမှာ သနားစရာ ကောင်းလှသည်။ သူမ၏ သမီးများကတော့ ဒါကို နားလည်နိုင်မည် မထင်ပေ။

ညစာ စားပြီးတော့ ဧည့်ခန်းတွင်ထိုင်ကာ အန်တီကြီးနှင့် စကားစမြည် ပြောဖြစ်သည်။ ထို့နောက်မှာတော့ - ခရီးပန်းလာသဖြင့် စောစောအိပ်ရန် အပေါ်ထပ် တက်လာခဲ့သည်။

အပေါ်ထပ်တက်ရန် လှေကားဆီသို့ လျှောက်လာစဉ် ဧည့်ခန်းဘေးမှ အိပ်ခန်းထဲမှ ကျယ်လောင်သော စကားပြောသံ ကြားရသဖြင့် သိမ့် အမှတ်တမဲ့ လှည့်ကြည့်မိသည်။

အခန်းတံခါးမှာ ပွင့်နေပြီး အခန်းထဲတွင် စကားအချေအတင် ပြောနေသော လူနှစ်ယောက်ကို လှမ်းမြင်ရသည်။ ဧည့်သည်လင်မယားဖြစ်ပြီး တစ်စုံတစ်ရာကြောင့် စကားများ ရန်ဖြစ်နေပုံရသည်။ သိမ့်က ချက်ချင်းပင် အကြည့်လွှဲကာ အပေါ်ထပ်သို့တက်လာခဲ့သည်။ ထိတ်လန့်ဖွယ်ရာ မျက်လုံးစိမ်းကြီးများ နောက်တစ်ခါ မဆုံချင်တော့ပါ။

အခန်းထဲရောက်တော့ သိမ့်က ချက်ချင်းထိုးအိပ်လိုက်မည်ပြုပြီးမှ တစ်စုံတစ်ရာကိုသတိရသွားသည်။ ဟုတ်သားပဲ - သိမ့်ရောက်ပြီဖြစ်ကြောင်း ဦးစီးကို ဖုန်းဆက်ပြီး အသိပေးထားရင် ကောင်းမည်ထင်သည်။ ထိုအတွေးနှင့်အတူ သိမ့်က စလင်းဘက်အိတ်ထဲမှ ဟန်းဖုန်းကို ထုတ်ယူလိုက်သည်။

ဖုန်းကိုဖွင့်ကာ ဆက်မည်ပြုပြီးမှ သိမ့် စိတ်ပျက်သွားရသည်။ ဖုန်းက လိုင်းလုံးဝ မမိပေ။ ကားက မြို့နားမှ ပျက်ခြင်းဖြစ်ပြီး ကားမပျက်ခင်လေးတင် သိမ့်ရန်ကုန်ကိုဖုန်းဆက်ပါသေးသည်။ ထိုအချိန်က ဖုန်းလိုင်းကောင်းစွာ မိပြီး ဤတည်းခိုခန်းသို့ ရောက်ခါမှ ဘာကြောင့် လိုင်းပြတ်သွားမှန်း မသိတော့ပေ။

သိမ့်က တစ်ကိုယ်လုံး ပင်ပန်းညောင်းညာနေသဖြင့် အိပ်ရာပေါ်သို့ချ



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရင်း ဖုန်းကို ရလိုရငြား ထပ်ခေါ်ကြည့်နေမိသည်။ သို့သော် – လိုင်းမမိခြင်းက ဘယ်လိုမှ ပြောင်းလဲမလာပါ။ သိမ့်သာ ဖုန်းစခရင်ကို ငေးစိုက်ကြည့်ရင်း တဖြည်းဖြည်း အိပ်ငိုက်လာတော့သည်။

သိမ့် တကယ်ကို ပင်ပန်းနေလေပြီ။ အပြင်မှာတော့ မိုးများ တဖွဲဖွဲ ရွာသွန်းလျက် ...။

ကျယ်လောင်သော အသံတစ်ခုကြောင့် သိမ့်အာရုံများ ဖျတ်ခနဲ နိုးထလာသည်။ ထိုအခါကျမှ သိမ့်တစ်ယောက် အိပ်စက်ရန် ရည်ရွယ်ချက်မရှိသေးဘဲ မှေးခနဲ အိပ်ပျော်သွားမှန်း သိလိုက်ရသည်။

ကြားလိုက်ရသောအသံက ကြမ်းပြင်ပေါ်သို့ လေးလံကြီးမားသော တစ်စုံတစ်ရာ ပြုတ်ကျသလိုအသံဖြစ်သည်။ ဥပမာ – လူတစ်ယောက် လဲကျသွားသလိုအသံဟု သိမ့် ထင်လိုက်မိသည်။ အသံက သိမ့်၏ အခန်းရှေ့နားဆီမှ ကြားရခြင်းဖြစ်သည်။

သိမ့်က အိပ်ရာထဲမှထ၍ကာ အခန်းအပြင်သို့ ထွက်ကြည့်လိုက်မိသည်။

"ဟင် ..."

သိမ့် ထင်သလိုပင် တစ်ဖက်မျက်နှာချင်းဆိုင်အိပ်ခန်းရှေ့မှ ကြမ်းပြင်တွင် လဲကျနေသော လူတစ်ယောက်။ စောစောက လှေကားပေါ်တွင် ဆုံခဲ့ရသော ချည့်သည့်ကောင်မလေး ဖြစ်သည်။

သိမ့်က စိုးရိမ်စွာဖြင့် ကောင်မလေးအနားသို့ ပြေးသွားကာ ငုံ့ကြည့်လိုက်မိသည်။ ကောင်မလေးမှာ သတိလစ် မေ့မြောနေဟန်တူပြီး အသားအရေက ဖြူဖျော့အေးစက်နေသည်။ သွားလာလှုပ်ရှားနေရင်းမှ ရုတ်တရက် သတိလစ် လဲကျသွားဟန်တူပြီး ထိုအဖြစ်ကို ဘယ်သူမှ သိကြပုံမရပေ။

သိမ့်က ကောင်မလေးကိုကြည့်ကာ ဘာလုပ်ရမှန်းမသိဖြစ်နေရာမှ တစ်ယောက်ယောက်ကို အသိပေးဖို့ သတိရသွားသည်။ သူမက ကောင်မလေး ထွက်လာသည်ဟု ထင်ရသော မျက်နှာချင်းဆိုင်မှ အခန်းတံခါးကိုဖွင့်ကာ



ကြည့်မိသည်။ အခန်းထဲတွင် ဘယ်သူမှ မရှိပါ။ ကြည့်ရတာ ဒီအခန်းထဲမှာ ကောင်မလေးတစ်ယောက်တည်း နေပုံရသည်။

ထိုအခန်း၏ ဘေးဘက်က အခန်းမှာတော့ မိန်းကလေးတစ်ယောက် နေသည်ကို သိမ့် သတိရသွားသည်။ သိမ့်က ဒီအခန်းတံခါးကို တဒုန်းဒုန်း ထုကာ အထဲမှ မိန်းကလေးကို နှိုးမိသည်။ ဘာပဲဖြစ်ဖြစ် သူမထံမှ အကူအညီတစ်ခုခုတော့ ရနိုင်သည် မဟုတ်လား။

"ဒီမှာ – ဒီမှာရှင့် – အခန်းထဲကအစ်မ – ထပါဦး။ ကျွန်မ အကူအညီတစ်ခုလောက် တောင်းချင်လို့ပါ"



သို့–ဓာတ်ကား

ညှိုးသည်းလွန်းနေတဲ့ ကျွန်မကိုယ်တိုင် တွေ့နေရတာတဲ့

ခုလေးတင်ပဲ ကောင်မလေး လဲကျနေတာကို တွေ့ခဲ့ရအား

ပြီးတော့–တိုအတ်ခန်းမှာလည်း ကျွန်မတို့အတွက်ကော

မိန်းမတစ်ယောက် ရှိသေးတယ်လေ...



www.burmeseclassic.com

www.burmeseclassic.com

သူမ၏ စကားကို ပြန်လည်တုံ့ပြန်မှုမရသလို အခန်းထဲမှ လှုပ်ရှားသံ တစ်စုံတစ်ရာလည်း မကြားရပါ။ သိမ့်က အခန်းတံခါးကို ခပ်ကြမ်းကြမ်း ထုရင်း ထပ်နှိုးမိသည်။

"အခန်းထဲကအစ်မ – ထပါဦး။ ဒီမှာ – အရမ်းအရေးကြီးလို့ပါ"

သိမ့် ဘယ်လိုပင် အော်ဟစ်နှိုးနေပါစေ၊ ထိုအခန်းထဲမှ ပြန်လည်တုံ့ပြန်မှု မရှိပါ။ အခန်းထဲမှာ လူရောရှိရဲ့လားမသိ။ လူရှိနေလျှင်တော့ ထိုမျှ အအိပ်ကြီးမည် မထင်ပါ။

သိမ့်က လဲကျနေသော ကောင်မလေးကို စိုးရိမ်စွာ တစ်ချက်လှမ်းကြည့်လိုက်သည်။ ထို့နောက်မှာတော့ အချိန်ထပ်မဆွဲတော့ဘဲ အန်တီကြီးကိုသာ အကူအညီတောင်းရန် အောက်ထပ်သို့ပြေးဆင်းလာခဲ့သည်။

အောက်ထပ်ရောက်သည့်တိုင်အောင် အန်တီကြီးက ဘယ်အခန်းမှာ နေမှန်း သိမ့် မသိပါ။ သို့သော် – ကံကောင်းထောက်မစွာပင် အန်တီကြီးက ခုချိန်ထိ မအိပ်သေးဘဲ ကောင်တာတွင် ထိုင်နေသည်ကို တွေ့လိုက်ရသည်။ ဘာကြောင့် ညဉ့်နက်သန်းခေါင်ထိ မအိပ်သေးဘဲ ကောင်တာမှာရှိနေမှန်းတော့ သိမ့် နားမလည်ပါ။

"အန်တီကြီး – လုပ်ပါဦး။ အပေါ်ထပ်မှာ ဟိုကောင်မလေး မေ့လဲသွားလို့"

သိမ့်ရဲ့ အလောတကြီးစကားကို အန်တီကြီးက နားမလည်ဟန်ဖြင့် –

"ဘာဖြစ်တယ် – သမီး၊ ဘယ်ကောင်မလေးကို ပြောတာလဲ"

ဟု ပြန်မေးသည်။

"ဧည့်သည် ကလေးမလေးလေ၊ ကျွန်မနဲ့ မျက်နှာချင်းဆိုင်အခန်းက ရုတ်တရက် သတိလစ်ပြီး လဲကျသွားတာ ထင်တယ်၊ ခုထိ သတိမရသေးဘူး"

သိမ့်က သေချာထပ်ပြောပြသော်လည်း အန်တီကြီးက နားလည်ပုံ မရသေးပါ။ သိမ့်ကို အံ့သြထူးဆန်းသော မျက်ဝန်းများဖြင့် ငေးကြည့်ရင်း –

"သမီး – ဘာတွေပြောနေတာလဲ။ အိပ်မက် မက်နေတာလား။ ဒီတည်းခိုခန်းမှာ ဧည့်သည်ဆိုလို့ သမီးတစ်ယောက်ပဲ ရှိတာလေ"



"ရှင် ..."

အန်တီကြီး၏စကားကြောင့် သိမ့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ အန်တီကြီးက ဆက်ပြီး ...

"ဒီတည်းခိုခန်းမှာ သမီးရယ်၊ အန်တီကြီးတို့လင်မယားရယ် သုံးယောက်ပဲ ရှိတာလေ၊ တခြားဘယ်ဧည့်သည်မှ မရှိပါဘူးကွယ့်"

အန်တီကြီး၏ စကားကို သိမ့်က မယုံနိုင်စွာဖြင့် ...

"အို – မဟုတ်တာ၊ ဧည့်သည်တွေ ရှိနေတာ ကျွန်မကိုယ်တိုင် တွေ့နေရတာပဲ၊ ခုလေးတင်ပဲ ကောင်မလေး လဲကျနေတာကို တွေ့ခဲ့ရသေးတာ၊ ပြီးတော့ – ဟိုဘက်ခန်းမှာလည်း ကျွန်မတို့အရွယ်လောက် မိန်းမတစ်ယောက် ရှိသေးတယ်လေ"

သိမ့်၏ စကားကို အန်တီကြီးက လက်မခံနိုင်ဟန်ဖြင့် ခေါင်းခါယမ်း
… ...

"သမီး – တစ်ခုခုတော့ မှားနေပြီ ထင်တယ်၊ ဒီအိမ်မှာ ဒီနေ့ဧည့်သည် ဆိုလို့ သမီးတစ်ယောက်ပဲရှိတာလေ၊ သမီး အိပ်မက်မက်ပြီး ယောင်နေတာ ထင်တယ်"

"အို – ဒါအိပ်မက် မဟုတ်ပါဘူး၊ ကျွန်မ သေချာတွေ့ခဲ့တာပါ၊ ကျွန်မ ဒီအိမ်ထဲကို စ.ဝင်လာတုန်းကလည်း သူတို့မိသားစုကို တွေ့ခဲ့ရသေးတယ်၊ ဧည့်ခန်းထဲမှာလေ၊ ပြီးတော့ – သူတို့လင်မယား ဒီအခန်းထဲမှာ နေတာလေ တုတ်တယ် – မဟုတ်လား"

သိမ့်က ညဦးပိုင်းက ဟိုဇနီးမောင်နှံကို တွေ့ခဲ့ရသောအခန်းကို ညွှန်းပြရင်း ပြောမိသည်။

"အဲဒါဆိုရင်တော့ – သမီး မှားနေတာ သေချာပြီ၊ အဲဒါ – အန်တီကြီးတို့ အိပ်ခန်းကွယ့်"

အန်တီကြီးက သေချာသောလေသံဖြင့် ပြောသည်။ သို့တိုင်အောင် – သိမ့်က လက်မခံချင်သေးဘဲ ထိုအခန်းနားသို့ လျင်မြန်စွာ လျှောက်သွားမိကာ အခန်းတံခါးကို ဆွဲဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟင်..."

အခန်းတွင်းမှ မြင်ကွင်းကြောင့် သိမ့် မယုံနိုင်စွာ ရေရွတ်လိုက်မိသည်။ အန်တီကြီးပြောသလို သူမတို့ဇနီးမောင်နှံ၏ အိပ်ခန်းဆိုတာ ဟုတ်ပါသည်။ အခန်းထဲတွင် ဧည့်သည်လင်မယားနှစ်ယောက် ရှိမနေဘဲ အန်တီကြီး၏ ခင်ပွန်းဖြစ်သူသာ ခုတင်ပေါ်တွင် အိပ်စက်လျက် ရှိလေသည်။

သိမ့်က မကျေနပ်နိုင်သေးဘဲ ထိုအခန်းနှင့်ကပ်လျက်အခန်းကိုပါ တံခါးဖွင့်ပြီး ကြည့်မိသည်။ ထိုအခန်းထဲမှာလည်း လူတစ်ယောက်မှ မတွေ့ရပါ။ မယုံနိုင်စရာကောင်းသော အဖြစ်အပျက်ကြောင့် သိမ့် ဘာကိုမှ မတွေးတတ်အောင် ဖြစ်သွားမိလေသည်။

"ဘာတွေဖြစ်နေတာလဲ – သမီး။ အန်တီကြီးတော့ နားမလည်တော့ဘူး"

အန်တီကြီးက သိမ့်အနားတွင် လာရပ်ရင်း ပြောသည်။ အန်တီကြီး၏ စကားကို သိမ့် ပြန်လည်မတုံ့ပြန်နိုင်သေးဘဲ တစ်စုံတစ်ရာကို တွေးမိကာ အပေါ်ထပ်သို့ ပြေးတက်လာခဲ့သည်။ စောစောက ကြမ်းပြင်ပေါ်လဲကျနေသော ကောင်မလေးကိုသာ တွေ့ရလျှင် သူမ အိပ်မက်မက်ခဲ့တာ မဟုတ်ဘူးဆိုတာ သက်သေပြနိုင်လိမ့်မည်။

အပေါ်ထပ်ရောက်၍ ထိုနေရာကိုကြည့်မိတော့ သိမ့်၏ နှလုံးခုန်သံများ ရပ်တန့်သွားသလို ခံစားလိုက်ရသည်။ စောစောက ကောင်မလေး လဲကျနေသောနေရာတွင် ဘယ်သူမှ ရှိမနေပေ။

သိမ့်က ထိုကောင်မလေး၏ အိပ်ခန်းဟု ထင်ရသောအခန်းကို စိတ်မြန်လက်မြန်ဖြင့် ဖွင့်ကြည့်မိသည်။ ဘယ်သူမှ ရှိမနေပါ။ ဘေးဘက်မှ အခန်းတံခါးကိုလည်း ဖွင့်ကြည့်သည်။ ဟိုမိန်းကလေးကို မတွေ့ရ။ သိမ့် အံ့ဩတုန်လှုပ်လာမိကာ သူမ၏ အခန်းတံခါးကိုပင် ပြန်ဖွင့်ကြည့်မိသည်။ ဤအပေါ်ထပ်တစ်ထပ်လုံးတွင် သိမ့်က လွဲ၍ ဘယ်သူမှ ရှိမနေတာ သေချာပါသည်။

ဘာတွေ ဖြစ်ကုန်တာလဲ၊ ဘာတွေလဲ။ ညဦးပိုင်းက သိမ့် တွေ့ရတဲ့ လူတွေက ဘယ်ရောက်သွားတာလဲ၊ စောစောက ကြမ်းပြင်ပေါ်မှာ သတိလစ်လဲကျနေတဲ့ ကောင်မလေးက ချက်ချင်းဘယ်ကို ပျောက်သွားတာလဲ။ အန်တီကြီးပြောသလို သူမ အိပ်မက်မက်နေတာလား။ သူမ တွေ့မြင်ကြုံတွေ့ခဲ့ရတဲ့အရာအားလုံးဟာ အိပ်မက်တဲ့လား...။

သိမ့်က တွေးရင်း တဖြည်းဖြည်းထိတ်လန့်တုန်လှုပ်လာမိသည်။ ဒီ တည်းခိုခန်းမှာ ဘာတွေဖြစ်နေတာလဲ၊ သိမ့်အိပ်မက်တွေကပဲ ထူးဆန်းနေတာလား။ ဒီတည်းခိုခန်းကပဲ ထူးဆန်းနေတာလား။ ဒါမှမဟုတ် တစ်ခုခု ထူးဆန်းစွာ မှားယွင်းနေတာလား။

သိမ့်က တွေးရင်း သတိရကာ ခုတင်ပေါ်မှ ဟန်းဖုန်းကို ယူကာ ဖွင့်ကြည့်မိသည်။ စောစောကလိုပဲ လိုင်းမမိပါ၊ သိမ့် စိတ်ပျက်လက်ပျက်ဖြင့် ဖုန်းကိုပြန်ပစ်ချလိုက်သည်။ အခုချိန်မှာ သူမ တစ်စုံတစ်ယောက်ဆီ ဖုန်းဆက်ဖို့ လိုအပ်နေသည်။ သူမကိုယ် သူမ ဘာတွေဖြစ်နေမှန်း မသိသော်လည်း ထိုသို့ သိရဖို့အတွက် အပြင်လောကမှ တစ်ယောက်ယောက်နှင့် စကားပြောဖို့ လိုအပ်နေပါသည်။

သိမ့်စိတ်ထဲမှာ ဘာကိုမှန်းမသိ၊ ထိတ်လန့်ကြောက်ရွံ့နေမိကာ ဒီတည်းခိုခန်းမှ ထွက်သွားချင်စိတ် ပေါ်နေသည်။ သို့သော် – ဘာကိုမှ သေချာမသိရသေးဘဲ ညအချိန်မတော် တစ်ယောက်တည်း ထွက်သွားဖို့ကိုလည်း မဆုံးဖြတ်ရဲသေးပါ၊ မြို့ထဲမှ တစ်ယောက်ယောက်ကို အဆက်အသွယ်လုပ်ပြီးမှ ထွက်သွားတာ (ဒါမှမဟုတ်) လာခေါ်ခိုင်းတာ ပိုကောင်းလိမ့်မည်ထင်သည်။

ထိုသို့တွေးမိပြီးမှ သိမ့်က အခန်းထဲမှထွက်ကာ အောက်ထပ်ဆင်းလာခဲ့သည်၊ ဘာပဲဖြစ်ဖြစ် ဖုန်းအဆက်အသွယ်လုပ်ဖို့တော့ အန်တီကြီးကို အကူအညီတောင်းရဦးမည်၊ ကောင်တာမှာ ကြိုးဖုန်းတစ်လုံး ရှိသည်ကို မြင်ခဲ့ရသည်မဟုတ်လား။

အောက်ထပ်ရောက်တော့ ကောင်တာမှာ အန်တီကြီးကိုမတွေ့ရတော့ပါ။ သိမ့်လည်း အန်တီကြီးကို လိုက်ရှာခွင့်တောင်းမနေတော့ဘဲ ဖုန်းဆက်ဖို့ တိုသာ စိတ်စောနေမိသည်၊ ထို့ကြောင့် – ဤမြို့မှ ဦးစီးထံ ဖုန်းဆက်ရန် ဖုန်းခွက်ကို ကောက်ကိုင်လိုက်သည်၊ သို့သော်...။



www.burmeseclassic.com

www.burmeseclassic.com

ဖုန်းက လိုင်းတပ်ဆင်မထားသော ဖုန်းအခွံတစ်ခုလို ဘာလိုင်းမှ မဝင်ဘဲ ဖြစ်နေသည်။ ဖုန်းလိုင်းကြိုးကို ကြည့်တော့လည်း တပ်ဆင်ထားလျက်ပင်။ သို့တိုင်အောင် - ဖုန်းက ဘာမှအသုံးမဝင်သော အခွံသက်သက်လို ဖြစ်နေလေသည်။

သိမ့်က စိတ်မာတ်ကျစွာဖြင့် ဖုန်းခွက်ကို ပြန်ချလိုက်သည်။ ဖုန်းက ဘာဖြစ်နေမှန်း သိမ့် မသိပေ။ အန်တီကြီးကို လိုက်ရှာပြီး မေးကြည့်ရင်ကောင်းမလားဟု စဉ်းစားမိသည်။ အန်တီကြီး သူ့အခန်းထဲဝင်ပြီး အိပ်ပျော်နေပြီလား မသိ။

သိမ့်က အန်တီကြီးကို သွားခေါ်ရကောင်းနိုး၊ အပေါ်ထပ်ပြန်တက်ရကောင်းနိုးဖြင့် ဇဝေဇဝါ ဖြစ်နေမိသည်။ သို့တိုင်အောင် - ဒီတည်းခိုခန်းမှာ ဆက်နေသင့်၊ မနေသင့်ဆိုတာတော့ မဆုံးဖြတ်နိုင်သေးပေ။ ဒီတစ်ညကို ဘယ်လိုဖြတ်သန်းရမှန်းပင် သိမ့် မစဉ်းစားတတ်တော့။

သိမ့် ဘာဆက်လုပ်ရမှန်းမသိဘဲ ကောင်တာနားတွင် ရပ်တန့်နေမိစဉ်မှာပင်၊ ရုတ်တရက် ...။

လင်းဖြာနေသော မီးရောင်များက ဖျတ်ခနဲ မှောင်မည်းသွားပြီး သိမ့် လန့်သွားမိသည်။ မီးပြတ်သွားတာလား ...။

တစ်အိမ်လုံး မှောင်မည်းတိတ်ဆိတ်သွားသဖြင့် သိမ့်နေရာမှာတင် ရပ်ရင်း ထိတ်လန့်လာမိသည်။ လက်ထဲမှာ အလင်းရောင်ရနိုင်သည့် ပစ္စည်းလည်း တစ်ခုမှ ရှိမနေပေ။ မီးကလည်း ခုချိန်ကျမှ ဘာကြောင့် ရုတ်တရက် ပြတ်သွားမှန်းမသိ။ ဘာကိုမှ မမြင်တွေ့ရသော အခြေအနေတွင် သိမ့် ဘာဆက်လုပ်ရမှန်းမသိတော့ပေ။

ထိုစဉ်မှာပင် ...။

ခြေသံတစ်ခုကို ကြားလိုက်ရသဖြင့် သိမ့်ခန္ဓာကိုယ်က မတ်ခနဲ ဖြစ်သွားမိသည်။ အပေါ်ထပ်မှ လှေကားအတိုင်း ဆင်းလာသော ခြေသံဖြစ်ပြီး ခြေကို ဖွနင်းကာ လျှောက်လာပုံရသည်။ အသံက တိုးတိုးဖွဖွသာ ထွက်ပေါ်နေပြီး တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေ၍သာ ကြားရခြင်း ဖြစ်သည်။



သိမ့်က ခြေသံကြားရာ လှေကားဆီသို့ စူးစိုက်ကြည့်ရင်း ရင်ထဲမှာ တဒိန်းဒိန်း ခုန်လာသည်။ အပေါ်ထပ်မှာ ဧည့်သည်ဆို၍ သိမ့် တစ်ယောက်သာရှိသည်ဟု အန်တီကြီးက ပြောခဲ့သည်မဟုတ်လား။ ဒါဆိုရင် - အခုအပေါ်ထပ်က ဆင်းလာတာဘယ်သူလဲ။ ဒါ သရဲခြောက်ခံနေရတာလား။ ဘုရား - ဘုရား။

သိမ့် တုန်လှုပ်ချောက်ချားစွာဖြင့် အသံကြားရာ အမှောင်ထုထဲသို့ စိုက်ကြည့်နေမိစဉ်မှာပင် လှေကားပေါ်မှ ဆင်းလာသော လူတစ်ယောက်ကို မြင်လိုက်ရတော့သည်။

တစ်အိမ်လုံး ပိန်းပိတ်အောင် မှောင်နေသော်လည်း ထူးဆန်းစွာပင် ထိုလူကို သိမ့် ထင်ထင်ရှားရှား မြင်နေရသည်။ အဝတ်အစား ခပ်နွမ်းနွမ်းကို ဖိုသီဖတ်သီ ဝတ်ဆင်ထားသော ထိုလူသည်၊ အသက် (၃၀) ခန့်ရှိပြီး အလုပ်ကြမ်းသမားတစ်ယောက်လို ပုံစံဖြစ်သည်။ ကြမ်းတမ်းသော မျက်နှာပြင်ပေါ်မှ မျက်လုံးများကတော့ စူးရှရန်လိုဟန်ပေါက်ကာ ကြောက်မက်ဖွယ် ကောင်းနေလေသည်။

သိမ့်က နေရာမှာတင် ကျောက်ရုပ်တစ်ရုပ်လို ရပ်ရင်း ထိုလူ လျှောက်လာသည်ကို ငေးကြောင်ကြည့်နေမိသည်။ ရင်ထဲမှာတော့ ကြောက်စိတ်ကြောင့် တဆတ်ဆတ်တုန်ယင်နေတာ အသက်ပင် ရှဲရှဲမရှူမိပေ။

ဒီလူက ဘာလဲ...။ လူလား...။ သရဲလား ...။ သူမကို ဘာလုပ်မလို့လဲ...။

သိမ့်က ထိတ်လန့်တုန်လှုပ်စွာတွေးရင်း ငေးကြောင်ကြည့်နေမိစဉ်မှာပင် ထိုလူက သိမ့် ရပ်နေသော ကောင်တာနားသို့ ရောက်လာသည်။ သိမ့်နှင့် လက်တစ်ကမ်းအကွာထိ ရောက်လာသဖြင့် သိမ့် အသက်ပင် မရှူရဲဘဲ ငြိမ်နေမိသည်။

သို့သော် - ထူးဆန်းစွာပင် သူနှင့် အလွန်နီးကပ်စွာ ရှိနေသော သိမ့်ကို ထိုလူ မြင်ပုံမရပါ။ သိမ့်ကသာ ထိုလူ၏ လှုပ်ရှားမှုများကို ရှင်းရှင်းလင်းလင်း မြင်နေရသည်။

ထိုလူက ကောင်တာစားပွဲမှ အံဆွဲတစ်ခုကိုဖွင့်ကာ တစ်ခုခု ရှာဖွေနေသည်။ ထို့နောက် - ရှိသမျှအံဆွဲများကို တစ်ခုပြီးတစ်ခုဖွင့်ကာ ရှာဖွေနေပုံ



www.burmeseclassic.com

www.burmeseclassic.com

ရသည်၊ အံဆွဲများထဲမှာတော့ စာရင်းစာအုပ်တချို့နှင့် စာရွက်စာတမ်းများမှ လွဲ၍ ဘာမှရှိမနေပါ။ ထိုလူက မစောင့်မနေပဲ ဘဲဖြင့် တောက်တစ်ချက် ခေါက်လိုက်သည်၊

ထို့နောက် - အန်တီကြီးတို့အိပ်ခန်းကိုတစ်ချက်လှမ်းကြည့်ရင်း ခါးကြားထဲမှ တစ်စုံတစ်ရာကို ထုတ်လိုက်သည်။ ထိုအရာမှာဓားတစ်ချောင်းဖြစ်နေသဖြင့် သိမ့် လန့်သွားမိသည်၊ ဒီလူ ဘာလုပ်မလို့လဲ . . .၊

ထိုလူသည် ဓားကိုဆုပ်ကိုင်ကာ အန်တီကြီးတို့အိပ်ခန်းဆီသို့ လျှောက်သွားသည်၊ ထို့နောက် - အိပ်ခန်းတံခါးကိုဖွင့်ကာ အခန်းထဲ ဝင်သွားတော့သည်၊ ထိုအချိန်မှာတော့ - သိမ့် ကြောက်စိတ်တွေပျောက်ကာ အန်တီကြီးအတွက် စိုးရိမ်စွာဖြင့် ထိုလူ့နောက်မှ ပြေးလိုက်လာခဲ့သည်၊ ဘာပဲဖြစ်ဖြစ် အန်တီကြီးကို သိမ့် အချိန်မီ သတိပေးရမည်ပင်၊

သိမ့် အခန်းထဲရောက်တော့ အင့်ခနဲ ညည်းညူသံတစ်ခုကိုသာ ကြားလိုက်ရသည်၊ အန်တီကြီး၏ခင်ပွန်းသည် ရင်ဝတွင် သွေးများ ပန်းထွက်လျက် သေလုမျောပါးဖြစ်နေလေပြီ၊ ဟိုလူကတော့ သွေးပေနေသော ဓားကိုဆုပ်ကိုင်ကာ ရပ်နေလျက် . . .၊

သိမ့်က တုန်လှုပ်ချောက်ချားစွာဖြင့် ပါးစပ်ကို လက်ဖြင့် အုပ်လိုက်မိသည်၊ ဘုရား - ဘုရား၊ ဒီလူ လူသတ်လိုက်ပြီ၊ အန်တီကြီးရဲ့ယောက်ျားကို သတ်လိုက်ပြီ၊

သိမ့်က သွေးပျက်စွာ ငေးကြောင်ကြည့်နေမိစဉ်မှာပင် အန်တီကြီးက နေရာမှ ဝုန်းခနဲ ထ,ကာ အခန်းအပြင်သို့ ပြေးထွက်သွားသည်၊ လူသတ်သမားကလည်း နောက်မှတစ်ဟုန်ထိုး ပြေးလိုက်သွားလေသည်၊ အံ့သြစရာကောင်းသည်က သိမ့်သည် သူတို့နှစ်ယောက်လုံး၏ ရှေ့တွင် ရပ်နေခြင်းဖြစ်သော်လည်း သူတို့ သိမ့်ကို မြင်ပုံမရပါ၊ သိမ့်၏ ရှေ့မှ အလွန်နီးကပ်စွာဖြတ်သန်းပြေးလွှားသွားသော် သိမ့်ကို မမြင်ကြ၊

သိမ့်သည်အခန်းထဲတွင်ရပ်နေသော်လည်းအခန်းအပြင်မှမြင်ကွင်းကိုအားလုံးလှမ်းမြင်နေရသည်၊ အန်တီကြီးက အိမ်ရှေ့တံခါးဆီသို့ပြေးသွားရာလူသတ်သမားက နောက်မှ ပြေးလိုက်သွားသည်၊



လက်တစ်ကမ်းအကွာသို့ရောက်တော့ လူသတ်သမားက အန်တီကြီး၏ ဆံပင်ကို နောက်မှလှမ်းဆွဲလိုက်ရာ အန်တီကြီး နောက်ပြန်လဲကျသွားသည်၊ ထိုအခါ လူသတ်သမားက ဓားဖြင့် အန်ကြီး၏ရင်ဝကို ထိုးစိုက်ချလိုက်တော့သည်၊

"အား . . ."

အန်တီကြီး၏မချိမဆန့်အော်လိုက်သံက သိမ့်ရင်ထဲထိုးဖောက်ဝင်သွားသလို ခံစားလိုက်ရသည်၊ သိမ့်သည် အဖြစ်အပျက်ကို ဘာမှမတတ်နိုင်စွာ ငေးကြည့်ရင်း ရင်ထဲမှာ တမြည့်မြည့် နာကျင်လာမိသည်၊ သိမ့် တကယ်ကို ဘာမှမတတ်နိုင်ခဲ့ပါ၊

လူသတ်သမားက အန်တီကြီးကို သတ်ပြီးသည်နှင့် အခန်းထဲ ပြန်ဝင်လာကာ အန်တီကြီးထံမှ ယူလာဟန်တူသော သော့ဖြင့် အခန်းထဲမှ ကျွန်းသားဗီရိုကြီးကို ဖွင့်သည်၊ ထို့နောက် - ဗီရိုကြီးထဲမှ ပိုက်ဆံများ၊ ရွှေထည်လက်ဝတ်ရတနာများကို အိတ်တစ်အိတ်ထဲ သိမ်းကြုံးထည့်သည်၊ ထိုသို့ထည့်ပြီးသည်နှင့် အိတ်ကိုယူကာ တည်းခိုခန်းထဲမှ ထွက်ခွာသွားတော့သည်၊

လူသတ်သမား ထွက်ခွာသွားပြီးနောက် တည်းခိုခန်းကြီးတစ်ခုလုံး တိတ်တဆိတ် မှောင်မည်းစွာ ကျန်နေခဲ့သည်၊ သွေးပျက်ချောက်ချားဖွယ် အဖြစ်အပျက်များဖြစ်ခဲ့ပြီးနောက် ထိုအိမ်ကြီးက တိတ်ဆိတ်သော သုသာန်တစပြင်ကြီးလို . . .၊

သိမ့်က အသိစိတ်၏ ထိန်းချုပ်မှု ကင်းမဲ့စွာဖြင့် အိမ်ရှေ့ဧည့်ခန်းဆီသို့ လျှောက်လာခဲ့မိသည်၊ တုန်လှုပ်ချောက်ချားလွန်းသောကြောင့် ရုတ်တရက်တော့ ဘာကိုမှ မတွေးတတ်တော့သလို၊ သိမ့်က အန်တီကြီး၏ အလောင်းနားသို့ လျှောက်လာကာ ငုံ့ကြည့်လိုက်မိသည်၊

အန်တီကြီး တကယ်ကို သေဆုံးသွားခဲ့ပြီ၊ မသေဆုံးမီမှာ ထိတ်လန့်ကြောက်ရွံ့ရသော ခံစားမှုကြောင့် မျက်နှာပြင်က ကြောက်မက်ဖွယ်ကောင်းအောင် ရှုံ့မဲ့ပျက်ယွင်းနေသည်၊ သိမ့်က သူမ၏ အလောင်းကို ငုံ့ကြည့်ရင်း

www.burmeseclassic.com

အလွန်အမင်း စိတ်မကောင်းဖြစ်လာကာ ရင်ထဲမှာ နာကျင်လာမိသည်။ ကျွန်မ ဘာမှမတတ်နိုင်ခဲ့တာ ခွင့်လွှတ်ပါ အန်တီကြီးရယ်။

ထိုစဉ်မှာပင် ရုတ်တရက် ...။

သေဆုံးပြီးသား အန်တီကြီး၏ လက်တစ်ဖက်က သိမ့်၏ ခြေထောက်ကို လှမ်းဆွဲလိုက်လေသည်။

"အား..."

ထိတ်လန့်ချောက်ချားလွန်းသော ခံစားမှုကြောင့် သိမ့်၏ အသိစိတ်အာရုံက ဖြုန်းခနဲ နိုးထ လာသည်။

သိမ့် မျက်လုံးများကို ဖွင့်ကြည့်လိုက်တော့ နေ့၏ အလင်းရောင်များ လင်းဖြာနေသော ပတ်ဝန်းကျင်ကို တွေ့လိုက်ရသည်။ သူမ ရှိနေသော နေရာမှာ သူမ တည်းခိုသော အိပ်ခန်းထဲမှ ခုတင်ပေါ်တွင် ဖြစ်သည်၊

သိမ့်က ဖျဝေဖျဝါဖြင့် ခုတင်ပေါ်မှဆင်းရင်း အခန်းကို လှည့်ပတ်ကြည့်မိသည်၊ ငါ အိပ်မက် မက်နေတာလား...၊ ညက ကြုံတွေ့ခဲ့ရတဲ့ ချောက်ချားဖွယ်အဖြစ်အပျက်တွေဟာ အိပ်မက်လား...၊ အခု မိုးလင်းလာလို့ အိပ်မက်ကနေ နိုးထ လာတာလား...။

သိမ့် အခန်းအပြင် ထွက်လာတော့ မိုးစင်စင် လင်းနေသည်ကို တွေ့ရသည်၊

သိမ့်က မျက်နှာချင်းဆိုင်မှ အိပ်ခန်းနှစ်ခန်းကို တစ်ချက်လှမ်းကြည့်ရင်း ညက အိပ်မက်(အိပ်မက်ဟုထင်ရသော) အဖြစ်အပျက်ကို သတိရသွားမိသည်၊ သို့တိုင်အောင် - အခန်းတံခါးများကို မဆီမဆိုင် သွားဖွင့်လို့တော့ မဖြစ်ပါ၊ ဒီတည်းခိုခန်းမှာ တခြားဧည့်သည် ရှိ၊ မရှိဆိုတာ အန်တီကြီးနှင့် တွေ့ပြီးမေးကြည့်မှ သိလိမ့်မည်၊

ယခုအချိန်မှာတော့ အပေါ်ထပ်တစ်ထပ်လုံးမှာ သိမ့်တစ်ယောက်တည်း ရှိနေသလို တိတ်ဆိတ်ငြိမ်သက်လျက် ...။ သိမ့်က ညက အဖြစ်အပျက်ကို သေချာပြန်တွေးရင်း ဖျဝေဖျဝါ ဖြစ်နေမိသည်၊



ညက သိမ့်အပြင် တခြားဧည့်သည်တွေကို တွေ့ခဲ့ရတာ၊ အန်တီကြီးနဲ့ အတူညစာစားခဲ့တာ၊ ကောင်မလေးတစ်ယောက် မေ့လဲသွားတာ၊ ဧည့်သည် လင်မယား ရန်ဖြစ်နေတာ၊ အန်တီကြီးတို့လင်မယား အသတ်ခံခဲ့ရတာ၊ ဒါတွေအားလုံးဟာ အိပ်မက်တွေလား...။

သိမ့်က စိတ်ရှုပ်ထွေးနောက်ကျိစွာဖြင့် အောက်ထပ်သို့ ဆင်းလာခဲ့သည်။ အန်တီကြီးနှင့် တွေ့လျှင်တော့ ဘယ်အရာက အိပ်မက်၊ ဘယ်အရာက တကယ့်အဖြစ်အပျက်ဆိုတာ သေချာသိရလိမ့်မည် ထင်ပါသည်၊

သိမ့် အောက်ထပ်သို့ရောက်တော့ ထူးဆန်းစွာပင် လူများ ရှုပ်ထွေးစည်ကားနေသည်ကို တွေ့ရသည်၊ တည်းခိုရန်လာသော ဧည့်သည်များလည်း မဖြစ်နိုင်ပါ၊ အခမ်းအနားတစ်ခုခုအတွက် ပြင်ဆင်နေကြသော ပုံစံဖြစ်သည်၊ ယောကျ်ားတချို့သည် ဧည့်ခန်းမှ စားပွဲကုလားထိုင်များကို ဖယ်ရှားကာ ထိုနေရာတွင် ကော်ဇောများ ခင်းနေကြပြီး အမျိုးသမီးများက ဧည့်ခန်းနှင့် မီးဖိုခန်းကို ကူးသန်းသွားလာနေကြကာ အစားအသောက်များ စီစဉ်နေပုံရလေသည်၊

သို့သော် - တစ်ခုထူးဆန်းနေသည်က ထိုလူတွေ၏ မျက်နှာအမူအရာသည် အခမ်းအနားတစ်ခုခုအတွက် စီစဉ်လုပ်ကိုင်နေခြင်း ဖြစ်သော်လည်း ပျော်ရွှင်ကြည်လင်ပုံ မရပါ၊ လူတိုင်းသည် အလုပ်ကိုယ်စီဖြင့် လှုပ်ရှားသွားလာနေကြသော်လည်း အသုဘအိမ်တစ်အိမ်လို တိတ်ဆိတ်ခြောက်ကပ်နေလေသည်၊

သိမ့်က လူတွေကြားထဲ တိုးဝင်လာကာ ဧည့်ခန်းထဲသို့ သေချာကြည့်မိတော့ သိမ့်အထင် မှန်နေကြောင်း သိလိုက်ရသည်၊ ဧည့်ခန်းနံရံတစ်နေရာမှ ခုံနိမ့်လေးပေါ်တွင် ဓာတ်ပုံနှစ်ပုံနှင့်အတူ အဝတ်အစားနှစ်စုံ၊ ထိုအဝတ်အစား အပေါ်တွင်သစ်ခက်လေးနှစ်ခက်ကိုတင်ထားသည်ကိုတွေ့ရသည်၊ အသုဘရက်လည်အခမ်းအနားတွေမှာ ပြင်ဆင်ထားသလို ပုံစံမျိုးပင်၊ သိမ့် က သေဆုံးသူ နှစ်ယောက်၏ ဓာတ်ပုံ သေချာကြည့်မိစဉ်...

"ဘုရား - ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

သိမ့် တုန်လှုပ်ချောက်ချားလွန်းစွာဖြင့် နောက်သို့ ယောင်ယမ်းဆုတ်လိုက်မိသည်။ သိမ့်က ဓာတ်ပုံနှစ်ပုံကို သေချာကြည့်ရင်း မယုံနိုင်စွာဖြင့် ခေါင်းခါရမ်းလိုက်မိသည်။

အန်တီကြီးနဲ့ သူ့ယောက်ျားပဲ။ ဒါဆို – ဒါဆို – သူတို့သေဆုံးခဲ့တာ တကယ်ပေါ့။ ညက သူမ ကြုံတွေ့ခဲ့ရတာတွေဟာ အိပ်မက်မဟုတ်ခဲ့ဘူးပေါ့။

"သနားစရာပါပဲကွယ် – အန်တီကြီးတို့ လင်မယား နှစ်ယောက်လုံး အသတ်ခံရတာဆို"

သိမ့်ဘေးတွင် ရပ်နေသော သက်လတ်ပိုင်းအရွယ် မိန်းမတစ်ယောက်က သူ့ဘေးမှ မိန်းမကြီးတစ်ယောက်ကို မေးသည်။ မိန်းမကြီးက စိတ်မကောင်းဟန်ဖြင့် ...

"ဟုတ်တယ် – ညီမက မနေ့ကမှ ပြန်ရောက်လာတာဆိုတော့ ဒီအကြောင်းတွေ သေချာဘယ်သိပါ့မလဲ။ တကယ်ကို ရက်ရက်စက်စက် အသတ်ခံခဲ့ရတာ"

"ဟုတ်တယ် – ကျွန်မလည်း ဟိုကနေ သတင်းတော့ ကြားပါရဲ့၊ အလုပ်က မပြီးတော့ ရက်လည်မှပဲ ပြန်လာနိုင်တော့တယ်။ အသတ်ခံရတယ်ဆိုတာသိရတော့ အတော်စိတ်မကောင်းဘူး – အစ်မရယ်။ တကယ်ဆို အန်တီကြီးတို့ လင်မယားက သိပ်သဘောကောင်းကြတာပါ။ ဘယ်လိုလူကများ ဒီလို ရက်ရက်စက်စက် လုပ်ရက်တာလဲ"

"အဲဒီလူက ဝရမ်းပြေးတဲ့၊ လူသတ်မှုဖြစ်ပြီး ရှောင်တိမ်းနေရာကနေ ဒီကို ရောက်လာတာတဲ့လေ။ အန်တီကြီးတို့လင်မယားကံဆိုးသွားတာပေါ့ကွယ်။ သူက ဒီမှာဝင်တည်းရင်းက အန်တီကြီးတို့လင်မယားကိုသတ်ပြီး ပစ္စည်းတွေ၊ ငွေတွေယူပြီး ထွက်ပြေးသွားတာလေ။ အဲဒီလူသတ်သမားကို ခုတော့ ဖမ်းမိပြီလို့ ကြားတယ်"

"အဲဒီနေ့က တည်းခိုခန်းမှာ တခြားအကူအညီတောင်းစရာလူ မရှိဘူးလား"

"အဲဒီညက တည်းခိုတဲ့လူက သူတစ်ယောက်ပဲ ရှိတာတဲ့။ ခါတိုင်း အစောင့်ခေါ်ထားတဲ့ ကောင်လေးကလည်း အဲဒီနေ့က နေမကောင်းလို့မလာ



ဘူးတဲ့။ လူသတ်သမားအတွက် အဆင်ပြေတဲ့အခြေအနေ ဖြစ်သွားတာပေါ့ကွယ်"

"အင်း – ဖြစ်မှဖြစ်ရလေကွယ်"

ထိုမိန်းမနှစ်ယောက်၏စကားသံများကို နားထောင်ရင်း သိမ့်ခေါင်းတွေ ချာချာလည်လာသလိုပင်။ အန်တီကြီးတို့လင်မယားက အမှန်တကယ် အသတ်ခံခဲ့ရတာတဲ့။ ပြီးတော့ – ဒါဟာ လွန်ခဲ့တဲ့တစ်ပတ်လောက်ကတည်းကတဲ့။ ဒါဆို – ညက သိမ် ကြုံတွေ့ခဲ့ရတာတွေ၊ သိမ့် မြင်ခဲ့ရတဲ့လူတွေဟာ ဘာတွေလဲ။

သိမ့် တကယ်ပဲ တစ္ဆေအခြောက်ခံခဲ့ရတာလား။

"ဒါနဲ့ – မနေ့က တို့မြို့က ကားတစ်စီး မြို့နားနီးမှ မှောက်သွားလို့ဆို"

"ဟုတ်တယ် – အစ်မရဲ့၊ ကျွန်မကိုယ်တိုင် တွေ့ခဲ့ရတယ်။ မြို့နားရောက်မှ လမ်းချော်ပြီး မှောက်သွားတာ။ လူတော်တော်များများ ထိခိုက်ဒဏ်ရာတွေ ရကြတယ်။ သေဆုံးတဲ့သူက နှစ်ယောက်တည်းမို့ တော်သေးတယ်လို့ပြောရမယ်"

"အေးနော် – ဒါနဲ့ သေတဲ့ နှစ်ယောက်ထဲက တစ်ယောက်က တို့မြို့က မဟုတ်ဘူးဆို"

"ဟုတ်တယ် – အစ်မ။ ရန်ကုန်ကနေ ဒီက (...) ရုံးမှာ တာဝန်ကျတဲ့ ဝန်ထမ်းလို့ ပြောတယ်။ သနားစရာပဲ – အစ်မရယ်။ အသက်ကလေးက ငယ်ငယ်ပဲ ရှိသေးတာ"

ထိုအမျိုးသမီးနှစ်ယောက်က စကားတွေ ဆက်ပြောနေကြသော်လည်း သိမ့် မကြားတော့ပါ။ မြင်လိုက်ရသောမြင်ကွင်းကြောင့် သိမ့် နှလုံးသွေးတွေ အေးခဲသွားသလို ခံစားလိုက်ရ၍ဖြစ်သည်။

"အန်တီကြီး"

သိမ့် ချောက်ချားစွာ ရေရွတ်လိုက်မိသည်။ ဟုတ်ပါသည်။

လွန်ခဲ့သောတစ်ပတ်က အသတ်ခံခဲ့ရသော၊ ညကပင် သိမ့် တွေ့ခဲ့ရသေးသော အန်တီကြီးတို့လင်မယားနှစ်ယောက်သည် အိမ်၏ ချောင်ကျသောတစ်နေရာတွင် တိတ်ဆိတ်ငြိမ်သက်စွာ ရပ်တန့်နေကြသည်ကို သိမ့် တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် - တခြားသူများက သိမ့်မြင်သလို သူတို့ကို မမြင်ကြပါ။ သူတို့၏ ရှေ့မှ ဥဒဟိုဖြတ်သန်းသွားလာနေကြသော်လည်း သူတို့ကို မမြင်တွေ့ကြ။ သိမ့် တစ်ယောက်တည်း ဘာကြောင့် သူတို့ကို မြင်နေရတာလဲ။

သိမ့် သူတို့ကို ငေးကြည့်နေမိစဉ်မှာပင် အန်တီကြီးက သိမ့် ကြည့်နေသည်ကို သိဟန်ဖြင့် လှည့်၍ပြုံးပြသည်။ သို့သော် - ညကလို ချိုသာရွှင်မြသော အပြုံးတော့မဟုတ်ပါ။ မျက်ဝန်းတို့သည် ရီဝေအေးစက်လျက် အပြုံးတို့ကအသက်ကင်းမဲ့နေသည်။

သိမ့်သည် ချက်ချင်းလိုလိုပင် သူတို့အနားကို ရောက်သွားမိသည်။ သူတို့သည် သေဆုံးပြီးသားလူများဟု သိနေသော်လည်း သိမ့်စိတ်ထဲမှာ လုံးဝကြောက်စိတ်မရှိပါ။

"အန်တီကြီး ..."

သိမ့်က ဆို့နင့်စွာ ခေါ်လိုက်မိသည်။ သို့တိုင်အောင် ဘာစကားမှ ဆက်မပြောနိုင်အောင် နှုတ်ခမ်းတို့က ဆွံ့အနေမိသည်။

အန်တီကြီးက သိမ့်ကို ဘာမှပြန်မပြောပဲ တစ်နေရာသို့ ကြေကွဲသော မျက်ဝန်းများဖြင့် ငေးကြည့်နေရင်းမှ -

"တကယ်တော့ - အန်တီကြီးရဲ့သမီးတွေက အန်တီကြီးကို သိပ်ချစ်ကြတာပဲ။ အဲဒီလို သိလိုက်ရတော့ အန်တီကြီး သေပျော်ပါပြီကွယ်"

ဟု ဆို့နင့်သောလေသံဖြင့် ပြောသည်။ သိမ့်က အန်တီကြီးကြည့်ရာသို့ လိုက်ကြည့်မိတော့ မယုံနိုင်စရာကောင်းသောမြင်ကွင်းတစ်ခုကို တွေ့လိုက်ရသည်။

ညက သိမ့်နှင့် မျက်စောင်းထိုးက အခန်းထဲမှာ ငိုကြွေးနေခဲ့သော မိန်းကလေး။ ပြီးတော့ - ခင်ပွန်းဖြစ်သူနှင့် စကားများနေသည်ကို တွေ့ခဲ့ရသော အမျိုးသမီး၊ သူမတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် ပွေ့ဖက်လျက် ငိုကြွေးနေကြလေသည်။ အမျိုးသမီး၏ ခင်ပွန်းဖြစ်သူကတော့ သူမတို့နှစ်ယောက်ကို စိတ်မကောင်းစွာ ငေးကြည့်လျက် ...။



သူတို့၏သမီးလေး (ညက အခန်းရှေ့မှ မေ့လဲသွားခဲ့သော ကောင်မလေး)ကတော့ ထိုင်ခုံပေါ်တွင် အရုပ်ကလေး ပိုက်၍ ငြိမ်သက်စွာ ထိုင်နေလေသည်။

ထိုလူတွေကိုကြည့်ရင်း သိမ့် ဘာကိုမှ နားမလည်နိုင် ဖြစ်လာသည်။

ဒါဆို - ဒီအမျိုးသမီးနှစ်ယောက်က အန်တီကြီးရဲ့သမီးတွေပေါ့။ သူတို့မိသားစုက သက်ရှိလူသားတွေပေါ့၊ မနေ့ညနေကတည်းက ဒီအိမ်မှာ ရှိနေကြတာပေါ့။ ဒါဆိုရင် သူတို့မိသားစုရော၊ အန်တီကြီးတို့ လင်မယားရော၊ သိမ့်ရော မနေ့ညက ဒီအိမ်ထဲမှာ အတူရှိနေခဲ့ကြတာပေါ့။



သမီး - ဒီကို အဖော်လိုက်ရောက်လာခဲ့တာ
ဟောဟိုမှာမီးတောက်သွားလား - သမီး။ သေသွားကြတဲ့
သမီးတွေရ။ သမီး - အကြွင်းအကျန်ဆိုတာကို အမှ
သမီးရဲ့ငနဲ့ရုပ်တို့ ပြန်သွားနိုင်လိမ့်မယ် ...



www.burmeseclassic.com

www.burmeseclassic.com

ဒါဆို - တစ်အိမ်တည်းအတူရှိနေတဲ့ အန်တီကြီးတို့လင်မယားကို သူတို့ဘာကြောင့် မတွေ့ခဲ့ကြတာလဲ၊ သိမ့်ကရော ဘာကြောင့် တွေ့ခဲ့ရတာလဲ၊ သေဆုံးပြီးသားဖြစ်တဲ့ သူတို့ကို သိမ့်က ဘာကြောင့် အခုထိမြင်နေ၊ တွေ့နေရတာလဲ ...။

သိမ့် နားမလည်နိုင်စွာ တွေးနေမိစဉ်မှာပင် သိမ့် ခန္ဓာကိုယ်ကို နောက်မှ လေအေးတစ်ချက် ဝင်တိုက်သလို ခံစားလိုက်ရကာ သိမ့် မျက်စိရှေ့တွင် ကပ်၍ ပေါ်လာသော လူတစ်ယောက်၏ နောက်ကျောကို မြင်လိုက်ရသည်။

ထိုအဖြစ်ကြောင့် သိမ့် သွေးပျက်စွာ လန့်အော်မိမတတ် ဖြစ်သွားသည်။ ထိုလူက သူမ၏ခန္ဓာကိုယ်အား ဖောက်ဝင်ဖြတ်သန်းသွားခြင်းပင်။ သိမ့် မယုံနိုင်အောင် ဖြစ်နေမိစဉ်မှာပင် အရုပ်ပိုက်ထားသော ကောင်မလေးက သိမ့်ထံ တည့်တည့်ပြေးလာကာ သိမ့်ခန္ဓာကိုယ်ကို ဖောက်ဝင်ဖြတ်သန်းသွားပြန်သည်။

ထူးဆန်းချောက်ချားဖွယ်အဖြစ်များကြောင့် သိမ့် ရူးချင်သလို ဖြစ်လာသည်။ ဘာတွေလဲ - ဘာတွေလဲ - ဘာတွေဖြစ်ကုန်ပြီလဲ။

"အဲဒါဟာ သမီး ဘာကြောင့် အန်တီကြီးတို့ကို မြင်ရသလဲဆိုတဲ့ အဖြေပဲ - သမီး"

အန်တီကြီးက သိမ့်စိတ်ထဲမှ အတွေးကို သိနေသလို ပြောသည်။ သိမ့်က အန်တီကြီးစကားကို နားမလည်နိုင်ဖြစ်နေမိဆဲ ...။

အန်တီကြီးက သိမ့်ကို ကရုဏာသက်စွာ ငေးကြည့်ရင်း ...

"သမီး - ဒီကို ဘယ်လိုရောက်လာလဲဆိုတာ တကယ်မမှတ်မိတော့ဘူးလား - သမီး၊ သေချာပြန်စဉ်းစားပါ - သမီးရယ်၊ သမီး - ဘာဖြစ်ခဲ့တယ်ဆိုတာကို သတိရမှ သမီးရဲ့နေရာမှန်ကို ပြန်သွားနိုင်လိမ့်မယ်ကွယ့်"

နေရာမှန် ...၊ နေရာမှန်ဆိုတာ ဘာလဲ၊ သူမက ဘယ်နေရာကို ပြန်သွားရမှာလဲ၊ သူမ ဒီကို ဘယ်လိုရောက်လာခဲ့တာလဲ၊ သူမ ဘာတွေဖြစ်ခဲ့တာလဲ ...။



သိမ့်သည် စဉ်းစားရင်း စဉ်းစားရင်း အာရုံတွေ ရှုပ်ထွေးနောက်ကျိလာသည်။ အတွေးထဲမှာ ပုံရိပ်တချို့က ဖျတ်ခနဲ ပေါ်လာလိုက်၊ ပျောက်သွားလိုက်။ သိမ့်သည် အဝေးပြေးကားကြီးပေါ် ပြန်ရောက်သွားသလို ခံစားရသည်။

ကားကြီးက ခပ်ဖွဲဖွဲ ရွာသွန်းနေသော မိုးစက်များ၏အောက်တွင် ခပ်မှန်မှန်မောင်းနှင်နေသည်။ နေဝင်၍ မှောင်စ ပြုနေပြီဖြစ်သောကြောင့် ကားရှေ့မီးများကို ဖွင့်ထားရသည်။ ကားသည် သိမ့်သွားရမည့် မြို့နားကိုပင် နီးကပ်လာပြီ ဖြစ်သည်။

ထိုစဉ်မှာပင် ...။

ကားက လမ်းကွေ့တစ်ခုကို ကွေ့လိုက်ရာ မိုးရေများကြောင့် ဘီးချော်ကာ လမ်းဘေးသို့ လျှောဆင်းသွားသည်။

"အား"

"အမလေး"

ကားထဲမှ ခရီးသည်များ၏ အထိတ်တလန့်အော်သံများက ဆူညံသွားသည်။ သိမ့်က ထိတ်လန့်တုန်လှုပ်စွာဖြင့် ကိုင်မိကိုင်ရာကို လက်မှဆုပ်ကိုင်ထားမိစဉ်မှာပင် ကားကြီးက ရုတ်တရက် ထိမ်းစောင်းကာ မှောက်သွားတော့သည်။

သိမ့်သည် ထိုင်ခုံပေါ်မှ တလိမ့်ကောက်ကွေး ပြုတ်ကျသွားကာ ခန္ဓာကိုယ်က တစ်စုံတစ်ရာနှင့် ဖိညှပ်မိသွားသည်။ ရင်ညွှန့်တွင် စူးရှပြင်းထန်သော နာကျင်မှုကို ခံစားလိုက်ရပြီးနောက် သိမ့် ဘာကိုမှ မသိတော့ပေ။

သိမ့် သတိရလာချိန်မှာတော့ စံရိပ်ငြိမ် တည်းခိုခန်းရှေ့တွင် ရောက်နေခဲ့သည်။ ကားမှောက်ခဲ့သောအဖြစ်အပျက်ကို သိမ့် လုံးဝမမှတ်မိခဲ့ပေ။

"ဒါ - ဒါဆို - သိမ့် - သိမ့်ဟာ"

သိမ့်က သွေးပျက်တုန်လှုပ်စွာဖြင့် အန်တီကြီးကို မော့ကြည့်မိသည်။ အန်တီကြီးက ဘာမှမပြောဘဲ သိမ့်ကို စိတ်မကောင်းသောမျက်ဝန်းများဖြင့်

www.burmeseclassic.com

ငေးကြည့်နေသည်။ သိမ့်နားထဲမှာတော့ စောစောက အမျိုးသမီးနှစ်ယောက် ပြောသော စကားများကို ပြန်လည်ကြားယောင်လာမိသည်။

မနေ့ညနေက ဒီမြို့အနီးမှာ ကားတစ်စီး တိမ်းမှောက်ခဲ့သည်တဲ့ . . .။

လူနှစ်ယောက် သေဆုံးခဲ့သည်တဲ့ . . .။ သေဆုံးသူနှစ်ယောက်တွင် တစ်ယောက်က ရန်ကုန်မှဖြစ်ပြီး (. . .)ရုံးတွင် တာဝန်ကျ၍ လာခဲ့သူတဲ့ . . .။

ပြီးတော့ – သိမ့် စံရိပ်ငြိမ်သို့ ရောက်လာခဲ့စဉ်က ထူးဆန်းသော ဖြစ်ရပ်များ၊ သိမ့်ကို မမြင်မတွေ့သလိုဇလာသက်သက်မျက်လုံးများ၊ သော့ပြုတ်ကျသံကြား၍ ထိတ်လန့်သွားသောအမူအရာ ...။ သိမ့်ဆံပင်နှင့် ပွတ်သပ်မိ၍ ကြောက်လန့်ထွက်ပြေးသွားသော ကောင်မလေး ...။ ဘယ်လိုမှ ဆက်သွယ်မရသော ဖုန်းများ . . .။

ဒီအဖြစ်အပျက်တွေက သိမ့်နှင့် သူတို့ရဲ့ကြားမှာ အလွှာခြားနေသည် ဆိုတာ ပြသခဲ့တာလား . . .။ သိမ့်ရဲ့ပုံမှန်သွားလာလှုပ်ရှားမှုတွေက သူတို့ အတွက် ကြောက်စရာဖြစ်နေခဲ့တာလား။ အန်တီကြီးတို့အသတ်ခံရခြင်းကို ပြန်လည်တွေ့မြင်ခဲ့ရခြင်းက သူမ ဘယ်ဘဝကို ရောက်ရှိနေသည်ဆိုတာ သတိပေးခဲ့တာလား။

သိမ့် – သိမ့် – တကယ်ပဲ သေဆုံးသွားပြီလား။

သိမ့် မယုံကြည်နိုင်စွာဖြင့် ခေါင်းကို ခါယမ်းလိုက်မိသည်။ ဟင့်အင်း – မဖြစ်နိုင်ဘူး၊ သိမ့် မသေသေးဘူး။ သိမ့် ဒီမြို့ကို အလုပ်တာဝန်နဲ့ ရောက်အောင် လာခဲ့တာပဲ။ သိမ့် ဒီစံရိပ်ငြိမ်မှာ တည်းခိုနေခဲ့တာပဲ၊ သိမ့် လူတွေကြားမှာ ရှိနေတာပဲ။

သိမ့်က သူမရှေ့မှလူများကို ဝမ်းနည်းတုန်လှုပ်စွာ ငေးကြည့်ရင်း ဖွတ်အတင်း ငြင်းဆန်နေမိသည်၊ သို့တိုင်အောင် . . .။

သိမ့်နှင့် ထိုလူများသည် တဖြည်းဖြည်း ပို၍ပို၍ ဝေးကွာသွားသလို ခံစားရပြီးနောက် ...။

→ နတ်မိမယ်



# ဝိညာဉ်စဂူးခံရှင်

## ပ ရ လော က ဖြစ် ရပ် ဆန်း များ

ကေရာဇ်

သည်ယနေ့ခေတ်ကာလမှာ သိပ္ပံခေတ်၊ (IT) နည်းပညာတိုးပွားနေသည့်ကာလဆိုသည်ကို မည်သူမှ စောဒကတက် ငြင်းခုံမည်မဟုတ်ပါ။ သို့တစေ - သိပ္ပံနည်းပညာခေတ်ဆိုပြီး အရာခပ်သိမ်း တစ်ယူသန်အစွဲကြီးနေ၍ မဖြစ်ပါ။ သိပ္ပံနည်းနှင့် စမ်းသပ်ဖော်ထုတ်မရနိုင်သည့် ကိစ္စများ၊ အဖြစ်အပျက်များ လောကကြီးတွင် နေရာအနှံ့ရှိနေကြောင်းကို အမေရိကန်ပြည်ထောင်စုရှိ နာဆာ၊ အာကာသစခန်းတွင် တာဝန်ထမ်းဆောင်နေသူ သိပ္ပံပညာရှင်ကြီးများကိုယ်တိုင် ထုတ်ဖော်ပြောခဲ့သည်များက သက်သေခံနေပါသည်။

ခေတ်စံနစ်၊ နည်းပညာတို့က အချိန်နှင့်အမျှ အရှိန်အဟုန်ကြီးမားစွာ ပြောင်းလဲတိုးတက်နေသည်ကို အထင်တကြီး တစ်ယူသန် တစ်ဖက်သတ်လက်ခံထားပြီး အမျိုးအမည် ခွဲခြားခြင်းမပြုနိုင်သည့်ကိစ္စများ၊ တမလွန်ဘဝများ၏ အဖြစ်အပျက်များ၊ ဝိညာဉ်လောက၏ လှုပ်ရှားမှုများ၊ ပရလောကသားများအကြောင်းတို့ကို မျက်ကွယ်ပြု ဆန့်ကျင်နေကြသူများလည်း ရှိကြပါသည်၊ မည်သည့်နေရာ ဒေသတွင်ဆို ထူးခြားဆန်းကြယ်သော အံ့ဩစရာ၊ မယုံကြည်နိုင်စရာ အဖြစ်အပျက်များက ရှိနေကြမြဲပင်။ မိမိကိုယ်တိုင်မြင်ဖူး၊ ကြုံဖူးခြင်းမရှိတိုင် အပြိုင်အဆိုင် ငြင်းခုန်ပြောဆိုနေကြသည်လည်း ရှိနေသည်၊

တချို့တစ်ယူသန်တစ်ဖက်စွန်းရောက် လူငယ်တွေဆိုပါက လူငယ်စိတ်နှင့် လောင်းကြေးပြုကာ စမ်းကြည့်တတ်ကြသည်။ ထိုသို့ ပြုလုပ်သဖြင့် ကောင်းကျိုးမဖြစ်၊ ဆိုးကျိုးတွေကိုသာ တွေ့ကြုံခံစားလိုက်ရသည်သာ များသည်။ ထိုသို့ စမ်းကြည့်ခဲ့သောကြောင့် အသက်ဆုံးသွားရသူလည်း ရှိခဲ့ဖူးပါသည်၊ အကျိုးမဲ့သော စမ်းသပ်ခြင်း ဖြစ်သည်။ မည်သည့်ကိစ္စမဆို မကြုံဘူး၍ မယုံကြည်လည်း နေနိုင်သည်၊ ဝင်ရောက်စွက်ဖက် စမ်းသပ်ကြည့်မှု၊ ဆန့်ကျင်မှု မပြုသင့်ပါ။ မိမိ၏ လုပ်ဆောင်မှုက တခြားတစ်ဖက်တွင် နှောင့်ယှက်စော်ကားသလို ဖြစ်သွားပြီး တုံ့ပြန်မှုခံလိုက်ရပါက သက်သာမည်မဟုတ်ပါ။ (ခံခဲ့ရသူတွေလည်း များစွာရှိခဲ့သည်ကို မြင်ဖူးခဲ့ပါသည်။)

ကျွန်တော် လူငယ်ဘဝက တာဝန်အရ တိုင်းနှင့်ပြည်နယ်အနှံ့ အကြိမ်များစွာ ရောက်ခဲ့သဖြင့် တွေ့ကြုံမြင်ဖူးခဲ့သည့် အဖြစ်အပျက်များ၊ အသက်ကြီးပိုင်းမှ တွေ့မြင်ခဲ့ရသော အဖြစ်အပျက်များစွာ မြင်ခဲ့ပါသည်။ ထိုအဖြစ်အပျက်များထဲမှ ဖတ်လမ်းနှစ်ပုဒ်ကို စာဖတ်သူများ သိရှိဆင်ခြင်နိုင်ရန် ရေးသားတင်ပြလိုက်ပါသည်၊

www.burmeseclassic.com

ပထမဖာတ်လမ်းများ . . .

ကျွန်တော် ကျောင်းသားဘဝတွင် ပထမဆုံးတွေ့ကြုံခဲ့ရသော အမှတ်တရရှိနေသော အဖြစ်ကို ယနေ့တိုင် မှတ်မိနေခဲ့ပါသည်။

ကျွန်တော်နေသော ကျောင်းက ရန်ကုန်၊ ကြည့်မြင်တိုင်မြို့နယ်ရှိ အမှတ် (၂) ဟုမ်းလမ်း အထက်တန်း ဖြစ်ပါသည်။ ကျွန်တော်တို့ မြို့နယ်တွင် အမှတ် (၁) အထက်တန်းကျောင်း (ယခင် A.B.M) နှင့် ကျွန်တော်နေသော အမှတ် (၂)ဟုမ်းလမ်း၊ အထက်တန်းကျောင်းသာ ရှိသည်။ အ.ထ.က (၁)မှာ မိန်းကလေးကျောင်းသာဖြစ်၍ ကျွန်တော်တို့ အ.ထ.က (၂)တွင် ကျောင်းသားပိုမြဲများနေသည်။ ထို့ကြောင့် စာသင်ချိန်ကို မနက် (၇)နာရီမှ နေ့လယ် (၁၂) နာရီထိ ၅၊ ၆၊ ၇ တန်း၊ နေ့လယ် (၁၂)နာရီမှ ညနေ (၅)နာရီထိ ၈၊ ၉၊ ၁၀ တန်းများ ထားပြီး သင်ကြရသည်။

အတန်းတစ်တန်းလျှင် ကျောင်းသူကျောင်းသား (၅၀) ကျော်၊ (၆၀) အထိ ရှိသည်။ အားလုံး ပျော်ရွှင်ချစ်ခင်စွာ မိသားစုလို သံယောဇဉ်ကြီးမားကြသည်။ သူငယ်ချင်းတစ်ယောက် ကျောင်းတက်ရက်ပျက်သည်နှင့် အားလုံး စိုးရိမ်တကြီး အိမ်အထိ လိုက်မေးမြန်းလေ့ ရှိကြသည်။ ဆင်းရဲသော ကျောင်းသားဆိုလျှင် အားလုံးက လိုအပ်သမျှ စုပေါင်းစုဆောင်း ထောက်ပံ့ပေးကြသည်။ နှစ်သိမ့်အားပေးကြသည်။ ယောကျ်ားလေးနှင့် မိန်းကလေးတွေမှာ မောင်နှမအရင်းတွေလို ပြောမနာ ဆိုမနာတွေချည်းပင်။

“ဟဲ့ကောင်တွေ – နင်တို့ သူငယ်ချင်း နှုတ်ခမ်းမွေး ဖျားလို့တဲ့၊ ညနေကျ သွားမေးကြရအောင်”

တစ်နေ့ မုန့်စားဆင်းချိန် ခင်သန်းဦးက ကျွန်တော်တို့ ဘော်လီဘောကစားနေရာသို့လာပြောသည်။ မနက်တည်းက နှုတ်ခမ်းမွေး (ခေါ်) ထွန်းသိန်း နေမကောင်း၍ ခွင့်တိုင်ထားသည်ကို သိပြီးဖြစ်ပါသည်။ သတင်းသွားမေးရန် ကျွန်တော်တို့ တိုင်ပင်ထားပါသည်။ သည့်ကောင်က စာတော်သည်၊ စကြီးစားသည်၊ အေးအေးနေတတ်သူ၊ အားလုံးနှင့် ရင်းနှီးချစ်ခင်သည်၊ နှုတ်ခမ်းမွေးရှိ၍ အားလုံးက သူ့ကို ချစ်စနိုး “နှုတ်ခမ်းမွေး” ဟု ခေါ်ကြသည်။

“အေး – တို့လည်း သွားမလို့ တိုင်ပင်ထားတယ်၊ နင်တို့ လိုက်မယ်ဆိုရင် ညနေကျ အတူသွားမယ်”

ညနေပိုင်းကျောင်းသားတွေနှင့်ဆုံလျှင် လူစုပြီး ဆုံစည်းကြရန် နေရာ သတ်မှတ်လိုက်သည်။ ညနေပိုင်း ကျွန်တော်တို့နှင့် မိန်းကလေးတွေပါ ထွန်းသိန်းအိမ်ကို လိုက်သွားကြသည်။ သူတို့နေသော ရပ်ကွက်ရောက်၍ လမ်းထဲဝင်လိုက်သည်ဆိုလျှင် ကျွန်တော်တို့အားလုံးရင်ထဲ “ဒိန်းခနဲ” ဖြစ်သွားကြသည်။

အဘယ့်ကြောင့်ဆိုသော် ထွန်းသိန်း နေအိမ်ရှေ့တွင် လူတွေစုစု၊ စုစု ဖြစ်နေကာ တာလပတ်မိုးထားသည့် ကနားဖျင်းကို မြင်လိုက်ရ၍ဖြစ်သည်။ ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း ခပ်သွက်သွက် လျှောက်ခဲ့ကြသည်။ “မဟုတ်ပါစေနဲ့” ဆိုသည့် ဆုတောင်းရွတ်ဆိုမိသည်။ ဆုတောင်းက မပြည့်ပါ။

ကျွန်တော်တို့လူစုကို မြင်လိုက်ရသော ထွန်းသိန်း မိခင်က အားရပါးရ ငိုချလိုက်တော့သည်။

“သားလေးရေ – သားသူငယ်ချင်းတွေ ရောက်လာကြပြီ၊ ထပြီး နှုတ်ဆက်ပါဦးလား – သားရဲ့”

ကျွန်တော်တို့အားလုံးရင်ထဲ ဝမ်းနည်းစိတ်တွေ ခံစားလိုက်ရသည်။ အိမ်ပေါ်တွင် ကျွန်တော်တို့ချစ်သော သူငယ်ချင်းနှုတ်ခမ်းမွေးကား ထာဝရ မနိုးသောအိပ်ခြင်းနှင့် အိပ်ပျော်နေခဲ့ပြီ။

ထွန်းသိန်း ရုပ်ကလာပ်ကို ကြံတောသုသာန်သို့ ပို့ဆောင်သောနေ့တွင် ကျွန်တော်တို့ မနက်ပိုင်း ကျောင်းသူကျောင်းသားများက ဘတ်စ်ကားသုံးစီးနှင့် ပို့ဆောင်ခဲ့ပါသည်။ သရဏဂုံတင်ပြီး မြေမြှုပ်ရန် ကျောင်းသားကြီးများက





www.burmeseclassic.com

www.burmeseclassic.com

ထမ်းပြီး သယ်ယူသွားခဲ့သည်။ အလောင်းမြေမြှုပ်မီ ဆရာ ဦးသန်းမောင်က ကျောင်းအုပ်ကြီးကိုယ်စား အမိန့်ပြန်ခြင်း ပြုလုပ်ပြီးသည်နှင့် မြေဖို့လိုက်သည်။

အားလုံးပြန်ကြရန် ကားများရပ်ထားရာသို့ လာကြစဉ် "သူငယ်ချင်းရေ - ငါတို့ကို ချစ်ရင် လိုက်ခဲ့ဟေ့" ဆိုသည့် ခေါ်လိုက်သံ ကြားရသည်။ ထိုအခါက ကျွန်တော်တို့မှာ ငယ်ရွယ်သေးသဖြင့် ဘာမှ နားမလည်ပါ။ "တော်တော်ရူးတဲ့ကောင်၊ သေသွားတဲ့လူကိုများ ခေါ်နေသေးတယ်" ဆိုပြီး အားလုံး ပြုံးရယ်မိခဲ့ကြပါသေးသည်။

နုတ်ခမ်းမွေး၏ ရက်လည်ဆွမ်းကျွေးပြီးနောက်တစ်နေ့မှစပြီး ကျွန်တော်တို့ကျောင်းတွင် ထူးဆန်းသည့် အဖြစ်အပျက်များ စတင်ဖြစ်လာခဲ့ပါသည်။ နေ့ဘက်စာသင်ချိန်တွင် နောက်ဘက်မှ ရယ်သံလိုလို ကြားရသည်။ ကျောင်းခေါင်မိုးပေါ်သို့ ခဲသေးသေးများ ကျလာသည်၊ ကျောင်းအိမ်သာသို့ ဝင်လျှင် အပြင်ဘက်မှ တံခါးကန့်လန့်ထိုးပိတ်သွားသည်။ တစ်ခါတစ်ခါ နောက်ဘက် ပန်းကို ပုတ်သွားသည်။ သေချာလိုက်ကြည့်သော်လည်း တစ်ယောက်မှ မတွေ့ရပါ။ စားစရာများ ဝယ်လာ၍ ခုံထဲ သိမ်းထားလျှင် ပျောက်သွားသည်။

အစကတော့ သူငယ်ချင်းတွေ အချင်းချင်းနောက်ပြောင်ကျီစားသည် ထင်ခဲ့သည်၊ အချင်းချင်းတွေမို့ သည်းခံခဲ့ကြသော်လည်း နေ့စဉ်လိုလို ဖြစ်ပါသောကြောင့် တစ်ယောက်ကိုတစ်ယောက် စွပ်စွဲကြကာ စကားများရသည် အထိ ဖြစ်လာသည်၊ ကြာလာသော် - အတန်းပိုင်ဆရာမ ဂရုပြုမိလာကာ စစ်ဆေးမေးမြန်းလာရသည်၊ တစ်ယောက်စီ စစ်ဆေးသောအခါမှ မိန်းကလေးတွေမှာပါ သည်လိုမကြာခဏ ပြုလုပ်ခံနေရကြောင်း သိလာရသည်၊ ထို့ကြောင့် အိမ်သာသွားသည့်အခါ နှစ်ယောက်၊ သုံးယောက်စုပြီး သွားကြရသည်၊ သို့သော်လည်း ပျောက်မသွားပေ။ ထူးခြားချက်တစ်ခုမှ နံနက်ပိုင်း ကျောင်းချိန်ရှိအတန်းများတွင် ကျွန်တော်တို့၏ သတ္တမတန်း (A) မှ (E) အထိ အတန်းများကိုသာ ရွေးပြီးပြုလုပ်နေခြင်း ဖြစ်ပါသည်။

ထိုသို့ဖြစ်နေခြင်းများကို ဆရာ၊ ဆရာမတွေကတစ်ဆင့် ပြန့်နှံ့ကာ ကျောင်းအုပ်ဆရာကြီးပါ သိရှိသွားသည်။ ဆရာကြီးကိုယ်တိုင် ကျွန်တော်တို့အတန်းကိုလာစစ်ဆေးပြန်သည်။ သုံးလေးရက်အကြာတွင် ဆရာဦးသန်းမောင်က နှုတ်ခမ်းမွေးနှင့် အခင်ဆုံး၊ အတွဲဆုံးသူငယ်ချင်းတွေကို ရွေးချယ်မေးမြန်းခဲ့သည်။ ထိုအခါမှ နှုတ်ခမ်းမွေးအသုဘပို့အပြန် နှုတ်သော့ပြီးနောက်ပြောင်ပြောဆိုခဲ့သည်ကို သိသွားသည်။ သည်အခါမှ ဆရာဦးသန်းမောင်က သက်ပြင်းချကာ ပြောလိုက်သည်က ...။

"အင်း - မင်းတို့က ငယ်သေးတော့ မလုပ်သင့်မလုပ်ကောင်းတာတွေကို၊၊ အေး - အခုကိစ္စက သူငယ်ချင်းဖြစ်နေလို့ပေါ့။ တခြားသူစိမ်း တစ်ယောက်သာဆိုရင် မင်းတို့အားလုံး တစ်ယောက်မှ သက်သာမှာ မဟုတ်ဘူး"

သည်နောက် - မကျွတ်မလွတ်သေးသောသူများ၊ နာနာဘာဝ (ခေါ်) ပရလောကသားများအကြောင်းနှင့် ပတ်သက်ပြီး မှတ်သားဖွယ်ရာ မလုပ်သင့်သည်များကို ရှင်းလင်းပြောပြခဲ့ပါသည်။ ကျွန်တော်တို့လည်း ထိုအခါမှ ကျွန်တော်တို့လည်း အတော်ပင် ကြောက်လန့်သွားခဲ့ကြသည်။

ဆရာဦးသန်းမောင်က ကျွန်တော်တို့ကို ဆုံးမပြောဆိုပြီး ကျောင်းအုပ်ဆရာကြီးနှင့် တိုင်ပင်၍ ကျောင်းပိတ်ရက်တစ်ရက်တွင် ကျောင်းသို့ ဘုန်းကြီးငါးပါးပင့်ပြီး လှူဖွယ်ဝတ္ထုများ လှူကာ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်သည်။ ကောင်းမှုကုသိုလ်အတွက် နှုတ်ခမ်းမွေးအား သာဓုခေါ်နိုင်ရန် အမျှပေးဝေသည်။ ပရိတ်ရေများနှင့် တစ်ကျောင်းလုံး အနှံ့ပက်ဖျန်းစေသည်၊ ထူးခြားမှု တစ်ခုက သာဓုခေါ်ပြီးချိန်တွင် ကျောင်းခန်းတွင် အိမ်မြှောင်အများအပြား အော်သံ (စုတ်ထိုးသံ) တွေ ထွက်ပေါ်လာခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ လိုက်လံရှာဖွေကြည့်ရှုသော်လည်း တစ်ကောင်မှ မမြင်ရပါ။

www.burmeseclassic.com

နောက်တစ်နေ့မှစပြီး မည်သို့မျှ မဖြစ်တော့ပါ။ ယခင်ကလို အေးအေး ချမ်းချမ်း ရှိခဲ့ပါသည်။

သည်အဖြစ်အပျက် ကြုံတွေ့ခဲ့ရခြင်းမှာ အမှတ်တမဲ့ နှုတ်မှ နောက် ပြောင်ပြောဆိုလိုက်ခြင်းကြောင့် ဖြစ်ပါသည်။ ဆရာဦးသန်းမောင်ပြောသလို သူငယ်ချင်းတွေမို့သာ တုံ့ပြန်နောက်ပြောင်ခဲ့ခြင်း ဖြစ်မည်။ တခြားသူစိမ်း သာဆိုပါက မည်သို့ ပြုလုပ်မည်မသိပါ။ မိမိ ရောက်ရှိသောနေရာဒေသ အချိန်အခါကို သတိပြုပြီး နှုတ်ဆော့၊ လက်ဆော့ခြင်း မပြုမိရန် ဆင်ခြင်သင့် ကြောင်း ရေးသားတင်ပြလိုက်ပါသည်။

နောက်ထပ် ပရဝိဉာဉ်ဆိုင်ရာတစ်ပုဒ်ကို ရေးသားတင်ပြအပ်ပါ သည်။

တစ်ခါတစ်ရံ စိတ်လွတ်ကိုယ်လွတ်နေရသည့်အခါ အမှတ်တမဲ့ လွန် လေခဲ့ပြီးသော အချိန်ကာလများစွာက ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက် အကြောင်းအရာတို့ကို ပြန်လည်တွေးမိတတ်သည်။ ပျော်စရာဆိုလျှင်လည်း ယခုပင် ကြုံတွေ့နေရသလို ပျော်မိသည်။ ဝမ်းနည်းစရာဆိုလည်း ချက်ချင်း ဝမ်းနည်းရပြန်သလို စိတ်ဆိုးဒေါသဖြစ်စရာဆိုလျှင် ချက်ချင်းထရိုက်ချင် စိတ် ပေါ်လာတတ်ပါသည်။

သည်လို အတွေ့အကြုံကို လူတိုင်းလိုလို တွေ့ကြုံဖူးကြပါမည်။ သို့ သော် - ကျွန်တော် တွေ့ကြုံခဲ့ရသော လူတစ်ယောက်အကြောင်းကတော့ ပြန်လည်တွေးမိလေတိုင်း စိတ်မကောင်းဖြစ်ရသလို ယခုထိလည်း ဖြေရှင်းမရ သော မေးခွန်း၊ အဖြေမရသော ပုစ္ဆာတစ်ပုဒ်အပြန်သာ ခံစားနေခဲ့ရပါလေ သည်။ မတွေးဘဲနေပြီး တွေးမိတိုင်း အဖြေမရခဲ့ပါလေ။

နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ နှစ်ပေါင်း (၅၀)ဆယ်ကျော် . . .။



၁၉၅၈ – ခုနှစ်၊ မေမြို့၊ အမှတ် (၂) လေ့ကျင့်ရေးတပ်မှ ကျွန်တော်တို့ သင်တန်းဆင်းလာခဲ့ပါသည်။ စာအောင်တပ်ခွဲ (၅)တပ်စု (၄)တွင် ကျွန် တော်တို့ (၆၇)ယောက် သင်တန်းတက်ခဲ့ကြရာ ကျွန်တော် အပါအဝင် လူ (၄၀)မှာ ရန်ကုန်၊ မင်္ဂလာဒုံလေဆိပ်ရောက်သည်နှင့် မိခင်တပ်ရင်းသို့ ကား များနှင့် ဆက်ထွက်ခဲ့ရသည်။

ထိုစဉ် အချိန်ကာလမှာ ပြည်တွင်းသောင်းကျန်းသူမျိုးစုံရှိနေကြချိန် ဖြစ်ပါသည်။ ကျွန်တော်တို့ တပ်ရင်းက အမှတ် ( × × × ) ခြေမြန်တပ်ရင်း ဖြစ်ပါသည်။ တပ်ရင်းတွင် (၂) ရက်သာ နေရပြီး မြစ်ဝကျွန်းပေါ်ဒေသသို့ ရှေ့တန်းထွက်ရပါသည်။ ကျွန်တော်တို့က ပိတ်ဆို့ရေး၊ တာဝန်ယူရ၍ ခြေလျင်တပ်ရင်း (၂၅)က တိုက်ခိုက်ရေးတာဝန်ယူရသည်။ ကျွန်တော် တို့ရဲဘော်သစ်များအတွက် ပထမဆုံးတိုက်ပွဲအတွေ့အကြုံပင် ဖြစ်ပါသည်။ သင်တန်းမှ သင်ကြားပေးလိုက်သော စစ်ပညာရပ်များသာမက တပ်ရင်းမှ လူဟောင်းရဲဘော်များ ဆရာများထံမှ မြင်တွေ့သင်ကြားမှုများစွာကိုပါ တွေ့ ကြုံမှတ်သားနိုင်ခဲ့သဖြင့် များစွာပညာရခဲ့ပါသည်။

ရည်မှန်းချက်အောင်မြင်ပြီး ပြန်လာခဲ့သောကြောင့် ကျွန်တော်တို့အား လုံး ဝမ်းသာတက်ကြွခဲ့ကြသည်။ တွေ့ကြုံခဲ့ရသည့် တိုက်ပွဲအတွေ့အကြုံ များကို တစ်ယောက်နှင့်တစ်ယောက် ပြန်ပြောမိကြသည်မှာ ဆယ်ရက် ကျော်သည့်တိုင် ပြောမဆုံးကြတော့ပါ။ ညပိုင်းတွင် တပ်ခွဲမှ ဆရာကြီးများ၊ ဆရာများက အလှည့်ကျ တိုက်ပွဲဖြစ်စဉ်များအပေါ် သုံးသပ်ပြရင်း မွမ်းမံ သင်တန်းအဖြစ် သင်ကြားပေးကြပါသေးသည်။ ကျွန်တော်တို့ လှုပ်ရှားခဲ့ သည်တို့မှ ချို့ယွင်းမှုများ၊ မှားယွင်းမှုများကို ထုတ်နုတ်၍ သရုပ်ပြပြင်ဆင်ပေး ကြပါသည်။ ဆရာတွေ၏ သုံးပုံနှစ်ပုံခန့်မှာ ချင်းနှင့် ကချင်တိုင်းရင်းသားများ ဖြစ်ကြပြီး သူတို့အားလုံး ဒုတိယကမ္ဘာစစ်ပြန်များ ဖြစ်နေကြသည်။

ထိုဆရာများထဲမှ မှတ်မိသည်မှာ တပ်ကြပ်ဇွန်နိုဇန်၊ တပ်ကြပ်ဝင်ဒိုး ဇန်၊ တပ်ကြပ်ကုန်လိမ်းနှင့် တပ်ကြပ်ကြီးရာလိပ်တို့ ဖြစ်ကြပါသည်။ မြန်မာ

www.burmeseclassic.com

စကား ကောင်းစွာပြောနိုင်သော်လည်း မပြီသပါ။ ဆရာကြီးရာလိပ်ဆိုလျှင် ကျွန်တော်တို့အားလုံး ခင်မင်ရုံမက တကယ်ကို ချစ်ကြပါသည်။ သူ့ကို ကြောက်လည်း မကြောက်ပါ။ မထိတထိ စ,ကြလေ့ရှိသည်။ သူက "ပြေး" ဆိုသည့်အခါ "ပေး" ဖြစ်နေ၍ ကျွန်တော်တို့က မပြေးပါ။ ခပ်တည်တည်နှင့် "ဆရာကြီး ဘာတောင်းတာလဲ၊ ဘာကိုပေးရမှာလဲ" ဆိုပြီး ပြန်မေးသည်။ ထိုအခါ ဆရာကြီးက ဒေါသတကြီး လိုက်ရိုက်ပါတော့သည်။

ဆရာကြီး ရာလိပ်မှာ တကယ်ကို ကြည်ညိုလေးစားရုံသာမက ရဲဘော်များကို ချစ်သူ သံယောဇဉ်ကြီးသူ ဖြစ်ပါသည်။ အံ့သြစရာ လူထူးဆန်းလည်း ဖြစ်ပါသည်။ စစ်စည်းကမ်းကို တကယ်လိုက်နာပြီး အထက်အရာရှိကို ရိုသေသူဖြစ်သည်။ သို့သော်လည်း – အရာရှိကို မမှန်လျှင်၊ မှားယွင်းနေလျှင် ငြိမ်ခံမနေ၊ ပြန်ပြောလေ့ရှိသည်။ ထိုအခါက ကာကွယ်ရေးဦးစီးချုပ်မှာ ဗိုလ်ချုပ်ကြီးနေဝင်း ဖြစ်ပါသည်။ တစ်နေ့ – ခရီးလမ်းကြုံ၍ ကျွန်တော်တို့တပ်ကို ဝင်ရောက်ပြီး စစ်ဆေးကြည့်ရှုပါသည်။

ကျွန်တော်တို့အားလုံး ဘောလုံးကွင်းထဲ တပ်ခွဲအလိုက် တန်းစီနေကြရသည်။ ဗိုလ်ချုပ်ကြီးနေဝင်းက တပ်ခွဲများကို စစ်ဆေးလာရာ ကျွန်တော်တို့တပ်ခွဲရှေ့အရောက်၊ တပ်ခွဲရှေ့တွင် တန်းစီရပ်နေသော ဆရာကြီးရာလိပ်က ရှေ့ကို လှမ်းထွက်ကာ အလေးပြုလိုက်သည်။ ပြီးသော် – ဗိုလ်ချုပ်ကြီးနေဝင်း လက်ထဲမှာကိုင်ထားသော ဂျပန်ပြည်လုပ် (Sony) ထရန်စစ္စတာ ရေဒီယိုလေးကို ပြောပြောဆိုဆို လှမ်းယူလိုက်သည်။

"ဟော့ကောင် – ဗိုလ်ချုပ်၊ အဲဒီဟာ – ငါ့ကိုပေး"

ပြောသည်က နောက်ကျနေသည်။ ရေဒီယိုလေးက သူ့လက်ထဲ ရောက်နေပြီး ဖြစ်သည်။ နောက်မှ ပါလာကြသော တပ်ရင်းမှူး၊ ဒုတပ်ရင်းမှူးတို့ အထိတ်တလန့်ဖြစ်သွားကာ ငြိမ်နေကြသည်။ ဘာပြောရ ဘာလုပ်ရမှန်း မသိ၊ ဟန့်တားချိန်ပင် မရလိုက်ပါ။ တပ်ရင်းမှူးတို့ အရာရှိတွေတော့ မသိပါ။



ကျွန်တော်တို့တစ်တွေမှာတော့ ဆရာကြီးတော့ ဒုက္ခရောက်ပြီ၊ လက်မောင်းက အရစ်တွေပဲ ပြုတ်မလား၊ မန္တလေးစစ်ထောင်ကိုပဲ ရောက်တော့မှာလား ဆိုပြီး တွေးကာ စိတ်ပူနေကြသည်။ ဆရာကြီးရာလိပ်ကတော့ ရေဒီယိုလေးကို လှည့်ပတ်ကြည့်ရှုနေသည်။

"ဟာ – ဆရာကြီးက အခုထိ ရှိနေသေးတာကိုး"

ဗိုလ်ချုပ်ကြီးနေဝင်းက ပြုံးပြီးပြောလိုက်လျှင် ဆရာကြီးရာလိပ်က ခပ်တည်တည်ပင် ပြန်ပြောခဲ့သည်မှာ …

"အေးကွ – နောက် အနှစ်ငါးဆယ်ထိ ငါ စစ်တပ်ထဲမှာ နေဦးမှာ" ဟူ၍ ဖြစ်ပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်း ပြန်သွားပြီးသည့်နောက် ဘာမှ ထူးထူးခြားခြား မဖြစ်ပါ။ ဘာသံမှ မကြားရပါ။ ဆရာကြီးရာလိပ်မှာ ယခင်အချိန်တွေကတည်းက ရင်းနှီးသော ဆရာတပည့်ဖြစ်ကြောင်း သိရသည်။ နောင်သုံးနှစ်ကျော်ကျော် ၁၉၆၁ – ခုနှစ်တွင် ဆရာကြီးနှင့် မြင်ဦးလွင် (ခေါ်) မေမြို့တွင် ပြန်လည်ဆုံတွေ့ခဲ့ကြပါသေးသည်။

မူလဇာတ်လမ်းပြန်ဆက်ရလျှင် ကျွန်တော်တို့တပ်တွင် တစ်လကျော် နားခဲ့ရသည်။ တစ်နေ့ – တန်းစစ်လူစစ်ချိန်တွင် ကျွန်တော်တို့ တပ်ရင်း ရှေ့တန်းထွက်ရမည်၊ တပ်ပြင်ထွက်ခွင့် (out pass) တွေပိတ်ကြောင်း အမိန့်ထွက်လာပါသည်။

ဒုတိယအကြိမ်မြောက် တိုက်ပွဲထွက်ရမည်ဆိုသော အသိကြောင့် ကျွန်တော်တို့ရဲဘော်တွေ ပြင်ဆင်စရာရှိသည်ကို ပြင်ရသည်။ အရပ်ဝတ် စစ်ဝတ်တွေ လျှော်ရသည်။ လိုအပ်မည့်ပစ္စည်းတွေ စုစည်းထုပ်ပိုးရသည်။

www.burmeseclassic.com

သည်နေရာတွင် အဓိကဇာတ်ဆောင်က ရဲဘော်တင်ဆွေဖြစ်ပါသည်။ သူက ကျွန်တော်တို့နှင့် လေ့ကျင့်ရေးတွင် အတူသင်ကြားဘက်တွေ ဖြစ်သည်။ သူက မြင်းခြံသား၊ သူနှင့် တစ်နယ်ထဲသား မောင်ငွေနှင့်အတူ စစ်တပ်ထဲ ဝင်ခဲ့သည်။ တင်ဆွေက အသားဖြူဖြူ မျက်နှာတွင် ကျောက်ပေါက်ရာနည်း နည်းရှိသည်။ အရပ်ကပုပု၊ မောင်ငွေက အသားညိုညို၊ အရပ်ရှည်ရှည် ဖြစ်ကြ၍ ကျွန်တော်တို့က ထိုခေတ်ကာလ ကာတွန်းဇာတ်ကောင်၊ ဆရာအောင်ရှိန်၏ မော်ဒန်ကာတွန်းထဲက ဦးရှုံစားနှင့် ဦးဒိန်းဒေါင်တို့နှင့် ပုံစံတူ၍ ရှုံစား ဒိန်းဒေါင်ဟူ၍ သူတို့ကို ခေါ်ခဲ့ကြသည်။

သည်နှစ်ကောင် ထူးခြားချက်က ဂဏန်းသင်္ချာအရ ခွန်နှစ် (၇)ကို (ခွင်) ဟူ၍ ပြောတတ်ပြီး (ဟုတ်ကဲ့ခင်ဗျ) ဆိုတတ်ခြင်းပင်။ အဲသည့်အပြောအဆို ကြောင့် မကြာခဏ အဆဲခံရ၊ အရိုက်ခံရသည်။ ငယ်စဉ်ထဲက ဒေသစလေ့ ဖြစ်ဟန်ကြောင့် ပြင်၍မရခဲ့ပါ။ သူတို့နှစ်ယောက်လုံး တကယ်ကို အပင်ပန်း ခံနိုင်ကြသည်။ လေ့ကျင့်ရေးတက်စဉ် စခန်းချခြင်း၊ အရပ်မျက်နှာထိန်းသိမ်းခြင်းနှင့် မိုင်ရှည်လျှောက်ခြင်းတို့တွင် စက်ကလေး (ခေါ်) Bren Gun နှင့် (၇.၉)စက်လတ်တို့ကို သူတို့နှစ်ယောက်သာ လွယ်ပိုးသယ်ယူနိုင်ကြပါသည်။ လေးလံလွန်း၍ ဖြစ်ပါသည်။

တခြားရဲဘော်တွေ မနိုင်လျှင် မလုပ်ချင်လျှင် သူတို့နှစ်ယောက်က လုပ်ပေးသည်။ ကင်းစောင့်တာဝန်ကို အတူတူပင်ပန်းနေလျက် လူစားဝင်စောင့်ပေးတတ်သည်။ သည်လို ရဲဘော်စိတ်အပြည့်ရှိသူမို့ တပ်ခွဲက ရဲဘော်အားလုံး ချစ်ခင်ခြင်းခံရသူတွေပါ။ ခွဲခွာခဲ့ရပြီး ယနေ့တိုင် သူတို့နှစ်ယောက်ကို ကျွန်တော်တို့ မမေ့ကြပါ။ သူတို့နှစ်ယောက်ကိုယ်ပိုင် နံပါတ်တွေကလည်း ရှေ့နောက်ပင် ဖြစ်ကြပါသည်။

ကျွန်တော်တို့ ရှေ့တန်းထွက်ရသည်မှာ ကရင်ပြည်နယ်ဖြစ်ပါသည်။ ထိုအချိန်က စစ်တောင်းတံတားလည်း မရှိသေး၊ မုတ္တမ - မော်လမြိုင်ကူး တံတားလည်း မရှိသေးပါ။ မော်တော်ကား၊ မီးရထား၊ သင်္ဘော စသည်နှင့် အဆင့်ဆင့် ပင်ပန်းတကြီး သွားခဲ့ရသည်။ သုံးရက်ကြာမှ ကရင်ပြည်နယ်သို့ ရောက်သည်။ ထိုစဉ်ကာလ KNDO တစ်ဖြစ်လဲ KNU မှ တပ်မဟာ (၅) ဗိုလ်လင်းထင် နာမည်ကြီးချိန် ဖြစ်ပါသည်။ ရန်ကုန် - မော်လမြိုင် ရထားလမ်းတွင် ဗုံဝန်းနှင့် ပုလဲ၊ နောင်ဘို၊ နောင်ကုလားတို့မှာ မိုင်းဗုံးအခွဲခံရဆုံး နေရာများ ဖြစ်ကြပါသည်။ တချို့တပ်တွေမှာ ရင်ဆိုင်မတိုက်မီ မိုင်းထိခံရသဖြင့် ကျဆုံးခံရမှုတွေ ရှိသည်။ ထိုအတွက် ကားစီးလည်းအသင့်၊ ရထားစီးလည်း မငိုက်ရဲ၊ ရင်တဒိန်းဒိန်းနှင့် လာခဲ့ကြရပါသည်။ ဖားအံသို့ ညနေပိုင်း ရောက်သွားကြသည်။

နောက်တစ်နေ့နံနက်စောစော ကျွန်တော်တို့ တပ်ရင်း ရမခ (ရည်မှန်းချက်) ဒေသသို့ ထွက်ခဲ့ကြသည်။ ထိုစဉ် - အခြေအနေက KNU တို့က ဒေသခံများပီပီ ရွာတိုင်းလိုပင် သူတို့၏ သွေးမျိုးသားချင်းများ ရှိနေကြသည် ဖြစ်ပါသည်။ စစ်ကြောင်းချီလာသည့် သတင်းကြားနိုင်သည်ဖြစ်၍ တပ်ရင်းမှူးက စစ်ကြောင်းကို နှစ်ခုခွဲလိုက်သည်။ ပိုင်ကျုံဘက်မှ တစ်ကြောင်း၊ ရွှေဂွန်းဘက်မှတစ်ကြောင်းတက်ပြီး လှိုင်းဘွဲ့တွင် ပြန်ဆုံရန် ဖြစ်ပါသည်။ ရန်သူသတင်းရသည့်တိုင် ဖဝေဖဝါနှင့် အတည်မပြုနိုင်ဖြစ်ရသလို ချုံခိုတိုက်ခိုက်မှုမှ သက်သာရန်လည်း ဖြစ်ပါသည်။

ပိုင်ကျုံဘက်မှ တက်သော တပ်ရင်းမှူး ဦးဆောင်သည့် စစ်ကြောင်းတွင် ကျွန်တော်တို့ လူသစ်တွေ ပါဝင်ခဲ့ပါသည်။ တင်ဆွေနှင့် မောင်ငွေတို့က စက်တလေးကိုင်သူ (စက် - ၁ နှင့် စက် - ၂) ဖြစ်သည်။ ချီတက်ရသည်မှာ ယခုခေတ်လို ခရီးလမ်းချောမွေ့သည်မဟုတ်ပါ။ ခုတ်ထွင်ရှင်းလင်းရသည်၊ တောတောင်ကျော်လွှားသွားရသည် ဖြစ်၍ပင် ပင်ပန်းကြန့်ကြာပါသည်။ စစ်ကြောင်း - ၂ နှင့်လည်း အဆက်မပြတ် ဆက်သွယ်ညှိနှိုင်းကြရသည်။ ကံကောင်းစွာဖြင့် ကျွန်တော်တို့ စစ်ကြောင်း ချောချောမောမောပင် လှိုင်းဘွဲ့

www.burmeseclassic.com

တွင် ပေါင်းစုံမိကြသည်၊ တပ်ရင်းမှစထွက်လာသည်မှဆိုလျှင် ငါးရက်မျှပင် ကြာခဲ့ပါသည်၊

လှိုင်းဘွဲ့မှ ထွက်သည်နှင့် ကျွန်တော်တို့ သတိကြီးစွာထားပြီး လာခဲ့ရသည်၊ ရန်သူကျက်စားရာ နယ်မြေဖြစ်၍ပင် အခြေအနေက သိသာစွာ ထူးခြားနေသည်၊ နေ့လယ်ပိုင်းရောက်သည့်တိုင် တောင်ယာ လယ်လုပ်သူများပင် မတွေ့ရပါ၊ ရွာဆက်တွေကလည်း ဝေးလှသည်၊ ရွာတွေရောက်၍ ရန်သူသတင်းစုံစမ်းမေးမြန်းလျှင် မရှိပါ၊ မသိပါသည်ချည်း ဖြေကြသည်၊ အမှန်တော့ - ရွာသားတွေ အပြစ်မဟုတ်ပါ၊ ရန်သူဆွေမျိုးတွေက ရွာထဲမှာ ရှိကြသည်၊ အမှန်အတိုင်း ဖြေလိုက်ခဲ့ပါက နောက်တစ်နေ့ ရန်သူ၏ ကလဲ့စားချေသတ်ဖြတ်မှုကို ခံရမည်က သေချာနေသည်၊

နီးရာမားကြောက်ရသည်ဆိုသည်မှာ သူတို့ဘဝ အခြေအနေပင် ဖြစ်သည်၊ ရန်သူသတင်းသာ ကျွန်တော်တို့ မရပေမဲ့ ကျွန်တော်တို့သတင်းတို့တော့ ရန်သူကမှန်မှန်ရနေခဲ့ပါသည်၊ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ အလယ်ရွာမှထွက်လာ၍ တစ်မိုင်ကျော်သာ ရောက်လာသည်၊ ဆီးကြိုနှုတ်ဆက်လိုက်သော သေနတ်သံတွေ ဆူညံနေသည်၊ ရှေ့ဆုံးမှ တင်ထောက်(ပွိုင့်)သမား သုံးယောက်ထိမှန်ပြီး တစ်ယောက်သေဆုံးသွားခဲ့ရသည်၊ ရန်သူသည် ပွိုင့်သုံးယောက်ကို လွှတ်ပေးလိုက်ပြီးမှ နောက်က တက်လာသည့် တပ်ခွဲကိုသာ ပစ်ခတ်မည်ဆိုပါက ယခုထက်ပိုပြီး အကျအဆုံး ရှိနိုင်ပါသည်၊

သေနတ်သံကြားသည်နှင့် ကျွန်တော်တို့အားလုံး နေရာယူပြီး ဖြစ်ကြသည်၊ တပ်ခွဲမှူးကတစ်ဆင့် ပေးလာသည့် စစ်မြေပြင်အချက်ပြနည်းအတိုင်း ရှေ့တက်ခဲ့ကြသည်၊ ရန်သူက ပစ်အားကို ဖိသုံးနေသည်၊ ကျွန်တော်တို့က ဘယ်ညာဖြန့်ကာ တစ်ဆင့်တက်ကာပစ်ပစ်၊ ဘယ်ညာတက်နှင့် လှုပ်ရှားခဲ့ကြသည်၊ သည်အချိန် မောင်ငွေနှင့်တင်ဆွေတို့အတွဲက ရှေ့ကို ပြေးတက်



သွားကြသည်၊ ကိုက်နှစ်ဆယ်ခန့်အရောက် ကုန်းမြင့်လေးတွင် နေရာယူပြီး ရန်သူကို အတွဲလိုက်၊ ခေါင်းမဖော်နိုင်အောင် ပစ်ခတ်နေပါသည်၊ သူတို့ရှေ့ ဆယ်ကိုက်ကျော်ကျော်တွင် ပေနှစ်ဆယ်ခန့်ရှိမည့် ချောင်းငယ်လေး ရှိနေသည်၊

ချောင်းတစ်ဖက် ကိုက်ငါးဆယ်ခန့်တွင် ကျွန်တော်တို့ ပွိုင့်ရဲဘော် သုံးယောက် ထိမှန်ခံရပြီး လဲကျနေသည်ကို မြင်ရသည်၊ ကျဆုံးသွားသော ရဲဘော်ဘေးရှိ ဒဏ်ရာနှင့် ရဲဘော်နှစ်ယောက်ကလည်း ပြန်ပြီးပစ်ခတ်နေသည်၊ ကျွန်တော်တို့အားလုံး ချောင်းငယ်ကိုဖြတ်ပြီး နေရာယူနိုင်ဖို့ လိုအပ်နေပါသည်၊ သည်အချက်ကို တွေးမိသော တင်ဆွေနှင့် မောင်ငွေတို့က စွန့်စားနေခြင်းဖြစ်သည်၊ ထိုစဉ် - တင်ဆွေက ရုတ်တရက် စက်ကလေးကို ခါးနှင့်ကပ်လျက်ပစ်ရင်း ပြေးတက်သွားပါသည်၊

"ဟာ - ဟေ့ကောင် မတက်နဲ့၊ နေရာမှာနေ"

"တင်ဆွေ - နေရာယူလိုက်"

တပ်စိပ်မှူး ကျော်ငွေနှင့် မောင်ငွေတို့က လှမ်းတားမြစ်သော်လည်း မရပါ၊ နောက်ပိုင်းရဲဘော်တွေနှင့် ကွာဝေးနေပြီး ရန်သူပစ်ကွင်းနီးကပ်နေကြသူ ရဲဘော်တွေအတွက် စိုးရိမ်စိတ်ကြောင့် ချောင်းပေါ်ဖြတ်တင်ထားသော အုန်းပင်စည်တုံးပေါ်ဖြတ်ပြေးသွားနေပါသည်၊ တစ်ဖက်ကမ်းအရောက်တွင် ရန်သူဘက်မှ ပစ်ခတ်လိုက်သော စိန်ပြောင်းကြီးကျည်ဆန် ကျရောက် ပေါက်ကွဲ သွားသည်ကိုမြင်လိုက်ကြရသည်၊ ကျွန်တော်တို့စိုးထိတ်စွာ အော်မိကြသည်၊

"ဟာကွာ - သွားပြီထင်တယ်"

"တောက် - တင်ဆွေရယ်၊ ဖြစ်မှ ဖြစ်ရတယ်"

ကျွန်တော်တို့အားလုံး ဝမ်းနည်းခြင်း၊ နာကြည်းခြင်း၊ ဒေါသထွက်ခြင်းတို့နှင့်အတူ ဘာကိုမှ ဂရုမစိုက်တော့၊ ရှေ့ကို တစ်ဟုန်ထိုးပြေးတက်ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ တပ်စုမှူး၊ တပ်ခွဲမှူးတို့ တားမြစ်သံတွေက ကျွန်တော်တို့ ခြေလှမ်းတွေနှင့် သေနတ်ပစ်ခလုတ်ပေါ်မှ လက်ညှိုးတွေကို မရပ်တန့်နိုင်ခဲ့ပါ။ မတတ်သည့်အဆုံး ကျွန်တော်တို့ကို အကူပစ်လက်နက်ကြီးတပ်ခွဲက ဆက်တက်ပစ်ခတ်ကူညီပေးပါတော့သည်။ ကျွန်တော်တို့ ပိုမိုအားတက်ကာ ဆက်တိုက်ခဲ့ကြသဖြင့် ရန်သူ၏ အပြင်ခံစစ်ကြောင်းကို ချိုးဖျက်နိုင်ခဲ့ပြီး ရန်သူ၏ စခန်းကို သိမ်းပိုက်ရရှိခဲ့ပါတော့သည်။

ကျွန်တော်တို့ဘက်မှ ဦးစွာကျဆုံးသော ပွိုင့်ရဲဘော်နှင့် တင်ဆွေအပြင် နောက်ထပ် မောင်ထွေး၊ ညွန့်လွင်နှင့် မောင်သန်းကြီးပါ အားလုံး ငါးယောက် ကျဆုံးခဲ့သည်။ ဒဏ်ရာရသူလေးယောက်သာ ရှိပါသည်။ ရန်သူအလောင်း ဆယ့်ခြောက်လောင်းနှင့် လက်နက်ခဲယမ်းများ၊ ဝါယာလက်စက်သုံးလုံးတို့ သိမ်းဆည်းရရှိခဲ့ပါသည်။ ရန်သူနောက်သို့ ဆက်လတ်လိုက်ရန်က မှောင်စပျိုးနေပြီမို့ မဖြစ်တော့။ ရန်သူစခန်းတွင်သာ ရပ်နားလိုက်ကြရတော့သည်။

ရှေ့တန်းမှ အောင်မြင်မှုနှင့် ပြန်လာကြရသော်လည်း ကျဆုံးကျန်ရစ်ခဲ့ရသည့် ရဲဘော်ငါးယောက်အတွက် ကျွန်တော်တို့တပ်ခွဲမှ ရဲဘော်တိုင်း ဝမ်းနည်းမှုကိုပါ ယှဉ်တွဲခံစားနေကြရသည်။ တပ်ရင်းပြန်ရောက်ပြီး သုံးရက်အကြာတွင် အင်မတန် ထူးဆန်းအံ့ဩစရာသတင်းကို ကြားကြရပါသည်။

"ကျဆုံးသွားသော ရဲဘော်တင်ဆွေကို တပ်တွင်းစစ်ခုံရုံးတင်မည်" ဆိုသည့် သတင်းဖြစ်ပါသည်။ ကြားရသူတိုင်း တအံ့တဩပင်။

"ဟာ - လက်နက်ကြီးထိလို့ လူမပြောနဲ့ သေနတ်တောင်မှ တစ်စစီ ဖြစ်သွားတာ မဖြစ်နိုင်ပါဘူး"

"အေးလေ - ဟိုမှာ သေလို့ပစ်ထားခဲ့ရတာ ဘယ်သူက ဘာနဲ့ခေါ်လာလို့ လဲ"



ရဲဘော်တွေက တစ်ယောက်တစ်မျိုး ပြောကြသည်။ သူတို့ပြောသလို ပင် ဟိုးကရင်ပြည်နယ်တွင် အလောင်းပင် ရှာမရခဲ့သော တင်ဆွေကို သည် နေရာသို့ အဘယ်သူက ခေါ်လာနိုင်ပါလိမ့်။ ရဲဘော်တွေသာမက တပ်ရင်း တစ်ခုလုံးကပါ စိတ်ဝင်စားနေကြသည်။ စောင့်မျှော်နေကြသည်။

တပ်ရင်းခန်းမဆောင် ခေါင်းရင်းဘက်တွင် စားပွဲကြီးတစ်လုံး နောက်တွင် ကုလားထိုင်နှင့် တပ်ရင်းမှူးကြီး ထိုင်နေသည်။ ရှေ့ဘက် ဘယ်ညာ နှစ်ဖက်တွင် အရာရှိသုံးယောက်စီ ထိုင်နေကြ၍ အလယ်ကောင်တွင် ကုလား ထိုင်တစ်လုံး ချထားသည်။ ထိုင်သူမရှိပါ။

ခန်းမဆောင်အနောက်ဘက်တွင်တော့ စိတ်ဝင်စားနေကြသည့် အကြပ် ရဲဘော်တွေ စိတ်အားထက်သန်စွာ စောင့်ကြည့်နေကြသည်။ တစ်သက်တွင် မကြားဘူး၊ မကြုံဘူးသော ကိစ္စတစ်ခုကို တွေ့မြင်ကြရတော့မည်မို့ မျှော် လင့်စောင့်ဆိုင်းနေကြခြင်းပင်။

တပ်ရင်းမှူး ရှေ့စားပွဲပေါ်တွင် တင်ထားသည့် မာတ်ခဲသုံးစားပွဲတင် နာရီ လေးက အလန့်တကြားသံ အော်မြည်လိုက်လေသည်။ ခန်းမကြီးထဲ ရှိနေ ကြသူတွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ တောင်ကြည့်ကြ၊ မြောက် ကြည့်ကြနှင့်။

ခဏအကြာ - ဘယ်ညာ ဘယ်ညာ၊ ညာကွေ့ဆိုသည့် အသံကြားရပြီး တပ်ရဲနှစ်ယောက်နှင့် နောက်မှ လိုက်လာသော တပ်ရင်းအရာခံဗိုလ်ကြီးကို တွေ့ရသည်။ ခန်းမဆောင်ထဲရှိ လူမရှိသော ကုလားထိုင်ဘေးနှစ်ဖက်တွင် တပ်ရဲတစ်ယောက်စီ ရပ်လိုက်သည်။ တပ်ရဲတစ်ယောက်က လက်ထဲ ကိုင် ထားသော ပစ္စည်းတစ်ခုကို ကုလားထိုင်ပေါ်ချလိုက်သည်။ သေသေချာချာ ကြည့်တော့မှ ကိုယ်ပိုင်နံပါတ်ပါသော စိမ်းနီပြာကလေးမှန်း သိရသည်။ ရဲဘော်တင်ဆွေ သေဆုံးသောနေရာမှ ရှားရှားပါးပါးရခဲ့သော တင်ဆွေ၏ ကိုယ်ပိုင်နံပါတ်ပြား ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"တရားခံ ရဲဘော်တင်ဆွေ ရောက်ပါပြီ - ဗိုလ်မှူးကြီး"

အရာခံဗိုလ်ကြီးက သတင်းပို့လိုက်သည်၊ ရဲဘော်တင်ဆွေကို တရားခံဆို၍ ကျွန်တော်တို့ အံ့အားသင့်ကုန်သည်၊ သည်ကောင် ဘယ်တုံးက ဘာတွေ လုပ်ခဲ့ပါလိမ့်ဆိုတာ ကျွန်တော်တို့ ခန်းမထဲကို လှည့်ပတ်ကြည့်မိပါသည်၊ တင်ဆွေနှင့် ဆင်ဆင်တူသူကိုပင် မတွေ့ပါ၊ ထိုစဉ် - တပ်ရေးဗိုလ်ကြီးက မတ်တတ်ရပ်လိုက်သဖြင့် တီးတိုးပြောဆိုနေကြသံများ တိတ်ဆိတ်သွားတော့သည်၊



တာဝန့်ကို ကျေပွန်စွာ ထမ်းဆောင်သွားကြောင်း ခိုင်မာစွာ ထွေ့ရှိရသည်ဖြစ်၍ သင်အား ဤအမှုမှ အပြီးတိုင် လွှတ်လိုက်သည်၊ ယခုအချိန်မှစ၍ သင်အား ဤအခင်းမှ တစ်သားအဖြစ်မှ ထုတ်ပယ်ပြီးဖြစ်သောကြောင့် သင် သွားလိုရာ သွားနိုင်သည်၊

"အခု - အမှုဖြစ်စဉ်က ကရင်ပြည်နယ်အတွင်း ရောက်ခဲ့ချိန်မှာပါ"

တပ်ရေးဗိုလ်ကြီးက ပထမဆုံး တိုက်ပွဲဖြစ်စဉ်ကို ပြောပြခဲ့ပြီး တိုက်ပွဲအတွင်း ပျက်စီးပျောက်ဆုံးသွားသော စက်ကလေး (BREN-GUN) အတွက် တာဝန်ရှိသူ ရဲဘော်တင်ဆွေအား တပ်ရင်းအနေနှင့် အရေးယူအပြစ်ပေးရန် ပြောနေသည်၊

"အဓိကအချက်က နိုင်ငံတော်နဲ့ တပ်မတော်ပိုင်စစ်လက်နက်ပစ္စည်း ပျက်စီးပျောက်ဆုံးသွားခြင်းကြောင့် ရဲဘော်တင်ဆွေမှာ တာဝန်ရှိပြီး တာဝန်ပျက်ကွက်ခဲ့မှုအတွက် အရေးယူအပြစ်ပေးပါရန် တင်ပြအပ်ပါသည် ခင်ဗျား"

တပ်ရေးဗိုလ်ကြီးက နိုင်ငံတော်အစိုးရ (တရားလို) ကိုယ်စားတင်ပြပြီးသည့်အခါ ကျွန်တော်တို့ တပ်ခွဲမှူးက ရဲဘော်တင်ဆွေ (တရားခံ) ကိုယ်စား ချေပတင်ပြနိုင်ရန် ရပ်လိုက်သည်၊

"ပထမဦးစွာ တင်ပြလိုတာကတော့ ရဲဘော်တင်ဆွေဟာ သင်တန်းကျောင်းကဆင်းပြီး ကျွန်တော်တို့တပ်ကို ရောက်လာခဲ့တာ တစ်နှစ်မပြည့်သေးပေမဲ့ တာဝန်စည်းကမ်းရှိသေပြီး စာရိတ္တကောင်းတဲ့ ရဲဘော်ဖြစ်တယ်ဆိုတဲ့အကြောင်း ဖြစ်ပါတယ်"

တပ်ခွဲမှူးက ရဲဘော်တင်ဆွေ တာဝန်ကျေမှု၊ အထက်အရာရှိများအား ရိုသေလေးစားခြင်း၊ ရဲဘော်ချင်း စာနာကူညီမှု၊ အနစ်နာခံတတ်မှုတို့သာမက ပထမဆုံး မြစ်ဝကျွန်းပေါ်တိုက်ပွဲတွင် စွန့်စားခဲ့ပုံတို့ကို တင်ပြခဲ့သည်၊ ဆက်လက်ချေပပြောဆိုရင်းမှ ရဲဘော်တင်ဆွေတွင် တာဝန်မရှိသလို စွဲချက်တင်ထားခြင်းမှ ပယ်ဖျက်ပေးပြီး အပြစ်မှ လုံးဝလွှတ်ပေးရန်တို့ကို တင်ပြခဲ့ပါတော့သည်၊

"ကျွန်တော် - နောက်ဆုံးတင်ပြလိုတာက အခုဖြစ်စဉ်မှာ တပ်မတော်ပိုင် စစ်လက်နက် ပျက်စီးဆုံးရှုံးရတာကလည်း ရဲဘော်တင်ဆွေရဲ့ပေါ့လျော့



www.burmeseclassic.com

www.burmeseclassic.com

မှုမရှိကြောင်း တိုက်ပွဲဖြစ်စဉ်တာ သက်သေခံနေပါတယ်၊ ရဲဘော်တင်ဆွေ အနေနဲ့ ရန်သူပစ်ကွင်းထဲ ရောက်နေသူ ဒဏ်ရာနဲ့လဲနေကြတဲ့ ရဲဘော်နှစ်ယောက်အတွက် စိုးရိမ်စိတ်ကြောင့် အသွားမှာ ရန်သူလက်နက်ကြီး ထိမှန်ရလို့ ကျဆုံးခဲ့တာကြောင့် အပြစ်မှကင်းလွတ်ရုံသာမက ရဲဘော်ချင်း အသက် စွန့်ကာကွယ်ပေးလိုတဲ့ စိတ်ဓာတ်ကြောင့် ဂုဏ်ပြုမှုပါ ပြုလုပ်သင့်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည် ခင်ဗျား"

တပ်ခွဲမှူး၏ တစ်ချက်ခုတ်၊ သုံးချက်ပြတ်ဆိုသလို အပြစ်မရှိကြောင်းနှင့် အပြစ်မှ လွတ်ပေးရန်သာမက ရဲဘော်စိတ်ရှိသူအဖြစ် ဂုဏ်ပြုရန်ပါ တင်ပြလိုက်ခြင်း ဖြစ်ပါသည်၊ ကျွန်တော်တို့အားလုံးမှာ ဝမ်းပန်းတသာ လက်ခုပ်တီးချင်အောင် ဖြစ်သွားပါသည်၊ သို့သော်လည်း -ငြိမ်နေလိုက်ကြရပါသည်၊ တပ်ရင်းမှူးက သူ့ရှေ့ဘယ်ညာရှိဒုတပ်ရင်းမှူးနှင့် အုပ်ချုပ်မှု တပ်ခွဲမှူးတို့ကို လှမ်းကြည့်လိုက်သည်၊ ဗိုလ်မှူးနှစ်ယောက်ကလည်း ပြိုင်တူပင် သူတို့ လက်မတွေကို ထောက်ပြလိုက်ကြပါသည်၊

အခြေအနေက ကျွန်တော်တို့ ချစ်ရဲဘော်တင်ဆွေဘက်မှ အရေးသာပြီးဖြစ်ကြောင်း သိလိုက်ရသည်၊ တပ်ရင်းမှူးက အတန်ကြာ စာကုန်းရေးနေသည်၊ ပြီးမှ -စားပွဲထောင့်စွန်းတွင် လက်နှိပ်စက်ရိုက်နေသော တပ်ကြပ်ကြီး စာရေးအောင်မြင့်ကို ပေးလိုက်သည်၊ တပ်ကြပ်ကြီးစာရေးက တဖြောက်ဖြောက်နှင့် ရိုက်ပါတော့သည်၊ ရဲဘော်တင်ဆွေအတွက် အမိန့်စီရင်ဆုံးဖြတ်ချက်ပင် ဖြစ်ပေမည်၊ ကျွန်တော်တို့ ရဲဘော်အားလုံး ရင်တထိတ်ထိတ်နှင့် စောင့်မျှော်နေကြသည်၊ ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လား၊ သေချာမသိနိုင်ပါ၊

ငါးမိနစ်မျှကြာတွင် တပ်ကြပ်ကြီးက တပ်ရင်းမှူးကို စာရွက်လှမ်းပေးလိုက်သည်၊ တပ်ရင်းမှူးက သေချာဖတ်ကြည့်ပြီးမှ လက်မှတ်ထိုးသည်၊ ထို့နောက် -အမိန့်စာကို ဖတ်ကြားပါတော့သည်၊



"ခြေမြန်တပ်ရင်း (---)တပ်ခွဲ (၁)မှ ကိုယ်ပိုင်အမှတ် (---) တပ်သား တင်ဆွေအား (----)စွဲချက်ပါအမှုနှင့် ပတ်သက်ပြီး စစ်ဥပဒေပုဒ်မ (---) အပိုဒ်ခွဲ (-----)နှင့် ငြိစွန်းခြင်းမရှိ၊ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သွားကြောင်း ခိုင်မာစွာ တွေ့ရှိရသည်ဖြစ်၍ သင့်အား ဤအမှုမှ အပြီးတိုင် လွှတ်လိုက်သည်၊ ယခုအချိန်မှစ၍ သင့်အား ဤတပ်ရင်းမှ တပ်သားအဖြစ်မှ ထုတ်ပစ်ပြီးဖြစ်သောကြောင့် သင် သွားလိုရာ သွားနိုင်သည်၊

ဗိုလ်မှူးကြီး

တပ်ရင်းမှူး

အမှတ် (----) ခြေမြန်တပ်ရင်း

တပ်ရင်းမှူး အမိန့်ပြောကြားသံအဆုံးတွင် ကျွန်တော်တို့ရဲဘော်တွေမှာ သည်တစ်ကြိမ်တော့ ဘာမှ တွေးတောကြောက်ရွံ့မနေတော့ပါ၊ ဝမ်းသာအားရ လက်ခုပ်တီးအော်ဟစ်မိကြပါလေသည်၊

❐

အမှုစစ်ပြီး၍ ဝမ်းသာစိတ်ကိုယ်စီနှင့် ကျွန်တော်တို့ ပြန်လာမိကြပါသည်၊ ဘားတိုက်(အိပ်ဆောင်)ပြန်ရောက်ကြသည့်အခါတွင်မှ ကျွန်တော်တို့မှာ တစ်ယောက်နှင့်တစ်ယောက် မေးကြပြောကြနှင့် အဖြေမရှိသောစွာများကို တည်ဆောက်မိကြပါလေသည်၊

ကရင်ပြည်နယ်တွင် သေဆုံးကျန်ရစ်ခဲ့သူ ရဲဘော်တင်ဆွေကို ဤစစ်ဆေးရုံးသို့ မည်သူက မည်သို့ သွားခေါ်ပါသနည်း၊ သူ လာ၊ မလာကို မည်သူ က သိမြင်ပါသနည်း၊ အမှုစစ်ဆေးသည့်နေရာကို တကယ်ရောရောက်



www.burmeseclassic.com

www.burmeseclassic.com

လာခဲ့ပါလား။ ကတ်သီးကတ်ဖွဲ့ပြောရသော် ဒီလိုဝေးလံသော ကားတစ်တန်း ရထားတစ်ခါ သင်္ဘောစီး ခြေကျင်သွားနှင့် လေးငါးရက်သွားလာရသော ခရီး ကို သွားခေါ်လာသည်ဆိုခြင်းတို့မှာ ယုံနိုင်ဖွယ်ရာမရှိပေ၊ အဓိပ္ပာယ်လည်း မရှိပါ။

သို့သော် – ကျွန်တော်တို့ထက် အသက်ကြီး၊ ပညာကြီး၊ ရာထူးကြီးကုန် ကြသော အရာရှိတွေ လုပ်ကိုင်ကြသည်မို့ ဘာမှ မမေးရဲကြပါ၊ ထိုထက် ပိုခက်သည်က ကျွန်တော်တို့တစ်တွေမှာ (ခ) သုံးလုံးလူတန်းစားတွေ။ ခေါ်ရင်သွား၊ ခိုင်းတာလုပ်၊ ခံမပြောနဲ့ဆိုသည့် ရဲဘော်တွေ မဟုတ်လား။ သည်တော့ – ကျွန်တော်တို့ရဲဘော်တွေ အချင်းချင်းပြောရင်းမေးရင်း ရှာရှာ လည်နေသည်၊ တခြားတပ်ခွဲက စိတ်ဝင်စားသည့် ရဲဘော်တွေကပါ မေးလာ ကြသေးသည်၊ ထိုအခါမျိုးတွင် ကျွန်တော်တို့က အမှန်မပြောပါ။ ကိုယ့်တပ်ခွဲ သိက္ခာကျမည်မဟုတ်လား။

“ဟ – တပ်ခွဲမှူးကိုယ်တိုင် သွားခေါ်ရတာ”

ခပ်တည်တည်ပြောလိုက်၍ ထပ်မမေးကြတော့၊ တင်ဆွေနှင့် ပတ်သက် ပြီး တစ်လကျော်မျှ ပြောမဆုံးကြပါ။ နောင်သောအခါ ကျွန်တော်တို့ တပ် အပြောင်းအရွှေ့ကြောင့် လူစုကွဲသွားခဲ့ကြသည်၊ သည်တော့မှ တင်ဆွေ နှင့်ပတ်သက်သော ပဟေဠိဆန်း၊ ပုစ္ဆာဆန်းတို့ကို မေ့သွားခဲ့ကြပါသည်။ တစ်ခါမှလည်း မတွေးမိခဲ့ပါ။

တစ်ကယ်တန်း ပြီးပြတ်သွားသင့်ပါလျက် အသစ်တစ်ဖန် ပြန်လည် ဆန်းသစ်လာစေခဲ့သူက ရဲဘော်မောင်ငွေပင် ဖြစ်ပါလေသည်၊ တပ်တွေ ပြောင်းလို့ လူသစ်တွေနှင့် ပေါင်းသင်းနေရတော့ တင်ဆွေအကြောင်း မေ့ နေခဲ့ရာက ကျွန်တော် ရောက်နေသော တပ်ရင်းကို တပ်ခွဲတပ်ကြပ်ကြီးတစ် ယောက် ပြောင်းလာသည်ကိုကြားရသည်။ မည်သူမှန်း မသိ၍ ခပ်အေးအေး နေခဲ့ရာ တစ်နေ့ – တပ်ရင်းရုံးတွင် ဆုံမိကြရာမှ မောင်ငွေမှန်းသိရသည်။



ဝမ်းပမ်းတသာ ဖြစ်ရသည်၊ သူနှင့် ရိပ်သာတွင် တွေ့ဆုံကာ အတိတ်ဇာတ် လမ်းတွေ ပြန်ဆန်းသစ်မိကြသည်။ အမှန်တော့ – တင်ဆွေနှင့် သူက တစ် နယ်တည်း။ တစ်ရွာတည်းသား၊ အချစ်ဆုံး သူငယ်ချင်းတွေဆိုတော့ ကျွန် တော်တို့ထက်ပိုပြီး သံယောဇဉ်ကြီးပေသည်။

သည်တော့ – တင်ဆွေအကြောင်း ပြောဖြစ်ကြတော့သည်။ ပြောရင်းက မောင်ငွေက ခပ်ပြုံးပြုံးလုပ်နေ၍ ကျွန်တော်က မသင်္ကာသလိုဖြစ်လာသော ကြောင့် မေးမိသည်။

“ဟေ့ကောင် – ဒိန်းဒေါင်း၊ မင်း ရယ်ပုံက ဘာလဲကွ၊ မှန်မှန်ပြောစမ်း”

“အော် – မင်းတို့ကောင်တွေ အမျိုးမျိုးပြောနေကြတာကို ငါ သဘောကျ လို့ပါ”

သူ့စကားကြောင့် ကျွန်တော် စိတ်ရှုပ်ထွေးသွားရသည်။

“မင်းကရော ဘာတွေသိလို့ ပြောရတာလဲ”

“အေး – ခုမှပဲ ပြောရတော့မယ်။ အမှန်က တိုက်ပွဲမှာ သေသွားတော့ သူ့ယူနီဖောင်းအစုတ်အပြတ်တွေထဲက သူ့ရဲ့ကိုယ်ပိုင်နံပါတ်ပြား ကျန်ခဲ့တာ ကို ငါ ယူခဲ့တာ မှတ်မိလား”

တပ်တွင်း စစ်ခုံရုံးပြုလုပ်စဉ် တပ်ရဲတစ်ယောက်က ကုလားထိုင်ပေါ် ချလိုက်ပုံကို ပြန်လည်မှတ်မိလိုက်ပါသည်။

“အေး – အေး – မှတ်မိတယ်၊ စစ်ခုံရုံးထိ ယူလာသေးတယ်”

“အေး – ငါ ယူလာတုန်းက ငါ့သူငယ်ချင်းကို အမှတ်တရနဲ့ ယူလာမိတာ။ အဲဒါ ဒီကောင်ပါ ပါလာခဲ့တာကွ”

“ဘာ – ဘာ – တင်ဆွေက မင်းနဲ့ပါလာတယ် ဟုတ်လား”

ကျွန်တော် မယုံနိုင်သလို မေးလိုက်မိသည်၊ သေသွားသည့်လူက ကျွန်တော်တို့နှင့်အတူ လိုက်ပါခဲ့သည်ဆိုခြင်းမှာ မဖြစ်နိုင်ပါ။

“မင်း – မယုံလည်းနေလေ၊ ဒီကောင်က တို့တပ်ခွဲ ဘားတိုက်နှစ်ခုထိပ်က ပိတောက်ပင်မှာ နေတယ်။ တပ်ခွဲထမင်းစားဆောင်က ဟင်းတွေပျောက်တာ



www.burmeseclassic.com

www.burmeseclassic.com

သူ့လက်ချက်ပေါ့။ ကြာရင် - သည့်ထက် ပိုဆိုးလာမှာကြောင့် တပ်ခွဲမှူးကို ပြောလိုက်ရတာ"

မောင်ငွေက ပြောမှ ဇာတ်လမ်းစုံသိရတော့သည်၊ သို့သော် - သိပ်ပြီးတော့ မကျေနပ်သေးပါ။ အမှုစစ်သည့်နေ့က မြင်ကွင်းကို ပြန်လည်မြင်ယောင်ကာ တင်ဆွေတစ်ယောက် စစ်ခုံရုံးကို တကယ်ပင် ရောက်ရှိလာခဲ့သည်လား၊ သူ ပါလာသည်ကို တပ်ရင်းမှူးနှင့် အရာရှိများကရော မြင်ခဲ့ကြပါသလား၊ ကြားဖူးထားသည်တို့ အတိုင်းဆိုပါက သူလာကြောင်းသိရန် အသံပေးခြင်း၊ တစ်စုံတစ်ခုကို လှုပ်ရှားပြခြင်း၊ အနံ့အသက်ပေးခြင်းတို့ တော့ ဖြစ်ရပါမည်၊ သည်သို့လည်း တစ်ခုခုမှ မပြုလုပ်ခဲ့ပါ။ စဉ်းစားတွေးဆခဲ့သည်မှာ အကြိမ်ကြိမ်ပင်၊ တပ်မှ ထွက်လာခဲ့ပြီး ယခု သည်အချိန်တိုင်၊ တွေးလေရှုပ်လေပင် ဖြစ်နေပါလေသည်။

(သပြေတပ်ခွဲ၊ စံပယ်တပ်ခွဲမှ သူငယ်ချင်းများနှင့် ရဲဘော်ဒိန်းဒေါင်သို့ အမှတ်တရ (လေးကေ - တိုက်ပွဲ) ကို ရည်ညွှန်းပါသည်။)

→ ကေရာဂ်



www.burmeseclassic.com

## ဇောချက်ထိုဗိုရှင့်

# သရဲခြောက်သော အိမ်များ

တောက်ထိန်

"ဟာ - ကျွန်မတော့ မနေဘူးနော်။ အစ်ကိုကြိုက်ရင် ကိုယ့်ဟာကိုယ် တစ်ယောက်ထဲ သွားနေ။ ကျွန်မ ကလေးအငယ်တွေနဲ့ တစ်ရစ အဖြစ်မခံနိုင်ဘူးတဲ့"

ဇနီးချော၏ ဆန္ဒဖော်ထုတ်ခြင်း ဖြစ်ပါသည်။ အတိတ်ကို ဆောင်ရသော် ...

ကျွန်တော်က ထိုစဉ်မှာ နိုင်ငံဝန်ထမ်းတစ်ယောက်ဖြစ်၍ ဒေသအသီးသီးကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည့်အခါ ကျွန်တော့်ဌာနက ရုံးတက်ရုံးဆင်းအပြင် ၂၄ နာရီတာဝန်ရှိအဖွဲ့အစည်းဖြစ်၍ဌာနကပေးသော အိမ်မှာပင် နေရသည်။ အပြင်မှာ နေခွင့်မရှိ။ ထို့ကြောင့် မြို့တကာ နယ်တကာ ပြောင်းရွှေ့ရသည့်အခါ ကျွန်တော့်အတွက် ရာထူးအဆင့်အတန်းနှင့်အညီ ရရှိသော အိမ်ခန်းတွေမှာနေခဲ့ရပါသည်။

ဌာနဆိုင်ရာ ကျယ်ဝန်းသော ခြံကြီးထဲမှာ ဝန်ထမ်းအဆင့်အတန်း အသီးသီးက အခန်းတွဲ တန်းလျားနှစ်ခန်းတွဲ နေအိမ်လုံးချင်းအိမ် စသည်ဖြင့် မိမိတို့ ရာထူးအလိုက် ရရှိသောအိမ်များတွင် နေထိုင်ကြရသည်ဖြစ်ရာ တစ်မျိုး ပျော်စရာကောင်းသလို လက်အောက်ဝန်ထမ်းများ၏ လူမှုရေး ပြဿနာအထွေထွေကို အနီးကပ်တွေ့နေရ၍ တစ်မျိုးတော့ စိတ်ညစ်ရပါသည်။

ကျွန်တော်က ဒေသတစ်ခုကို ပြောင်းရွှေ့ရောက်ရှိလျှင် ပထမဦးစွာ မိမိလက်အောက်ဝန်ထမ်းများ (ရာထူးငယ်စဉ်ကတော့ အထက်အရာရှိများကိုပါ) လေ့လာရသည်။ သူတို့၏ အကျင့်စရိုက် အကြိုက်ဝါသနာများကို စူးစမ်းရပါသည်။ သူတို့နှင့် အသားကျပြီဆိုတော့မှ ဒေသခံတွေ၏ ဓလေ့ထုံးစံများကို လေ့လာသည်။ ကျွန်တော်က စပ်စုတတ်သူဖြစ်၍ မြို့ဒေသအလိုက် တွေ့ရသည့် ရေလုပ်သားများ တောမုဆိုးများ အုတ်ဖုတ်လုပ်သားမိသားစုများ အနေးယာဉ်လုပ်သား ဆိုက်ကားဆရာ၊ မြင်းလှည်းဆရာများ သီးနှံအမျိုးမျိုး၊ ပန်းအမျိုးမျိုးစိုက်ပျိုးသူများနှင့် လုံးထွေးပေါင်းသင်းကာ သူတို့ လုပ်ငန်းတွေကို လေ့လာသည်။ သူတို့ အလုပ်တွေကို စပ်စုကူညီ ဝိုင်းလုပ်သည်။ ကျွန်တော်က အဆင့်အတန်းမခွဲဘဲ တရင်းတနှီးပေါင်းတာ ဖြစ်၍ ကြုံဖူးသူတိုင်းနှင့် ရင်းနှီးခင်မင်ခဲ့ပါသည်၊ တစ်ခါကများ မြို့တစ်မြို့သုသာန်စောင့်မိသားစုနှင့် သိကျွမ်း၍ သူတို့နှင့် တပူးတွဲတွဲနေသောကြောင့် ကျွန်တော့်ဇနီးနှင့် အခြေအတင် စကားများခဲ့ဖူးပါသည်။

ကျွန်တော်၏ ပင်ကိုဝါသနာက ဘာကိုမဆို စပ်စပ်စုစုရှိလှ၍ ရောက်လေရာရာမှ တံငါနှင့်ပေါင်းပြီး ငါးဖမ်းလှေပေါ်လိုက်၍ ပိုက်ဆွဲကူဖူးသည်။ မုဆိုးနှင့်ပေါင်း၍ လင့်စီးဖူးသည်၊ ပန်းချီဆရာ၊ ပန်းပုဆရာများနှင့် သူတို့ပညာကို လေ့လာဆည်းပူးပြီး ကိုယ်တိုင်ပဲ ပန်းထုထည်များ ထုလုပ်၍ အတော်အတန် လူကြိုက်များပြီး ရောင်းတန်းဝင်ခဲ့ဖူးသည်၊

နောက်တစ်မျိုး ကျွန်တော် လေ့လာရေးလုပ်တာက ရောက်လေရာမြို့မှာ ဖြစ်ပေါ်ခဲ့သည့် အထူးအဆန်းများကို စူးစမ်းတာဖြစ်သည်၊ တချို့မြို့များမှာ ဘုရားရောင်ခြည်တော် လွှတ်တယ်ဆိုတာမျိုး၊ တချို့မြို့မှာ ရတနာပေါ်တယ်ဆိုတာမျိုး၊ မြို့တစ်မြို့မှာတော့ နွားက လူစကားပြောတယ်ဆိုတာမျိုး ထူးထူးဆန်းဆန်းတွေကို မရောက် ရောက်အောင် သွား၍ကြည့်သည်။ ထိုထူးခြားမှု၏အဖြေကို မတွေ့တွေ့အောင် ရှာသည်၊ များသောအားဖြင့်

www.burmeseclassic.com

ထိုထူးခြားသော ဖြစ်ရပ်၏အကြောင်းရင်းကို သိခဲ့သည်က များပါသည်။ (အဖြေရှာတွေ့လျှင် သူများကို ထုတ်ဖော်ပြောတာမျိုး မလုပ်ပါ) အဖြေမသိရသောဖြစ်ရပ်တချို့ကို စာမူရေးသားခဲ့၍ စာတစ်အုပ်မှာပါခဲ့ပြီး တော်တော်ထူးဆန်းသည့်ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကိုရေးသားထားသည့်စာမူတစ်ပုဒ်က ပျောက်ဆုံးနေပါသည်။

ထူးခြားဖြစ်ရပ်ဆန်းများကို စိတ်ဝင်စားသော ကျွန်တော်သည် ရောက်လေရာမြို့တိုင်းလိုလိုမှာ ကြုံရ ကြားရသည်က သရဲခြောက်သော အိမ်အဆောက်အအုံများအကြောင်း ဖြစ်ပါသည်။ သူရဲခြောက်သော အိမ်များကိုတော့ ဘယ်လိုခြောက်သလဲ၊ တကယ်ခြောက်သလား စသည်ဖြင့် ကိုယ်တိုင်အဖြေမရှာရပါ၊ နောက်တစ်ကြောင်းကလည်း အိမ်ရှင် အဆောက်အအုံပိုင်ရှင်များက သူတို့အိမ် သရဲခြောက်သည့်အကြောင်း စာတစ်စောင် ပေတစ်ဖွဲ့ရေးမှာကို မလိုလားကြပါ၊ တချို့သရဲဖာတ်လမ်းများက ဟုတ်မှန်လောက်စရာရှိသော်လည်း အများစုမှာ ချဲ့ကားပြောကြတာ ဖြစ်ပါသည်။

ဟုတ်မှန်လောက်စရာဆို၍ မြို့တစ်မြို့မှာ လမ်းမကြီးဘေးက အိမ်တစ်လုံးသည် ပိုရှင်လည်း မနေ၊ လူငှားထား၍လည်း မရသဖြင့် ကုန်လှောင်ရုံလုပ်ထားရသည်။ ထိုအဆောက်အအုံ၏ ထူးခြားမှုက စေတီတစ်ဆူ၏ အာရုံခံတန်ဆောင်းနှင့် ကျောချင်းကပ်၍ ဆောက်လုပ်ထားသည် ကြားရသော သတင်းအရ ထိုအိမ်မှာ ညအိပ်သူကို ခုတင်ပေါ်က ဆွဲချသည်၊ တော်တော်ကြမ်းကြမ်းတမ်းတမ်း ခြောက်လှန့်သည်ဟု သိရသည်၊ တိတိကျကျမပြောနိုင်သော်လည်း ဘုရားဝတ္ထုကမြေနှင့် ရောယှက်နေပုံရသည်။ ထိုကြောင့်များ ဘုရားအစောင့်အရှောက်များက ထိုအဆောက်အအုံမှာ လူအနေမခံသည်လားဟု မသိနိုင်ပါ။

ထိုအိမ်မှာ သရဲခြောက်တာက ကျွန်တော်နှင့် တိုက်ရိုက်မပတ်သက်ပါ။ ထူးထူးဆန်းဆန်းမို့ စပ်စုရုံသက်သက်ပဲ ဖြစ်ပါသည်။ နည်းနည်းပါးပါး မေးမြန်းတာကိုပင် အိမ်ရှင်ဖြစ်သူက လိုလိုလားလားမရှိ၍ ရှေ့မဆက်ဘဲ လက်လျှော့ခဲ့ရပါသည်။



နောက်တစ်မြို့မှာ သရဲခြောက်သောအိမ်က ကျွန်တော်နှင့် နည်းနည်းပတ်သက်လာပါသည်၊ ထိုမြို့က ခရိုင်မြို့ကြီးဖြစ်သော်လည်း ရုံးကြီးတွေသာ ဝင်းကျယ်ခြံကျယ်ကြီးများနှင့်မို့ အရပ်သားအနေနည်း၍ စည်ကားခြင်းမရှိပါ၊ ခြံကျယ်ကြီးတွေထဲမှာ ရုံးအဆောက်အအုံတွေက ကြီးကြီးမားမား ဟောင်းဟောင်းနွမ်းနွမ်း ရှေးက အဆောက်အအုံများသာ ဖြစ်ကြသည်။ ထိုမြို့ကို အရောင်းအဝယ်ကိစ္စနှင့် လာသူမရှိ၍ တည်းခိုခန်းများမရှိပါ၊ ရုံးကိစ္စနှင့် လာသူကိုတော့ သက်ဆိုင်ရာဌာနကပဲ သင့်ရာအဆောက်အအုံမှာ ညအိပ်ညနေ နေရာချထားပေးရပါသည်။

ကျွန်တော်က ထိုမြို့၏ မိမိဌာနမှာ အကြီးအကဲဖြစ်၍ အထက်အရာရှိများ တာဝန်နှင့်လာလျှင် သူတို့အဆင့်အတန်းနှင့်အညီ တည်းဖို့နိုဖို့ စီစဉ်ပေးရသည်၊ တစ်ကြိမ်မှာတော့ ကျွန်တော့်အထက်ဌာန (ရုံးချုပ်)မှ အကြီးအကဲတစ်ခုအဖွဲ့နှင့် လာမည်ဟု ကြိုတင်သတင်းရသည်၊ တစ်ယောက်တလေဖြစ်လျှင် ကျွန်တော့်နေအိမ်မှာပဲ အခန်းလွတ်တစ်ခန်းပြင်ပေး၍ စားဖွဲ့သောက်ပွဲလေး စီစဉ်ပေးလိုက်လျှင် တိစ္စပြီးသည်၊ ယခုက လူလည်း များသည်၊ ရာထူးလည်း တော်တော်ကြီးသည်ဆိုတော့ ကျွန်တော်က တပည့်များနှင့်တိုင်ပင်ပြီး မြို့ထဲက အိမ်လွတ်တစ်လုံးကို သင့်လျော်သော အခကြေးငှားရမ်းပြီး လူကြီးများတည်းခိုဖို့ စီစဉ်ရသည်၊ ငှား၍ရသည့် အိမ်ကြီးတာ နှစ်ထပ်အိမ်ကြီးဖြစ်၍ ရေမီးအစုံနှင့် တော်တော်ခမ်းနားသည်၊ ပိုင်ရှင်တာ သူ့အိမ်ကိုပိတ်ထားပြီး တခြားအိမ်တစ်လုံးမှာနေသည်၊ ကျွန်တော် သွားငှားတော့ ပိုင်ရှင်က ဝမ်းပန်းတသာ လက်ခံသည်၊ ငှားရမ်းခငွေကို ကျွန်တော်မှန်းထားတာထက် အများကြီးလျှော့ပြီးယူသည်၊ တစ်ခုပဲရှိသည်၊ သူ့အိမ်တလူမနေတာကြာ၍ ဖုန်အလိမ်းလိမ်းကပ်နေသည်ကို ကျွန်တော့်ဝန်ထမ်းများနှင့် သန့်ရှင်းရေးလုပ်ရသည်။

ဧည့်သည်အဖွဲ့ ရောက်လာတော့ ကျွန်တော့်ရုံးမှာ ခေတ္တဧည့်ခံပြီး အေးအေးချမ်းချမ်း အနားယူပါရန် ကျွန်တော် ပြင်ဆင်ထားသောအိမ်မှာ နေရာချပေးတော့ ကျွန်တော့် အကြီးအကဲက အိမ်ကြီးကို တော်တော်သဘောကျသည်၊ သူနှင့် အတူပါလာသော လက်အောက်အရာရှိများကိုလည်း အိပ်ခန်းကိုယ်စီ နေရာပေးနိုင်၍ အားလုံးကျေနပ်ကြသည်။ ထို့သော်

www.burmeseclassic.com

ပြဿနာက ထိုအရာရှိများထဲတွင် ဒီမြို့ဒေသခံဖြစ်၍ ရုံးချုပ်မှာ တာဝန်ထမ်းဆောင်နေသူ တစ်ဦးပါသည်။ သူက ကျွန်တော်နှင့် ရာထူးအဆင့်တူ၍ သင်တန်းနှစ်ခု၊ သုံးခု အတူတက်ဖူးပြီး ရင်းနှီးခင်မင်သည်။ လူကြီးများကို တည်းအိမ်မှာနေရာချထားပေးပြီး ကျွန်တော် ပြန်လာ၍ နာရီဝက်လောက်ရှိတော့ ထိုသူ ကျွန်တော့်အိမ်ပေါက်လာသည်။

"ဘယ်လို လုပ်ချလိုက်တာလဲ – အာစရိရယ်တဲ့"

"ဘာကို ဘယ်လိုလုပ်လို့လဲဟ – ဆိုတော့"

"ဆရာသမား – ကျွန်တော်တို့ ဘိုးတော်ကြီးကိုထားတဲ့အိမ်က သရဲတအားခြောက်တာလေ၊ အာစရိ – မသိဘူးလား"

"ဟိုက် – ဟုတ်ရဲ့လားကွာ၊ ငါ့ကို ဘယ်သူမှ ဘာမှမပြောကြဘူး၊ အိမ်ကြီးကလည်း ကောင်းမှကောင်းဆိုတော့ တို့ဘိုးတော်နဲ့ အဆင်သင့်ပဲဆိုပြီး ငါ မနည်းရှာထားရတာကွ"

"ဟုတ်ပါသော်ကော – အာစရိရဲ့၊ အဲဒီအိမ်မှာ မူလအိမ်ပိုင်ရှင်တွေက ရှေးမင်းဆွေမင်းမျိုးတွေလို ပြောကြတယ် အိမ်ရှင်ရဲ့ သမီးမိန်းကလေးတစ်ယောက်က မီးမဖွားနိုင်လို့ မီးတွင်းမှာ ကလေးရောလူကြီးပါ သေတယ်၊ အဲဒီအချိန်မှာ ခရီးထွက်နေတဲ့ သူ့ခင်ပွန်းက ရပ်ဝေးမှာလေ့မှောက်ပြီး ရေနစ်သေတယ်။ မိန်းကလေးရဲ့အမေက သူ့သမီးရဲ့အသုဘရက်လည်တဲ့နေ့မှာပဲ ခြံထဲက ပိတောက်ပင်မှာ ဆွဲကြိုးချသေးတယ်၊ တစ်ယောက်နဲ့တစ်ယောက် (၇)ရက်စီအတိအကျခြားပြီး သေကုန်ကြတယ်။ အိမ်ကို အမွေရလိုက်တဲ့ သူတို့ ဆွေမျိုးတွေက အိမ်မှာလာနေပြီး သရဲခြောက်လွန်းလို့ မနေနိုင်ဘူး ဆင်းပြေးရတယ်၊ ပရိတ်ရွတ် ဆွမ်းကျွေးတရားနာလုပ်လည်း မရဘူး၊ ခြောက်တာလည်း အိမ်ကို တစ်ဆင့် တစ်ဆင့် ရောင်းတာသုံးလေးလက်ပြောင်းပြီး အခုအထိ လူမနေနိုင်လို့ ပတ်ထားရတာ အာစရိ မသိဘူးလား၊ ဒီမြို့က ရှေးမီနောက်မီ လူကြီးတွေအားလုံး သိကြပါတယ်၊ ကျွန်တော်တို့ ငယ်ငယ်ကဆိုရင် အဲဒီအိမ်ကြီးဘက် သွားမဆော့ရဲကြဘူး၊ ခြံထဲမှာ သီးပင်စားပင်တွေရှိပေမယ့် ဘယ်သူမှ မခူးရဲကြဘူး၊ ဆွဲကြိုးချတဲ့ ပိတောက်ပင်ကြီးတော့ မရှိတော့ဘူး၊ သူ့အလိုလို ခြောက်ပြီးသေသွားတယ်လို့ ပြောကြတာ



ပဲ၊ အာစရိ တပည့်တွေက လူငယ်တွေဆိုတော့ သရဲရာဇဝင်မကြားဘူးလို့ မပြောကြတာနေမှာ"

"ကဲ – အဲဒါမှ ဒုက္ခပေါ့၊ ငါက – တို့ဘိုးတော် နားအေးပါးအေးနေရအောင်ဆိုပြီး တပင်တပန်း ရှာထားတာ၊ သူ့ကို သရဲခြောက်တဲ့ အိမ်မှာထားပါတယ်ဆိုပြီး ဒေါကန်ရင် အခက်ပဲ၊ ဘယ်လိုလုပ်ရပ့်"

ကျွန်တော် တော်တော်အကြပ်ရိုက်သွားပါသည်၊ လူကြီးတွေက ဒီမှာ အခြေပြုပြီး လက်အောက်ခံမြို့များကို လှည့်လည်ကြည့်ရှုစစ်ဆေးမည်၊ နေ့ဘက်သွားပြီး ညပြန်အိပ်မည်။ အနည်းဆုံး နှစ်ညအိပ်လောက်နေမည်၊ အဖွဲ့ဝင်အင်အားက (ကျွန်တော့် မိတ်ဆွေနှင့် ယဉ်မောင်းတွေအပါအဝင်) ဆယ်ဦးရှိသည်၊ ခုမှတော့ ပြောင်းရွှေ့နေရာချထားပေးဖို့လည်း မဖြစ်နိုင်တော့ပါ၊ ကျွန်တော်က မိတ်ဆွေအရာရှိကို ....။

"ဘိုးတော်က ဒီသရဲရာဇဝင်ကို သိသလား၊ တခြားသူတွေထဲမှာကော သိတဲ့ လူပါသလား" မေးရသည်။

"သူတို့က သိပုံမရဘူး၊ အားလုံး အေးအေးဆေးဆေးပဲ၊ ကျွန်တော်ကတော့ ဒီမြို့မှာ အမျိုးတွေရှိလို့ အပြင်မှာအိပ်ပါရစေ ခွင့်တောင်းပြီး လာခဲ့တာ"

လောလောဆယ်တော့ – ကျွန်တော်က သူ့ကိုပဲ ဒီကိစ္စကို ဘယ်သူမှ မပြောပါရန် နှုတ်ပိတ်လိုက်ရပါသည်၊ ညနေဘက်မှာ လူကြီးကို ဧည့်ခံရန်နှင့် ညြဝါဒခံယူရန် သွားတော့ ကျွန်တော့် ဘိုးတော်က ဣန္ဒြေမပျက်ပါ။

"မင်းအိမ်ကြီးက တယ်ကောင်းပါလားကွ၊ ခြံနဲ့ ဝင်းနဲ့ နားအေးပါးအေးရှိလိုက်တာကွာ၊ တယ်ဟုတ်ပါ့၊ ကျွန်တော်က ယခုမှ အိမ်ကြီးကို သေသေချာချာ ကြည့်မိတော့ ပွတ်လုံးလက်ရန်းတွေ ကြောင်လိမ်လှေကားတွေနှင့် ရှေးခေတ်အိမ်ကြီးပါပဲ၊ နေ့လယ်က သတင်းစုံကြားထားတာမို့ အိမ်ကိုတစေ့တစောင်းကြည့်ရင်း ကျွန်တော့် ကျောထဲက စိမ့်ခနဲ ဖြစ်သွားသေးသည်၊ ဘုရားသိကြားမလို့ ကျွန်တော့်ဘိုးတော်ကို အိပ်ရာနေရာ ပြင်ပေးထားသောအခန်းသည် မိခင်ရော၊ ကလေးပါ မီးတွင်းမှာအသက်ပျောက်ခဲ့သည့် မီးနေခန်းနေရာမဟုတ်ပါစေနှင့်" ဟု ကြိတ်၍ ဆုတောင်းရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ဘိုးတော်ကြီးက ခန့်မှန်းထားသည့်အတိုင်း ထိုအိမ်မှာ နှစ်ညအိပ်သွားသည်။ သရဲက ဘိုးတော်၏ ရာထူးကို လန့်သလား၊ သူတို့ လူအုပ်များ၍ သရဲတွေ ခေတ္တရှောင်နေကြသလား မသိ၊ ဘာပြဿနာမှ မရှိခဲ့ပါ၊ သူတို့ထဲက အရာရှိတစ်ယောက်ကတော့ ဒုတိယနေ့ ညနေစောင်းမှာ ခြံဝင်းအတွင်း အငြိမ့်မင်းသမီးအဝတ်အစား ဆံပင်ဖားလျားနှင့် မိန်းမတစ်ယောက်ကို တွေ့လိုက်ကြောင်း ပြောပါသည်။ အနီးအနားခြံဝင်းတွေမှာနေသည့် ဇာတ်သမတစ်ယောက်ယောက် ခေတ္တဖြတ်သွားတာပဲဟု အမှတ်မဲ့နေလိုက်သဖြင့် ဘယ်အချိန် ထွက်သွားမှန်းမသိတော့ပါတဲ့။

သူ့စကားကြောင့် ကျွန်တော်နှင့် မြို့ခံအရာရှိတို့ တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်မိကြပါသည်၊ ထိုထက်ပို၍တော့ ဂရုမစိုက်ကြပါ။ သူတို့အဖွဲ့ကြီး ပြန်သွားမှ ကျွန်တော့်မှာ သက်ပြင်း ဟင်း - ဟင်း ချရပါတော့သည်၊ မတော်တဆများ ကျွန်တော့် ဘိုးတော်ကြီး ညအိပ်နေစဉ် သရဲက "ငါ့နေရာ ဖယ်ပေးဟု ခြေထောက်ဆွဲချတာမျိုး လုပ်လိုက်ပါက ကျွန်တော့်မှာ နာမည်ဆိုးဖြင့် ဟိုးဟိုးကျော်ရပါလိမ့်မည်"။

သူပေါ့ကွာ၊ တို့ဆရာကြီးကို သရဲခြောက်တဲ့အိမ်မှာ တည်းခိုင်းပြီး ပညာပေးလိုက်တာဆိုတာမျိုး သတင်းပြန့်သွားပါလိမ့်မည်။

သရဲခြောက်သောအိမ်များနှင့် ကျွန်တော် နောက်ထပ်၍ ပတ်သက်လာမှုက ပြည်နယ်မြို့ကြီးတစ်မြို့မှာ ဖြစ်သည်၊ ထိုမြို့တွင် ကျွန်တော်က အုပ်ချုပ်ရေးအဖွဲ့များကို မကြာမကြာ ဖိတ်ကြား၍ ကျွန်တော့်မြို့မှာ အစည်းအဝေးကျင်းပရတာမျိုးရှိသည်၊ တစ်ကြိမ်မှာတော့ မြို့နယ်စုံက ဌာနပေါင်းစုံပါဝင်သော ကိုယ်စားလှယ်အဖွဲ့များကို ဖိတ်ကြားအစည်းအဝေးကျင်းပဖို့ ကြုံလာသောအခါ ချက်ချင်းအမြန်လာရောက်ဖို့ လိုသဖြင့် ကျွန်တော့် အထက်အကြီးအကဲက -

"လူသာ မြန်မြန်ရောက်အောင်ခေါ်၊ ဝန်ထုပ်ဝန်ပိုးဆိုလို့ အိပ်ရာလိပ်တောင် ယူမလာစေနဲ့၊ ဒီမှာ တည်းဖို့၊ နိုဖို့ မင်း ကြည့်စီစဉ်ပေးလိုက်"ဟု အမိန့်ချမှတ်ပါသည်။



ကျွန်တော်က အရာရှိကြီးကို ပြန်မပြောရဲ၍ ရက်စ်ဆား လိုက်ရပါသော်လည်း ထိုတာဝန်အတွက် ခေါင်းပုတ်လောက် ကြီးသွားပါသည်။ ဒေသက ဆောင်းရာသီမှာ တစ်ခါတစ်ရံ ရေခဲအောင် အေးသောအရပ်ဖြစ်သည်၊ ယခုကာလက ဆောင်းရာသီဝင်စမို့ ရေမခဲသေးသော်လည်း ညအိပ်လျှင် စောင်သုံးထည်လောက် ထပ်ခြုံမှ အိပ်နိုင်သည်။ ထူသည်ဖြစ်စေ၊ ပါးသည်ဖြစ်စေ မွေ့ရာတစ်ထည်လိုသည်။ ခြင်မကိုက်ဘူးဆိုသော်လည်း အဖွဲ့ခေါင်းဆောင်စသည်တို့ကို ပစ်စလက်ခတ်ထား၍မရ၊ ခြင်ထောင်ပေးရမည်၊ တစ်မြို့နယ်အဖွဲ့တစ်ဖွဲ့မှာ လူအနည်းဆုံး (၇)ဦး၊ (၈)ဦးပါသည်၊ အားလုံးပေါင်းလျှင် လူရာကျော်ရှိသည်၊ ထိုသူတို့အတွက် အိပ်ရာ၊ စောင်၊ ခြင်ထောင်နှင့် တည်းခိုဖို့ နေရာပေးရမည်၊ ကျွန်တော့် တာဝန်က ပေါ့သေးသေးပါ၊ အရာရှိကြီးရှေ့မှ ထွက်လာပြီးသည်နှင့် ကျွန်တော့်မှာ နပ်နေဖို့ အချိန်မရဘဲ ကျွန်တော့် လက်အောက်ဝန်ထမ်းများနှင့် တိုင်ပင်ကာ မြို့လုံး ပတ်လည်လှည့်ပြေးရတော့သည်၊ တစ်နေရာတည်း လူရာကျော်ကို အိပ်ဖို့ နေရာမပေးနိုင်၍ မြို့ပေါ်ရှိ ဘုန်းကြီးကျောင်း၊ တရုတ်ဘုံကျောင်း၊ သူဌေးတွေပိုင်၍ လူမနေဘဲ သော့ခတ်ထားသော အိမ်များကို အကျိုးအကြောင်းပြောပြ မေတ္တာရပ်ခံရသည်။

လူနေဖြစ်ရုံနှင့် မရ၊ ရေမီး၊ အိမ်သာ၊ ရေချိုးခန်း အပြည့်အစုံရှိဖို့လိုသည်။ လျှာထွက်မတတ် လှည့်ပတ်ပြေးပြီးတော့ လူ တစ်ရာကျော်ကို ဟိုတစ်ဖွဲ့ သည်တစ်ဖွဲ့ တည်းနိုင်လောက်သည့် နေရာများ ရပါသည်၊ ထို့နောက် စောစောကပြောခဲ့သည့် စောင်၊ ခြင်ထောင်၊ မွေ့ရာ စသည်များအတွက် ကိုယ့်အိမ်မှာ ရှိရှိသမျှ တပည့်ဝန်ထမ်းများထံမှ (သူတို့ ဧည့်လာစောင်လာ သုံးဖို့ ဆောင်ထားသမျှ) အပြင် ကျွန်တော် ရင်းနှီးသောမြို့ပေါ်မှ တည်းခိုခန်းအသီးသီးကို လိုက်လံမေတ္တာရပ်ခံတော့ လိုအပ်သမျှ ပြည့်ဝသွားခဲ့သည်။

အိပ်ရာခန်းနားပစ္စည်းများ ထုတ်ယူခြင်း မလွှဲမှားရအောင် မှတ်သားခြင်း သက်ဆိုင်ရာတည်းခိုမည့် နေရာများတွင် ခင်းကျင်းနေရာချထားခြင်းတို့ကိုတော့ ဝန်ထမ်းတပည့်များအား တာဝန်ပေးလိုက်ပါသည်၊ သူတို့ ဆောင်ရွက်၍အပြီးမှာပဲ မြို့နယ်များက အဖွဲ့အသီးသီးရောက်ရှိလာသည်၊ ကျွန်တော့်ကို လာတွေ့ကြတော့ သူတို့ တည်းရမည့်နေရာများကို ကျွန်တော့် ဝန်ထမ်းများက လိုက်ပို့ကြသည်၊ တော်တော်လည်း တော်တဲ့လူတွေပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

သူတို့က တကယ်ပဲ လူလွှတ်တက်ရောက်လာကြသည်။ ကျွန်တော်က ရင်းနှီးသူတချို့ကို ကျွန်တော် ဒုက္ခတွေ့ရပုံပြောပြတော့ "သိဘူးလေဗျာ – ခင်ဗျားတို့ဘိုးတော်ကြီးက လူရောက်ရင် တော်ပြီဆိုတော့ ကျုပ်တို့က အပြေးအလွှားလာရတာပေါ့" ဟု ပြောဆိုရယ်မောကြပါသည်။ ဘာပဲပြောပြော အချိန်မီအားလုံး အဆင်သင့်ဖြစ်သွား၍ ကျွန်တော်က သက်ပြင်းချနိုင်သည်။ သို့သော် – ဟင်းချ၍မှ မဆုံးမီ မြို့နယ်တစ်စု၏ အဖွဲ့တစ်ဖွဲ့က ကွန်ပလိန်းတက်သည်။ သူတို့တည်းဖို့ပေးသည့် အိမ်လွတ်ကြီးမှာ မနေနိုင်ပါဘူးတဲ့။ အကျိုးအကြောင်းမေးတော့ ဒီအိမ်က သရဲအလွန်ခြောက်လို့ လူမနေဘဲ ပိတ်ထားရသော အိမ်ဖြစ်သတဲ့။ အိမ်ကြီးက ခမ်းခမ်းနားနားကြီးဖြစ်သည်။ ထိုမြို့ရှက်နာဇုံး သူဌေးကြီးတစ်ယောက်ပိုင်သည်။ သူက အိမ်ပိုင်တွေ များစွာရှိ၍ ထိုအိမ်မှာ မနေတာကို ကျွန်တော်က မနေချင်လို့မနေတာပဲဟု သာမန်တွေးခဲ့သည်။ ယခုမှ သရဲခြောက်လွန်း၍ မနေနိုင်သော အိမ်ဖြစ်ကြောင်း သိရတော့သည်။ ထိုမြို့ဒေသခံ ကျွန်တော့်ဝန်ထမ်းတွေကို မင်းတို့ မသိကြဘူးလား။ ငါ့ ဘာလို့ မပြောသလဲဆိုတော့ ဆရာ့ကို အိမ်ရှင်က ပြောမှာပဲလို့ထင်ကြသတဲ့။ နောက်ဆုံးမှာ – သူတို့တည်းခိုဖို့ နေရာကို တရုတ်ဘုံ ကျောင်းတစ်ကျောင်းမှာ တောင်းတောင်းပန်ပန်နှင့် ပြောင်းရွှေ့နေရာချထားပေးလိုက်ရသည်။

ဘယ်လိုသရဲခြောက်သလဲ၊ ဘယ်သူအခြောက်ခံရဘူးသလဲမေးတော့ ပြောပြနိုင်သူမရှိပါ။ မိမိတို့ပိုင် နေအိမ်အဆောက်အအုံမှာ သရဲခြောက်တယ်ဆိုတာမျိုးပြောတာ၊ မေးတာမြန်းတာကို အိမ်ရှင်များက သဘောမကျကြပါ။ ထို့ကြောင့် – အပြင်မှာ ကျယ်ကျယ်ပြန့်ပြန့် သတင်းမထွက်၍ ကျွန်တော်က ကြိုမသိခဲ့ခြင်း ဖြစ်ပါသည်။ အတွင်းကြိတ်၍ သတင်းကြီးနေတာကပင် ပို၍ထိတ်လန့်စရာဖြစ်ပြီး နေမည့်သူများ မနေရဲကြခြင်း ဖြစ်ပါသည်။ ကျွန်တော်ကိုယ်တိုင်ကတော့ လူများများနှင့်ဆိုလျှင် နေကြည့်ဦးမည်ဖြစ်ပြီး ကြောက်လောက်စရာ အခြောက်ခံရတော့မှ ဆင်းပြေးတန်ပြေးမည် ဖြစ်ပါသည်။

အစည်းအဝေးတက်လာသည့် ကျွန်တော့်မိတ်ဆွေများကတော့ သရဲခြောက်သောအိမ်ဟု သိသည်နှင့်မနေရဲကြတော့ပါ။ သရဲကမခြောက်သေးဘဲ



သတင်းကြားနှင့် တွေးကြောက်ကြခြင်းဖြစ်သည်။ ဒါမျိုးကို ကျွန်တော်က မကြာမကြာ ကြုံဖူးသည်။

မြို့တစ်မြို့မှာ တာဝန်ထမ်းဆောင်တော့ ကျွန်တော့် ယာဉ်မောင်းက သရဲအလွန်ကြောက်တတ်သည်။ အမှောင်ထဲကို မသွားရဲ၊ တစ်ယောက်တည်း မနေရဲ၊ ကျွန်တော်တို့က ဝန်ထမ်းအိမ်ရာများဖြင့် ခြံဝင်းအတွင်း စုပေါင်းနေထိုင်ကြရာ ညဘက်ကို သူ့အိမ်ပတ်ဝန်းကျင်နှင့် အခြားနေရာများမှာ သူကိုယ်တိုင် အကုန်အကျခံ၍ မီးလုံးမီးချောင်းများ ဝယ်ထွန်းသည်။ မီးလုံးကျွမ်းလျှင် ချက်ချင်းလဲသည်။ ဌာနထဲမှာ နာရေးအိမ်ရှိလျှင် အသုဘချမပြီးမချင်း ထိုအိမ်ဘက်ကို မသွားတော့ပါ။

တစ်ခါမှာတော့ သူနှင့် ကျွန်တော် နှစ်ယောက်တည်း တောနယ်ဘက်ကို ခရီးထွက်ခဲ့သည်။ အသွား ဘာမှမဖြစ်သော်လည်း အပြန်မှာ ကားတဖွဖောက်သည်။ ခဏခဏပျက်၍ ခဏခဏပြင်ရသည်။ နေ့လယ်လောက်မှာ အပြန်ခရီးစတင်ခဲ့တာဖြစ်သော်လည်း ကားပျက်နေ၍ ညနေစောင်းမှောင်သည်အထိ ခရီးတစ်ဝက်မကျိုးသေး။ လမ်းကလည်း လှည်းလမ်းကိုကားမောင်းလာတာဖြစ်၍ ကားသွားကားလာ မရှိ။ နေ့ခင်းက လူသွားလူလာနှင့် လှည်းတစ်စီးတလေ တွေ့ရသော်လည်း မှောင်ရီပျိုးတော့ ဘာမှမတွေ့ရတော့ပါ။ ဒီလိုထဲမှာ ပျက်လိုက်ပြင်လိုက်နှင့် မောင်းလာသော ကားက ည (၇)နာရီလောက်မှာ ပြင်မရအောင် ပျက်ပါတော့သည်။ မြို့ပြန်ရောက်ဖို့ မိုင် (၂၀)မိုင်ခန့် လိုသေးသည်။ အနီးအနားရွာမရှိ၊ လူပြတ်သော နေရာဖြစ်သည်။ လမ်းမှာ အဆာပြေစားဖို့ တပည့်ကျော်က ကောက်ညှင်းပေါင်းနှင့် တို့ဟူးကြော်များထည့်ယူလာ၍ ညစာတော့ မငတ်ပါ။ ဘာလုပ်ကြမလဲဆိုတော့ သူတစ်ယောက်တည်းလည်း မြို့ကို မပြန်ရဲ။ ကျွန်တော် သွားမယ်ဆိုတော့ သူတစ်ယောက်တည်း မနေရဲ၊ နှစ်ယောက်လုံးသွားဖို့က ကားကိုထားခဲ့လို့မရ၊ တတ်နိုင်ပါဘူးဆိုကာ ဒီနေရာ ကားပေါ်မှာ ညအိပ်၍ နံနက်လင်း လူသူဖြတ်သွားတာတွေမှ အကူအညီတောင်းမည်။ အတိုပြောရလျှင် ထိုည ထိုနေရာ ကားပေါ်မှာ အနွေးထည်ကလေးမျှနှင့် ဖြစ်သလို အိပ်ကြသည်။ ပတ်ဝန်းကျင်က မည်းမည်းမှောင်၍ ဘာမျှမမြင်ရပါ။ ဒီလို မှောင်နေ



www.burmeseclassic.com

www.burmeseclassic.com

လျှင် တပည့်ကျော်က ကြောက်တတ်သော်လည်း ဘာမျှမတတ်နိုင်ဘဲ ညအိပ်လိုက်ရတော့သည်။

နောက်တစ်နေ့ မနက်လင်း၍ ပတ်ဝန်းကျင်ကို လင်းလင်းရှင်းရှင်းမြင်ရတော့ ကျွန်တော်တို့ အိပ်နေရာ အနီးလမ်းဘေးမှာ လတ်လတ်ဆတ်ဆတ် မြေပုံအသစ်တစ်ခုနှင့် မြေပုံဟောင်းသုံးလေးခုရှိသော သချိုင်းနေရာဖြစ်နေသည်။ ညတုန်းကသာ ဒီနေရာမှာ လူသေမြှုပ်သည့် သုသာန်ရှိမှန်းသိလျှင် ကျွန်တော့် ယာဉ်မောင်းက မြို့အရောက် တစ်ယောက်တည်း ထွက်ပြေးလိမ့်မည်ထင်သည်။

သရဲခြောက်သောအိမ်များနှင့် ပတ်သက်ခဲ့ဖူးသော်လည်း ကျွန်တော်က စာတစ်ပုဒ်မှာ (ဂမ္ဘီရလောက အမှတ် ၇၇အောက်တိုဘာ ၂၀၁၃၊ ယုံရခက်ခက် စာမူ)မှာ ရေးပြခဲ့သည့်အတိုင်း ကိုယ်တိုင်မမြင်ဘူးသော တစ္ဆေဆိုတာကို စိတ်ကူးနှင့် မကြောက်တတ်ပါ။ တကယ်အခြောက်ခံရလျှင်တော့ ကြောက်မိပါလိမ့်မည်။ များသောအားဖြင့် တစ္ဆေခြောက်သည်ဆိုသော ဇာတ်လမ်းများမှာ အတွေးနှင့် ကြောက်ကြတာကများပြီး တကယ့်အဖြစ်မှန်က ညမှောင်မည်းမှာ လင်းနို့၊ ကြွက်၊ ခိုလိုသတ္တဝါတွေ၏ လှုပ်ရှားမှုကို အထင်မှား ကြောက်လန့်ကြတာဖြစ်ကြောင်း ကျွန်တော်က ကိုယ်တွေ့မို့ သိနေပါသည်။

◻

ယခုပြောပြနေသည့် ဖြစ်ရပ်တွေက ကျွန်တော်နှင့် နီးနွယ်ပတ်သက်နေသော တစ္ဆေခြောက်သည့် အိမ်များအကြောင်းဖြစ်ရာ ဝတ္ထုအစမှာဖော်ပြခဲ့သည့် ဇာတ်လမ်းကတော့ ကျွန်တော်ကိုယ်တိုင် သရဲခြောက်သည်ဟု နာမည်ကြီးသော အိမ်ကြီးမှာနေဖို့ ကြုံလာသည့် ဇာတ်လမ်းဖြစ်ပါသည်။

ကျွန်တော် တာဝန်ထမ်းဆောင်သည့် ဌာနက အဆင့်အတန်းအားလုံး ဌာနတွင်းအိမ်များမှာသာ နေရသည်ဖြစ်ရာ ကျွန်တော် ပြောင်းရွှေ့ရသည့် မြို့တိုင်းမှာ ကျွန်တော့်အတွက် နေအိမ်အဆင်သင့်ရှိသည်။ တစ်ခါတစ်ရံမှာတော့ ရှေ့က အရာရှိမိသားစု ကျန်ခဲ့သေး၍ ခေတ္တစောင့်ဆိုင်းရတာမျိုးရှိသည့် မြို့တစ်မြို့မှာ ထိုကဲ့သို့ စောင့်ဆိုင်းနေရတော့ ကျွန်တော်က မိသားစု ပါလာ



သဖြင့် ဌာနပိုင်ပဲဖြစ်သော မြို့ပြင်က ဆောက်လုပ်ပြီးစဌာနခွဲနေအိမ်မှာ သွားနေသည်။

အဆောက်အအုံဆောက်လုပ်ပြီးသော်လည်း ဝန်ထမ်းများ နေရာမချရသေး၍တစ်ကြောင်း၊ မြို့ပြင် အစွန်အဖျားဖြစ်၍တစ်ကြောင်း ကျွန်တော်တို့ မိသားစုကလွဲ၍ ပတ်ဝန်းကျင်မှာ လူသူလေးပါးမရှိ၍ ပို၍ဆိုးတာက ကျွန်တော်တို့ နောက်ကျော ခဲတစ်ပစ်ကျော်ကျော်မှာ သုသာန်ရှိသည်။ သုသာန်သွားလမ်းက ကျွန်တော်တို့နှင့် တော်တော်လှမ်းလှမ်းမှ ကွေ့ဝိုက်သွားရတာဖြစ်သော်လည်း ညဘက် အချိန်မတော် နာရေးကိစ္စများမှာတော့ အသုဘတို့ လမ်းရိုးအတိုင်း ကွေ့ဝိုက်သွားမနေဘဲ နီးစပ်ရာ ဖြတ်လမ်းဖြစ်သည့် ကျွန်တော့် နေအိမ်ဘေးမှဖြတ်၍ သယ်ယူသင်္ဂြိုဟ်ကြသည်။



ကျွန်တော်တို့မိသားစု ထိုအိမ်ကလေးမှာ ထမ်းဝယ်ဘယ်ရတာနဲ့ ယာယီနေထိုင်ကြစဉ် တစ်ညသောအခါ မိသားစုအိပ်ရာဝင်ချော အိမ်ရှေ့တံခါးဝက ထုမ်မှုန်... အသံတချို့ ကြားရသည်။ ကျွန်တော် အိမ်ရှေ့ဘက် လက်နှိပ်ဓာတ်မီးထွန်း... (အိမ်သစ်မှာ လျှပ်စစ်မီး မတပ်ဆင်ရသေးပါ) ရှေ့တံခါးကြားက ထိုးကြည့်... တံခါးကို တန်လန့်ဖြုတ်ပစ်ပြီးထဲဝင်နေသော ဖူးအတွန်တို့ တွေ့ရပါတော့သည် ...



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံ အရေးပေါ်ချသည့် အသုဘအလောင်းကို ကျွန်တော့် အိမ်ရှေ့မှာချထားခဲ့ပြီး သင်္ချိုင်းမှာ နေရာရှာတွင်းတူး၍ အလောင်းကို သယ်ယူမြှုပ်နှံတာမျိုးလည်း ရှိသည်ဟု သိရပါသည်။ ထိုစဉ်က ထိုနေအိမ်မှာ မြဲဝင်းလည်း မခတ်ရသေး၊ လူလည်း မနေသေး၍ ထိုကိစ္စကို ကန့်ကွက်သူမရှိခဲ့ပါ။ ကျွန်တော်တို့မိသားစု ထိုအိမ်ကလေးမှာ တစ်ပတ်ဆယ်ရက်ခန့် ယာယီနေထိုင်ကြစဉ် တစ်ညသောအခါ မိသားစုအိပ်ရာဝင်စမှာ အိမ်ရှေ့တံခါးဝက လှုပ်လှုပ်ရှားရှား အသံတချို့ကြားရသည်။ ကျွန်တော် အိပ်ရာကထ လက်နှိပ်ဓာတ်မီးတစ်လက်နှင့် (အိမ်သစ်မှာ လျှပ်စစ်မီး မတပ်ဆင်ရသေးပါ) ရှေ့တံခါးကြားက ထိုးကြည့်တော့ တံခါးကို ကန့်လန့်ဖြတ်ပိတ်ပြီး လဲနေသော လူသေကောင်ကို တွေ့ရပါတော့သည်။

"မြို့ပြင်မှာ နားအေးပါးအေးတောင် ရှိသေးတယ်"

"ဒီမြို့က အေးချမ်းပါတယ်"

စသည်ဖြင့် ဇနီးသည်ကို နှစ်သိမ့်ပြီး သတ္တိခဲကြီးလုပ်၍ ဒီလိုနေရာမှာလာနေမိသော ကျွန်တော် ခေါင်းနားပန်းကြီး၍ ကြက်သီးဖွဖွညင်းတွေ ထသွားပါသည်။ ကိုယ်က အကြောက်လွန်နေလျှင် ဇနီးနှင့်သားသမီးများက ပိုဆိုးတော့မည်ဖြစ်၍ အိမ်သားတွေကို ဘာမျှမပြောဘဲ ကျွန်တော် ဓားတစ်လက်နှင့် နောက်ဖေးပေါက်မှထွက်၍ အိမ်ရှေ့ကို မရဲတရဲသွားကြည့်တော့ စိတ်မနှံ့သော အရူးမတစ်ယောက် အိမ်ရှေ့တံခါးဝမှာ (အပေါ်ကအမိုး ဘေးကအကာရှိ၍ မိုးလုံလေလုံ) လာအိပ်နေတာဖြစ်ကြောင်း တွေ့ရမှ သက်ပြင်းကြီးချနိုင်ခဲ့ပါသည်။

သည်လို အတွေ့အကြုံမျိုးစုံရှိခဲ့သော ကျွန်တော်သည် ဝန်ထမ်းဘဝမှာ နောက်ဆုံးနေခဲ့သော မြို့နယ်တို့ ပြောင်းရွှေ့လာတော့ နေရမည့် အိမ်ကြီးက တော်တော်ကောင်းသည်။ နှစ်ထပ်အိမ်ကြီးမှာအောက်ဘက်ဆင်ဝင်နှင့် အပေါ်မှာ လသာဆောင်နှင့် ရေမီးအပြည့်အစုံအပြင် မျက်နှာကြက်၊ ပန်ကာတွေလည်း တပ်ဆင်ထားပြီး ရာသီဥတု အေးချမ်းသော ဒေသဖြစ်၍ အောက်ထပ်ဧည့်ခန်းမှာ ရေးခေတ်မီးလင်းဖိုကြီးလည်း ပါသေးသည်။ အိမ်က ကြီး



ကျယ်တာနှင့် ကျွန်တော်က မိသားစု လူဦးရေများတာနှင့်မို့ အတော်ပဲ ဖြစ်နေသည်။ ဒီမြို့မှာ တာဝန်ထမ်းဆောင်ရမည်ဆိုတော့ ကျွန်တော်က နေအိမ်အဆင်သင့် ရှိ မရှိ မသိရသေး၍ မိသားစုကို ခေါ်မလာသေးဘဲ ဇနီး၏ မောင်ငယ်နှင့် နှစ်ယောက်တည်း အလျင်လာခဲ့တာဖြစ်သည်။ နေရမည့် အိမ်ကိုတွေ့တော့ သဘောတွေကျပြီး မိသားစုကိုခေါ်ဖို့ ပြန်လာခဲ့ရာမှာ ဝတ္ထုအစတွင် ဖော်ပြခဲ့သည့်အတိုင်း ဇနီးချော၏ အကြောက်အကန်ပြောတာကို ခံရခြင်းဖြစ်သည်။ အကျိုးအကြောင်းမေးတော့ ထိုအိမ်ကြီးက သရဲခြောက်သတဲ့။ ပြောင်းရွှေ့လာကြသည့် အရာရှိအကြီးအကဲမှန်သမျှ ဘယ်သူမှ မနေနိုင်ဘဲ အားလပ်နေသည့် အခြားအိမ်တစ်လုံးလုံးမှာ ဖြစ်သလို နေသွားခဲ့ကြသတဲ့။ အရာရှိ တစ်ဦးကတော့ ဖွတ်တရွတ်သမားဖြစ်၍ အတင်းတက်နေခဲ့ရာ ထိုအိမ်ကြီးပေါ်မှာပဲ မကျန်းမမာဖြစ်၍ ကွယ်လွန်သွားခဲ့တာကို သူမက သိနေသည်။ သတင်းပေးက တခြားသူမဟုတ်၊ ကျွန်တော်နှင့် ရှေ့ပြေးလိုက်ပါခဲ့သူ သူမ၏ မောင်ငယ်ပဲဖြစ်သည်။ ကျွန်တော်က အိမ်ကြီးကို သဘောကျနေစဉ်မှာ သူက ထိုမြို့က ဝန်ထမ်းလူငယ်တွေနှင့် အတွဲကျပြီး သတင်းစုံရသွားခြင်းဖြစ်သည်။ ကျွန်တော့်ကိုတော့ ဝန်ထမ်းငယ်တွေက မျက်နှာစိမ်းသေး၍ မပြောကြခြင်း ဖြစ်ပါသတဲ့။

သည်လိုတွေဖြစ်လာပြီဆိုတော့ ကျွန်တော်ကလည်း "ငါ - သရဲမယုံဘူးကွ ဆိုတာမျိုး" ခြောက်လိုက်စမ်းပါ၊ ငါ့ကို ဘာမှတ်သလဲဆိုတာမျိုး မလုပ်ဝံ့ပါ။ ကျွန်တော်က သရဲတစ္ဆေရှိတာကို မယုံတာမဟုတ်။ ကိုယ့်လာမခြောက်မလုန့် ထေးသမျှ မကြောက်သေးခြင်းသာ ဖြစ်ပါသည်။ ယခု တကယ်ခြောက်တော့မှာဆိုတော့ သတ္တိခဲရဲရဲတောက်မလုပ်ဝံ့ပါ။ နောက်တစ်ခုကလည်း မမြင်ရသေးသော သရဲထက် လက်ငင်းလက်တွေ့ ကန့်ကွက်ပြောဆိုနေသော ဇနီးဖြစ်သူကို ပို၍ကြောက်ရပါသဖြင့် ထိုမြို့၊ ထိုဌာနမှာ အလွတ်ရှိနေသော အခန်းကျဉ်းကလေးမှာ ဖြစ်သလို နေလိုခြင်းဖြင့် တကယ့်လက်တွေ့ သရဲခြောက်ခံရမည့် အခွင့်အရေးကြီးကို လက်လွှတ်ခဲ့ရတော့သည်။

→ တောက်သိန်း

www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့တဲ့ နှစ်ပေါင်း (၄၀) ကျော်က ကျွန်တော် နေခဲ့ရတဲ့ ဘိုတဲကြီးအကြောင်း ပြောပြဦးမယ်ဗျာ။ အဲဒီတုန်းက ကျွန်တော့်အသက် ဘာရှိဦးမှာလဲ၊ (၁၄) နှစ်၊ (၁၅) နှစ်သာသာ လူပျိုပေါက်အရွယ်ပေါ့။ ကျွန်တော့်အဖေက ယစ်မျိုးအရာရှိ ဆိုတော့ တစ်နေရာတည်းမှာ မိသားစု ကျောက်ချနေခွင့် မရှိပါဘူး။ ဌာနက ဟိုပြောင်းဆိုတာနဲ့ ပြောင်းရတော့တာပါပဲ။ အမေက ဟိုဟိုသည်သည်ဆီ ခဏ ခဏ ရွှေ့ပြောင်းနေရတဲ့ ဘဝကို မနှစ်မြိုက်ဘူး ထင်ပါ့။ ရွာပြန်ပြီး မြေကွက်ကလေးဝယ်၊ အပင်စိုက်စားမယ်ချည်း တကဲကဲ။ အမေ ဒီလိုပြောတာနဲ့ အဖေက ...




www.burmeseclassic.com

www.burmeseclassic.com

# နေချင့်စဖွယ် ဘိုတဲကြီးထက်ဝယ်

ဂါဦးနွန်းကို

"ဝှါလိုရာထူးမျိုးက ဒီခေတ်မှာ လွယ်တာမဟုတ်ဘူး။ မင်း ဝတ်ထားတဲ့ ရွှေဆွဲကြိုးက သိကြားမင်းဦးမာသ လက်ဆောင်လာပေးထားတယ်များ ထင်နေသလား"

စသဖြင့် - အဖေနဲ့အမေ ရန်ဖြစ်ကြတယ်ပေါ့ခင်ဗျာ၊

ကဲ - ဒီအကြောင်းတွေ ထားပါတော့လေ၊ အဲသလိုမျိုး ပြောင်းရွှေ့နိုင်ခဲ့လို့လည်း အခုလို နေချင့်စဖွယ် ဘိုတဲကြီးပေါ်ကို ကျွန်တော်တို့ မိသားစု ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားခဲ့ရတာ မဟုတ်လား။ ကျေးဇူးတောင်တင်ရဦးမယ်၊ ဘိုတဲကြီးက တကယ့်ကို ခန့်ခန့်ထည်ထည်နဲ့ နေချင်စရာကြီးပျ။ အခန်းတွေ အခန်းတွေဆိုတာ ပြောပြရင် ယုံမှာတောင် မဟုတ်ဘူး။ သီပေါမင်းတရားကြီးနေခဲ့တဲ့ နန်းဆောင်ကြီးအလားလို့ တင်စားလိုက်ရင် အတိသယယုတ္တိအလင်္ကာတွေ ပြောက်တုန်မလားမသိ။ ဘိုတဲကြီးက တော်တော့်ကို ကြီးကျယ်ခမ်းနားတာပါ။ အခန်းတွေက အောက်ထပ်မှာတင် (၁၀) ခန်း၊ (၁၂)ခန်းလောက် ရှိမယ်။ ဒါတောင် မီးဖိုချောင်နားမှာရှိတဲ့ [illegible] လျှားမပါသေးဘူးနော်၊ အပေါ်ထပ်ကတော့ အိပ်ခန်းချည်းပဲ (၇)ခန်းလောက် ရှိလိမ့်မယ် မှန်းမိရဲ့။ ဒီဘိုတဲကြီးမှာ ဟိုးအရင်က ကျောက်တွင်းသူဌေး အင်္ဂလိပ်လူမျိုးတစ်ယောက် နေထိုင်ခဲ့တယ်ဆိုလား သတင်းသဲ့သဲ့ကြားမိတယ်။ အရင့်အရင်က ဘယ်သူဘယ်ဝါတွေ နေထိုင်ခဲ့ပါစေ ကျွန်တော်ကတော့ သိပ်စိတ်မဝင်စားဘူး။ ဘိုတဲကြီးမှာ ကျွန်တော့်ကို စိတ်ဝင်စားစေခဲ့တာက အခြားအရာတစ်ခုလေ၊ အင်း - ဒီအကြောင်းကို ကျွန်တော် အသေးစိတ် ပြောပြချင်သေးတယ်၊ နားထောင်ပေးကြပါဦးဗျာ၊

"ဝုန်း - ဝုန်း - ဒိုင်း"

"ဟင်"

"ဟာ - ဘာဖြစ်တာလဲ"

"အို - ဒါ - ဒါ - အပေါ်ထပ်က အသံတွေပဲ"

"သွား - သွားကြည့်ကြစမ်း"

"ရှိ - ဝှစ်"

"ခစ် - ခစ် - ခစ်"

အသံပေါင်းစုံ ထွက်ပေါ်နေခဲ့တဲ့ ဒီအပိုင်းက ကျွန်တော် အနှစ်သြိုက်ဆုံး အပိုင်းဖြစ်တာကြောင့် အခုထက်ထိ စိတ်မျက်စိထဲမှာ ထင်းထင်းကြီးစွဲကျန်နေဆဲမို့ ပြန်တွေးလိုက်တိုင်း စိတ်ရွှင်မြူးရတုန်း၊ အမှန်တော့ - ဒီအပိုင်းဟာ ဇာတ်လမ်းအလယ်ဖြစ်ပြီး ဇာတ်လမ်းရဲ့အထွတ်အထိပ်လို့ဆိုရင်လည်း မမှားဘူးဗျ၊ ဒါ့ကြောင့် - အလယ်ကဖြတ်ပြောလိုက်ရင် နားဆင်သူအရသာ ပျက်မှာစိုးလို့ တိုးတိုးတိတ်တိတ်ဝှက်ထားခဲ့ပြီး ဇာတ်လမ်းရဲ့ အစကနေ ပြန်ပြောပြမယ်၊ ဒီလိုခင်ဗျာ . . .၊

ဘိုတဲကြီးအကြောင်းကို ဖြစ်ကြောင်းကုန်စင်ပြောပြရရင် ပထမဦးဆုံး ကျွန်တော့် မိသားစုဝင်တွေနဲ့ အရင်မိတ်ဆက်ပေးဖို့ လိုလိမ့်မယ်၊

"ကျွန်တော့်နာမည် မောင်ဖိုးသော်၊ အဖေနာမည် ဦးဖိုးသာ၊ အမေ နာမည် ဒေါ်ခင်စု၊ ညီမလေးနာမည် မချစ်စု၊ အငယ်ကောင်နာမည် မောင်ခင်

www.burmeseclassic.com

www.burmeseclassic.com

သား၊ ကြီးဒေါ်ကြီးနာမည် ဒေါ်ခင်မေ၊ ခြံစောင့်ဦးလေးကြီးနာမည် ဦးပု၊ ထမင်းချက်ဒေါ်ကြီးနာမည် ဒေါ်ကြီးပိုင်။ ကျွန်တော်မွေးထားတဲ့ ခွေးကလေးနာမည် မွေးမြူ”

မိသားစုဝင် စုစုပေါင်း (၈)ယောက်နဲ့ တစ်ကောင်ပေါ့၊ ခြံစောင့်ဦးလေးကြီး နဲ့ ထမင်းချက်ဒေါ်ကြီးတို့က သွေးချင်းသားရင်းတွေ မဟုတ်ပေမဲ့ အတူနေခဲ့တာ ကျွန်တော့်တစ်သက်မို့ သွေးသားအရင်းလို ဖြစ်နေပါပြီ၊ အခုပြောမှာ ဆိုခဲ့တဲ့အတိုင်း အဲဒီအချိန်က ကျွန်တော့်အသက်က (၁၅)နှစ်ရှိနေပြီး ကျွန်တော့် ညီမလေးနှင့် ညီလေးတို့က အသက် (၂)နှစ်နှင့် (၇)နှစ်အရွယ်ပဲ ရှိကြသေးတော့ ဖြစ်ပျက်ခဲ့သမျှအကြောင်းစုံကို ကျွန်တော်တစ်ယောက်သာ တင်းပြည့်ကျပ်ပြည့် ခံစားသိရှိခဲ့ရတယ် ဆိုပါတော့ဗျာ။

ဘိုတဲကြီးဆီသို့ မပြောင်းရွှေ့မီက မောင်ဖိုးသော်တို့ မိသားစုသည် ရန်ကုန်မြို့တွင် အချိန်ကာလတစ်ခုမျှ နေထိုင်ပြီးခဲ့ပြီဖြစ်ရာ မင်းဘူးမြို့သို့ ပြောင်းရွှေ့ရမည်ဟု သိလိုက်ရသည့်အခါ မောင်ဖိုးသော်အပါအဝင် မိသားစုဝင်အားလုံးနီးပါး စိတ်ပျက်လက်ပျက် ဖြစ်ကြရ၏။ အလုပ်ကိစ္စဖြစ်၍ ဖခင်ကြီး ဦးဖိုးသာမှာ မငြင်းနိုင်ရာသော်လည်း မိခင်ကြီးဒေါ်ခင်မှုမှာမူ “ရှင်တစ်ယောက်တည်းသွား” ဟူ၍ မပြောရုံတမည် စိတ်ကုန်လျက်ရှိသည်၊ သို့သော်လည်း နှစ်ပေါင်း (၂၀)နီးပါး ပေါင်းသင်းလာခဲ့ကြသော ငယ်လင်ငယ်မယားများ ဖြစ်သည်က တစ်ကြောင်း၊ တစ်ယောက်အပေါ်တစ်ယောက် စိတ်တိုဒေါသထွက်သည်မှာလည်း အခိုက်အတန့်သာဖြစ်ပြီး တကယ်တမ်း သံယောဇဉ်ဖြတ်နိုင်ကြသူများလည်း မဟုတ်သည်ကတစ်ကြောင်း၊ သားသမီးများ၏ မျက်နှာလည်း ရှိသေးသည်ကတစ်ကြောင်းကြောင့် နောက်ဆုံးတွင် မင်းဘူးမြို့တောင်လှည်းကောက်ရပ်ရှိ ဘိုတဲအိမ်ကြီးဆီသို့ ဦးဖိုးသာနှင့်အတူ ဒေါ်ခင်စုမျှာ မလိုက်ချင်လိုက်ချင် လိုက်ပါလာခဲ့ရလေသည်၊ မိခင်ဖြစ်သူ



ပါလာပြီဆိုကတည်းက မောင်ဖိုးသော်တို့ လူတစ်စုလည်း ဘယ်နားနေရစ်ခဲ့စရာ ရှိမှာလဲ။ အားလုံး လိုက်လာရပြီပေါ့။

“အမလေးတော် - ကြီးကျယ်လိုက်တဲ့ အိမ်အိုကြီးပါလားအေ”

ဂျစ်ကားငယ်ကလေးကို အိမ်ရှေ့ဆင်ဝင်အောက်၌ ထိုးရပ်လိုက်ရုံရှိသေး မောင်ဖိုးသော်နှင့် မောင်ခင်သာတို့နှစ်ယောက် ကားပေါ်မှ ပြေးဆင်းသွားပြီး မြက်ခင်းကျယ်ကြီးပေါ်တွင် ပြေးလွှားဆော့ကစားနေကြစဉ် ကြီးကြီးဖြစ်သူ ဒေါ်ခင်မေသည် ကားပေါ်မှ မဆင်းနိုင်သေးဘဲ ဆင်ဝင်ကြီးကို မော့ငေးကြည့်ရင်း တအံ့တဩ ရေရွတ်လိုက်သည်၊ ဒေါ်ခင်မေ ထိုသို့ တအံ့တဩ ရေရွတ်လျှင်လည်း ရေရွတ်ချင်စရာ ဆင်ဝင်ကြီးကို အဘယ့်ကြောင့် ဆင်ဝင်ဟုခေါ်သလဲဆိုတာ ယခုမှပင် သဘောပေါက်တော့သည်။ ဆင်ဝင်ဆိုသည့်အတိုင်း ဆင်တစ်ကောင် ဝင်နိုင်အောင်း၍ရလောက်အောင် မြင့်မားကျယ်ဝန်းလှသည် မဟုတ်ပါလား။

“မမ မေရေ - သိပ်အံ့ဩမနေနဲ့ဦး။ ဒီအိမ်ကြီးက သိပ်ခမ်းနားခဲ့တဲ့အိမ်ကြီး။ အရင်တုန်းက ဘုရင်ခံတောင် နေခဲ့ဖူးတယ်ဆိုလားပဲ၊ အထဲမှာလည်း တွေ့ပါဦးမယ်၊ လာ - ခင်လေး လာလေ”

ဦးဖိုးသာက အစ်မနှင့် ဇနီးတို့၏ အံ့ဩဘနန်းဖြစ်နေသည့် မျက်ဝန်းကြီးများအပေါ် ဂုဏ်ယူမဆုံးရှိနေဟန်ဖြင့် အိမ်ထဲဝင်ရန် ဖိတ်ခေါ်လိုက်၏။ ဟင်း - ဆင်း - တွေ့ပြီ မဟုတ်လား။ ဘယ်လိုလဲ - ဟိုအိမ်လေးကို ဖက်တွယ်ပြီး နေချင်ကြသေးလားဟု တဲ့တိုးမမေးရုံသာ ရှိတော့သည်၊ ဦးဖိုးသာသည် အလုပ်ကို ကြိုးကြိုးစားစားလုပ်လိုသူဖြစ်ပြီး ဌာနက ရွှေ့ပြောင်းခိုင်းလျှင်လည်း ဆုပ်ပျော်ကြီး ပြောင်းတတ်သူဖြစ်၍ မင်းဘူးသို့ ပြောင်းရွှေ့လာရခြင်းအပေါ်၌ စိတ်ညစ်ခြင်း အနည်းအကျဉ်းမရှိသော်လည်း အစ်မနှင့် ဇနီး၏ အပြစ်တင်ခြင်းကိုမူ မကြာသေးမီကာလအထိ ခါးစည်းပြီးခံခဲ့ရ၏၊ ယခုကျမှ ဘိုတဲကြီး၏ ခမ်းနားမှုကြောင့် ဦးဖိုးသာတစ်ယောက် ဇနီးနှင့် အစ်မကြီးတို့ရှေ့တွင် မျက်နှာပန်းလှနေရပြီး



www.burmeseclassic.com

www.burmeseclassic.com

မောင်ဖိုးသော်က အသက် (၁၅)နှစ်အရွယ်မှို့ အိမ်ကြီး၏ ကြီးကျယ်မှု အပေါ်များစွာမနှစ်သက်တတ်သော်လည်း ကျယ်ဝန်းလှသည့်မြဲဝန်းနှင့် အုံ့ဆိုင်းနေသော သစ်ပင်ပန်းမန်များကြောင့် စိတ်အတန်အသင့် ပျော်ရွှင်နေခဲ့သည်။

ဟိုနေရာမှာ တဖတ်မယ်၊ ဒီနေရာမှာ ဒန်းထားမယ်၊ ဒီနားမှာ ဖွေဖြိုနှဲ ဆော့ရမယ် စသဖြင့် ကလေးညာက်လေးနှင့် Plan ဆွဲနေမိ၏။ မိဘများက အိမ်ပေါ်တက်သွားကြပြီဖြစ်ပြီး ဒေါ်ကြီးဗိုင်းနှင့် ဦးပုတို့ လိုက်ပါလာမည့် အိမ်ထောင်ပရိဘောဂတို့ သယ်ယူလာသည့်ကားမှာလည်း ရောက်မလာသေး၍ မြုံကြီးသည် ပကတိတိတ်ဆိတ်လျက်ရှိရာ ကလေးတို့၏ အတွေးထဲသို့ တိတ်ဆိတ်ခြင်းနှင့်အတူ ချောက်ချားခြင်းတို့ကိုပါ တွန်းပို့ပေးသကဲ့သို့ ရှိသဖြင့် အငယ်ကောင်ခင်သာချော နှန်ပေါက်ဆော့မြူးနေရာမှ ရပ်တန့်သွားရှာပြီး ဝိုင်းစက်စက်မျက်လုံးလေးများဖြင့် အစ်ကိုဖြစ်သူ ဖိုးသော်ကို အားကိုးတကြီး ဝေးကြည့်လိုက်ကာ ...

"ကိုကိုကြီး – သား ကြောက်လာပြီ"

"ဟေ – ဘာကို ကြောက်လာတာလဲ၊ မင့်ကျူရှင်ဆရာ လိုက်လာလို့လား"

မောင်ဖိုးသော်က အငယ်ကောင်၏ စကားကို အလေးအနက်မထားဘဲ လှောင်လိုက်၏။ ညီအစ်ကိုနှစ်ယောက်က ဆယ်နှစ်နီးပါး အသက်ကွာနေသောကြောင့် အငယ်ကောင်၏ကလေးသဘာဝ နေရာစိမ်း၊ ဒေသစိမ်းအပေါ် ရှိ့ကြောက်မှုကို အကြီးကောင်က နားလည်မပေးနိုင်ချေ။ ဆယ်ကျော်သက် ပီပီ မြင်မြင်ကရာကို ပြောင်နောက်ချင်နေသည်မို့ အငယ်ကောင် ကြောက်တတ်သည့်စရိုက်ကြမ်းကြမ်း ကျူရှင်ဆရာကို စကားဝိုင်းထဲ ဆွဲသွင်းလိုက်၏။

"အာ – ကိုကိုကြီးကလည်း၊ ဆရာကြီးဦးသန်းမောင်က ဟိုမှာ ကျန်ခဲ့ပြီး၊ သူ သားကို မရိုက်နိုင်တော့ပါဘူး။ ခု ကြောက်တာက ဟို – ဟိုဟာ"



"ဘာဟာလဲဟ၊ ရှင်းရှင်းပြောစမ်းပါ"

"ဟို – ဟို – တခြဲ"

"ဟား – ဟား – မင်းကလည်း ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ"

"ဟင် – ကိုကိုကြီးကလည်း သားက ကလေးပဲရှိသေးတာကို"

"အမယ် – ကလေး – ကလေးနဲ့ ဒါမျိုးကျ ကလေး။ မင်း ရည်းစားကျတော့ ထားနေပြီမဟုတ်လား"

"ဟာ – ဟုတ်ပါဘူး ကိုကိုကြီးကလည်း။ မိစိန်ရင်နဲ့သားက သူငယ်ချင်းတွေပါ"

ခေတ်ကာလကလေးငယ်တွေများ သိပ်ခက်၊ ငါ ငယ်ငယ်ကဆို သူတို့အရွယ်လေး ဆော့ကောင်းတုန်း၊ ကစားကောင်းတုန်း၊ ဆော့တာ ကစားတာကလွဲပြီး ကျန်တာတစ်ခုမှ နားမလည်ခဲ့ဘူး။ အခုခေတ် ကလေးများကျ အဲဒီလိုမဟုတ်တော့၊ အကုန်သိ၊ အကုန်တတ် အကုန်နားလည်နေကြပြီ၊ ဆယ်စုနှစ်တစ်ခုအတွင်းမှာ ဖက်ရှင်တွေ၊ စကားအသုံးအနှုန်းတွေ၊ ယဉ်ကျေးမှုတွေသာမက ကမ္ဘာကြီးဟာ အရာရာပြောင်းလဲလာ စမြဲပါလား။

ဟူ၍ မောင်ဖိုးသော်တစ်ယောက် အတွေးဆက်ကာ ငိုင်ငေးသွားသည်။

"ကိုကိုကြီး – ကိုကိုကြီး – ဘာဖြစ်သွားတာလဲ၊ သား – ကြောက်ပါတယ်ဆိုမှ မချောက်ပါနဲ့နော်၊ လာ – အိမ်ထဲ သွားကြရအောင်"

မောင်ဖိုးသော်က အတွေးနယ်လွန်ကာ ငေးငိုင်နေလေရာ အစ်ကိုဖြစ်သူ၏ ပုံစံကိုကြည့်ပြီး အငယ်ကောင်ချော ပိုကြောက်လာသည်ထင်၊ အစ်ကိုဖြစ်သူ၏လက်မောင်းကို အတင်းလှုပ်ဆွဲကာ အိမ်ထဲဝင်ရန် နှိုးဆော်နေသဖြင့် မောင်ဖိုးသော်လည်း "အင်း" လိုက်ရ၏။ သို့သော် – ငယ်ရွယ်သူလေး၏ ကြောက်စိတ်အပေါ် မောင်ဖိုးသော် ကိုယ်ချင်းမစာတတ်သေး။



www.burmeseclassic.com

www.burmeseclassic.com

ဘိုတဲကြီးသည် အပြင်မှကြည့်စဉ်က အတွင်း၌ ဤမျှလောက် ခမ်းနား ကြီးကျယ်လိမ့်မည်ဟု မထင်မှတ်ခဲ့မိ၊ အထဲရောက်မှ မြင်မြင်သမျှ လက်ရာ ပြောင်မြောက်လှသည်ကို တွေ့သိလိုက်ရ၍ အံ့သြဘနန်း ဖြစ်ခဲ့ရသည်။ ဧည့် ခန်းကြီးတမျှ ကျယ်ဝန်းလှသည့် ဧည့်ခန်းကြီး၊ လူသုံးယောက်ခန့် ချောင် ချောင်ချိရှိ လက်တွဲတက်နိုင်သည့် လှေကားကြီးနှင့် ခုတင်အပါအဝင် ဗီရို စားပွဲနှင့် မှန်တင်ခုံတို့ အပြည့်အစုံ ထားရှိနိုင်သည့် အိပ်ခန်းများပါရှိနေသော ဤဘိုတဲကြီးသည် မောင်ဖိုးသော်တို့မိသားစု (၈)ယောက်အတွက် အလွန့်အလွန်ကို ကျယ်ဝန်းလွန်းလှနေပြီ။

"သားတို့ရေ - အမေနဲ့အဖေက အပေါ်ထပ် ဝရန်တာနားက နစ်ယောက် ခန်းမှာ နေမယ်၊ သားနဲ့သားညီလေးက ခြေရင်းခန်းမှာ နေကြမလား။ အဲဒီ နားက ခြံနောက်ကို လှမ်းမြင်နေရတော့ သားတို့ စိတ်ကြိုက်ပဲ"

အိမ်ကြီးထဲသို့ နှံ့နှံ့စပ်စပ်ရောက်ရှိပြီးပုံရသော ဒေါ်ခင်စုက မောင်ဖိုးသော် တို့ညီအစ်ကိုနစ်ယောက်နားသို့ ရောက်လာကာ သူမ၏ စိတ်အကြံကို သားနစ်ယောက်နှင့် တိုင်ပင်၏။ မိခင်ဖြစ်သူ၏ စကားကို မပယ်ရှားလိုပေမဲ့ မြီးကောင်ပေါက်အရွယ်ပီပီ ကန့်လန့်တော့ တိုက်လိုသေးသည်။ လူကြီးတွေ စီမံရာနာခံလိုက်လျှင် ကြာလာက အနိမ့်ခံရမည်ကို စိုးတတ်သော ဆယ် ကျော်သက်သက်အတွေးအတိုင်း ...

"ဟာ - အမေကလည်း မနေချင်ပါဘူး။ ဒီလောက်အခန်းတွေ ပေါတာ။ ကျွန်တော် တစ်ယောက်တည်းပဲ နေချင်တယ်။ ဒီကောင်လည်း တစ်ယောက် တည်း နေပါလေ့စေ့ပေါ့"

ဟု မောင်ဖိုးသော် ညစ်လေသည်။ အမှန်တော့ ရန်ကုန်အိမ်တွင်နေစဉ် က သည်နစ်ယောက် တစ်ခန်းတည်းနေခဲ့ကြပြီး ယခုကျမှ အကြီးကောင်က ထဖောက်ခြင်းဖြစ်၏။

"အို - သားကြီးကလည်း ညီလေးက ဘယ်လိုလုပ်တစ်ယောက်တည်း နေရဲပါ့မလဲ၊ မင့်ညီလေးရဲ့ မျက်နှာလည်း ကြည့်ပါဦး"

"ဟာဗျာ - ကျွန်တော်လည်း လူပျိုဖြစ်နေပြီ၊ ကလေး မထိန်းချင်တော့ ဘူး၊ သူတစ်ယောက်တည်း မနေရဲရင် ကြီးကြီးမြနဲ့ သိပ်လိုက်ပေါ့"



"ဟင့် - ဟင့် - ကိုကိုကြီး မကောင်းဘူး မေမေ၊ ကိုကိုကြီး သားကို မချစ်ဘူး"

အစပိုင်းတွင် မောင်ဖိုးသော်က သက်သက်နောက်ပြောင်ကျီစယ်လို သောသဘောဖြင့် ပြောခြင်းဖြစ်သော်လည်း နောက်ပိုင်း၌ အမှန်ပင် တစ် ယောက်တည်း နေလိုလာ၍ အတင်းဖွတ်ပေကာ ငြင်းနေမိရာ အငယ်ကောင် ခမျာ တော်တော်စိတ်ထိခိုက်သွားရှာပုံရ၏။ အသက် (၇)နစ်အရွယ် နနယ် လှသည့် သူနှလုံးသားလေးက အစ်ကိုဖြစ်သူ၏ ရင့်သီးမှုကို ခံနိုင်ရည်ရှိပုံမရ။



ငြော်-အင်း၊ တုတ်တယ်-တုတ်တယ်-သား ကိုကိုကြီးကို [illegible]
ကိုသက်လှည့်အကြည့် [illegible] တစ်ယောက်ကို [illegible]
တုတ်တယ်-ကောင်လေးက သားအရွယ်လောက်ပဲ။ သူက [illegible]
ကိုက်ထားတယ်။ ကောင်လေးက [illegible]
[illegible] ကောက်ကောက်လေးနဲ့ဗျ။ ဒါလေးပဲရှာ-သူက မျက်နှာ [illegible]
မီးလောင်ထားသလား မသိဘူး၊ သနား [illegible] ...



www.burmeseclassic.com

www.burmeseclassic.com

တဟင့်ဟင့်ရှိုက်ငိုကာ မိခင်၏ပေါင်ကို ပြေးဖက်ရှာသည်၊ ဒေါ်ခင်စုမှာလည်း သားငယ်ကို ပွေ့ဖက်၍ မနှစ်သိမ့်နိုင်ရှာပေ။ လက်ထဲ၌ သမီးလေးကို ပွေ့ချီထားရသေးသည် မဟုတ်လား။

"မငိုပါနဲ့ - သားငယ်ရယ်၊ တိတ် - ဒီမှာ ညီမလေး နိုးသွားဦးမယ်။ ကိုကိုကြီးက သားကို စ,နေတာပါ။ ကဲ - သားကြီး၊ ညီလေးကို အပေါ်ထပ်ခန်း ခေါ်သွား။ မဟုတ်တာတွေ မပြောနဲ့တော့"

ဒေါ်ခင်စုက လေပြေနှင့် ပြော၍မရသဖြင့် တစ်ချက်လွှတ်အမိန့်ထုတ်ကာ မီးဖိုချောင်ဘက်သို့ ထွက်သွား၏။ ကြီးကြီးမြနှင့် ဖခင်ကြီးကတော့ အိမ်အသစ်ကိုရောက်သည်နှင့် ထုံးစံအတိုင်း လိုအပ်သည်များကို ပြင်ဆင်ပြုပြင်နေကြပေလိမ့်မည်၊ နောက်ဆုံး၌ ဧည့်ခန်းကျယ်ကြီးထဲတွင် မတည့်အတူနေ ညီအစ်ကိုနှစ်ယောက်က ကျန်ရစ်ခဲ့သည်။

"အဲဒါပဲ - နိုင်ငံခြားမှာဆို ငါ့အရွယ်လောက်ရောက်ရင် မိဘတွေက ဒီလိုမျိုး မဆက်ဆံကြတော့ဘူး။ ဒီမှာနဲ့များ ကွာပါ့၊ ကဲ - ငါတို့ အပေါ်ထပ်တက်ကြရအောင်။ ဟိတ်ကောင်လေး - လာလေ ဘာလုပ်နေတာလဲ"

မောင်ဖိုးသော်က ထွက်ခွာသွားပြီဖြစ်တဲ့ ဒေါ်ခင်စု၏ ကျောပြင်ကိုငေးကြည့်ရင်း မကျေမနပ် ရေရွတ်ညည်းတွားနေရာမှ အပေါ်ထပ်သို့တက်ရန် တန့်ပြင်လိုက်ကာ အငယ်ကောင်ကိုလည်း တစ်ပါတည်းဆွဲခေါ်လိုက်သည်၊ သို့သော် - ခင်သာက မောင်ဖိုးသော် ဆွဲခေါ်ရာကိုပါမလာဘဲ နေရာတွင်သာ တောင့်တောင့်ကြီးရပ်လျက်ရှိ၏။

"ဟိတ်ကောင် - ခင်သာ၊ မင်း မရစ်နဲ့ကွာ။ မင်းကို မချစ်လို့ မဟုတ်ဘူး၊ ငါလည်း တစ်ယောက်တည်း နေချင်တာပေါ့။ ငါ့အရွယ်ရောက်ရင် မင်းလည်း နားလည်လိမ့်မယ်၊ အခုတော့ ပေကပ်မနေနဲ့၊ အပေါ်ထပ်တက်စို့၊ တော်နေကြာ - အမေ ဆူနေဦးမယ်"

ဖိုးသော်က လေပြေထိုးပြီး ချော့ကြည့်သော်လည်း ခင်သာလေးက နေရာမှမရွေ့ဘဲ ပေကပ်ရပ်ကာ တစ်ဖက်သို့လှည့်နေ၍ ဖိုးသော် ဒေါ်ပွသွားသည်၊ သို့ကြောင့် -



"ဟိတ်ကောင် - မင်း ဘာဖြစ်နေတာတုံးကွာ"

ဟုအော်ကာ အငယ်ကောင်၏ ပခုံးနှစ်ဖက်ကို မတရားလှုပ်ယမ်းပစ်လိုက်ရာ ထိုအခါမှ ခင်သာသည် သတိဝင်လာသူတစ်ယောက်ကဲ့သို့ ဟင်းခနဲ အသက်ရှူသွင်းလိုက်ပြီး . . .

"ကိုကိုကြီး - ကိုကိုကြီး သား ဘာဖြစ်သွားတာလဲ"

"ဟေ - မင်း ဘာဖြစ်သွားလဲဆိုတာ ငါက ဘယ်လိုလုပ် သိမှာလဲ။ မင်း ငါ့ကို စိတ်ဆိုးပြီး ဟိုဘက်ကို မျက်နှာကြီး လှည့်နေတာလေ"

"ဪ - အင်း၊ ဟုတ်တယ် - ဟုတ်တယ် - သား ကိုကိုကြီးကို စိတ်ဆိုးပြီး ဟိုဘက်လှည့်အကြည့် ကလေးမလေးတစ်ယောက်ကို မြင်လိုက်ရတယ်၊ ဟုတ်တယ် - ကောင်မလေးက သားအရွယ်လောက်ပဲ၊ သူက ဝက်ဝံရုပ်တလေးကို ပိုက်ထားတယ်။ ကောင်မလေးက ဘိုမလေးထင်ရဲ့၊ ဆံပင်ဝါဝါ ကောက်ကောက်လေးနဲ့ဗျ။ ဒါပေမဲ့ဗျာ - သူက မျက်နှာတစ်ခြမ်း မီးလောင်ထားသလား မသိပါဘူး၊ သနားပါတယ်"

"ခင်သာ - မင်း ဘာတွေပြောနေတာလဲ။ ငါ့ညီလေးစိတ်ကောမှန်သေးရဲ့လား"

"ဟာ - ကိုကိုကြီးကလည်း သားက လျှောက်ပြောနေတာ မဟုတ်ဘူး။ တကယ်ပြောနေတာ၊ စောစောကပင် ဟိုနားမှာ ရပ်နေလို့ ကျွန်တော် ငေးကြည့်နေတာ၊ သူက သားကို စူးစူးရဲရဲကြီး စိုက်ကြည့်နေပုံများ ကြောက်စရာကြီးဗျာ၊ သားမှာ အသက်တောင် ရှူလို့မရဘူး။ နောက်တော့ သူ လှည့်ထွက်သွားတယ်၊ သားလည်း သူ့နောက်က လိုက်သွားတာ လှေကားဟိုနားလောက်လည်းရောက်ရော ကိုကိုကြီး လှုပ်ခေါ်လိုက်တာနဲ့ သား နိုးလာတာပဲ၊ ဘာဖြစ်သွားတာလဲ မသိပါဘူး - ကိုကိုကြီးရယ်"

ခင်သာက အာပေါင်အာရင်းသန်သန်ပြောရင်း ကြက်သီးထလာဟန်ဖြင့် သူ့လက်မောင်းနှစ်ဖက်ကို သူ့ဘာသာသူ ပွတ်သပ်နေလေရာ မောင်ဖိုးသော်လည်း အူတက်မတတ် ရယ်ချင်သွားမိသည်၊ ခင်သာ၏ ပြောစကားကို မောင်ဖိုးသော်မှ မယုံကြည်ပဲကိုး။

www.burmeseclassic.com

ဒီကောင်လေးကြီးလာရင် စာရေးဆရာဖြစ်မလား၊ မင်းသားဖြစ်မလားပဲ၊ တော်တော်လည်း အမှုအရာကောင်း အပြောကောင်းရဲ့၊ မောင်ဖိုးသော်၏ စိတ်ထဲတွင် ထိုသို့တွေးမိသော်လည်း အပြင်ပန်းကတော့ ခင်သာ စကားအပေါ် ကြောက်ရွံ့သွားသယောင်ဟန်လုပ်ကာ -

"တကယ်ပဲလား - ခင်သာရယ်။ ငါ့နယ် - ကြောက်လိုက်တာကွာ။ ကောင်မလေးရဲ့ မျက်နှာက မီးလောင်ထားတာဆိုတော့ ဧကန္တ သရဲပဲဖြစ်ရမယ်"

"ဟင် - ဟုတ်လား ကိုကိုကြီး။ သား - သား ကြောက်တယ်"

"သိပ်တော့ မကြောက်ပါနဲ့ကွာ။ သရဲဆိုတာ တို့ကို ဘာမှမလုပ်နိုင်ပါဘူး။ တို့မှာ ဘုရားရှိသားပဲကို"

"အင်းနော် - ဟုတ်ပါတယ်၊ သူ သားတို့ကို ဘာမှမလုပ်နိုင်လောက်ပါဘူး"

ခင်သာက ထိုသို့ သူ့ကိုယ်သူ အားပေးရင်း မောင်ဖိုးသော်အနားကို တိုးကပ်လာပြီး ဖိုးသော်၏အင်္ကျီစကိုဆွဲကာ အိမ်အပေါ်ထပ်သို့ အတူတက်ခဲ့ကြသည်၊ ထိုစဉ်က ခင်သာတစ်ယောက် သူ့ကိုစိတ်ကောက်ကာ စိတ်ထင်ရာ လျှောက်ပြောခြင်းသာ ဖြစ်မည်ဟု မောင်ဖိုးသော် တွေးထင်ခဲ့မိပေမယ့် ထိုအတွေးမှာ မှားယွင်းနေကြောင်းကို နောက်ပိုင်းတွင် မောင်ဖိုးသော်တစ်ယောက် ကောင်းကောင်းကြီး သိခဲ့ရ၏။

မောင်ဖိုးသော်တို့ မိသားစုသည် တစ်ဦးကိုတစ်ဦး အလွန်အလေးထားသူများဖြစ်ကြ၍ ညနေစာကို လူစုံညီချိန်မှ သုံးဆောင်လေ့ရှိခဲ့ရာ ထိုအလေ့အထကို ထိုနေ့ညနေတွင် ဖျက်သိမ်းလိုက်ရပေသည်၊ အဘယ့်ကြောင့်ဆိုသော် အိမ်ပြောင်းလာခဲ့သည့် ထိုညနေ၌ အငယ်ဆုံးသမီးလေး ချစ်စုတစ်ယောက် တစ်ချိန်လုံး တက်မတတ် ချက်မတတ် ငိုယိုနေသောကြောင့်ပင်တည်း။



"သမီးလေး - မငိုပါနဲ့ကွယ်၊ တိတ် - တိတ် - ဘာလိုချင်လို့လဲတွယ်"

"ကြီးကြီးမေ - သီချင်းဆိုသိပ်မယ်လေ၊ မငိုနဲ့တော့နော်၊ တိတ်လေကွယ်"

မိခင်ကြီးနှင့် ကြီးကြီးမေတို့ တစ်လှည့်စီ မည်မျှပင်ချော့ချော့ ကလေးမလေးက ရှိုက်သံတစ်ချက်မလျှော့ဘဲ သည်းသည်းထန်ထန် ငိုကြွေးနေလေရာ ညနေစာကို ယောကျ်ားသုံးယောက်က စားနှင့်လိုက်ရ၏။ ဟင်းက ကြက်သားကာလသားချက်၊ ချဉ်ပေါင်ကြော်၊ ဘူးသီးဟင်းခါးနှင့် ငါးပိရည်တို့စရာဖြစ်၍ မြန်မာတို့အကြိုက် နှုတ်မြိန်ဖွယ်ရာ ဟင်းကောင်းဟင်းလျာများဖြစ်သော်လည်း ပုံမှန်အတိုင်း မိသားစု စုံစုံလင်လင် မစားသောက်ရသဖြင့် စားမဝင်လှပေ။

"ကိုကိုကြီး - ကိုကိုကြီး သိလား"

မောင်ဖိုးသော်က စိတ်လေလေဖြင့် ငါးပိရည်တို့စရာကို မဲစားနေသည့်အခိုက် ခင်သာလေးသည် ဖခင်၏အရိပ်အခြည်ကိုကြည့်ကာ ဖခင်ကြီး သတိမပြုမိလောက်သည့်အချိန်တွင် အစ်ကိုဖြစ်သူ၏အနားသို့တိုးလျက် အသံတိမ်တိမ်ဖြင့် မေး၏။ သည်ကောင်လေး သည်ကိုရောက်ကတည်းက ဓနာမငြိမ်။ ယခုလည်း အစမရှိ အဆုံးမရှိ ကိုကြီး သိလားဟုမေးနေတာကြောင့် မောင်ဖိုးသော်လည်း စိတ်တိုတိုနှင့် ထအော်လိုက်သည်၊

"ငါက ဘာသိရမှာတုံး"

"ဟာ - ကိုကိုကြီးနော် တိုးတိုးပြော၊ ဟိုအကြောင်း ဖေကြီး သိသွားဦးမယ်"

"ဟေ - ဘယ်အကြောင်းလဲ"

"ဟို - ဘိုမသရဲလေးအကြောင်းလေ၊ အခုလည်း ညီမလေးငိုအောင် သူများ လှန့်နေသလားမသိ"

"ကျွတ် - ပေါက်ပေါက်ရှာရှာကွာ"

အငယ်ကောင်၏ အူကြောင်ကြောင်စကားအပေါ် မောင်ဖိုးသော် စိတ်ကုန်သွားမိ၍ ခပ်ကျယ်ကျယ်ရေရွတ်လိုက်မိရာ ဦးဖိုးသာက ကလေးနှင့်

www.burmeseclassic.com

ယောက် ပြောကြားနေတာတွေကို နားစွင်နားဖျားကြားသွားဟန်ဖြင့် သူတို့နှစ်ယောက်ဆီသို့ မျက်စိဝေ့ကြည့်လိုက်ပြီး . . .

"အဖေ့ကို မှန်မှန်ပြောစမ်း၊ မင်းတို့ ဘာအကြောင်းပြောနေကြတာလဲ"

ဟု ခပ်တည်တည်မေးလေသည်။

"ဘာ - ဘာမှ မဟုတ်ပါဘူး။ ဒီအကောင် အသားနွှင်နိုင်းနေလို့ ကျွန်တော်က ဆူလိုက်တာပါ"

"အကြီးကောင်၊ မင်း - မလိမ်နဲ့၊ အဖေ နားစွန်နားဖျား ကြားလိုက်တယ်၊ သားငယ် မင်း ပြောစမ်း၊ အဖေ့ကို အမှန်အတိုင်းပြော"

"ဟို - ဟို - ဖေကြီး မဆူရင် ပြောပြမယ်၊ သားကို မဆူနဲ့နော်"

"မဆူဘူးကွာ၊ ပြောမယ့်သာပြော"

"ဟို - သား - သားတို့ သရဲမလေးအကြောင်း ပြောနေတာ ဖေကြီး"

"ဟာ"

ခင်သာက ပြောမည့်ပြောတော့လည်း တဲ့တိုး၊ မောင်ဖိုးသော်ပင် တားမြစ်ချိန်မရလိုက်၊ ဦးဖိုးသာက အငယ်ကောင်၏စကားကြောင့် မျက်လုံးအပြူးသားဖြစ်သွားရာ အကြီးကောင်လည်း စက်ကွင်းထိမည်စိုး၍ . . .

"ဟိတ်ကောင် - ဘာ - သားတို့လဲ၊ ငါ မပါဘူးနော်၊ မင့်ဘာသာမင်း လျှောက်ပြောတာ"

"သား လျှောက်ပြောတာ မဟုတ်ဘူး၊ တကယ်မြင်လိုက်တာ၊ ကောင်မလေးက ဂါဝန်အဝါလေးနဲ့ ဆံပင်လေးကလည်း ဝါဝါလေး"

"အဖေ့ - အဖေ ကျွန်တော် မပါဘူးနော်၊ အငယ်ကောင် ကျွန်တော့်ကို ဆွဲထည့်နေတာ"

"မဟုတ်ဘူး - ဖေကြီး၊ သားတကယ်မြင်တာ၊ ကိုကြီးကပြောတော့ အဲဒါ သရဲနေမယ်တဲ့၊ ကိုကြီး ပါတယ်"

"ဟာ - မင်း - မင်းတော့ တွေ့မယ်"

ညီအစ်ကိုနှစ်ယောက်မှာ ထုံးစံအတိုင်း သူ့အပြစ်တင် ကိုယ့်အပြစ်တင်ဖြင့် အော်ဟစ်နေကြရာ ဖခင်ကြီးမှာ စိတ်ရှုပ်လာပုံရသည်။ "တိတ်ကြစမ်းကွာ" ဟု ထအော်လိုက်တာကြောင့် ကလေးနှစ်ယောက်လည်း တစ်ယောက်နှင့်တစ်ယောက် လက်သီးဆုပ်ပြ မျက်စောင်းထိုးပြနှင့် အသံတိတ်ရန်စရင်း ဖခင်ကြီး၏ ဆူဆဲမည့်အသံကို နားစွင့်နေလိုက်ကြစဉ် ဖခင်ကြီးက -

"မင်းတို့နှစ်ယောက် တော်တော့၊ မဟုတ်တာတွေ နောက်ထပ်မပြောနဲ့တော့"

ဟု တိုတိုတုတ်တုတ် ဆူကြိမ်းလိုက်ပြီး ထမင်းစား စားပွဲမှ ထထွက်သွားလေ၏။ အခါတိုင်း သူတို့နှစ်ယောက် ပြဿနာဖြစ်လျှင် နာရီဝက်မက ဆူလေ့ရှိသော ဖခင်ကြီးသည် ယခုတစ်ခေါက် နှစ်ခွန်းလောက်သာဆူပြီး ထထွက်သွားသည့်အတွက် မောင်ဖိုးသော်နှင့် ခင်သာလေးမှာ မနေတတ် မထိုင်တတ်ပင် ဖြစ်သွားရသည်။ သို့သော်လည်း ဖခင်ကြီး မဆူပူရခြင်း၏ အကြောင်းရင်းကိုမူ ထိုစဉ်က မောင်ဖိုးသော်တစ်ယောက် မသိရှိခဲ့သေးချေ။

ခပ်လှမ်းလှမ်းဆီမှ တစ်ဟုန်ထိုး စုရုံးအူမြည်လိုက်သော ခွေးတစ်အုပ်၏ အသံကြောင့် ဦးပုတစ်ယောက် ကြက်သီးဖြန်းဖြန်း ထသွားမိသည်။ ထိုင်နေရာ ထိုင်ခုံမှ ခြံတံခါးဝဆီသို့ လှမ်းမျှော်ကြည့်ရင်း ခွေးအူရခြင်း၏အကြောင်းရင်းကို လျှောက်တွေးကြည့်မိ၏။

ခွေးဆိုမှတော့ အူမှာပေါ့၊ အူမြည်တယ်ဆိုတာ ခွေးတွေရဲ့ သဘာဝပဲ မဟုတ်လား၊ ဘာတွေးကြည့်စရာ လိုလို့လဲ၊ အဲ - မဟုတ်သေးပါဘူး၊ တိရစ္ဆာန်ဆိုတာ နိမ့်ကျတဲ့သတ္တဝါမို့ မမြင်အပ်တာတွေကို မြင်တွေ့နိုင်တယ်လို့ ကြားဖူးရဲ့၊ ဒီလိုဆို သူတို့တစ်တွေ ဘာကိုတွေ့လို့များ ဒီလောက်အူနေကြပါလိမ့်၊ အင်း - ထားပါတော့လေ၊ သူတို့ဘာသာသူတို့ တွေ့ချင်ရာတွေ့ပါလေစေပေါ့၊ ငါ မြင်ရတာမှ မဟုတ်တာ၊ ငါနဲ့ ဘာဆိုင်တာမှတ်လို့ တွေးကြောက်စရာမရှိ ရှာကြံတွေးကြောက်နေပါလား - ငပုရ"

စသဖြင့် ရောက်တတ်ရာရာတွေးကာ စိတ်ထွေပြားနေလေသည်။

ဘိုတဲကြီးသည် တောင်ကုန်းကြီးထက်တွင် ထီးတည်းကြီးတည်ရှိနေခြင်းဖြစ်ပြီး ဘိုတဲခြံရှေ့၌ အတန်အသင့်နက်ရှိုင်းသော လျှိုမြောင်ချိုင့်ဝှမ်းရှိကာ ထိုချိုင့်နံဘေးလမ်းသွယ်လေးအတိုင်း တစ်ဖက်သို့ ဆင်းသွားပါက





www.burmeseclassic.com

www.burmeseclassic.com

မြေပြန့်ရပ်ကွက်ဆီသို့ ရောက်ရှိနိုင်လေသည်။ ညချမ်းကာလဖြစ်သဖြင့် လသည် ထိန်ထိန်သာလျက်ရှိရာ လရောင်ငွေ့တွင် ခိုလှုံနားစက်နေသော လောကကြီးသည် လရောင်ဖြင့် ထွန်းပြောင်လင်းနေသည်။ မြို့တံခါး၏အပြင်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်လျှင် ခပ်လှမ်းလှမ်းမြေပြန့်ရှိ လူစည်ကားသည့်ရပ်ကွက်လေးကို အတိုင်းသားမြင်တွေ့နေရ၏။ ည (၁၀) နာရီထိုးခါနီးအချိန်ဖြစ်၍ ရပ်ကွက်တစ်ခုလုံး လူခြေတိတ်နေပြီ။ သို့သော်လည်း လုံးလုံးလျားလျား လူသူကင်းမဲ့ခြင်းမျိုးမဟုတ်ဘဲ လှမ်းမြင်နေရသော လက်ဖက်ရည်ဆိုင်ငယ်လေးတွင် ကာလသားအချို့ဖြင့် စည်ကားလို့ နေသေးသည်။

"ဟင် - ဘယ်လိုပါလိမ့်၊ ဆရာကြီး မအိပ်သေးတာလား"

ဦးပုသည် သူ၏အကြည့်တို့ကို မြို့ဝန်းတံခါးအပြင်မှ မြို့ဝန်းပတ်လည်သို့ ရွှေ့ပြောင်းကူးလူးလိုက်စဉ် မြင်တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် အံ့အားသင့်သွားခဲ့ရပြီ။ ဦးပုတစ်ယောက် မြင်တွေ့လိုက်ရသည်က အိမ်ကြီး၏အပေါ်ထပ်ရှိဝရန်တာတွင် လူတစ်ယောက် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေခြင်းပါ၊ ဝရန်တာအနီးရှိ ခရေပင်ကြီး၏အရိပ်ကြောင့် လရောင်သည် ထိုသူ၏ မျက်နှာပြင်ဆီသို့ ဆင်းသက်ခွင့်မရသဖြင့် မှောင်ရိပ်ကျလျက်ရှိရာ ထိုသူဟာ မည်သူမည်ဝါဆိုတာ ဦးပု ကွဲကွဲပြားပြား မသိနိုင်ပေ။

"မဟုတ်သေးပါဘူး၊ ဆရာကတော်များလား"

ဦးပုက မသေချာမည်စိုး၍ အိပ်ချင်မူးတူးဖြစ်နေသောသူ၏မျက်လုံးများကို ခပ်ရှုရှုပွတ်သပ်လိုက်ကာ ဝရန်တာသို့ အသေအချာစိုက်ကြည့်မိရာ လရောင်ဝိုးတဝါးအောက်တွင် ရှေ့နောက် ခေါက်တုံ့ခေါက်ပြန် လမ်းသလားလျက်ရှိသော ဖြူဖျော့ဖျော့ ပုံသဏ္ဍာန်တစ်ခုက ဝရန်တာတွင်ရှိနေဆဲ ဖြစ်သည်၊ ပုံစံက မိန်းမတစ်ယောက်၏ပုံသဏ္ဍာန်ဖြစ်သော်လည်း ဆရာကတော်နှင့်မတူဘဲ အရပ်အနည်းငယ်မြင့်နေပြီး ဝတ်စားထားသည်ကလည်း ဂါဝန်ရှည်ကြီး၊

"ဒါမှမဟုတ် မကြီးမေများလည်း မသိပေါင်"



အနောက်တိုင်းယဉ်ကျေးမှုကို အတန်ငယ် အားကျတတ်သော ဒေါ်ခင်မေက တစ်ခါတစ်ရံ ဂါဝန်ရှည်၊ စကတ်ရှည်များကို ဝတ်ဆင်တတ်သူဖြစ်၍ ဝရန်တာတွင် လမ်းသလားနေသူသည် ဒေါ်ခင်မေများဖြစ်နေမလားဟု ဦးပု တွေးလိုက်မိသည်၊ ထိုသို့ ဟိုဟိုသည်သည် တွေးတောလျက်ရှိစဉ် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်လျက်ရှိသော ထိုပုံရိပ်သည် အတွင်းခန်းထဲသို့ လှစ်ခနဲ ဝင်ရောက်သွားသလား၊ ပြေးထွက်သွားသလား ခွဲခြား၍မရလောက်အောင် ဖျတ်ခနဲ ပျောက်ကွယ်သွားလေ၏။

အမှန်မှာ ထိုပုံရိပ်သည် ဝရန်တာအနီးရှိ ဦးဖိုးသာ၏ အိပ်ခန်းထဲသို့ ဝင်ရောက်သွားခြင်းဖြစ်သည်၊ အချိန်က ည(၁၀)နာရီကျော် ဖြစ်ပေမယ့် အေးမြလှသော ဆောင်းရာသီဖြစ်နေသည်ကတစ်ကြောင်း၊ နေရာတစ်ဒေသသစ်ဖြစ်နေသည်က တစ်ကြောင်းကြောင့် ဦးဖိုးသာသည် အိပ်ရာထက်တွင် နှစ်နှစ် ခြိုက်ခြိုက် အိပ်စက်မရသေးပေ။ ဘယ်လှည့် ညာပြောင်းနှင့် မွေ့ရာထက်ဝေါ် လူးလိမ့်ရင်း အိပ်ပျော်အောင်အိပ်ရန် ကြိုးစားလျက်ရှိစဉ် မသိစိတ်၏ လှုံ့ဆော်မှုကြောင့် ကြက်သီးတို့ တဖြန်းဖြန်းထလာလေ၏။

ဘာဖြစ်တာပါလိမ့် ...။

ဦးဖိုးသာသည် အကောင်းပကတိမှနေ တဖြန်းဖြန်းထလာသော ကြက်သီးတို့ကြောင့် အနည်းငယ်အံ့ဩသွားမိသော်လည်း ကြိုးစားအားထုတ်နေရသော စက်တော်ခေါ်ခြင်းအမှု ပျက်ယွင်းသွားမည်စိုး၍ ထိုကြက်သီးတို့အပေါ် အာရုံဖျောက်လိုက်ကာ ဖွတ်မှိတ်အိပ်နေမိစဉ် ...

"ဟင်"

ဆဋ္ဌမအာရုံထဲ၌ ဖျတ်ခနဲပေါ်လာသည်က ခုတင်ခြေရင်းတွင် ဖျလွလွ ဂါဝန်ရှည်ကြီးနှင့် မိန်းမတစ်ယောက်၊ ပုံသဏ္ဍာန်က အနောက်တိုင်းလူမျိုး ယူဆချင်စရာရှိပြီး ထူးခြားသည်က သူမ၏ ခန္ဓာကိုယ်တွင် လက်တစ်ဖက်မပါ၊ စိတ်အာရုံထဲ၌ ထင်းခနဲပေါ်လာသော ထိုပုံရိပ်ကြောင့် ဦးဖိုးသာ ခန့်ထိတ်ကာ အိပ်နေရာမှ ဝုန်းခနဲထထိုင်ပြီး ခြေရင်းသို့ ကြည့်လိုက်မိသည့်အခါ ...



www.burmeseclassic.com

www.burmeseclassic.com

"အမလေး"

ယောက်ျားကြီးတန်မဲ့ အမလေးတ,မိသည်အထိ၊ ခုတင်ခြေရင်းတွင် တွေ့မြင်လိုက်ရသည့် မြင်ကွင်းကား ဦးဖိုးသာကို သွေးပျက်သွားစေခဲ့ပြီ။ မြင်လိုက်ရသည်မှာ ခုတင်ခြေရင်းနံ့ဘေး ပွင့်နေသော ပြတင်းပေါက်ပေါင် ပေါ်၌ မျောက်ဝံလော၊ လူဝံလော ခွဲခြားရန်ခဲယဉ်းလှသော အမွေးအမှင်များ နှင့် ရုပ်ဆိုးဆိုးအကောင်ကြီးတစ်ကောင် ဆောင့်ကြောင့်ထိုင်နေကာ ဦးဖိုး သာကို စိုက်ကြည့်နေသောကြောင့်ပါပေ။ ထိုသို့ဆိုလျှင် ခြပ်ရှိသောသက်ရှိ ဟု ယူဆနိုင်ဖွယ်ရှိသော်လည်း ဦးဖိုးသာ လန့်အော်လိုက်သည့်အခါ ထို အကောင်ကြီးမှာ မြင်ကွင်းထဲမှ ချက်ချင်းပျောက်ကွယ်သွားခဲ့သည်။ အိပ် မက်သာ ဖြစ်လိုက်ပါရစေတော့။

"အစ်ကိုကြီး – အစ်ကိုကြီး – ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့လဲ – အိပ်မက် မက်လို့လား"

ဦးဖိုးသာ၏အော်သံကြောင့် နံဘေးတွင် နှစ်မြိုက်စွာအိပ်မောကျနေသူ ဇနီးသည် ဒေါ်ခင်စုတစ်ယောက် အိပ်ပျော်နေရာမှ လန့်နိုးလာပြီး ချွေးတလုံး လုံးဖြင့် တုန်လှုပ်ချောက်ချားလျက်ရှိသည့် ဦးဖိုးသာကို စိုးရိမ်တကြီး မေးမြန်း လေ၏။ ဦးဖိုးသာမှာလည်း တော်ရုံဖြင့် မဖြေနိုင်သေးဘဲ ဖြေသင့်မဖြေသင့် ချင့်ချိန်နေရသည်။ မတော်ဖြေလိုက်မှ ဇနီးသည် ထိတ်လန့်နေလျှင် ပိုဆိုး ကုန်မည်၊ သို့ကြောင့် –

"ဟို – ဟို – အေး – ဟုတ်တယ်၊ အိပ်မက်ဆိုး မက်တာပါကွာ"

ဟု ချော်လဲရောထိုင် ဖြေလိုက်ရသည်။

"အင်း – ဖြစ်ရမယ်၊ ဒီလိုပဲပေါ့ – အစ်ကိုကြီးရယ်၊ အိပ်ရာအပြောင်းအလဲ ကြောင့်ပေါ့။ ဖြစ်တတ်ပါတယ်၊ ရေသောက်မလား"

"နေ – နေပါစေကွာ၊ အိပ် – အိပ် – ကိုကြီးလည်း ပြန်အိပ်တော့မယ်"

ဦးဖိုးသာက အဖြစ်မှန်ကို ထိမ်ချန်ကာ သင့်တော်သလို ဖြေလိုက်၍သာ ထိုနေ့ညတွင် အုန်းအုန်းကျွက်ကျွက် ဖြစ်မသွားခဲ့ရခြင်း ဖြစ်သည်၊ အကယ် ၍ အမှန်အတိုင်း "ပရလောကသားကို တွေ့လိုက်ရလို့ – ခင်ရေ" ဟု



ကြည့်၊ အော်တစ်ပြေးဆင်းသွားမည့် ဇနီးသည်ကြောင့် တစ်အိမ်သားလုံး ကြောက်လန့်ကုန်ရလိမ့်မည်မှာ အသေအချာ။ ယခုတော့ ဦးဖိုးသာ၏ အလျောက်ကောင်းမှုကြောင့် ဇနီးသည်ဒေါ်ခင်စုတစ်ယောက် မကြာမီတွင် နစ်နစ်မြိုက်မြိုက် ပြန်လည်အိပ်ပျော်သွားလေ၏။ အိပ်မပျော်တော့သည်က ဦးဖိုးသာ၊ ထူးထူးဆန်းဆန်း တွေ့မြင်လိုက်ရသည့် သတ္တဝါကြီးနှင့်ညနေ ခင်းက သားနှစ်ယောက် ပြောနေသည့်စကားများကို ဆက်စပ်တွေးတော ကြည့်ရင်း၊ အဖြေရှာမရသော ဝက်ပါထဲတွင် တဝဲလည်လည်ဖြစ်ကာ အိပ်ရေးပျက်ခဲ့ရပြီ။

ညက အိပ်မက်ကိုပြန်တွေးရင်း ဒေါ်ခင်ဗမ စိတ်ချောက်ချားလျက်ရှိလေ သည်၊ အိပ်မက်က အပြင်လောကဝယ် အမှန်တကယ် ဖြစ်ပျက်နေသည့် အလား ထင်ထင်ရှားရှား မြင်မက်ခဲ့သည့် အိပ်မက်။

အို – တကယ်ပဲ ဖြစ်ခဲ့တာလားမှ မသိတာ၊ ငါကလည်း အိပ်ချင်မူးတူး ဖြစ်နေတဲ့ အချိန်ဆိုတော့ အိပ်မက်လား၊ အဖြစ်မှန်လားဆိုတာကို ခွဲခြားမရ လိုက်ဘူး။ ဘုရား – ဘုရား –

ဒေါ်ခင်ဗမ တွေးရင်း စဉ်းစားရင်း ခေါင်းအတွင်းသို့ စိတ်တုန်လှုပ်ချင် စဖွယ် အတွေးတို့က တလိမ့်လိမ့်တိုးဝှေ့ဝင်လာပြီ။ မျက်လုံးထဲတွင်လည်း မြင်နေရသော စားပွဲပေါ်မှ ထမင်းကြော်ပန်းကန်ကို မမြင်တော့ဘဲ ညက တွေ့ခဲ့ရသည့် အရိုးခြောက်များကိုသာ ဝိုးတဝါးပြန်မြင်ယောင်နေမိ၏။

"မမမေ"

"အား"

"ဟင် – မေမေ ဘာဖြစ်တာလဲ၊ ဘာတွေ တွေးနေလို့ ကျွန်တော် ခေါ်တာ ကို လန့်သွားရတာလဲ"

"ဩော် – အေး – မောင်ဖိုးသာ၊ ဒီ – ဒီလိုပါပဲကွယ်၊ ရန်ကုန်က မပြီးသေး သေးတဲ့အလုပ်ကိစ္စလေးတွေကို တွေး တွေးနေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

"မမမေရယ် – အလုပ်တွေ မလုပ်ပါနဲ့တော့၊ ကျွန်တော်တို့မှာ ဆွေမျိုးရင်းချာဆိုလို့ ဒီမောင်နှမနှစ်ယောက်ပဲ ရှိတော့တာ၊ ညီလေးလည်း ဆုံးသွားတာ ကြာပြီမဟုတ်လား၊ မမမေကို ကျွန်တော် ရှာကျွေးနိုင်ပါတယ်၊ အသက်အရွယ်လည်း ရနေပြီ၊ စိတ်အပင်ပန်း မခံပါနဲ့တော့"

"အေး – အေးပါကွယ်၊ စား – စား – ငါ့မောင်အကြိုက် ပဲပြုတ်ကို ကြက်သွန်နီလေးနဲ့ ဆီသတ်ကြော်ပြီးမှ ထမင်းကြမ်းနဲ့ ရောကြော်ထားတဲ့ မြန်မာထမင်းကြော်စစ်စစ်၊ များများသာ စား၊ ဒါက ငါးခြောက်ဖုတ်၊ ဒါနဲ့ ညီမရော ဆင်းမလာသေးဘူးလား"

"ရေချိုးနေလေရဲ့ မမမေရဲ့"

မောင်နှမနှစ်ယောက်သား တစ်ယောက်အကြောင်းတစ်ယောက် မေးနေကြသော်လည်း ကိုယ့်အကြောင်းကိုယ်တော့ အမှန်အတိုင်း မပြောဖြစ်ကြ၊ ဦးစိုးသော်ကလည်း ညက တွေ့မြင်ခဲ့ရသော အမွေးအမှင်များနှင့် သတ္တဝါကြီးအကြောင်းကို စိတ်ထဲတွင် တွေးလိုက်မိပေမယ့် အပြင်၌ ထုတ်ဖော်ပြောဖို့ရန်ကျ အစ်မဖြစ်သူ ကြောက်ရွံ့သွားမည်ကိုစိုး၍ ဖွင့်မပြောဖြစ်သလို ဒေါ်ခင်မေကလည်း ညက သူမ မြင်မက်ခဲ့သည့် အိပ်မက်ကို ဖွင့်ထုတ်ပြောဖို့ရန် နှုတ်တွန့်နေမိသည်၊

ပြောပြလိုက်လို့ ယုံရင်တော်သေးရဲ့၊ မယုံဘဲ ငါက ဒီအိမ်မှာမနေချင်လို့ ကုလီကူမာလုပ်တယ်ထင်ရင် ခက်ကုန်မယ်၊ မဖြစ်သေးပါဘူး၊

ထိုအတွေးဖြင့် ထမင်းကြော်ကိုသာ ငုံ့စားနေမိ၏၊ သို့သော် – စပ်စုတတ်သည့် မိန်းမသားပီပီ ညက အိပ်မက်နှင့်ပတ်သက်နေသော နံဘေးခန်း၏ ရာဇဝင်ကို သိလိုသဖြင့် ဥပါယ်တံမျဉ်မေးလိုက်သည်၊

"ဒါနဲ့ – မောင်စိုးသာ မမမေရဲ့ဘေးခန်းက ဘာဖြစ်လို့ သော့ပိတ်ထားရတာလဲ၊ နေမယ့်လူ မရှိလည်း ဒီအတိုင်း တံခါးပိတ်ရုံပိတ်ထားပေါ့၊ သော့ခတ်ထားတာကျတော့ မကောင်းပါဘူးကွယ်"

"သြော် – မမမေ အိပ်ခန်းရဲ့ဘေးကအခန်းကို ပြောတာလား၊ အဲဒီအခန်းရဲ့သော့က ကျွန်တော့်ဆီမှာ မဟုတ်ဘူး၊ ဒီအိမ်ကြီးရဲ့ မူလပိုင်ရှင်ဆီမှာ ဒီအိမ်ကြီးက ဌာနပိုင်အိမ် မဟုတ်ဘူး မမမေရဲ့၊ တစ်ဆင့်ငှားထားတဲ့သဘောပေါ့၊ ပိုင်ရှင်က အိမ်ကြီးကို ငှားလိုက်ကတည်းက အဲဒီအခန်းကို လုံးဝမဖွင့်ဖို့ မှာလိုက်တယ်တဲ့၊ အခန်းထဲမှာ သူတို့ဘိုးဘွားပိုင်ပစ္စည်းတွေ ရှိလို့ဆိုလားပဲ၊ သေချာတော့ မသိပါဘူး မမမေရယ်၊ တကယ်လို့ မမမေ သိချင်ရင်လည်း ဒီနေ့ ကျွန်တော် ဌာနကို သွားရင် မေးပေးမယ်"

"အေး – အေးပါကွယ်၊ သိချင်လှတယ်တော့ မဟုတ်ပါဘူး၊ ဒီလိုပဲ မေးမိတာပါ"

ဒေါ်ခင်မေက ထမင်းကြော်ကို ဆက်စားနေရသော်လည်း အသိစိတ်က ထမင်းပိုင်းတွင် မရှိတော့ဘဲ အတွေးကမ္ဘာထဲတွင် လူးလာခေါက်တုံ့ခြေလှမ်းနေမိပြီ၊ ဘိုတဲကြီးဆီသို့ ရောက်ခါစကတည်းက သော့ပိတ်ထားသော ထိုအိပ်ခန်းအပေါ် ဒေါ်ခင်မေ စိတ်ဝင်စားနေခဲ့မိသည်၊ ထိုသို့ စိတ်ဝင်စားသွားရ၍လည်း ထိုအခန်း၏နံဘေးခန်းကို မိမိ၏အိပ်ခန်းအဖြစ် သတ်မှတ်ယူခဲ့ခြင်း ဖြစ်၏၊ တစ်အိမ်လုံး၏ အိပ်ခန်းမှန်သမျှ အလွယ်တကူ တံခါးဖွင့်၍ရသော်လည်း ထိုအခန်းကိုမူ သော့ပိတ်ထားရုံမက အိမ်ပိုင်ရှင်များက သော့ကို သိမ်းထားသတဲ့၊ သမရိုးကျမဆန်သော ထိုအခြေအနေပေါ် ဒေါ်ခင်မေ အတွေးဆင့်တဲမိပြန်သည်၊

ဘာကြောင့်များ ဒီအခန်းကို သော့ပိတ်ထားရပါလိမ့်၊ အခန်းထဲမှာ ဘာတွေရှိနေလို့လဲ၊ ဘိုးဘွားပိုင်ပစ္စည်းဆိုတာ ဘာတွေလဲ၊ ချက်ချင်းပင် ညက မြင်မက်ခဲ့သည့် အိပ်မက်အကြောင်းကို သွားသတိရမိ၏၊ အိပ်မက်ဟု ခေါင်းစဉ်တပ်ရသော်လည်း မျက်ဝါးထင်ထင် မြင်တွေ့ခဲ့သလိုမျိုး စိတ်ထဲတွင် ယခုထိတိုင် ထင်ရှားပြတ်သားနေတုန်း၊ အိပ်ဆေးသာ သောက်မထားခဲ့မိလျှင် ထိုအဖြစ်အပျက်ကို အိပ်မက်ဟု ဒေါ်ခင်မေ တွေးဆ၍ပင် ရမည်မထင်၊

ဒေါ်ခင်မေသည် အသက် (၆၀)ဝန်းကျင်ခန့်ရှိပြီး ရုပ်ရည်ပြေပြစ်ချောမောသော အမျိုးသမီးကြီးဖြစ်၍ ငယ်စဉ်ကဆိုလျှင် ပိုးပန်းသူ အတော်များခဲ့ဖူးသည်၊ သို့သော်လည်း ဖူးစာရေးနတ်ပဲ ညံ့လေသလား၊ ကံဇာတ်ဆရာပဲ အတွဲစယ်လွန်လေသလားမသိ၊ ဒေါ်ခင်မေတစ်ယောက် အပျိုကြီးဘဝဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ပင် မောင်ဖြစ်သူ ဦးဖိုးသာ၏ မိသားစုနှင့်အတူ နေထိုင်ခဲ့သည်မှာ မောင်ဖိုးသော်တစ်သက်ပင် ရှိခဲ့ပြီ။ ဒေါ်ခင်မေသည် မိန်းမသားတစ်ဦး ဖြစ်သော်လည်း မွေးချင်းမောင်နှစ်ယောက်နှင့် ကြီးပြင်းလာရသူပီပီ ကျားကျားလျားလျားရှိပြီး နေရာတကာ စူးစမ်းတတ်လွန်းသူဖြစ်သည်၊ သို့ကြောင့်လည်း ယမန်နေ့ညက အိပ်မက်ဆန်လှသည့် အဖြစ်အပျက်တစ်ခုနှင့် ရင်ဆိုင်တွေ့ကြုံခဲ့ရ၏။

ည (၉)နာရီခန့်ကတည်းက အိပ်ရာဝင်ခဲ့သော ဒေါ်ခင်မေသည် အိပ်ရာအပြောင်းအရွှေ့ကြောင့် တော်တော်နှင့် အိပ်မပျော်၍ ဘာမီတွန်တစ်ပြားကို ရေအေးနှင့် မော့ချခဲ့သည်၊ မှတ်မှတ်ရရ ဘာမီတွန် မသောက်မီက သော့ပိတ်ထားသော တစ်ဖက်ခန်းထဲတွင် ဘာများရှိမလဲ သိလို၍ ကပ်လျက်ရှိသော သစ်သားပြားတစ်လျှောက်၌ ချောင်းကြည့်ပေါက် တွေ့လိုတွေ့ငြား လျှောက်ရှာမိသေးသည်၊ သို့သော် – သေသပ်ခန့်ညားလှသော ဘိုတဲကြီး၏ အိပ်ခန်းများသည် အလွန်အသေးစိတ် ဆောက်လုပ်ထားသောကြောင့် အိပ်ခန်းနှစ်ခန်းကြားတွင် သစ်သားဟာရာလေးပင် မတွေ့၍ ဒေါ်ခင်မေလည်း လက်လျှော့ခဲ့ရ၏။

"ဟယ်"

တစ်ခန်းလုံး မှောင်မိုက်နေပြီဖြစ်၍ ဒေါ်ခင်မေတစ်ယောက် အိပ်ပျော်အောင် အိပ်လျက်ရှိရာ မေးခနဲဖြစ်သွားသည့်အခိုက် တစ်ဖက်ခန်းမှ အသံများကြားသဖြင့် ရုတ်ခနဲ လန့်နိုးလာခဲ့တော့ သူမ၏ အိပ်ခန်းထဲသို့ အလင်းရောင်မှိုင်မှိုင် ဝင်ရောက်နေသည်ကို သတိပြုလိုက်မိ၏၊ ဒေါ်ခင်မေက တစ်ခန်းလုံး အမှောင်ချပြီးမှ အိပ်စက်တတ်သူဖြစ်တာကြောင့် သူမ အိပ်ပြီဆိုလျှင် အခန်းမီးနှင့် အခန်းတံခါးများကို စေ့နေအောင် ပိတ်ထားတတ်၍ အခန်းတွင်းသို့ ဝင်ရောက်နေသောအလင်းရောင်မှာ ဘယ်က ရောက်လာပါလိမ့် ဟု ဒေါ်ခင်မေ စဉ်းစားရပြီ။

"ဟာ – ဟိုမှာ သစ်သားပြားကြီးက တော်တော်ဟနေပါလား။ ဗီရိုကွယ်နေလို့ ငါ မမြင်တာပဲ"



ထိုအခါမှ အခန်းနှစ်ခန်းကြားက ဟနေသောနေရာမှ အလင်းရောင်ဝင်လာခြင်းဖြစ်ကြောင်း သိလိုက်ရ၏။ နည်းနည်းလည်း စိတ်လှုပ်ရှားသွားသည်။ တစ်ဖက်ခန်းသို့ ချောင်းကြည့်ရန် အပေါက်တစ်ပေါက်ကို တွေ့လိုက်ရပြီ မဟုတ်ပါလား။ ပို၍စိတ်ဝင်စားစရာကောင်းနေသည်က သန်းခေါင်ယံတွင် ကျယ်လောင်စွာထွက်ပေါ်လျက်ရှိသော သော့ပိတ်ထားသည့်အခန်းတွင်းမှ ဆူဆူညံညံအသံများပင်၊ ဒေါ်ခင်မေလည်း ရှည်ရှည်ဝေးဝေး လျှောက်တွေးမနေတော့ဘဲ အိပ်ရာမှ တိုးတိုးတိတ်တိတ်ထကာ ထိုဟနေသော သစ်သားပေါက်နားသို့ ချဉ်းကပ်သွားလိုက်သည်၊ တစ်ဖက်ခန်းမှ တရောက်ရောက်အသံက ပုံမှန်ထွက်ပေါ်နေဆဲရှိ၏။

"ဟင်"

အာမေဍိတ်သံက အပြင်သို့ ထွက်ကျမလာနိုင်ဘဲ အိပ်မက် မက်နေသူ တစ်ယောက်ကဲ့သို့ လည်ချောင်းထဲတွင် တစ်ဆို့နေသည်၊ မြင်တွေ့နေရသည့် မြင်ကွင်းကြောင့် အံ့ဩစိတ် ကြီးစွာဖြစ်ကာ ထိတ်လန့်တကြား ကျယ်အော်ပစ်လိုက်ချင်သော်လည်း အသံက လုံးဝထွက်မလာချေ။

"အရိုးခြောက်တွေ – အရိုးခြောက်တွေ"

စိတ်ထဲမှ ထိုသို့အော်ဟစ်နေမိ၏။ ပြောပြလျှင် မည်သူမျှ ယုံကြည်မည် မဟုတ်၊ အမှန်အတိုင်းဆိုရသော် မြင်တွေ့နေရသည့် မြင်ကွင်းအပေါ် မိမိကိုယ်တိုင်ပင် မယုံကြည်ချင်၊ ဘိုတဲကြီး၏ မီးပေးစနစ်အရ ညနက်သည်နှင့်တစ်အိမ်လုံး၏အခန်းမီးများ လင်းထိန်လျက်ရှိ၍ တစ်ဖက်ခန်းသည်လည်း ဗို့အား (၂၅)ဝပ်ရှိ မီးသီး၏ အလင်းရောင်အောက်၌ အတန်အသင့် လင်းချင်းနေသည်၊ အခန်းထဲတွင် ခုတင်နှင့် အခြားအိမ်ထောင်ပရိဘောဂများကို မတွေ့ရဘဲ ပြောင်ရှင်းနေကာ အခန်းအလယ်၌ နံရံကို ကပ်မှီထားသော စားပွဲဝိုင်းကြီးတစ်လုံးရှိပြီး ထိုစားပွဲဝိုင်းနားတွင် ပန်းအိုးပုံသဏ္ဍာန် အိုးရှည်ရှည်များကို တန်းစီစုပြုံချထား၏၊ ဒေါ်ခင်မေ ကြည့်နေသည့်အချိန်တွင်ဝင် အိုးတစ်လုံးစီ၊ တစ်လုံးစီအတွင်းမှ အရိုးခြောက်တစ်ခုစီ တစ်ခုစီထွက်လာ တာ ဒေါ်ခင်မေအတွက် အငြိမ့်တိုက်ထားသည့်အလား ယိမ်းနွဲ့ကာပြမှာ

www.burmeseclassic.com

လူပုံစံအတိုင်းဖြစ်သော်လည်း အသားအရည်မရှိတော့ဘဲ အရိုးချည်းသက်သက်များဖြစ်ကာ သူတို့တစ်တွေက ရုပ်သေးဆွဲခံနေရသည့်အလား ဒေါ်ခင်မေကို က,ပြနေခြင်း ဖြစ်၏။ ကြိုးဆွဲနေခြင်းတော့ ဟုတ်မည်မထင်။ အိုးအတွင်းမှ ထွက်လာပုံက ကြိုးဆွဲသည်နှင့်မတူဘဲ ပကတိလူတစ်ယောက်၏ မူဟန်အတိုင်းပင်။ အကယ်၍ က,ပြနေသည့်နေရာ၌ အရိုးခြောက်များသာ မဟုတ်ဘဲ ရွှေမန်းတင်မောင်တို့၊ စိန်အောင်မင်းတို့သာဆိုလျှင် ဒေါ်ခင်မေ ညလုံးကျွတ်မအိပ်ဘဲ ထိုင်ကြည့်မိမည်သာ။ သို့သော် - တကယ်တမ်း တွေ့မြင်နေရသည့်အရာတွေက သဘာဝမကျ။ မြင်နေရသည့်မြင်ကွင်းကြီးအပေါ် ဒေါ်ခင်မေ အံ့အားသင့်ကာ အဖြစ်မှန်လား၊ အိပ်မက်လား၊ ခွဲခြားရခက်နေစဉ် ဘာမီတွန်၏ တန်ခိုးတော်ကြောင့် မေးခနဲ အိပ်ပျော်သွားခဲ့ရ၏။

အိပ်မက် မက်ခြင်းလား၊ သို့မဟုတ် ဤအိမ်ကြီးတွင် အမှန်ပဲ ပရလောကသားတွေ မြူးထူးကျက်စားနေလေရော့လား။

□

ဘိုတဲကြီး၏ ထူးခြားချက်ကို ဒေါ်ခင်စု ယမန်နေ့ညနေကတည်းက သတိထားမိခဲ့သည်။ စိမ်းညို့အုပ်ဆိုင်းသော သစ်ပင်အိုကြီးများ ဝိုင်းပတ်လည်နေသည့် ခြံဝန်းထဲသို့ ဝင်ရောက်လာခဲ့စဉ်က စိမ့်ခနဲ အေးခနဲ ခံစားလိုက်ရသော်လည်း မတူညီကွဲပြားသော နေရာစိမ်းဒေသခြားမို့ ထိုသို့ခံစားရခြင်း ဖြစ်မည်ဟု ယူဆမိခဲ့ရာ ညနေစောင်းကျမှ အခြေအနေမှန်ကို ရိပ်စားမိ၏။ ရိပ်စားမိရခြင်းမှာလည်း အလွန်အေးဆေးပြီး အနေငြိမ်လှသည့် သမီးထွေးလေး ချစ်စုတစ်ယောက် ရုတ်တရက်တောက်ခါင်ခါ သည်းသည်းထန်ထန် ငိုကြွေးသောကြောင့်ပင်။ ချစ်စုက အမေတူသမီးဖြစ်၍ထင့်၊ ပါးမို့မို့ မျက်ခုံးထူထဲထဲ အသားဖွေးဥဥကလေးတို့ကို ပိုင်ဆိုင်ထားကာ ချစ်စဖွယ်ကလေးငယ်ပေမို့ အချစ်တို့ စုနေသည်ကို တင်စားပြီး မချစ်စုဟူ၍ မှည့်ခေါ်ခဲ့ခြင်းဖြစ်သည်။ သမီးထွေးလေးက (၂)နှစ်သားဆိုပေမယ့် စကားမပြောသေး၊ လမ်းမလျှောက်သေး။ ပီဘိမွေးကင်းစလေးလို မလှုပ်မယှက် အေးအေးနေတတ်ပြီး မိုက်ဆာမှသာ တစ်ချက်တလေ အသံပြုတတ်သူလေး။ ထိုသို့သောကလေးမလေးသည် ယမန်နေ့ညနေက သည်းထန်စွာ ငိုကြွေးရုံမက မျက်လုံးကြီးများကလည်း ပြူးကျယ်ဝိုင်းစက်နေ၍ "သမီးလေးကို တစ်စုံတစ်ယောက်များ နှောင့်ယှက်ကျီစားနေသလား" ဟု အတွေးဝင်ကာ ကြက်သီးများပင် ထခဲ့မိသည်အထိ။

ဘိုတဲကြီးက အလွန်ခန့်ထည်ကြီးကျယ်ပြီး ဒေါ်ခင်စု၏စိတ်ထဲ ကြိတ်ပြီးယဉ်ခဲ့ရသည့် စိတ်ကူးယဉ်အိမ်ပုံစံနှင့် တစ်ထပ်တည်း မကျချင်သာနေမည်၊ ပုံသဏ္ဌာန်နှင့် အနေအထားကတော့ ကွက်တိမှကွက်တိ။ တောင်ကုန်းပေါ်တွင် တည်းတည်းကြီးတည်နေ၍ အလွန်ဆိတ်ငြိမ်တိတ်ဆိတ်ပြီး ခြံဝန်းကျယ်ကျယ် အဆောက်အအုံကြီးကြီး၊ ရေမီးအပြည့်အစုံဖြစ်တာကြောင့် လိုတာထက် ပိုသာသည့်အနေအထား။ သို့သော် - အိမ်ကြီးထဲ ဝင်လာကတည်းက စိတ်ချောက်ချားသလို ခံစားမိသည်။ အထူးသဖြင့် လေ့တားထစ်နား ကပ်သွားသည့်အခါတိုင်း နောက်ကျော၌ တစ်ယောက်ယောက်ရှိနေသလို နစ်ကြိမ် သုံးကြိမ်ခန့် ခံစားခဲ့ရ၏။ အို - ဘယ်နေရာနေနေ တစ်ယောက်ယောက် စောင့်ကြည့်နေသလို ခံစားနေရသည်မို့ နေရထိုင်ရသည်မှာ မလွတ်လပ်။ ခက်သည်က စိတ်၏ခံစားမှုဖြစ်နေ၍ ထိုအကြောင်းကို ခင်ပွန်းသည်အား ပြောပြမိလျှင် "မင်း - ဒီအိမ်မှာ မနေချင်လို့ ရမည်ရှာနေတာ မဟုတ်လား" ဟူ၍သာ ရန်လုပ်ခံရလိမ့်မည်။

"အဲ - အီး"

"ကျွတ် - ကျွတ် - သမီးလေး - အိပ် - အိပ်"

အတွေးပင်လယ်ဝေလျက်ရှိစဉ် သမီးငယ်လေး၏ တအင်းအင်းတအဲအဲ အော်သံကြောင့် သတိဝင်လာကာ တကျွတ်ကျွတ်ချော့မြူနှစ်သိမ့်ရင်း ရင်ခွင်တွင် ပွေ့ပိုက်ထားသောသမီးလေးကို ငုံ့ကြည့်လိုက်မိသည်။

"အို"

အံ့အားသင့်လွန်း၍ ဒေါ်ခင်စု၏နှုတ်မှ ထိုသို့ ကယောင်ကတမ်း ရေရွတ်လိုက်၏။ သမီးလေး၏ မျက်လုံးများက မိခင်ဖြစ်သူ ဒေါ်ခင်စု၏ မျက်နှာတွင်

www.burmeseclassic.com

ရှိမနေဘဲ ဒေါ်ခင်စု ရပ်နေရာနံဘေးသို့ ကြောင်ငေးကြည့်နေပါလား။ ရုတ်ခြည်း ကြက်သီးတို့ တဖြန်းဖြန်းထသွားမိပေမယ့် သိချင်သည့်စိတ်ကြောင့် သမီး လေးကြည့်နေရာဆီသို့ ဒေါ်ခင်စု လိုက်ကြည့်မိသည်။

"ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ"

ထိုသို့ အသံကျယ်ကျယ်ရေရွတ်ရင်း ဒေါ်ခင်စု မြဲမြဲပြင်သို့ ပြေးထွက်လာခဲ့မိ၏။ ထိုလှေကားထစ်နားတွင် ဒေါ်ခင်စု ဆက်မနေဝံ့တော့။ မိမိ၏ အနီးနားတွင် မည်သူ့ကိုမျှ မတွေ့ရပေမဲ့ နံဘေးနား၌ ကလေးကို ချော့မြှူနေသူတစ်ယောက် ရှိနေသည့်အလား စိတ်အာရုံတွင် ခံစားနေရသည်။ မမြင်ရသူတစ်ယောက်ကို သိရှိခံစားနေရတာလောက် ခံရခက်သည့်အဖြစ်မျိုး ဒေါ်ခင်စု မကြုံခဲ့ဖူးပါချေ။ ခြံဝန်းထဲရောက်မှပဲ စိတ်ကျဉ်းကျပ်မှုများ အနည်းငယ်လျော့ပါးသွား၏။

"ဆရာကတော် – လမ်းလျှောက်ဆင်းတာလား"

"ဪ – အင်း – ဟုတ်တယ် ဦးပု၊ အပင်တွေ ရေလောင်းပြီးပြီလား"

"စိတ်ချ – ဆရာကတော်၊ လောင်းပြီးသွားပြီ၊ ဪ – ဒါနဲ့ ဆရာကတော်ကို ကျွန်တော် တစ်ခုလောက် မေးပါရစေ"

"ဪ – မေးပါရှင့် မေးပါ၊ ဘာများလဲ"

"ဒီလိုပါ – မနေ့ည ဆယ်နာရီလောက်က ဝရန်တာမှာ လမ်းလျှောက်နေတာ ဆရာကတော်လား၊ စောစောကတင် ကြီးကြီးမေကို မေးပြီးသွားပြီ၊ သူလည်း မဟုတ်ဘူးတဲ့၊ အပေါ်ထပ်ကို ဒေါ်ဝိုင်းကလည်း တက်တာမဟုတ်တော့ ဆရာကတော်ပဲ ဖြစ်လိမ့်မယ် ထင်လို့"

"ရှင် – လူ – လူတစ်ယောက် လမ်းလျှောက်နေတယ် ဟုတ်လား"

"ဟုတ်တယ် – ဆရာကတော်၊ မိန်းမတစ်ယောက်ပဲ၊ ဂါဝန်နဲ့"

"ဟုတ်လား – နေ – နေပါဦး၊ ဒီကိစ္စကို ဘာဖြစ်လို့ ဦးပုက မေးရတာလဲ"

"ဟို – ဟိုလေ – ကျွန်တော့်စိတ်ထဲ မသင်္ကာလို့ပါ ဆရာကတော်"

"ဘာကိုလဲ – ဘာကို မသင်္ကာတာလဲ"



"ဒီအိမ်ကြီးကိုကြည့်ရတာ မြေမသန့်ဘူးထင်လို့ပါ၊ မနက်က လက်ဖက်ရည်ထွက်သောက်တော့လည်း လက်ဖက်ရည်ဆိုင်ရှင်က ပြောတယ်၊ အဲဒီ အိမ်ကြီးက သရဲခြောက်တယ်တဲ့ ဆရာကတော်ရဲ့၊ အဲ – အဲဒါကြောင့် မေးမိတာပါ"

"အယ် – ဦးပုနယ်၊ ဘာတွေ လျှောက်ပြောနေတာလဲ၊ ရှင့်ဆရာသိရင် ရှင်တော့ ဒုက္ခပါပဲ၊ ဘယ်က သရဲခြောက်ရမှာလဲ၊ မရှိပါဘူးရှင်၊ ညက အိပ်မပျော်လို့ ကျွန်မ လမ်းလျှောက်နေတာပါ၊ ဘာလဲ – ရှင်က သရဲမ ထင်နေတာလား"

"ဟင် – အဲဒီလိုကိုး၊ မသိပေါင် ဆရာကတော်ရယ်၊ ကျွန်တော်က သရဲမ ထင်နေတာ၊ ဆရာကတော်ကလည်း ဂါဝန်တို့၊ စကပ်တို့ ဝတ်တတ်တာ မဟုတ်ဘူးမို့လား"

"ဒီလိုပါပဲရှင်၊ တစ်ခါတလေလည်း ဝတ်ကြည့်တာပါ၊ နေရာအပြောင်း အလဲဆိုတော့ အိပ်မရဘူးလေ၊ အဲဒါနဲ့ ခဏလမ်းလျှောက်နေတာ၊ ဦးပုနယ် ယောက်ျားကြီးတန်မဲ့ တစ္ဆေသရဲတွေ ယုံလို့"

"ယောက်ျားကြီးပေမယ့် သရဲတော့ ကြောက်တယ် ဆရာကတော်ရေ၊ သရဲဆိုတာ မြင်ရတာလည်း မဟုတ်ဘူး၊ အို – တွေးတောင် မတွေးရဲပါဘူးဗျာ"

"ကဲပါ – ရှင့်ဆရာ လာရင်သာ တံခါးသေချာဖွင့်ပေးလိုက် ဦးပုရေ၊ ကျွန်မ သွားတော့မယ်၊ ဟိုမှာ – မမမေနဲ့ ဒေါ်ကြီးဝိုင်းတို့ ဘာတွေ ချက်နေကြလဲ မသိဘူး"

ဦးပုက ခြံတံခါးနားတွင် ခေါင်းတညိတ်ညိတ်ဖြင့် ကျန်ရစ်ခဲ့သည်၊ ဦးပု၏ စိတ်ထဲတွင် ညကကိစ္စနှင့်ပတ်သက်၍ သံသယတို့ ကင်းရှင်းသွားခဲ့ပြီဖြစ်သော်လည်း ဒေါ်ခင်စုအတွက်တော့ ကြောက်မက်ဖွယ်အတွေးတို့က တစ်စထက်တစ်စ ကြီးထွားလာခဲ့ပြီ။

ညက ဝရန်တာမှာ မိန်းမတစ်ယောက် လမ်းလျှောက်နေတာကို တွေ့လိုက်ရတယ် ဆိုပါလား၊ ဒီအိမ်မှာ မိန်းမဆိုလို့ ငါရယ်၊ မမမေရယ်၊



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ပိုင်းရယ်ပဲ ရှိတာ၊ ဒေါ်ပိုင်းက အပေါ်ထပ်ကို ညဘက် တက်ခွင့်ရှိတာမှ မဟုတ်ဘဲ၊ ဒါဆို - မမမေ၊ အို - မမမေကလည်း ဝရန်တာမှာ ဘာလာလုပ်မှာလဲ၊ နောက်ပြီး - သူ ထွက်လျှောက်ရင်လည်း လျှောက်တယ်ပြောမှာပေါ့၊ ခုဟာက သူလည်း မဟုတ်ဘူးတဲ့၊ ဒါ - ဒါဆို ဘယ်သူလဲ၊

ဒေါ်ခင်စု ဆက်မတွေးဝံ့တော့၊ ဆက်တွေးနေလျှင် ဘိုတဲကြီးထဲသို့ ဝင်ရဲမှာမဟုတ်တော့၍ အတွေးတို့ကိုရပ်ကာ အိမ်ကြီးထဲသို့ ဝင်လာခဲ့သည်၊ အိမ်ကြီးသည် ညနေစောင်းနေရောင်အောက်တွင် ရွှေမင်ရောင်တဖိတ်ဖိတ်တောက်ရမည့်အစား မှုန်ကုပ်မည်းကြုတ်နေ၏၊ အုံ့ဆိုင်းနေသော သစ်ပင်အိုကြီးများကလည်း တစ္ဆေသရဲ၏ လက်တံရှည်များအလား စိတ်အာရုံကို တို့၍ ချောက်ချားလာစေသည်၊ မဖြစ်ချေ - ဤအကြောင်းတွေကို ခင်ပွန်းသည်သိအောင် ပွင့်ပွင့်လင်းလင်းပြောရတော့မည်၊ မဟုတ်လျှင် ကလေးများအတွက်ပါ အန္တရာယ်ရှိကောင်း ရှိလာနိုင်သည်၊

ထမင်းစား စားပွဲသည် အခါတိုင်း နေ့ညနေများနှင့် မတူဘဲ ပကတိဆိတ်ငြိမ်တိုးတိတ်နေပုံမှာ ကြောက်လန့်ချင်စရာပင် ကောင်းနေသည်၊ အားလုံးက ကိုယ်ပိုင်အတွေးကိုယ်စီနှင့်မို့ စကားစမြည် မပြောဖြစ်ကြဘဲ စားစရာရှိသည်ကိုသာ တိုးတိုးတိတ်တိတ်စားရင်း ဤညတာကို မည်သို့ကုန်ဆုံးရကောင်းမလဲဟု စဉ်းစားနေကြသည်၊ ဘဲဥချဉ်ဟင်း၊ ကန်စွန်းရွက်ကြော်၊ ကြာဆံဟင်းခါးနှင့် ငါးပိထောင်းတို့မှာ အတွဲညီလှသော ဟင်းအမယ်များဖြစ်လျက်သားနှင့် မြိန်မြိန်ရှက်ရှက်စားမည့်သူ မရှိ၊

မိခင်၏ ထုထုတန်းတန်းမျက်ခုံးနှင့် သွယ်သွယ်မြင့်မြင့်နာတံ၊ ဖခင်၏ တောက်ပစူးရှသော မျက်လုံးနှင့် ပါးလျလျနှုတ်ခမ်းတို့ကို ပိုင်ဆိုင်ထားသဖြင့် လူပျိုပေါက်အရွယ်လေးကတည်းက မိန်းကလေးများကြားတွင် ရေပန်းစားလျက်ရှိသော မောင်ဖိုးသော်တစ်ယောက်သာ မိသားစုထဲတွင် တစ္ဆေသရဲတို့နှင့် လွတ်ကင်းနေခဲ့ခြင်းဖြစ်သည်၊ ဤသည်မှာလည်း မောင်ဖိုးသော်၏ ကံသိုလ်၊ မောင်ဖိုးသော်က ရှားမှရှားသော ရာဟုသားဖြစ်ပြီး မွေးနေ့ကလည်း ဖေဖော်ဝါရီ (၂၉) ရက်နေ့ဖွား၊ ထိုသို့ ရှားတောင့်ရှားပါးနှစ်ခုကို ပိုင်ဆိုင်ထားသောကြောင့် ထင်သည်၊ သူများတွေ မည်မျှအခြောက်ခံနေရပါစေ၊ ထိုအကြောင်းကို သူ လုံးလုံးမသိ၊ ယခုလည်း သူ တွေးနေသည်က ဤဘိုတဲကြီးအကြောင်းဖြစ်သော်လည်း အခြားသူတို့၏ အတွေးနှင့် လားလားမျှမဆိုင်၊

"အင်း - ဘိုတဲကြီးက တကယ့်ကို နေချင်စရာအိမ်ကြီးပဲ၊ လက်ရာကလည်း ပြောက်လိုက်တာ၊ ငါ့အိပ်ခန်းထဲက ကျွန်းခုတင်ကြီးကိုပဲ တစ်အိမ်လုံးအနှံ့ လျှောက်ကြည့်ရဦးမယ်၊ အခန့်သင့်ရင် ရှေးလူကြီးတွေ မြှုပ်ခဲ့တဲ့ ရွှေအိုးတွေ ဘာတွေတောင် ရနိုင်သေးရဲ့" စသဖြင့် ကဗျွတ်ကချော်အတွေးတို့ကို တွေးကာ ထမင်းကို ဖိမ်ခံစားနေလေသည်၊

မောင်ခင်သာကတော့ ယမန်နေ့ညက လှေကားတစ်ခွင် တွေ့မြင်လိုက်ရသည့်မိန်းကလေးကိုသာ အခါခါမြင်ယောင်ရင်း ကြောက်လန့်နေရှာသလို ဒေါ်ခင်မေမျှလည်း ယနေ့ည မည်သို့အိပ်ရမည်မသိ ဖြစ်နေလေ၏၊

"အဟမ်း"

ထမင်းစားနေရာမှ ချောင်းတစ်ချက် ဟန့်လိုက်သော်လည်း မည်သူမျှ အဖက်မလုပ်သဖြင့် ဒေါ်ခင်စု နေရကြပ်သွားသည်၊ ပြောရလည်း ခက်သွားသည်၊ ခင်ပွန်းသည် ဦးဖိုးသာ၏ မျက်နှာကို လှမ်းကြည့်လိုက်တော့ အသိမဲ့သူတစ်ယောက်ကဲ့သို့ ထမင်းလုတ်ကို ပါးစပ်ထဲထိုးသွင်းကာ မဝါးတစ်လှည့် ဝါးတစ်လှည့် စားသောက်နေသည်ကို တွေ့လိုက်ရ၍ ပြောသင့်၊ မပြောသင့် ချိန်ဆနေရ၏၊ အလုပ်မှ ပြန်လာတတည်းက စကားဟဟမပြောသော ခင်ပွန်းသည်အပေါ် ဒေါ်ခင်စု နားလည်နိုင်သည်၊ ယနေ့မှ နေရာသစ်တွင် အလုပ်စဝင်ရခြင်းဖြစ်၍ နေသားမကျဘဲ ကရိကထများနေပေလိမ့်မည်၊ စိတ်ရှုပ်စရာများလည်း ရှိကောင်းရှိလိမ့်မည်၊ သို့ကြောင့် - ညအိပ်မှပဲ ပြောတော့မယ်လေဟု တွေးလိုက်တော့၏၊

www.burmeseclassic.com

အားလုံးထဲတွင် ဦးဖိုးသာ၏အတွေးက ချောက်ချားဖွယ်အကောင်းဆုံးပါပဲ၊ ဦးဖိုးသာ တွေးတောနေသည်က ဌာနတွင် ကြားသိခဲ့ရသော ဖြစ်ရပ်မှန်ဖာတ်လမ်းတစ်ပုဒ်အကြောင်း ဖြစ်သည်။ အကယ်၍ ထိုအကြောင်းသည် မိမိနှင့် မသက်ဆိုင်ပါက စိတ်လှုပ်ရှားစရာအကြောင်း မရှိပေမဲ့ ယခုမူကား ဦးဖိုးသာတို့ မိသားစုနှင့် တိုက်ရိုက်ပတ်သက်နေလေပြီ။ ထိုအကြောင်းကို ဌာနရှိ မိမိလက်အောက်မှ ဒေသခံဝန်ထမ်းတစ်ဦးက ပွင့်ပွင့်လင်းလင်း ဖောက်သည်ချပြခဲ့ခြင်း ဖြစ်၏။ ထိုအကြောင်းမှာ အခြားမဟုတ်၊ ဤဘိုတဲကြီး၏ ရာဇဝင်ဖာတ်ကြောင်းပင်တည်း။

"ဝုန်း – ဝုန်း – ဒိုင်း"

အားလုံး အတွေးကိုယ်စီဖြင့် ထမင်းဝိုင်းတွင် ငေးငိုက်လျက်ရှိစဉ် အပေါ်ထပ်ဆီမှ အသံကျယ်ကြီးများကို ဆက်တိုက်ကြားလိုက်ရ၍ အားလုံး ထိတ်လန့်သွားကြသည်။

"ဟင်"

"ဟာ – ဘာဖြစ်တာလဲ"

"အို – ဒါ – ဒါ အပေါ်ထပ်က အသံတွေပဲ"

"သွား – သွားကြည့်ကြစမ်း"

တစ်ယောက်တစ်ပေါက် ဝိုင်းအော်ပြောဆိုသံများကြောင့် အိမ်ထဲသို့ ဦးပု ပြေးဝင်လာပြီး လှေကားအတိုင်း တက်သွားလေ၏။

ဤနေရာတွင် အိမ်ကြီး၏အောက်ထပ်၌ အခန်းဖွဲ့စည်းထားပုံကို အနည်းငယ်ရှင်းပြရန် လိုပေမည်။ သမရိုးကျနေအိမ်များ၏ ပုံစံအတိုင်း တံခါးမမှ ဝင်လာလျှင် ဧည့်ခန်းကို တွေ့မြင်နိုင်ပြီး ဧည့်ခန်းနှင့် တစ်ဆက်တည်းတွင် ထမင်းစားခန်းရှိပြီး ထမင်းစားခန်းနောက်တွင် အိမ်သာနှင့် ရေချိုးခန်းရှိသည်။ အပေါ်ထပ်သို့ တက်ရောက်သည့်လှေကားထစ်မှာ ဧည့်ခန်းတွင်ရှိပြီး ထမင်းစားခန်းမှ လှမ်းကြည့်လျှင် ဧည့်ခန်းနှင့် လှေကားထစ်ကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်သည်။ ထိုသို့ တွေ့မြင်နိုင်၍လည်း ယခုအဖြစ်အပျက်ကို အားလုံး ပြတ်ပြတ်သားသား သိရှိသွားကြရခြင်း ဖြစ်၏။



လှေကားထစ်အတိုင်း တက်သွားသောဦးပုကို ထမင်းစားပွဲမှ မောင်နှံသော်တို့အားလုံး လှမ်းကြည့်နေမိရင်း စိတ်ချောက်ချားလျက် ရှိသည်။ အားလုံးက ဘာများလဲဟူသောအတွေးဖြင့် စိတ်လည်း ဝင်စားနေကြ၏။ ဦးပုသည် အပေါ်ထပ်သို့ တစ်လှမ်းချင်းတက်သွားရင်း စောစောကထွက်ပေါ်သွားခဲ့သော တဝုန်းဝုန်းမြည်သံ၏လာရာကို စူးစမ်းရှာဖွေနေသည်။ ဘယ်တလဲ – ဘာသံလဲ – မေးခွန်းတို့ ထပ်ခါမေးရင်း အပေါ်ထပ်လှေကားအဆုံးသို့ ရောက်ရှိခဲ့ပြီ။ သို့သော် – အသံလာရာကို ဖွေရှာမတွေ့သေး။

"ရှီ – ဝှစ်"

ကြားလိုက်ရသည့်အသံကြောင့် ဦးပုတစ်ယောက် ခေါင်းနားပန်းကြီးသွား၏။ ထိုအသံကို အောက်ထပ်ကလူများ ကြားလိမ့်မည်မထင်။ တိုးတိုးညင်ညင်နှင့် ရှုတ်ခနဲကြားလိုက်ရသည့်အသံ။ အသံနှင့်အတူ မိမိ၏နံဘေးမှ တစ်စုံတစ်ယောက် ဖျတ်ခနဲဆင်းပြေးသွားသကဲ့သို့ သိရှိခံစားလိုက်ရသည်။ တကယ့်ကိုနီးနီးကပ်ကပ်ရယ်။ မိမိဘေးမှ ရှုတ်ခနဲဖြတ်ကာ လှေကားအတိုင်း တစ်စုံတစ်ယောက် ပြေးဆင်းသွားသလိုမျိုး။

"ခစ် – ခစ် – ခစ်"

ဒေါ်ဝိုင်း ချီထားသော သမီးငယ်လေးထံမှ ညင်းသွဲ့သွဲ့ရယ်သံလေးကို ကြားလိုက်ရတာကြောင့် အားလုံး၏အာရုံက သမီးငယ်လေးမချစ်စုထံသို့ စုပုံကျရောက်သွားသည်။ သမီးလေး ချစ်စုတစ်ယောက် ဘာကိုများ သဘောကျနေပါလိမ့်။ ဘာကို သဘောကျလို့များ မရယ်စဘူး တခစ်ခစ်ထရယ်ရပါလိမ့် စသဖြင့် တွေးကာ အပေါ်ထပ်ဆီသို့ လှမ်းကြည့်နေရာမှ သမီးလေးကို လှည့်ကြည့်ကြသည်။ အို – သမီးလေးက ဧည့်ခန်းကို လှမ်းကြည့်ပြီး ရယ်နေတာပါလား။

"အမလေး – ဟို – ဟိုမှာ"

သမီးလေးမချစ်စု လှမ်းကြည့်နေရာသို့ ပထမဆုံး သွားကြည့်လိုက်မိသော ဒေါ်ဝိုင်းခမျာ အထိတ်ထိတ်အပျာပျာဖြင့် လန့်အော်ရင်း လူကလည်း နံရံဆီသို့ ကျောကပ်လိုက်လေသည်။ တွေ့လိုက်ရသည့်မြင်ကွင်းအရ ဒေါ်ဝိုင်း

www.burmeseclassic.com

တစ်ယောက် သိပ်ထိတ်လန့်သွားပုံရသည်။ လူက နောက်သို့ တရွေ့ရွေ့တိုးတပ်နေသော်လည်း မျက်လုံးတို့က ထိုနေရာမှ မခွာနိုင်သေး။ ကျန်လူများကလည်း ဒေါ်ပိုင်း၏အမူအရာကြောင့် စိတ်လှုပ်ရှားသွားကြကာ မချစ်စုနှင့် ဒေါ်ပိုင်းတို့နှစ်ယောက် စိုက်ကြည့်နေသည့်နေရာဆီသို့ အားလုံး လှမ်းကြည့်လိုက်ကြ၏။ အံ့ဩစရာကောင်းသည်က ဒေါ်ပိုင်းက ကြောက်လန့်ချောက်ချားနေသလောက် သမီးလေးမချစ်စုကတော့ ပြုံးလို့ရွှင်လို့။

"ဟင်"

"ဘယ် – ဘယ်လိုဖြစ်တာလဲ"

"အမလေးတော်၊ နံ့ – နံ့ကြီးက လည်နေတာပါလား"

"အီး – မကြီး၊ သား – သား ကြောက်တယ်။ သား – ကြောက်တယ်"

မြင်လိုက်ရသည့်မြင်ကွင်းက မောင်ခင်သာကိုမဆိုထားနှင့်၊ ယောကျ်ားရင့်မာကြီးဖြစ်သူ ဦးဖိုးသာကိုပင် ရင်ထိတ်သွားစေသည်။ ညှို့ခန်းအလယ် လေ့တားရင်နားရှိ ကျွန်းသားနှင့် ပြုလုပ်ထားသော မာကျောလေးလံလှသည့် သစ်သားထိုင်ခုံကြီးသည် သူ့အလိုလို လေထဲသို့ တစ်ထွာခန့်မြောက်ကာ စက်ဝိုင်းပုံ သဏ္ဍာန် လည်ပတ်နေခြင်း ဖြစ်သည်။ ထိုသို့ ငါးမိနစ်ခန့် လည်ပတ်နေပြီးမှ ဝုန်းခနဲ ပြန်ပြုတ်ကျကာ ပုံမှန်အတိုင်းငြိမ်သက်သွားတော့၏။ ထိုင်ခုံကြီး ပြန်ငြိမ်သွားပြီဆိုပေမယ့် အားလုံး၏ရင်ထဲ၌တော့ မုန်တိုင်းထန်သွားခဲ့ရပြီ။

ထိုနေ့ညကို မည်သို့ဖြတ်သန်းရပါ့မလဲဟု တွေးတောပူပန်နေသော ဒေါ်ခင်မေအဖို့ စိတ်ပူပန်ရန် မလိုတော့ပေ။ ညနေစောင်း နေဝင်ရီတရောက ချောက်လှန့်လိုက်သော ထိုင်ခုံစက်ဝိုင်းကြောင့် တစ်အိမ်သားလုံး သွေးပျက်ကာ ကိုယ့်အခန်းတွင် ကိုယ်မအိပ်ဝံ့ကြတော့၍ အားလုံး ဘုရားခန်းတွင် စုအိပ်ကြရန် ဆုံးဖြတ်ခဲ့သည်။ ဘုရားကျောင်းဆောင်၏အနီးတွင် ဦးဖိုးသာက အိပ်ပြီး ဦးဖိုးသာ၏ဘေး၌ ဒေါ်ခင်စုနှင့် သမီးငယ်မချစ်စု၊ ထို့နောက်



မောင်ခင်သာ၊ မောင်ဖိုးသော်၊ ဒေါ်ခင်မေ၊ ဒေါ်ပိုင်းနှင့် တံခါးအနီးတွင် ဦးပုကအိပ်မည်ဖြစ်သည်။ ထမင်းစားပြီးကတည်းက အားလုံး အောက်ထပ်တွင် တီဗွီဖာတ်လမ်းတွဲ မကြည့်ကြတော့ဘဲ ဘုရားခန်းတွင် စုရုံးကာ ရရာဘုရားစာကို ရွတ်ဖတ်ရင်း စိတ်ချောက်ချားမှုကို ဖြေသိမ့်နေကြရသည်။ ဒေါ်ခင်စုလည်း ဘုရားကျောင်းဆောင်ရှေ့ရောက်မှပဲ တစ်နေကုန် စိတ်ကျဉ်းကျပ်ခဲ့သမျှ ပျောက်ကင်းသွားရလေ၏။

ဦးဖိုးသာ၏ တစ်သက်နှင့်တစ်ကိုယ်တွင် ဤသို့ တစ်ကြိမ်တစ်ခါမျှ တစ္ဆေခြောက်လှန့်ခြင်း မခံခဲ့ရဘူးပေ။ တစ္ဆေသရဲဟူသည် ဒဏ္ဍာရီဖာတ်ကောင်ပမာ စိတ်ထင်မှတ်ထားခဲ့သည်။ မိမိနှင့်လည်း တစ်သက်လုံး ပတ်သက်ရမည့်အရာမဟုတ်ဟု ယူဆခဲ့ဖူးသည်။ သို့သော် – ကြုံမည့်ကြုံတော့လည်း တကယ့်အကြီးကြီးမှ အကြီးကြီး။ မေတ္တာသုတ် ရွတ်နေစဉ်တွင် အာရုံထဲသို့ အတွေးများက ဖျတ်ခနဲ ဖျတ်ခနဲ တိုးဝင်လာသေး၏။

အင်္ဂလိပ်သရဲဆိုတော့ မေတ္တာသုတ်ကို နားမလည်ရင် ဒုက္ခ။ အို – သရဲတစ္ဆေဆိုတာ ဘာသာစကား မလိုပါဘူး။ ရင်ထဲကစိတ်ကို သူတို့က ခံစားသိနိုင်တယ်လို့ ကြားဖူးတာပဲ။ ဟူး – ဘုရားမှတစ်ပါး အားကိုးစရာ မရှိပါဘူး။

ဟိုဟိုသည်သည် လျှောက်တွေးရင်း စိတ်တို့က နေ့လယ်ခင်းက ကြားခဲ့ရသည့် ဘိုတဲကြီး၏ရာဇဝင်ကို သတိရသွားမိသည်။ ဦးဖိုးသာ၏တပည့် ဦးအောင်သောင်း ပြောပြသည်က ဤသို့ဖြစ်၏။

"ဘာ – ဆရာတို့ကို ဘိုတဲကြီးမှာ နေဖို့ပေးလိုက်တယ် ဟုတ်လား။ ဘုရားရေ – ဘယ်သူများ စီစဉ်ပေးလိုက်တာလဲ ဆရာရယ်၊ ဒုက္ခတော့ ရောက်တော့မှာပဲ။ အဲဒီဘိုတဲကြီးက တကယ့်ကို ပုဏ္ဏကတိုက်တဲ့ အိမ်ကြီးပဲ ဆရာရေ၊ ဩော် – ပုဏ္ဏကဆိုတာကို ဆရာက နားမလည်ဘူးလား။ ဒီလို ဆရာရေ – အဲဒီအိမ်ကြီးမှာ ဟိုးအရင်က အင်္ဂလိပ်မိသားစုတစ်စု နေခဲ့တယ်။ မစ္စတာဂျက်ဆန်နဲ့ မစ္စစ်ဂျက်ဆန်ပေါ့။ သူတို့မှာ သမီးလေးတစ်ယောက်ရှိရဲ၊ စိတ်မကောင်းစရာက သူတို့ရဲ့ သမီးလေးက ဦးနှောက်မမှန်ရှာဘူး ဆရာ



www.burmeseclassic.com

www.burmeseclassic.com

ရယ်၊ ဘိုမလေးဆိုတဲ့အတိုင်း ရုပ်ကလေးက ချစ်စရာလေးရယ်ပါ။ အသက်ကလည်း (၆)နှစ်၊ (၇)နှစ်အရွယ်ပေါ့။

တစ်နေ့ မီးဆော့ရင်း သူ့မျက်နှာကို မီးဟပ်ပြီး မျက်နှာတစ်ခြမ်း ပျက်သွားပါလေရောလား။ အဲဒီမှာပဲ ကောင်မလေးက ပိုဆိုးလာတယ်။ ရုပ်ပျက်နေတဲ့ သူ့မျက်နှာကြီးကိုမြင်တိုင်း ပိုပိုဖောက်လာတယ်ပေါ့ ဆရာ။ နောက်ဆုံး သူတို့အိပ်ခန်း မီးလောင်ပြီး သူတို့ ဆုံးသွားကြတယ်။ ထူးဆန်းတာက မီးလောင်တာ တစ်အိမ်လုံးကိုမဟုတ်ဘဲ သူတို့တစ်ခန်းတည်းကို လောင်တာ။ ရွာထဲက မီးလောင်တာကိုတွေ့တာနဲ့ အချိန်မီ ငြိမ်းလိုက်နိုင်တော့ တစ်အိမ်လုံးကို မလောင်သွားဘူးပေါ့ ဆရာရယ်။ တကယ်ဆို သူတို့တစ်တွေ မီးမလောင်တဲ့ တခြားခန်းကို ပြေးပေါ့။ အခုတော့ အခန်းလည်း ပြာကျ၊ သူတို့ မိသားစုလည်း မီးထဲမှာ မရှုမလှသေပါရော။

မီးထဲမှာ ရှာတွေ့တဲ့သူတို့အလောင်းကို ကြည့်လိုက်တော့မှပဲ အဖြေထွက်တော့တယ်တဲ့ ဆရာရေ။ ဘာဖြစ်နေသလဲ သိလား။ ကောင်မလေးက ရူးနေတာကိုး ဆရာရဲ့။ သူ့အမေရဲ့ လက်မောင်းကို ခုတင်တိုင်နဲ့ ကြိုးချည်ထားတယ်။ ချည်ထားတာမှ ဘာမြဲသလဲ မပြောနဲ့။ မီးလောင်သွားတာတောင် ချည်ထားတဲ့ကြိုးက အရှင်းမကုန်သေးဘူး။ ပိုဆိုးတာကတော့ သူ့အဖေပေါ့ ဆရာရယ်။ သူ့အဖေကိုကျ တစ်ကိုယ်လုံးကို ကြိုးတုပ်ပြီး ခုတင်နဲ့ တွဲချည်ထားတာ။ ဘယ်လိုလုပ်လိုက်သလဲတော့ မသိပါဘူးဗျာ၊ မိဘတွေ စိတ်ချလက်ချ အိပ်ပျော်နေတုန်းမှာ တုပ်လိုက်သလားပဲ၊ ရူးနေတာကိုး ဆရာရယ်။ သူ့ကို လည်း အပြစ်မဆိုသာပါဘူး။

မီးလောင်တဲ့အထဲမှာ ကောင်မလေးလည်း ပါတာပါပဲ၊ သူ့ကိုယ်သူ သေမယ်ဆိုတာရော သိရဲ့လား မပြောတတ်ပါဘူး။ အဲဒီကတည်းက အဲဒီအိမ်မှာ သရဲဘာခြောက်သလဲ မမေးနဲ့။ ဒါပေမဲ့ – အမှတ်မရှိတဲ့ လူကြီး တစ်ယောက်က အဲဒီအိမ်ကို ဈေးပေါပေါနဲ့ဝယ်ပြီး ခဏတက် နေကြည့်သေးတယ်။ ခဏဆိုတဲ့အတိုင်း ခဏပဲ ဆရာရေ။ နှစ်ရက်မပြည့်ဘူး။ ပြောင်းပြေးတော့တာပဲ၊ ဒါပေမဲ့ – ဘိုးဘွားပိုင်ပစ္စည်းဆိုတာတွေကိုတော့ အပေါ်ထပ်ခန်းမှာ ထားခဲ့ပြီး အဲဒီအခန်းကိုသော့ပိတ်ထားတယ် ဆရာ။ တိုးတိုးတိတ်တိတ်စုံစမ်း



ချက်အရ သူပြောတဲ့ ဘိုးဘွားပိုင်ပစ္စည်းဆိုတာတွေက မိဘဘိုးဘွား ဆွေစဉ်မျိုးဆက်တွေရဲ့ အရိုးအိုးတွေတဲ့ ဆရာရေ။ စဉ်းစားသာ ကြည့်ပေတော့”

ဦးအောင်သောင်း၏ စကားများကို ပြန်ကြားယောင်ရင်း ဦးဖိုးသာ ချောက်ချားလာတာကြောင့် အတွေးတို့ကို ဖြတ်လိုက်ပြီး ဓာရဏပရိတ်ကိုသာ စိတ်နှစ်ကိုယ်နှစ်ရွတ်နေမိသည်။ ဓာရဏပရိတ်၏အနက်တွင် မကောင်းသော တစ္ဆေသရဲဖုတ်ပြိတ္တာ ဘီလူးတို့၏ နှောင့်ယှက်မှုအက်မှုလည်း ကင်းဝေးပါလို၏ ဘုရားဟူသော အဓိပ္ပာယ်ပါသောကြောင့် ပို၍ အားကိုးမိသည်။ ညလုံးပေါက် ဘုရားဂုဏ်တော်တို့ ပွားများရွတ်ဆိုမည်ဟု အားတင်းထားသော်လည်း တစ်နေ့ကုန် စိတ်ပင်ပန်း လူပင်ပန်းခြင်းများကြောင့် မျက်လုံးခွံတို့ မှေးစင်းလာခဲ့၏။

ဦးဖိုးသာကဲ့သို့ပင် ဒေါ်ခင်စုတစ်ယောက်လည်း အတွေးအမျိုးမျိုးတွေးလျက်ဖြင့် ဘုရားဂုဏ်တော်များကို တတ်နိုင်သလောက် ပွားများနေမိသည်။ ဤအိမ်ကြီးတွင် မမြင်ရသည့် ပုဂ္ဂိုလ်များ ရှိကြောင်း၊ မိမိတို့တွင် ကလေးများ ရှိသေး၍ ဤအိမ်ကြီးတွင် ဆက်လက်နေထိုင်ရန် မသင့်ကြောင်း ခင်ပွန်းဖြစ်သူအား တိုင်ပင်ပြောကြားရန် အားခဲထားခဲ့ရာ ယခုအခါတွင် ထိုသို့ပင် ပြောရန်မလိုတော့။ မနက်ဖြန် ဤအိမ်ကြီးတွင် ဆက်လက်နေထိုင်ရန် အစီအစဉ်လည်း ရှိတော့မည်မထင်။ ဖြစ်နိုင်လျှင် ယခုပင် တခြားသို့ ပြောင်းရွှေ့သွားလိုသော်လည်း ပစ္စည်းပစ္စယများကို ပစ်စလက်ခတ် မထားခဲ့လိုသည်ကတစ်ကြောင်း၊ ဦးပုနှင့် ဒေါ်ပိုင်းတို့ကလည်း မိသားစုဝင်များလို ဖြစ်နေ၍ သူတို့လည်း ကြောက်ရွံ့ကြမည်မို့ မချန်ထားရစ်ရက်သည်ကတစ်ကြောင်း၊ တစ္ဆေခြောက်လှန့်မှုကြောင့် ဟိုယစ်မျိုးအရာရှိတို့မိသားစု ညတွင်းချင်းကြီး ပြောင်းပြေးသွားကြသည်ဟူ၍ လူအများ လှောင်ပြောင်ရယ်မောမည်ကို စိုးရိမ်သည်ကတစ်ကြောင်း၊ မစီစဉ်ဘဲ ပြောင်းရွှေ့မိပါက နေထိုင်ရန် အဆင်မပြေဖြစ်မည်ကို ပူပန်သည်ကတစ်ကြောင်းကြောင့် ချက်ချင်းမပြောင်းသေးဘဲ တစ်ညတာကို အောင့်အည်းသည်းခံကာ ဖြတ်ကျော်နေရခြင်းဖြစ်သည်။ ညနေစောင်း၌ပင် ဤမျှလောက် အခြောက်အလှန့်ကြမ်းနေလျှင် ညသတ်



www.burmeseclassic.com

www.burmeseclassic.com

ကျ မည်သို့မျှား ခြောက်လှန့်ဦးလေမလဲ၊ ဒေါ်ခင်စု တွေးပူနေမိ၏။ ကံကောင်းစွာဖြင့် ကလေးများက လူငယ်ပီပီ မေ့မေ့လျော့လျော့ အိပ်ပျော်သွားကြလေပြီမို့ သူတို့လေးတွေအတွက် ပူပန်စရာမလိုတော့၊ သို့ကြောင့်ထင်သည်၊ ဘုရားဂုဏ်တော်များ ရွတ်ဆိုပွားများနေရင်း မျက်ခွံတို့ မှေးစင်းလာခဲ့၏။

အရေးထဲမှ အရာပေါ်ဆိုသလို ညဦးနက်ကာ မီးပျက်နေသည့်အချိန်ကျမှ ဆီးကလည်း သွားချင်လာသည်၊ ဒေါ်ခင်စု အောင့်မထားနိုင်တော့၍ နံဘေးမှ ဦးဖိုးသာကို အတင်းလှုပ်ခေါ်နှိုးလိုက်၏။

"အစ်ကိုကြီး - ကိုဖိုးသာ၊ ထ - ထပါဦး"

"အင် - ဟင် - ဘာ - ဘာဖြစ်လို့လဲ"

"ဘာမှမဟုတ်ပါဘူး၊ ကျွန်မ ဆီးသွားချင်လို့ပါ"

"ခြော် - ဒုက္ခပါပဲ၊ မီးကလည်း ပျက်နေတယ်၊ အောင့်ထားပါလား ခင်ရယ်"

"မအောင့်နိုင်တာလို့ပေါ့တော်၊ အိပ်ခန်းထဲမှာသာဆို ပေါက်ချပစ်ပါရဲ့၊ ခုဟာက ဘုရားခန်းထဲမှာဆိုတော့ ဘယ်ဖြစ်မလဲရှင်၊ လာပါ - လိုက်ခဲ့ပါ၊ ဖယောင်းတိုင်လည်း နီးနီးနားနားရှိသားနဲ့ အစ်ကိုကြီးက ကြောက်နေတာလား"

"အောင်မာ - မကြောက်ရပါဘူးကွာ၊ ငါက မင်း ကြောက်နေမှာစိုးလို့ ကဲ - ကဲ - လိုက်ခဲ့မယ်"

ဦးဖိုးသာက ကြောက်နေတာလားဟု အမေးခံလိုက်ရသဖြင့် အိပ်နေရာမှ ခပ်မြန်မြန်ကျုံးထကာ နံဘေးမှဖယောင်းတိုင်နှင့် မီးခြစ်ကို စမ်းယူပြီး မီးထွန်းလိုက်၏၊ ဖယောင်းတိုင်မီး၏ အလင်းရောင်များ အခန်းတွင်းသို့ ဖြာဆင်းသွားချိန်တွင် ဦးဖိုးသာတစ်ယောက် နံဘေးသို့ လှည့်ကြည့်ပြီး ထိတ်လန့်သွားရသည်၊




"အမလေးကွာ - ခင့်မျက်နှာကြီးကလည်း ကြောက်စရာ၊ ဆံပင်လေးဘာလေး သပ်လိုက်ပါဦးလား"

"အမယ် - ရှင်ပဲ ဒီမျက်နှာလေးကို တရေးနိုးတောင် ကြည့်ချင်နေတာဆို၊ ခုတော့ - ကြောက်စရာကြီးဖြစ်ပြီပေါ့"

"ဟာကွာ - မင်းကလည်း၊ တိုးတိုးပြောစမ်းပါ၊ ဟိုမှာ မမမေတို့လည်း ရှိနေတယ်လေ၊ မေ့နေပြီလား"

"အဲတော့ - ကျွန်မ မေ့နေတာ၊ တော်ပါသေးရဲ့၊ သူတို့ အိပ်ပျော်နေကြလို့၊ မကြားလောက်ပါဘူးနော်"



www.burmeseclassic.com

"ကဲပါ – အခုမှ ရှက်မနေနဲ့၊ မြန်မြန်သွား – မြန်မြန်ပြန်လာတာပေါ့၊ အခန်းတံခါး သေချာပိတ်ခဲ့ဦးမှ"

နှစ်ယောက်သား ဖယောင်းတိုင်မီးအားကိုးဖြင့် အခန်းအပြင်သို့ ထွက်ခဲ့ကြသည်၊ ဤနေရာတွင် ဘုရား၊ တရားတန်ခိုးဟု ဆိုရမည်၊ ဘုရားခန်းထဲမှ အပြင်သို့ ထွက်လိုက်သည်နှင့် စိတ်ထဲ၌ ချက်ချင်းသိမ်ငယ်သွားကာ ကြောက်ရွံ့ထိတ်လန့်လာတာကြောင့် . . .

"အစ်ကိုကြီး – ခဏနေဦး၊ ကျွန်မ စိတ်အားငယ်သလိုဖြစ်နေလို့ ဘုရားကျောင်းဆောင်မှာကပ်ထားတဲ့ သပြေခက်လေး သွားစွန့်လိုက်ဦးမယ်"

"အေးကွာ – ကောင်းတယ်၊ အမှန်အတိုင်းပြောရရင် ငါရော မင်းလိုပဲ ခံစားလိုက်ရတယ်"

မိန်းမတို့က ယောကျ်ားတို့ထက် လျှပ်တစ်ပြက်ဉာဏ်၌ သာသည်ဆိုသော စကားပုံမှာ အမှန်ပါပင်၊ ဒေါ်ခင်စု၏ လျှပ်တစ်ပြက်အတွေးကြောင့် နှစ်ယောက်သား သပြေတစ်ခက်စီကိုင်ကာ အောက်ထပ်သို့ ရဲရဲဝံ့ဝံ့ဆင်းခဲ့နိုင်သည်၊ သို့သော် – အောက်ထပ်သို့ရောက်သည့်အခါ နှစ်ဦးစလုံး သွေးပျက်ချောက်ချားသွားခဲ့ရ၏၊ လှေကားမှ ဆင်းဆင်းချင်း တွေ့မြင်လိုက်ရသည်တာ ညဉ့်ခန်းအလယ်တွင် မည်သည့်အချိန်က ရောက်ရှိနေမှန်းမသိသော အလောင်း တစ်လောင်း။

ယောကျ်ားတစ်ယောက်၏ အလောင်း ဖြစ်သည်၊ တစ်ကိုယ်လုံး ညို မည်းတူးခြစ်နေသဖြင့် မည်သူမည်ဝါဟူ၍ ရုပ်လုံးမပေါ်တော့၊ အလောင်းကောင်ကြီးကို ညှဉ့်ခန်းအလယ်၌ စားပွဲတစ်လုံးပေါ် အကျအနတင်ထားအလောင်းစင်ပြင်ထား၍ ဒေါ်ခင်စုတို့နှစ်ယောက် မျက်နှာပျက်သွားရသည် ဘယ်လို ပါလိမ့် – ဒါဟာ အတိတ်နိမိတ်သဘောလား၊ ဒါမှမဟုတ် တရွှေ့ ပြောက်ခြင်းပဲလား၊ နှစ်ယောက်သား တွေပြားစိတ်တို့ဖြင့် တွေးတောလျှင် ရှိစဉ် မထင်ထားသည့်ဖြစ်ရပ်တစ်ခုကို ဆက်တိုက်ဆိုသလို ကြုံဆုံလိုက်ရ၏။

"အမလေး"

ဒေါ်ခင်စု အလန့်တကြားဟစ်အော်လိုက်မိသည်၊ လူကလည်း နောက်သို့ အလိုအလျောက် ခြေတစ်လှမ်းဆုတ်လိုက်မိ၏၊ အော်ဟစ်ရခြင်း၏ အကြောင်းရင်းမှာ စားပွဲပေါ်တွင် လဲလျောင်းငြိမ်သက်နေသော အလောင်းကောင်ကြီးသည် သူတို့နှစ်ဦး လှမ်းကြည့်နေသည့်အခိုက် ဝုန်းခနဲ ထရပ်လိုက်သောကြောင့်ပင်တည်း၊ ထင်မထားတာတွေက ဆက်တိုက် ဆက်တိုက်၊ အလောင်းကောင်ကြီးက ဝုန်းခနဲ ရပ်ရုံသာမကဘဲ သူတို့ဘက်သို့ တရွေ့ရွေ့တိုးကပ်လာသောကြောင့် သူတို့နှစ်ဦးခမျာ အပေါ်ထပ်သို့ ပြေးတက်ရကောင်းမလား၊ တံခါးမကြီးကပဲ ထွက်ပြေးရကောင်းမလား၊ စိတ်ကယောင်ချောက်ချားဖြစ်ကုန်ကြ၏၊ ဖြစ်သင့်ပါသည်၊ ဤသို့သော ဖြစ်ရပ်မျိုးကို မည်သူကများ ကြိုတင်စိတ်ကူးဖူးမည်နည်း။

သို့သော် – မည်သို့မျှ လုပ်၍မဖြစ်မှန်း သူတို့နှစ်ဦး သိသည်၊ အကယ်၍ လှေကားအတိုင်း တက်ပြေး၍ အလောင်းကောင်ကြီး လိုက်မလာလျှင် တော်သေး၊ လိုက်များလာခဲ့လျှင် ကလေးတွေ ထိတ်လန့်ကုန်လိမ့်မည်၊ နောက်တစ်နည်းအနေဖြင့် တံခါးမကြီးမှ ထွက်ပြေးလျှင် လွတ်မြောက်ဖွယ်ရှိသော်လည်း ကလေးများက အပေါ်ထပ်ခန်းတွင် ကျန်ရစ်နေခဲ့သည်မို့ ထိုသို့လုပ်လို့မဖြစ်၊ မိဘများဖြစ်နေ၍ ကလေးများ အန္တရာယ်ကင်းမည့်နည်းလမ်းမှလွဲ၍ အခြားမည်သည့်နည်းကိုမျှ ရွေးချယ်ရန် စိတ်မကူး၊ အန္တရာယ်တစ်ခုခု ပြဿနာတစ်ခုခု ကြုံတွေ့ပါက ကလေးများအတွက် မိမိ၏အသက်ချွေးကို စွန့်လွှတ်ရန်အသင့်ဖြစ်နေသူများမှာ မိဘများပင် မဟုတ်ပါလား။

"ဖြန်း – ဖြန်း – ဖြန်း"

"သွားစမ်း – ထွက်သွားစမ်း"

ဖာတ်လမ်းများထဲက မံမီဖာတ်ရုပ်ကဲ့သို့ တရွေ့ရွေ့တိုးကပ်လာသော ထိုအလောင်းကောင်ကြီးကို နှစ်ဦးသား ကြောင်ငေးကြည့် လျက်ရှိစဉ် စိတ်ပိုင်းဖြတ်လိုက်ပြီဖြစ်သော ဒေါ်ခင်စုက ချက်ချင်းပင် ရှေ့သို့ပြေးထွက်သွားကာ လက်ထဲမှ သပြေခက်ဖြင့် အလောင်းကောင်ကြီးကို တဖြန်းဖြန်း ရိုက်ခတ်ရင်း ပါးစပ်မှလည်း "သွားစမ်း – ထွက်သွား" ဟူ၍ ရေရွတ်ပြောဆိုနေ





www.burmeseclassic.com

www.burmeseclassic.com

သည်၊ ဒေါ်ခင်စု၏ အပြုအမူကြောင့် ဦးဖိုးသာတစ်ယောက် ရှတ်တရက် အံ့ အားသင့် သွားသော်လည်း ချက်ချင်းသဘောပေါက်ကာ သူလည်း ဒေါ်ခင်စုကဲ့သို့ပင် လိုက်လံပြုမူလေသည်။ ငါးမိနစ်ခန့် ရိုက်နက်လိုက်သည့် အခါ အလောင်းကောင်ကြီးသည် နေရာတွင် ဒုန်းခနဲလဲကျသွားကာ စက္ကန့် ပိုင်းအတွင်းပင် ပြာအဖြစ် ဘဝပြောင်းသွားလေ၏။

"ဟား – ဟား – အောင်ပြီ၊ ငါတို့ အောင်ပြီ"

"ဟုတ်တယ် – ကျွန်မတို့ နိုင်ပြီ၊ နိုင်ပြီ"

အိပ်မက်ဖြစ်၍သာ တော်တော့သည်၊ သို့သော်လည်း ဂမ္ဘီရဆန်သော သဘာဝလွန်အိပ်မက်တစ်ပုဒ်၊ သာမန်အိပ်မက်ဆိုလျှင် လင်မယားနှစ် ယောက် တစ်ချိန်တည်းတွင် တစ်ထေရာတည်းတူအောင် မြင်မက်ရန်မှာ လွယ်တူလိမ့်မည်မဟုတ်၊ အကြောင်းအရာချင်း တူပါစေ၊ နေရာဒေသ ကွာခြားနိုင်သလို နေရာဒေသနှင့် အကြောင်းအရာတူစေဦးတော့ တစ်ထပ် တည်းဖြစ်ရန်မှာ ခက်ခဲလှသည်၊ လူတစ်ထောင်တွင် နှစ်ယောက်ပင် ထိုသို့သောအဖြစ်မျိုးကို ကြုံတွေ့လိမ့်မည် မထင်၊ ဦးဖိုးသာနှင့် ဒေါ်ခင်စုတို့ လင်မယားကတော့ ထူးထူးဆန်းဆန်း ကြုံတွေ့သွားခဲ့ပြီ၊

ညက အိပ်မက်အကြောင်းနှင့် ဘိုတဲကြီး၏ရာဇဝင်ကို အိမ်ကြီးမှ ထွက် ခွာလာသည့်လမ်း၌ ကျန်အိမ်သားများအား ပြောပြမိရာ အားလုံး ရင်တမမ နှင့် အံ့ဩမဆုံး ဖြစ်ကြရ၏။ အကယ်၍ ဦးဖိုးသာတို့လက်ထဲ၌ သပြေခက် သာ ပါမသွားလျှင် ဘာတွေဆက်ဖြစ်နိုင်သလဲဟု ဖိုးသော်က မေးခွန်းထုတ် သေးသည်၊ ဖခင်ဖြစ်သူ ဦးဖိုးသာက "သပြေခက်၏အဓိပ္ပာယ်မှာ မွေလတ် နက်ကို ဆိုလိုခြင်းဖြစ်နိုင်ကြောင်း၊ မိမိတို့ကို နှောင့်ယှက်ခြောက်လှန့်နေသော ပရလောကသားကို ယမန်နေ့ညက ရွတ်ဖတ်သရဇ္ဈာယ်ထားသော ဂုဏ် တော်တို့၏ ကျေးဇူးတော်ဖြင့် အနိုင်ယူလိုက်ခြင်းဖြစ်နိုင်ကြောင်း" စသဖြင့် ခန့်မှန်းကာ ရှင်းပြသည်၊



မောင်ဖိုးသော်လည်း မြင်ကွင်းထဲမှ ပျောက်ကွယ်သွားပြီဖြစ်သော အိမ်ကြီးကို လှည့်ကြည့်ရင်း နှမြောတသဖြစ်မိသည်၊ ဤမျှလောက် ကြီး ကျယ်ခမ်းနားလှသော အိမ်ကြီး၌ မနေထိုင်ရတော့သည့်အတွက် ဝမ်းနည်း သလိုဖြစ်မိ၏။ ချက်ချင်းပင် သတိရသွားမိသည်က မစ္စတာဂျက်ဆန်နှင့် မစ္စစ် ဂျက်ဆန်တို့နှစ်ယောက်လည်း ထိုအိမ်ကြီးကို တွယ်တာနေသောကြောင့် ယခုချိန်အထိ မကျွတ်လွတ်ကြသေးတာလား။ စိတ်မနဲ့သူကောင်မလေး ကလည်း ယခုချိန်ထိ အခြေအနေမှန်ကို သဘောမပေါက်သေး၍များ ဘဝ မကူးနိုင်သေးတာလား၊

ထိုသို့တွေးလိုက်မိရင်း တွယ်တာတတ်သည့်စိတ် အပေါ် မောင်ဖိုးသော် ကြောက်ရွံ့သွားမိသည်၊ ထိုတွယ်တာတတ်သည့် စိတ်ကပဲ မိမိ၏ဘဝကို ဒုက္ခရောက်စေတာပါလားဟု မောင်ဖိုးသော် သဘောပေါက်သွားရသည်၊ ထိုအတွေ့အကြုံတို့မှ သင်ခန်းစာယူကာ မောင်ဖိုးသော်နှင့် မောင်ခင်သာတို့ နှစ်ယောက် ဘာသာတရားကို ပို၍လေးနက်ကိုင်းရှိုင်းလာတတ်ကြခြင်း သည်ကား အဆိုးထဲမှ အကောင်းဟုပင် ဆိုရပါတော့မည်၊

(လွန်ခဲ့သော နှစ်ပေါင်း (၄၀)ကျော်က ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ်ကို အခြေခံရေးသားထားခြင်း ဖြစ်ပါသည်)

→ ဂီဦးနွန်းတို့

www.burmeseclassic.com

www.burmeseclassic.com




# တမလွန်လောကသား
# အစွဲကြီးမားကျောက်တုံးများ

ဂမ္ဘီရဆရာလှမျိုး (B.Sc)

စနေနေ့နံနက်တွင် စာရေးသူတို့ရပ်ကွက်အနီးရှိ မိုးကောင်းတင် လက်ဖက်ရည်ဆိုင်တွင် စာရေးဆရာလေးငါးဦး ဆုံတွေ့ကြသည်။ တစ်နည်းအားဖြင့် "စနေလေပေးကုန်း" ဟု ဆိုရပေမည်။ ထိုနေ့တွင် ယုဇနဥယျာဉ်မြို့တော်မှ စာရေးဆရာ ကျော်ဇောဟိန်း (နံ့သာ)လည်း ရောက်လာတတ်သလို ကျန်းမာရေးကောင်းသော ဆရာကြီးဆင်ဖြူကျွန်းအောင်သိန်းလည်း လာ ထိုင်ပါသည်။ ထို စနေဝိုင်းတွင် ဘာသာရေး၊ လူမှုရေး၊ ဂမ္ဘီရအကြောင်းနှင့် စာပေရေးရာအကြောင်းတွေ ပြောဆိုဆွေးနွေးလေ့ရှိလေ၏။

စနေတစ်နေ့တွင် ဘိုးတော်ထွန်းဆိုသူမှ ထူးဆန်းသော ကျောက်တုံး တစ်တုံး ပြသသည်။ ထိုကျောက်တုံးတွင် စမအက္ခရာပေါ်နေသည်။ စစ တောင်မှရသော စမကျောက်ဟုဆိုသည်။ ဆရာလှစံဆိုသူမှ စမကျောက် ကိုကိုင်ကြည့်ရင်း "စမကျောက်တွေ အခုရှိသေးလား - ဘိုးတော်" ဟု မေး သည်၊ "ရှိတော့ရှိတယ်၊ လွယ်လွယ်ကူကူတော့ ရှာမတွေ့တော့ဘူး"

www.burmeseclassic.com

"ရှာတွေ့ရင် လွယ်လွယ်ကူကူ ယူလို့ရလား"

"ရပါတယ် - ဘာမှ ပြဿနာမရှိပါဘူး"

"အချို့ကျွန်ုပ်နယ်မြေက ကျောက်တွေဆို လွယ်လွယ်ကူကူ ယူလို့မရဘူး။ ပိုင်ရှင် ပြန်တောင်းရင် ထားခဲ့ရတယ်"

ဆရာကျော်ဆိုသူမှ "ဘယ်လိုမျိုးလဲ - ရှင်းပြပေးပါဦး" ဟု ပြောသည်။

ကျွန်တော် ရှမ်းပြည်ဘက်က သီပေါမြို့နယ်က ဘုရားတစ်ဆူရောက်ခဲ့တယ်။ ဘောကြို့ကျေးရွာဟောင်းနှင့် ရွာသစ်ကြီးက ဘောကြို့စေတီနားက ကျောက်တုံးတစ်တုံး တောက်ခဲ့တယ်။ ကားပေါ်လည်းရောက်ရော ကားက ထွက်လို့မရဘူး။ စက်လည်း မပျက်ဘူး။ အဲဒီမှာ လူကြီးတစ်ဦးက ဘယ်သူတွေ ဘာပစ္စည်းယူလာလဲလို့ မေးတယ်။ ကျွန်တော်လည်း လွယ်အိတ်ထဲက ကျောက်တုံးသတိရပြီး ကျောက်တုံးလေးယူလာကြောင်း ပြောလိုက်တယ်။ နောက်ဆုံး - အဲဒီကျောက်တုံး ပြန်စွန့်ခဲ့မှာပဲ ချောချောမွေ့မွေ့ ကားထွက်လို့ ရတော့တယ်။

"ထိုနယ်ဘက်က စောမွန်လှ နယ်မြေလေ။ သူတို့နှင့် ခွင့်မပြုဘဲ ယူလာလို့ ပြန်တောင်းတာ ဖြစ်မှာပေါ့"

ကျွန်တော်လည်း ကြားဖူးတယ်။ ဖြစ်ရပ်မှန်ပါပဲ။ မင္ဂဖင်း အယ်ဒီတာချုပ်တစ်ဦး ကိုယ်တွေ့၊ သူကတော့ ရှမ်းပြည်ဘက်ကအပြန် လေယာဉ်ပေါ်မှာ ဖြစ်တာ။ အဲဒါလည်း ကျောက်တုံးယူခဲ့တဲ့ ကိစ္စပဲ။ နောက်ဆုံး ကျောက်တုံးကို လေယာဉ်ပေါ်က ပစ်ချလိုက်မှပဲ လေယာဉ်ထွက်လို့ရတော့တယ်လေ။

စာရေးသူမှလည်း ကျောက်တော်ကြီးဘုရားတည်စဉ်က မတ္တရာဆိပ်ကမ်းက ဇက် (ကျောက်တုံးကြီးတင်သော သင်္ဘော) ထွက်မရ ဖြစ်နေတယ်တဲ့။ လူကြီးတွေလည်း ဇက်ကို အမျိုးမျိုးစစ်ဆေးကြတယ်၊ ဆီလည်း အပြည့်ရှိတယ်၊ စက်လည်း မပျက်ဘူး။ နောက်တော့ - အဘွားကြီးတစ်ဦး နတ်ဝင်ပူးပြီး ကိုယ်တော်ကြီး၊ ကိုယ်တော်လေးက ခွင့်မပြုလို့ ထွက်မရတာလို့ ပြောတယ်၊ လူကြီးတွေက ဘာလုပ်ပေးရမလဲမေးတော့ ပွဲနှစ်ပွဲလုပ်ပြီး ဝိတ်ခြူး ဝိတ်နီကို သင်္ဘော (ဇက်) ထိပ်မှာ တစ်ဖက်တစ်ချက်စီ ချည်လို့ပြောတယ်။ ကုန်းပေါ်မှာ ပွဲနှစ်ပွဲလုပ်ပြီး ဝိတ်ခြူးဝိတ်နီအစနစ်ခု တစ်ဖက် တစ်ချက်စီ ချည်လိုက်မှပဲ ထွက်လို့ရတော့တယ်။ သူတို့ပိုင် နယ်မြေက ကျောက်ကို သူတို့ကို ခွင့်တောင်းပြီးမှ ယူသင့်တယ်"

ဟုတ်တယ် - အဲဒါ မှန်တယ်။ တမလွန်လောကသား (သိုက်၊ နတ်၊ ပြိတ္တာ) စတဲ့ (၃၁)ဘုံသားတွေကသာ အစွဲအလမ်းနဲ့သေပြီး တမလွန်ဘဝမှာလည်း အစွဲမပြတ်ကြဘူး။ ထိုကျောက်တုံးဇာတ်လမ်းကို တစ်မျိုးစီ ကြားခဲ့ရသော်လည်း ကိုယ်တွေ့မကြုံခဲ့ရပေ။ လွန်ခဲ့သော (၂၀၁၄၊ မတ်လ)တစာရေးသူနှင့် ဆရာဦးလှစံ၊ ကျော်ဇောဟိန်း (နွံသာ) တို့ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဖင်းကျိုက်တောင်၊ ဘားမဲ့ကုန်းသို့ သွားရောက်ကြသည်။

တောင်ခြေမှ ဘားမဲ့ကုန်းအထိ ကားလမ်းပေါက်နေ၍ ယခင်ကလို လမ်းမလျှောက်ရတော့ပေ။ တောပတ်ဝန်းကျင်မှ သဘာဝရှုခင်းများကို ကားပေါ်မှ ကြည့်သွားရသည်။ ဘားမဲ့ကုန်းမှ ဖင်းကျိုက်တောင်သို့ ပေ (၁၀၀၀) ကျော်ခရီးကိုတော့ လမ်းလျှောက်တက်ကြသည်။ ဘားမဲ့ကုန်းရောက်သောအခါ ဓမ္မသုခမ္မောရုံအောက်ထပ်မှာ နေရာယူကြသည်။ ထိုမ္မောရုံကို ရန်ကုန်မြို့ - - - - - အထည်ဆိုင်မှ လာရောက်လှူဒါန်းခြင်းဖြစ်ပြီး ကားပေါ်တွင် အထည်ဆိုင်ဝန်ထမ်းအမျိုးသမီး အယောက် (၂၀)ခန့် ပါလာကြသည်။ ဘားမဲ့ကုန်း သာသနာ့အောင်မြေတွင် ဘုရား၊ စေတီ၊ ရဟန္တာရုပ်ပုံ၊ ဗိဇ္ဇာရုပ်ထုပုံများ၊ ဘိုးတော်မယ်တော်ပုံ စုံလင်စွာ ပြုလုပ်ထားသည်။ အထူးသဖြင့် ဘားမဲ့ဆရာတော်နှင့် အဘိုးကလေး ဆရာတော်ဇာတ်နန်းကို အထူးပြုလုပ်ထားသည်။ တစ်ချိန်က ဘားမဲ့ဆရာတော်နှင့် ဗျတ်ဝိဇ္ဇာညီနောင် ဇာတ်လမ်းခင်းခဲ့သော ကုန်းတော်ဖြစ်သည်။

နံနက် (၈) နာရီတွင် သံဃာတော်များ ရေသိမ်တော်သို့ တက်ရောက်ပြီး ဆရာတော်ကြီးအား သိက္ခာထပ် သိမ်ဆင့်လောင်းကြသည်။ နံနက် (၁၁) နာရီ သံဃာတော်တွေကို ဆွမ်းကပ်ပြီး လူတွေကို နံနက်စာကျွေးသည်။ နေ့လယ် (၁)နာရီမှာ မ္မောရုံ ရေစက်ချသည်။ နေ့ခင်းပိုင်းတွင် ကျွေးသောအခါ

www.burmeseclassic.com

မွှာရုံတို့မှာ အေးအေးလူလူ အနားယူအိပ်စက်ကြသည်။ ညနေ (၄)နာရီ ထိုးသောအခါ မိန်းမပျိုတစ်စု အဝတ်အစား အသစ်ကလေးများ ရောင်စုံဝတ် ဆင်ကာ အမွှေးနံ့သာဆွတ်ဖျန်းသူကဖျန်း၊ နေကာမျက်မှန်တပ်သူတပ်၊ အချို့လည်း ဒေါက်ဖိနပ်စီး၊ စကတ် ထဘီတွေ ဝတ်ဆင်ထားကြသည်။

အထည်ပိုင်ရှင် အမျိုးသမီးကြီးမှ –

"ညည်းတို့ အဲဒါ ဘယ်ရှိတက်ကြမလို့လဲ"

"ဆံတော်ရှင် တက်ဖူးကြမလို့ပါ"

ဒီပုံစံတွေနဲ့ တက်ကြမယ်။ လမ်းတစ်ဝက်မှာ လေးဖက်ထောက် တက်ကြရမယ်၊ နံနက်ကျမှ သွားကြ။ ပြန်ရင် မိုးချုပ်မယ်"

ဒါဆို – ဒီနားက ဘုရားတောင်တစ်ခု သွားရင်ဖြစ်မလား။ ခေါင်းဆောင် အမျိုးသမီးက အရဲစွန့်မေးလိုက်သည်။

"ဘယ်တောင် သွားမှာလဲ"

"သက်ဦးလှုပ်တောင်ဘက်သွားရင် ဖြစ်မလား"

"မဖြစ်ပါဘူး။ အေး – ညည်းတို့ပုံစံတွေနဲ့"

"ပြင်ဆင်လာပြီးမှတော့ ဘားမဲ့ကုန်းတစ်ဝိုက်ပဲ ဘုရားလှည့်ဖူးကြ။ ဟို အောက်ဘက်က ရေသိမ်ဘက်ဆင်းကြည့်ကြ" ဟု ပိုင်ရှင်မှ ပြောဆိုပြီး ထွက် ခွာသွားသည်။ အမျိုးသမီးငယ်အုပ်စုလည်း တန်းစီးကာ ကုန်းပေါ်တက်ပြီး ကုန်းပေါ်မှ အောက်ဘက် လှေခါးထစ်များအတိုင်း ဆင်းသွားကြသည်။

"ဆရာမျိုး – ကျွန်တော်တို့လည်း အပျင်းပြေ လမ်းလျှောက်ကြရ အောင်"

"ဘယ်နေရာ သွားချင်လို့လဲ"

"ရေသိမ်ဘက်မှာ လိပ်ကျောက်၊ ဖားကျောက်တွေ ရှိတတ်တယ် ပြော တယ်။ အဲဒါ – သွားရှာကြရအောင်"

ကျွန်ုပ်တို့ သုံးဦးလည်း ကင်မရာ၊ ဖုန်းများ ပြန်ယူကာ ဘားမဲ့ကုန်းမှ ရေ သိမ်ဘက်သို့ တဖြည်းဖြည်း ဆင်းလျှောက်သွားကြသည်။ လမ်းတစ်ဝက် ရောက်သောအခါ မိန်းမပျိုများ စကားပြောသံ ကြားရလေ၏။ ကျွန်ုပ်မှ –



"ဟာ – လူမမြင်ရဘဲ အသံတွေပဲ ကြားနေရတယ်။ ဥစ္စာစောင့်တွေများလား မသိဘူး" ဟု နောက်ပြောင်ပြောဆိုလိုက်၏။

"ဟုတ်တယ် – ဖြစ်နိုင်တယ်"

"အထည်ဆိုင်က ကောင်မလေးတွေ ဖြစ်မှာပါ"

ရေသိမ်မှာ ရေစီးနေသောစမ်းချောင်းအတွင်းတည်ဆောက်ထားသည်။ သိမ်နှင့် ကုန်းမြေနှင့် မထိအောင် တစ်ပေခန့် ခွာထားသည်။ နွေရာသီဖြစ်၍ သိမ်အရှေ့ဘက် ရေတံခွန်မှ ရေအနည်းငယ်စီးသာ စီးဆင်းလျက်ရှိပြီး သိမ် ခေါင်းရင်းဘက်တွင် ကျောက်ခဲ၊ ကျောက်တုံးများ မှိုမောက်နေတာ တွေ့မြင် ရသည်။ ထိုမှိုမောက်နေသော ကျောက်တုံးကျောက်ခဲများရှေ့တွင် ကြည်လင် နေသော ရေအိုင်တစ်အိုင်ရှိသည်။ လက်ဝဲလက်ယာတွင် ကျောက်နံရံကြီး တွေ မြင်ရပြီး သိမ်အနောက်ဘက်တွင် ကြီးမားသော ကျောက်တုံးကြီးနှစ် လုံး၊ သုံးလုံးဆင့်လျက်ရှိသည်။ ထိုကျောက်တုံးပေါ်တွင် လူတစ်ယောက် အေးဆေးစွာထိုင်ပြီး တရားထိုင်၊ ပုတီးစိပ်၍ ရသည်။ သိမ်အောက်ဘက်တွင် လည်း ရေမတွေ့ရဘဲ ကျောက်ကုန်းမြေပုံစံသာ တွေ့မြင်ရသည်။

ကျွန်ုပ်တို့လည်း မိန်းကလေးတစ်စု သိမ်အောက်ဖက်ဆင်း၍ အပြန် အလှန် ဓာတ်ပုံရိုက်နေတာမြင်ရ၍ အောက်မဆင်းသေးဘဲ သိမ်ပေါ်မှာသာ နေကြသည်။ သူတို့သည် အပန်းဖြေဥယျာဉ်ထဲ၌ ရေတံခွန်အနီး ရောက်ရှိ နေကြသလို အလှဓာတ်ပုံအမျိုးမျိုး ရိုက်နေကြ၏။ တစ်ယောက်ချင်းလည်း ရိုက်ကြ၊ အုပ်စုလိုက်လည်း ရိုက်ကြသည်၊ တစ်ခါ ကျောက်တုံးကြီးပေါ်မှာ အိုက်တင်အမျိုးမျိုးပြလုပ်ကာ ပါလာသော ဟန်းဆက်ပြားများဖြင့် အားရ ပါးရ ရိုက်လျက်ရှိသည်။ ထိုအချိန်တွင် မိန်းမပျိုတစ်ဦးမှ ကျောက်တုံး၊ နှစ်တုံး ကောက်ယူလိုက်ပြီး –

"ရန်ကုန်ရောက်ရင် အမှတ်တရ လက်ဆောင်ပေးရမယ်" ဟုပြောဆို သံ ကြားရသည်။

"ဘယ်သူ့ကို ပေးမှာလဲ"

"တို့ကိုကို ကို ပေးရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ကျောက်တုံးလေးတွေက အေးနေတာပဲ"

"ဒီနေရာမှာနေရတာ အေးဆေးတယ်နော်"

"ဓာတ်ပုံရိုက်ရတာ ပျော်စရာကောင်းတယ်"

"ပြီးရင် အပေါ်ပြန်တက်ကြမယ်"

တစ်ယောက်တစ်မျိုး ပြောဆိုနေကြပြီး တစ်ယောက်စီ ကုန်းပေါ်ပြန်တက်ကာ လူငယ်တို့၏ လွတ်လပ်စွာ ပျော်ရွှင်မှုကို ကြည်နူးဖွယ်မြင်ကွင်းအဖြစ် တွေ့မြင်လိုက်ရပေသည်။

"ကဲ - ကောင်မလေးတွေ မရှိတော့ဘူး"

"ကျွန်တော်တို့ ဆင်းကြမယ်"

သိမ်အောက်ဆင်းပြီး ထူးဆန်းသော ကျောက်ရှာဖွေကြသည်။ ရှာမတွေ့ကြပေ။ ကျွန်ုပ်လည်း ဆိုင်ရာပိုင်ရာတွေကို မေတ္တာပို့ပြီး ရေထဲ စမ်းကြည့်လိုက်သည်။ အေးစက်နေသော ကျောက်တုံးတစ်လုံး စမ်းမိသည်။ အနက်ရောင် ကျောက်တုံးလေး ဖြစ်သည်။

"ဆရာမျိုး - ရှာတွေ့လား"

"မတွေ့ပါဘူး - ကျောက်နက်တစ်လုံးပဲ တွေ့တယ်"

"ကျွန်တော်လည်း ကျောက်လုံးသုံးလုံးပဲ ကောက်ယူခဲ့တော့မယ်"

"အမှတ်တရ ဓာတ်ပုံရိုက်ကြမယ်"

"ဓာတ်ပုံရိုက်ပြီး ကုန်းတော်ပေါ်ပြန်တက်မယ်"

ညနေစာ စားပြီး ဗားမဲ့ကုန်းရင်ပြင်တော်မှာ ဆီမီး (၁၀၀၀) ပူဇော်ကြသည်။ ဤနေ့ကား တပေါင်းလပြည့်နေ့ဖြစ်သည်။ ဗားမဲ့ကုန်း ဆုတောင်းပြည့်စေတီရှေ့မှာ ပုတီးစိပ်သူ စိပ်၊ ပဌာန်းရွတ်သူ ရွတ်ကြ၊ သီလရှင်ဆရာလေးတွေ ဝတ်ရွတ်ကြနှင့် သာယာကြည်နူးဖွယ်ဖြစ်လျက်ရှိသည်။ အထည်ဆိုင်ဝန်ထမ်း ဆယ့်လေးငါးယောက်အား အထည်ဆိုင်ပိုင်ရှင်မှ သီလရှင်ဝတ်ပေးထားသည်။

နောက်တစ်နေ့ နံနက်စောစော ဖင်းကျိုက်တောင် တက်ကြသည်။ ဆံတော်ရှင်မြတ်ကို ဖူးမြော်ရန် သွားရောက်ကြခြင်းဖြစ်သည်။ စာရေးသူလည်း ဆံတော်ရှင် တက်ဖူးရန် ဆုံးဖြတ်လိုက်သည်။ မိတ်ဆွေနှစ်ဦးမှာ -



"နဂါးဥဘက် သွားဖူးကြမယ်၊ ခြေထောက်မကောင်းလို့ တောင်ပေါ်မတက်တော့ဘူး"

"ဟုတ်တယ် - ကျွန်တော်လည်း ဒူးနာနေလို့ မတက်တော့ဘူး"

ဗားမဲ့ကုန်းမှ ဆင်းပြီး လမ်းခွဲလိုက်ကြသည်။ စာရေးသူက တောင်ပေါ်တက်ပြီး ဆရာနှစ်ဦးမှာ နဂါးဥစေတီဘက် သွားဖူးကြသည်။ တိုက်အုပ်ဆရာတော်မှ "စာရေးဆရာတွေ နဂါးဥစေတီဘက် ရောက်အောင်သွားကြ၊ ဖင်းကျိုက်စေတီသမိုင်းနဲ့ နဂါးဥစေတီ ဆက်စပ်နေတယ်၊ ချောက်ထဲတော့ မဆင်းကြနဲ့နော်၊ အကောင်ကြီးတွေ ရှိတတ်တယ်"

စာရေးသူတို့ ဖင်းကျိုက်တောင်မှ ပြန်ဆင်းလာသောအခါ ကွမ်းမန်းဆရာတော်ကို ဝင်ဖူးကြသည်။ မိန်းကလေးတစ်စုမှာ ဆရာတော်ကို လျှောက်ပြီး နဂါးဥစေတီဘက် သွားကြသည်။ စာရေးသူမှာ ဓမ္မာရုံသို့ပြန်လာပြီး ရေချိုးသည်။

"ဆရာမျိုး - ဖင်းကျိုက်တောင် ရောက်တဲ့အချိန်မှ ကျွန်တော်တို့ နဂါးဥစေတီရောက်တယ်"

"နဂါးဥစေတီက နီးနီးလေးပါ၊ ဘာဖြစ်လို့လဲ"

"လမ်းမှားသွားလို့ ဆရာရေ၊ အစက ပြန်လာပြီး ထပ်သွားရတယ်၊ လမ်းမှာ ခွေးတစ်ကောင် ဘယ်ကထွက်ပေါ်မှန်းမသိဘူး၊ ဂါထာရွတ်လိုက်မှ ထိတ်သွားတယ်"

"ဘာတွေ တွေ့ခဲ့လဲ"

ထူးထူးခြားခြားတော့ မရှိပါဘူး၊ ပုတီးစိပ်နေတုန်း ယင်မည်းကောင်ကြီးတစ်ပေ၊ မျက်နှာလှည့်ပတ်နေလို့ မေတ္တာတွေ အထူးပို့ပေးလိုက်မှ ရပ်သွားတယ်၊ မတွေ့ရတော့ဘူး"

သံဃာတော်တွေ ဆွမ်းကပ်ပြီး စာရေးသူတို့ ထမင်းစားကြသည်။ မိန်းကလေးတစ်စု နဂါးဥက ပြန်လာပြီး ကျောက်ပြားများ လက်ဆင့်ကမ်း သယ်ကာလုပ်အားပေးနေကြသည်။ နေပူရှိန်မှာလည်း ပိုလာသည်။ စာရေးသူတို့လည်း ဆရာတော်ကျောင်းမှာ ထိုင်နေကြ၏။ နာရီဝက်ခန့်ကြာသောအခါ လူငယ်တစ်ဦး ရောက်ရှိလာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာတော် – ရေမန်းတစ်ဘူး ပေးပါဘုရား။ မိန်းကလေးတစ်ယောက် မူးလဲသွားလို့"

"နေပူပြီး ဗိုက်ဆာတော့ နလုံးလေဟပ်သွားတာ ဖြစ်ရမယ်"

"ကောင်မလေးပုံက ကျန်းကျန်းမာမာပုံပဲ"

"ရန်ကုန်မှာတော့ မဖြစ်ဖူးပါဘူး"

"အစာလည်းမရှိ၊ ချွေးလည်းထွက်၊ ပင်ပန်းပြီး လဲသွားတာဖြစ်မယ်။ ကောင်းသွားမှာပါ" စသည်ဖြင့် ထိုင်ရာကနေ ဝေဖန်နေမိသည်။ နောက်ထပ် (၁၅)မိနစ်ခန့်အကြာတွင် အပြင်ထွက်ကြည့်လိုက်သည်။ ထို့နောက် – မွှာရှိ အောက်ထပ်အနီး လူစုနေ၍ သွားကြည့်လိုက်သည်။ အထည်ဆိုင်ပိုင်ရှင်မှာ မိန်းကလေးကို သူမ ရင်ခွင်မှာ ပိုက်ထားသည်။ မိန်းကလေးမှာ မျက်လုံးမှိတ်ထားပြီး ရင်တွေခုန်နေသည်။ အနီးမှ အမျိုးသမီးတစ်ဦးမှ ခေါင်းကို ရေမန်းဆွတ်ဖျန်းပေးနေသည်။ ခြေလက်မှာ အေးစက်နေပြီး တစ်ချက်တစ်ချက် တုပ်သွားသည်။

"သမီး – မိစု၊ သတိထားလေ အမေတို့ရှိတယ်၊ ဘာမှမဖြစ်ဘူး"

"မိစု မျက်လုံးဖွင့်ကြည့်လေ။ ဒီမှာ ဆရာဝန်လည်းရှိတယ်၊ ဘာမှ မကိုးရိမ်နဲ့"

မိန်းကလေးမှ မျက်လုံးကို အထက်လှန်၍ကြည့်သည်။ လူတွေကို မျက်လုံးပြူးကြည့်သည်။ မကျေနပ်သောအကြည့်ပုံစံ ဖြစ်နေသည်။

"ဒီမှာ အမေတို့ ကုသိုလ်ကောင်းမှု လာလုပ်ကြတာ အားလုံးအမျှပေးဝေပြီးပြီ"

"မိစု – ငါ့သမီး မိစုဆိုရင် ပြန်ထူးနော်။ ငါ့သမီးမဟုတ်ရင် ဘယ်သူလဲပြော၊ ဘာလိုချင်လို့လဲ၊ ဘာလို့ နှောင့်ယှက်တာလဲ ဖွင့်ပြောစမ်း"

အဒေါ်ကြီးမှာ အတွေ့အကြုံရှိပုံရသည်။ အခြေအနေကိုကြည့်၍ ခေးတတ်သည်။ မိန်းကလေးမှာ ရင်တုန်မောပန်း သွေးအားနည်းနေသလို ဖြူနေသော်လည်း သွေးပေါင်ချိန် နလုံးခုန်နှုန်းမှာ မှန်နေသည်၊ တစ်ခါ သွေးပြန်ချိန်သောအခါ သွေးပေါင်တစ်ဆယ်နီးပါးအထိ ကျသွားသည်။ ပုံစံမှာ



မပြောင်းလဲပေ၊ ဆရာဝန်ကလေးလည်း မျက်စိလည်သွားသည်။ ဆေးထိုက်ရန် ပြင်ဆင်နေသော်လည်း မတိုက်ဖြစ်ပေ။ အခြေအနေမှာ အမျိုးမျိုး ချော့ကာ၊ ခြောက်ကာ ပြောဆိုမေးမြန်းနေရသည်။ သူမ မျက်လုံးပြူးကြည့်လျှင် မျက်နှာချင်းဆိုင်သူတွေ လန့်သွားကြသည်။ ကြက်သီး ထသွားသည်။

"နင် – ဘယ်သူလဲ၊ မှန်မှန်ပြောနော်၊ ဆရာတော်ဆီ ခေါ်ပြီး စစ်ဆေးခိုင်းရမလား။ ဖြစ်ချင်တာ နှုတ်ဖွင့်ပြောပါ"

တောင်ကြည့်မြောက်ကြည့် မျက်နှာပြောင်းလဲ မျက်လုံးလှန်ကြည့်၊ တစ်ဖန် တည့်တည့်စူးစိုက်ကြည့်ပြီး နှုတ်ထွက်စကားပြောလာသည်မှာ –

"ငါ့ ကျောက်တုံးတွေ ပြန်ထားပေး"

"ဘာကျောက်တုံးတွေလဲ"

"ယူလာတဲ့သူကို မေးကြည့်"

"ဟဲ့ – ဘယ်သူ ရေသိမ်က ကျောက်တုံးယူလာလဲ"

"သမီး – သမီး – ယူလာတာပါ"

စက္ကူဖြင့် ထုတ်ထားသော ကျောက်တုံးနှစ်တုံး ယူလာပေးသည်။

"ငါ့ကျောက်တုံးတွေ ပြန်ထားပေး"

"ပြန်ပေးမယ် – ရော့"

"ယူလာတဲ့သူကို ပြန်ထားခိုင်းပါ"

"ကျောက်တုံးနှစ်တုံးကို သူမကိုပြပြီး ရေသိမ်ဘက်ကို လွှင့်ပစ်ပေးလိုက်သည်။ ကျောက်တုံး ပြန်တောင်းတာ ခေတ္တငြိမ်ပြီး ပုံမှန်အနေအထား ပြန်ဖြစ်သွားသည်။ မကြာလိုက်ပါ၊ မိန်းကလေးတစ်ယောက် တငိုငို တရယ်ရယ်ဖြစ်ပြီး တုန်တုန်ရီရီတွေ ဖြစ်လာပြန်ပါသည်။

"ဟယ် – ဟိုမှာ တစ်ယောက် ဘယ်လိုဖြစ်ပြန်တာလဲ"

"မကျေနပ်ဘူးနော် – မကျေနပ်ဘူး"

"ဘယ်သူ့ကို ဘာမကျေနပ်တာလဲ"

"ငါ့ကျောက်တုံးတွေ ယူထားတဲ့နေရာ ပြန်ထားပေးပါ"

"အေးအေး – ပြန်ထားပေးမယ်၊ ကျေနပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com

ထိုမိန်းကလေးကို ရေမန်းတိုက်၊ ခေါင်းကို ရေမန်းဖျန်းပေးလိုက်သည်။

တစ်ယောက်ငြိမ်ကာရှိသေး နောက်တစ်ယောက် ထလာပါသည်။

"ကြောက်တယ် – ကြောက်တယ်"

"ဘာကို ကြောက်တာလဲ"

ကြောက်ပါတယ်ဆိုနေမှ ဟုပြောပြီး ငိုပါတော့သည်။

"ချမ်းတယ် – ချမ်းတယ်"

ရေမန်းဖျန်းလိုက်သောအခါ ချမ်းတယ်ဟု အော်နေပြန်သည်။



"အရှင်ဘုရား သူတို့ဘယ်ကနေ ကပ်လာကြတာလဲ"
"နဂါးဥစေတီက ကပ်လာကြတာ"
"စကားမှာ အပြောအဆို မှားကြလို့လား"
"အစကတော့ သူတို့ပိုင်ဆိုင်တဲ့နယ်မြေက ပစ္စည်းကို ခွင့်မတောင်းဘဲယူလို့ မကျေမနပ်ဖြစ်ပြီး အနှောင့်အယှက်ပေးတာပါ"
"ဒါဆို ရေသိမ်က ကျောက်တုံးယူလာလို့ မကျေနပ်တာ ဖြစ်နိုင်တာပေါ့နော်"



"ငါတို့နေရာ ပြန်ပို့ပေးပါ။ ဘုရားသွားဖူးချင်တယ်"

"ဘယ်နေရာ သွားမှာလဲ"

"နဂါးဥစေတီ သွားမယ်"

နောက်တစ်ယောက် ထပ်မူးဝင်ပြီး ငိုပြန်လေ၏။ နှစ်ယောက်သား ဖက်ကာ ငိုကြပြန်သည်။

"နင်တို့က ဘာတော်ကြတာလဲ"

"ညီအစ်မတွေပါ"

"အခု ဘာဖြစ်လို့ လာတာလဲ၊ ဘာဖြစ်ချင်တာလဲ"

"နဂါးဥတွေ ပြန်ပေးပါ"

မိန်းကလေးတစ်ယောက် တုန်တုန်ရီရီဖြင့် ကျောက်တုံးအသေးလေး သုံးလုံးလာပေးသည်။ ဂေါ်လီလုံးအရွယ်စား ငှက်ဥသာသာရှိသည်။ ငုံးဥထက်လည်း ငယ်သည်။ ဥမှာ အဖြူ၊ အနီ၊ အဝါရောသော အရောင်ဖြစ်နေသည်။ ထိုကျောက်ခဲလေးသုံးလုံး သူ့နေရာသူ ပြန်ပစ်ခိုင်းလိုက်ရသည်။ သူတို့သည် သိုက်၊ နဂါး၊ ဘီလူးဆက်များဟု ဆရာတော်က ရှင်းပြသည်။

"အရှင်ဘုရား သူတို့ဘယ်ကနေ ကပ်လာကြတာလဲ"

"နဂါးဥစေတီက ကပ်လာကြတာ"

"စကားမှာ အပြောအဆို မှားကြလို့လား"

"အစကတော့ သူတို့ပိုင်ဆိုင်တဲ့နယ်မြေက ပစ္စည်းကို ခွင့်မတောင်းဘဲ ယူလို့ မကျေမနပ်ဖြစ်ပြီး အနှောင့်အယှက်ပေးတာပါ"

"ဒါဆို ရေသိမ်က ကျောက်တုံးယူလာလို့ မကျေနပ်တာ ဖြစ်နိုင်တာပေါ့နော်"

"ဟုတ်တယ် – ဒီမှာ အုပ်ချုပ်သူ အကြီးအကဲကိုခွင့်တောင်းယူရင် ပြဿနာမရှိပါဘူး။ ကိုယ့်သဘောနဲ့ ကိုယ် လုပ်လို့မရဘူးလေ၊ သီလရှင်တစ်ပါးမှ ညက အိပ်မက် မက်တယ် ပြောမလို့ သူတို့ ကြောက်နေမှာစိုးလို့ပါ၊ နန်းဝတ်နန်းစားနဲ့ မိန်းမတွေရောက်လာပြီး နင်တို့ကိုခေါ်သွားချင်တယ်၊ ငါတို့နဲ့ အတူ နေကြပါလား၊ ပျော်ပျော်ပါးပါး ကစားကြရအောင်"

www.burmeseclassic.com

ယမန်နေ့ညနေက သူတို့ပတ်ဝန်းကျင်တွင် ခါတ်ပုံရိုက် ပျော်မြူးနေသော မိန်းကလေးအုပ်စုကို ခေါ်ထားချင်ပုံရသည်၊ သီလရှင်ဆရာလေးက "မလိုက်ဘူး - မနေဘူး - မခေါ်နဲ့" ဟု အော်ကာ လန့်နိုးသွားသည်၊

ဒါကို မကျေနပ်၍ သူတို့နယ်မြေက ပစ္စည်းကျောက်တုံးတွေ ပြန်တောင်းတာ ဖြစ်နိုင်သည်၊ ဆရာတော်ပြောပြသည်မှာ "ထင်းခုတ်သမားတစ်ယောက်၊ ထင်းဝါးခုတ်ဖို့ ဓားမ လာငှားတယ်၊ နောက် မေ့ပြီး ရှာပါသွားတယ်၊ သုံးရက်လောက်နေမှ လာပို့တယ်၊ အိပ်မက်ထဲမှာ ညက သူ့ကို လူတစ်ယောက် ဓားနဲ့လိုက်ခုတ်လို့ ပြေးနေရတယ်၊ အဲဒါ သတိရပြီး လာပို့ထားပါ - ဆရာတော်"

တောင်ပေါ်က ပစ္စည်းတွေ၊ သစ်ပင်တွေ၊ ပန်းပင်တွေ ယူချင်ခုတ်ချင်၊ ခူးချင်လှျင် ခွင့်တောင်းပြီး ယူတာ၊ အကောင်းဆိုးမရဘဲ သူတို့က အစွဲအလမ်းကြီးကြတယ်၊ ကျွန်ုပ်တို့လည်း အမှတ်တရ ကျောက်တုံးများကို ပြန်ထားခဲ့ရန် ဆုံးဖြတ်လိုက်သည်၊ ကျောက်တုံးများ ပိုင်ရှင်ရှိနေပါသည်၊ မိန်းကလေး ငါးယောက် တစ်ယောက်တစ်မျိုး ဝင်ပူးကြသည်၊ နဂါးကို မြေကြီးမှာ လူးနေတာလည်း တွေ့ရသည်၊ ဘီလူးလို ကြိမ်းတာလည်း ပါသည်၊ ကျောက်တုံးတွေ ပြန်ထားပြီးသောအခါ ဆရာတော်ရှေ့ကို ခေါ်သွားကြသည်၊

"ကဲ - ကိုယ့်ပစ္စည်း ကိုယ်ပြန်ရရင် ကျေနပ်လိုက်ကြတော့၊ သူတို့ ယူမသွားရင် ပြီးရောပေါ့၊ အလှူရှင်တွေ စိတ်ညစ်အောင် မနှောင့်ယှက်နဲ့၊ ကိုယ့်နေရာကိုယ် ပြန်ကြတော့"

စသည်ဖြင့် အသံမာမာနှင့် ပြောဆိုလိုက်သောအခါ အားလုံး ငြိမ်သွားကြပါသည်၊


ညနေပိုင်းတွင် ပြန်ရန်ပြင်ဆင်ကြသည်၊ ညနေ (၃) နာရီကျော် (၄) နာရီအတွင်း ဆရာတော်အား ဝင်ရောက်ဖူးမြော်ကန်တော့ကြသောအခါ ထိုမိန်းကလေးများမှာ နေ့လယ်က သူတို့မဟုတ်ကြသလိုပင်၊ ဘာမှ မဖြစ်ကြသော မိန်းမပျိုများမှာလည်း ကြောက်ရွံ့ ဖိုးရိမ်ဟန် ဖြစ်နေကြသည်၊



မိတ်ဆွေဆရာကြီးမှ "ကျွန်တော် - သန်လျင်မှာ ကျောက်တုံးနဲ့ သွား အနှိပ်ခံတာ သက်သာတယ်၊ အဲဒါကြောင့် အဲဒီကျောက်တုံးတွေ ကောက်ရ လာတာ၊ တော်ကြာ တားပေါ်ရောက်ဝင်ပူးရင် ပြန်တောင်းနေရင် ခက်မယ် ပြန်ထားခဲ့တာပဲကောင်းပါတယ်" ဟု ပြောဆိုလိုက်လေသည်၊

ယခုဘဝ တမလွန်ဘဝ အစွဲအလမ်းတွေလွတ်ကင်း သမ္မဒယ သဇ္ဇ ပြတ်အောင် ကြိုးစားအားထုတ်ကြရပေဦးမည်၊

→ ဂမ္ဘီရဆရာလှမျိုး (B.Sc



www.burmeseclassic.com




# အလှူသည်းခြင်းဝင်လော

ကောင်းစံဟိန်း (ဖန်နေဝန်း)

မိုးတစိမ့်စိမ့် ရွာချတတ်သော မိုးရာသီကာလသို့ ရောက်ရှိလာပြီဆိုလျှင် ကျွန်တော့်ရင်ထဲမှာ ပျော်ရွှင်ချမ်းမြေ့မှု ခံစားလာခဲ့ရသလို အသည်းတထိတ်ထိတ်၊ ရင်တမိုမိုဖြစ်ကာ ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်တစ်ခုကိုလည်း ပြန်လည်သတိရလာမိသည်၊ နှစ်ပေါင်းအားဖြင့် သုံးဆယ်ပင် ကျော်လွန်ခဲ့လေပြီ။

၁၉၈၂ – ခုနှစ်၊ မိုးတွင်းကာလ ဖြစ်ပါသည်။ ကျွန်တော့်မှာ မိုင်းယောင်းမြို့တွင် ဖွင့်လှစ်ထားသော အမှတ်(၈၈) ခြေမြန်တပ်မဟာနရျုပ်၏ တပ်တွင်းပညာပေးသင်တန်းတွင် သင်တန်းမှူးတာဝန်ဖြင့် ရောက်ရှိပြီး နှစ်နှစ်ကျော်မျှ တာဝန်ထမ်းဆောင်နေခဲ့ရသည်။

ထိုမိုင်းယောင်းမြို့ကလေးမှာ မြန်မာနိုင်ငံ၏ အရှေ့ဖျားအစွန်ဆုံးမြို့ကလေး တစ်မြို့ဖြစ်သဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံများသို့ နယ်မြေချင်း ထိစပ်လျက် ရှိနေပါသည်။ မိုင်းယောင်းမြို့ပေါ်၏

www.burmeseclassic.com

ရေိယာမှာ ကျယ်ပြန့်သဖြင့် တောင်ပေါ်ကုန်းမြင့်များ ပါဝင်သလို မြေပြန့်ဟူ၍ မိုင်းယောင်းမြို့၏ အနောက်ဘက်၊ တောင်ဘက်၊ အရှေ့ဘက်တို့မှာ ကျယ်ပြန့်သော လယ်ကွင်းများရှိနေသဖြင့်လည်း ဆန်၊ ရေ၊ စပါး အလွန်ပင်ပေါများလျက် ရှိနေပေသည်။ ဒေသအတွင်း နမ့်လွေချောင်း၊ နမ့်ယောင်းချောင်း၊ နမ့်ခပ်ချောင်း စသော ချောင်းကြီးများကလည်း ဖြတ်သန်းစီးဆင်းနေသဖြင့် အင်းအိုင်များ၊ ငါးမွေးကန်များ အများအပြားရှိနေခြင်းကြောင့် ငါးများ အလျှံပယ် ပေါများထွက်ရှိသည်။ ရောဝတီမြစ်ဝကျွန်းပေါ်ဒေသကဲ့သို့ အုန်းသီးပင်၊ ကွမ်းသီးပင်များလည်း ပေါများလှပါသည်။ ထိုမြို့ကလေးမှာ ရှမ်းစော်ဘွားများ အာဏာစွန့်လွှတ်ခဲ့စကပင် နယ်ခြားမြို့ပိုင် (နခပိုင်)ဖြင့် အုပ်ချုပ်လာခဲ့သော မြို့ကလေးလည်း ဖြစ်သည်။

ကျွန်တော် ရောက်ရှိချိန်တွင် မြို့မှာ အိမ်ခြေနှစ်ထောင်ကျော်ရှိပြီး ရပ်ကွက် (၈)ခုဖြင့် ဖွဲ့စည်းကာ မြို့နယ်ပါတီယူနစ်၊ မြို့နယ်ပြည်သူ့ကောင်စီ၊ အစိုးရဌာနဆိုင်ရာရုံများ၊ ပြည်သူ့ဆေးရုံနှင့် အလယ်တန်းကျောင်း၊ တွဲဘက်အထက်တန်းကျောင်းတို့ရှိနေပြီး မြို့ပြအင်္ဂါရပ်များဖြင့် ဖွဲ့စည်းထားရှိပြီး ဖြစ်လေသည်။

လေးဖက်လေးတန် တောင်နံရံကြီးများအလယ်မှာ သာယာလှပသော မိုင်းယောင်းမြို့ကလေးနှင့်အတူ မြို့လယ်မှ ငြိမ့်ညောင်းသာယာစွာ စီးဆင်းနေသော နမ့်ခပ်ချောင်း၏ အလှမှာလည်း ပို၍ပင်ပကာရနေပါသည်။ ဆည်းဆာချိန်၊ နေညိုချိန်မှာ ချောင်းကမ်းတစ်လျှောက် ရေချိုးဆင်းလာကြသော ပအိုဝ်နီနီ ရှမ်းပျိုဖြူများ အလှတလည်း ရေပြာပြာကမ်းစပ်မှာ ပို၍ပင် ရှုမညီးစရာ ဖြစ်နေပါသည်၊ (နမ့် - ရေ၊ ခပ် - သီချင်း သီဆိုခြင်း၊ သီချင်းဆိုသံကဲ့သို့ ငြိမ့်ညောင်းသာယာစွာ စီးဆင်းနေသော ချောင်း၊ နမ့်ခပ်ချောင်းပင် ဖြစ်ပါသည်။



လှပသာယာသော မြေမှာ ကျောင်းကန်ဘုရားများနှင့် ဗုဒ္ဓဘာသာဝင် ရှမ်းတိုင်းရင်းသားများ နေထိုင်ရာ မိုင်းယောင်းနယ်မြေသည် ၁၉၇၅ - ခုနှစ်ကပင် သောင်းကျန်းသူများ ဝင်ရောက်လာပြီး အစွန်အဖျားရွာများတွင် လူသူစုဆောင်းခြင်း၊ ရိက္ခာများသိမ်းယူခြင်းတို့ကြောင့် ရွာများပျက်ကာ မိုင်းယောင်းမြို့ပေါ်သို့ လာရောက်နေထိုင်ကြရသည်။ ထို့ကြောင့် - မိုင်းယောင်းနယ်မြေတစ်ခုလုံးမှာ အနက်ရောင်နယ်မြေအဖြစ် ရောက်ရှိလာပြီး တပ်မတော် စစ်ကြောင်းများကလည်း အမြဲမပြတ် လှုပ်ရှားနေကြရသည်။ သောင်းကျန်းသူများကလည်း မိုင်းထောင်ခြင်း၊ ချောင်းမြောင်းပစ်ခတ်ခြင်းများ ပြုလုပ်ပြီး တစ်ခါတစ်ရံတွင် မိုင်းယောင်းမြို့ပေါ်သို့ လက်နက်ကြီးများဖြင့်ပင် အဝေးမှ လှမ်းပစ်လာတတ်သည်။

ထို့ကြောင့်လည်း မိုင်းယောင်းမြို့အတွင်းရှိ ပြည်သူလူထုများ လုံခြုံရေးအတွက် ရှေ့တန်းအမှတ် (၈၈)၊ ခြေမြန်တပ်မဟာနချုပ်၏ တပ်တွင်းပညာပေးသင်တန်းအား မိုင်းယောင်းသို့ ပြောင်းရွှေ့ကာ သင်တန်းသားစစ်သည်(၁၀၀)စုဖွဲ့ပြီး မိုင်းယောင်းမြို့အရှေ့ဘက်အစွန် ဆေးရုံကုန်းနှင့်ဆက်ရက် ဗလမင်းထင်ကုန်းတွင် ဖွင့်လှစ်ပေးထားခြင်း ဖြစ်လေသည်။

ကျွန်တော့်မှာ မိုင်းယောင်းမြို့တွင် သင်တန်းမှူးတာဝန်ကို ထမ်းဆောင်ရင်း တစ်ဖက်ကလည်း မိုင်းယောင်းတွင် အခြေပြုနေသော နည်းဗျူဟာမှူး၏ ကြီးကြပ်မှုဖြင့် မြို့လုံခြုံရေးကိုလည်း တာဝန်ယူရပါသည်။ ထိုကဲ့သို့ ရင်းနှီးခင်မင်လာသည်နှင့်အမျှ ထိုဒေသ၏ လေ့အရ မိုးတွင်းကာလတွင် "သုတ်စိမ်း" ဟု ခေါ်သော ဝက်သား၊ အမဲသားများကို တောက်တောက်စင်းကာ ထိုဝက်အမဲပေါ်စဉ်က ခံယူထားသော သွေးအရည်ဖြင့် ဆား၊ ဟင်းချိုမှုန့် နံနံပင်၊ ငရုတ်သီးစိမ်းကို တောက်တောက်စင်းပြီးထည့်ကာ တပျော်တပါးစားသောက်ကြပါသည်။ ကျွန်တော် အစတွင်မစားရဲပါ။ နောက်တော့ မိုင်းယောင်းသား



www.burmeseclassic.com

www.burmeseclassic.com

အရက် ခပ်ထွေထွေ ဖြစ်လာသောအခါတွင် အခြားသူများကဲ့သို့ စားဝင်ပြီး ခံတွင်း တွေ့လာပါတော့သည်။

အမှန်ဆိုလျှင် - ထိုအသားစိမ်းများကို သွေးစည်အစိမ်းဖြင့် လူးလှိမ့်ကာ သုတ်စားခြင်းသည် အန္တရာယ်ရှိပါသည်။ ထိုအသားတွင် ပါလာသော ကူးစက်လွယ် ရောဂါပိုးမွှားများကြောင့် စားသုံးသူများ ရောဂါရနိုင်သည်။ အနည်းဆုံးတော့ ဝမ်းသွားနိုင်သည်ဟု ကျွန်တော့်ထင်မြင်ချက်အား ပြောပြသော အခါ...



"ဘာမှ ကြောက်မနေပါနဲ့ - ဗိုလ်ကြီးရယ်။ ကျွန်တော်တို့က နှစ်တိုင်းစားနေကျ - ဘာမှမဖြစ်ပါဘူး" ဟု ပြောကြပါသည်။ ထိုအထဲတွင် လူကုသောဆရာဝန်တစ်ယောက်နှင့် တိရစ္ဆာန်ဆေးကုဆရာဝန်တို့လည်း ပါရှိပါသည်။ ထို ကဲ့သို့ပင် ပုဇွန်အစိမ်း၊ ငါးအစိမ်း၊ ပြီးလျှင် - ဝက်အူ၊ အမဲအူများကိုလည်း သုတ်စိမ်းအဖြစ် စားသုံးကြပါသည်။ ကျွန်တော်တို့မှာ သောက်ရင်းစားရင်း ပျော်ကြသည်၊ လမုန်းလည်း က,ကြသည်။ ထိုကဲ့သို့ နေရခဲ့ရသည်ကိုလည်း ယခုတိုင် သတိရဆဲ ဖြစ်ပါသည်။

ထိုကဲ့သို့ နေထိုင်ရင်း တစ်နေ့ည ဆယ်နာရီခန့်တွင် ပြည်သူ့ဆေးရုံ၏ တောင်ဘက်ကပ်လျက်ရှိသော သချိုင်းကုန်းတောအုပ်မှ ကျွန်တော် နေထိုင်ရာ ဗလမင်းထင်ကုန်းနှင့် ရဲစခန်း ပြည်သူ့ကောင်စီရုံးဘက်သို့ လက်နက်ငယ်၊ လောင်ချာများဖြင့် အဆက်မပြတ် ငါးမိနစ်ခန့် လာရောက်ပစ်ခတ်ခဲ့သည်။ ကျွန်တော်ကလည်း အသင့်ရှိနေသော သုံးလက်မ စိန်ပြောင်းကြီးဖြင့် ပြန်လည်ပစ်ခတ်လိုက်သဖြင့် ရန်သူများ ဆုတ်ခွာထွက်ပြေးသွားသည်။

မိုင်းယောင်းမြို့တွင်းသို့ မကြာခဏလို လာရောက်ပစ်ခတ်အကဲစမ်းတာ ရန်သူက အနှောင့်အယှက်ပေးနေတတ်သဖြင့် မိုင်းယောင်းမြို့ လုံခြုံရေးတာဝန်ယူထားရသော ကျွန်တော်မှ ရန်သူများ ခိုအောင်းအကာအကွယ်ယူကာ ပစ်ခတ်လေ့ရှိသော သချိုင်းကုန်းရှိ ချုံတောများအား ရှင်းလင်းပေးနိုင်ပါရန် ပါတီယူနစ်နှင့် မြို့နယ်ပြည်သူ့ကောင်စီ၊ ဖျူဟာမှူးတို့ထံ တင်ပြလိုက်ရလေသည်။ တာဝန်ရှိသူများကလည်း ကျွန်တော်၏ တင်ပြချက်မှာ မြို့လုံခြုံရေးအတွက် ဖြစ်နေသဖြင့် ကန့်ကွက်ခြင်းမရှိဘဲ မြို့သူမြို့သား လုပ်အားဖြင့် ဧကတစ်ဆယ်ကျော်ခန့်ရှိသော သချိုင်းမြေ ချုံတောကြီးအား ထနစ်ခွေလေးပတ်အတွင်း အပြီးရှင်းလင်းပေးသဖြင့် ထိုကုန်းမြေကြီးတစ်ခုလုံး ပြောင်ရှင်းသာယာ သွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သချိုင်းကုန်းရှိ သစ်ပင်ချုံနွယ်များအား ကျွန်တော်အပါအဝင် မြို့နယ်ပါတီကောင်စီမှ တာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက်များမှ လုပ်အားပေး ပြည်သူများ ရှင်းလင်းနေကြစဉ် တစ်နေ့မှာ အမှတ် (၈) ရပ်ကွက်မှ အသက်ခုနစ်ဆယ်ခန့် အဘိုးအိုက်ကျော်ဆိုသူနှင့်အတူ အခြားအဘိုးကြီးနှစ်ယောက်တို့မှာ ကျွန်တော့်ထံ ရောက်ရှိလာပြီး . . .

"ဗိုလ်ကြီးကို စကားနည်းနည်းပြောချင်လို့ပါ" ဟု လာရောက်ခွင့်တောင်းသဖြင့် ကျွန်တော်ကလည်း . . .

"ဘာများ အရေးကြီးကိစ္စရှိလို့ပါလဲ - အဘိုး၊ ပြောစရာရှိရင် အားမနာပါနဲ့၊ ကိုယ့်တူကိုယ့်သားလို သဘောထားပြီး ပြောသာပြောပါ"

ဟု ပြောလိုက်သဖြင့် အဘိုးအိုက်ကျော်သည် ကျွန်တော်၏ လက်အား ရင်းနှီးစွာဆုပ်ကိုင်လျက် ပြည်သူ့ဆေးရုံအဝင်ဝ ညောင်ပင်အိုကြီး၏ အောက်သို့ ခေါ်ဆောင်လာပြီး အတူထိုင်လိုက်ကြသည်။

"ဗိုလ်ကြီးကို ရင်းနှီးပြီးသားမို့ အဘိုးတစ်ခုပြောချင်ပါတယ်၊ တခြားတော့ မဟုတ်ဘူး၊ ဒီဒေသက လူတွေ အယူသည်းတာ တစ်ခုရှိတယ်၊ သချိုင်းကုန်းကို ဘယ်သောအခါမှ မရှင်းလင်းရဘူး၊ မသာယာအပ်၊ မသာယာသင့်တဲ့ နေရာကို သာသာယာယာဖြစ်အောင် မလုပ်ကောင်းဘူး၊ တကယ်လို့ - သချိုင်းကုန်း သာသာယာယာဖြစ်လာရင် ရောဂါဆိုး၊ ကပ်ဆိုး တစ်မျိုးမျိုးကြောင့် လူအသေအပျောက်များတယ်လို့ အရိုးစွဲနေတဲ့ အယူသည်းမှု တစ်ခုတော့ ရှိတယ် - ဗိုလ်ကြီး၊ အဲဒါကြောင့် အဘိုးက သချိုင်းကုန်းကို မရှင်းလင်းစေချင်ဘူး"

ဟု၍ ပြောပါလေတော့သည်။ အဘိုးအိုက်ကျော်စကားကြောင့် ကျွန်တော် အတော်ပင်တုန်လှုပ်ကာ ခေါင်းနားပန်းကြီးသွားပါသည်၊ တွေလည်း တွေဝေသွားမိပါသည်၊ ပြီးမှ - အဘိုးကြီးများ ကျေနပ်ရှင်းလင်းသွားအောင်တော့ ပြောပြလိုက်ရပါသည်။



"ဒါက - ဒီလို ရှိပါတယ် - အဘိုး၊ ဒီမြို့မှာ နေထိုင်ကြတဲ့ မြို့သူမြို့သားအားလုံးအတွက် လုံခြုံရေးဟာ အရေးကြီးပါတယ်၊ လုံခြုံရေးအရ ပါတီကောင်စီမှာ တာဝန်ရှိသလို မြို့သူမြို့သားအားလုံးမှာလည်း တာဝန်ရှိပါတယ်၊ ရန်သူတွေကလည်း ဒီသချိုင်းကုန်းက ဒီချုံတွေ အကာအကွယ်ယူပြီး မကြာမကြာ လာရောက်ပစ်ခတ်နေတယ်ဆိုတာ တစ်နေ့မဟုတ် တစ်နေ့မှာ လူသော်လည်းကောင်း၊ ကျွဲနွား တိရစ္ဆာန်သော်လည်းကောင်း၊ အိမ်ရာအဆောက်အအုံသော်လည်းကောင်း ထိခိုက်ပျက်စီးဆုံးရှုံးလာနိုင်စရာ ရှိပါတယ်၊ အဲဒါကြောင့် ရန်သူက အလွယ်တကူလာပြီး မပစ်ခတ်နိုင်အောင် ရှင်းလင်းရတာပါ - အဘိုး"

ကျွန်တော်က ပြည်သူလူထု၏ လုံခြုံရေးကိစ္စကိုပါ ထည့်သွင်းပြောပြလိုက်သဖြင့် အဘိုးအိုက်ကျော်နှင့် ကျန်သက်ကြီးရွယ်အိုနှစ်ယောက်တို့မှာ ကျွန်တော့်အား မည်သို့မျှပြောဆို၍ ရမည်မဟုတ်ကြောင်း သိရှိသွားကြသဖြင့် စိတ်မကောင်းဖြစ်သွားကြပြီး အဘိုးအိုက်ကျော်မှ . . .

"ပါတီဥက္ကဋ္ဌနဲ့ ကောင်စီဥက္ကဋ္ဌကိုတော့ တင်ပြကြည့်ပါဦးမယ် - ဗိုလ်ကြီး"

ဟု ပြောဆိုကာ စိတ်မကောင်းသည့်အမူအရာများဖြင့် ကျွန်တော့်အနားမှ ပြန်လည်ထွက်ခွာသွားကြလေသည်။

ထိုကဲ့သို့ သချိုင်းကုန်းမြေအား ရှင်းလင်းပြီးနောက်ပိုင်းတွင် ရန်သူများ လာရောက်ပစ်ခတ်ခြင်း မရှိတော့ပေ။ ကျွန်တော်လည်း သင်တန်းသားတစ်ရာနှင့် မိုင်းယောင်းမြို့လုံခြုံရေးအား အထူးဂရုပြုဆောင်ရွက်ရသည်။ မြို့တွင်ရှိသော လက်နက်ကိုင်ပြည်သူ့စစ် ရှစ်ဆယ်အပါအဝင် လုပ်အားပေး ပြည်သူများနှင့် ပူးပေါင်းပြီး မြို့တစ်ပတ်လည်အား ခြံစည်းရိုးကာရံခြင်း၊ ဆက်သွယ်ရေးကျင်းတူးမြောင်းပတ်လည်တူးဖော်ပြီး ပစ်ကျင်းများ၊ ဒိုင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဘန်ဂါများကို မြို့တစ်ပတ်လုံး အနှံ့ပြုလုပ်စီမံထားပါသည်။ ထိုကဲ့သို့ မိုင်းယောင်းမြို့တစ်ခုလုံးအား နိုင်မာသော ခံစစ်တစ်ခုအဖြစ် ဆောင်ရွက်ပြီး ဌာနဆိုင်ရာ ဝန်ထမ်းအားလုံးမှာလည်း သေနတ်ကိုယ်စီကိုင်လျက် မြို့လုံခြုံရေး ဆောင်ရွက်ကြရသည်။

တစ်ဖက်ကလည်း ညပိုင်းတွင် ပျော်စရာလေးအဖြစ် ဖန်တီးကာ "သုတ်စိမ်း" နှင့် "စပါး" မိုင်းယောင်းစပါးချက်အရက်ကလေးသောက်ရင်း တ,ခုန်ပျော်ရွှင်ခဲ့ကြရပါသည်။ ကျွန်တော်တို့ဝန်ထမ်းများမှာလည်း နယ်စွန်နယ်ဖျားသို့ တာဝန်ဖြင့် ရောက်ရှိလာပြီဆိုကတည်းက မိသားစု မပါလာကြပါ။ ဘယ်မိသားစုကမှလည်း မိုင်းယောင်းလို လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ သားသမီးများ ပညာရေးအတွက် အလယ်တန်းတစ်ကျောင်းသာ ရှိခြင်း၊ တွဲဘက်အထက်တန်းကျောင်းမှာ ယခုနှစ်မှသာ ရရှိထားသဖြင့် မြို့နယ်တစ်ခုလုံး ပညာရေးအခြေအနေမှာ နိမ့်ကျနေခြင်းတို့အပြင် သောင်းကျန်းသူများက အမြဲပြေတ် ပစ်ခတ်နေခြင်းကြောင့် ဘယ်မိသားစုကမှလည်း ကျီးလန့်စာစားဘဝ လိုက်မနေကြရဲပေ။

အစိုးရဝန်ထမ်းဆိုသူများမှာလည်း စစ်သားတစ်ယောက်လိုပင် မိုင်းယောင်းသို့ ရောက်လာပြီဆိုကတည်းက သေနတ်ကိုင်ကာ လက်နက်ငယ်ကျွမ်းကျင်မှု ပိုင်နိုင်စွာ ပစ်ခတ်တတ်မှုတို့အား ဦးစွာပထမ လေ့ကျင့်ထားကြရသည်။ ညမိုးချုပ်လာလျှင် မိမိလုံခြုံရေးနှင့် မြို့ရွာလုံခြုံရေးတို့အတွက် ကျရာဘန်ကာမှာ ညကင်းတာဝန်ယူနေကြရသည်။ ပျော်ရွှင်ဖွယ်ရာ ကင်းမဲ့သော လောကငရဲထဲမှာ ဖြစ်သလိုနေ၊ ဖြစ်သလိုစား ဘဝဖြင့် တစ်ခါတစ်ရံ အပေါင်းအသင်းများဆုံမိလျှင် သုတ်စိမ်းကို တမြုံ့မြုံ့စားရင်း မိုင်းယောင်းစပါးအရက်အရှိန်ကလေးနဲ့ လမုန်းမယ်လေးများနှင့် ကခုန်ပျော်မြူးကြရသည်မှာလည်း ပျော်စရာအကောင်းဆုံးဟု မှတ်ထင်ထားကြရပေသည်။ ထိုကဲ့သို့ - မိုင်းယောင်း၏ နေ့ရက်ပေါင်းများစွာကို ဖြတ်သန်းနေကြရသည်။



တစ်ည - လမိုက်သောညဖြစ်သည်။ ည (၁၁)နာရီချိန်ခန့်တွင် မြို့လယ်ခေါင် အလယ်တန်းကျောင်းအနီး ပိတောက်နက်ပင်ကြီးပေါ်မှ ငှက်ဆိုးနစ်ကောင်မှာ ဂီး - ဂီး - ဂီး - ဂီး နှင့် အဆက်မပြတ် အော်မြည်ကာ ပြည်သူ့ကောင်စီရုံး၊ ရဲစခန်းဝင်း ကျွန်တော်နေသော ဗလမင်းထင်ကုန်း၊ ထိုမှတစ်ဆင့် ပြည်သူ့ဆေးရုံအပေါ်မှဖြတ်ကာ သချိုင်းတုန်းဘက်ဆီသို့ ပျံသန်းသွားကြသည်။

ငှက်ဆိုးများ၏ အသံမှာ ကြားရရုံနှင့်ပင် ခေါင်းနားပန်းကြီးပြီး ကြက်သီးထမိသည်။ ထိုကဲ့သို့ သုံးလေးရက်ဖြစ်လာသောအခါ မြို့သူမြို့သားများမှာလည်း ထိတ်လန့်ကြောက်ရွံ့လာကြသည်။ လွန်ခဲ့သော ၁၉၈၀ - ပြည့်နှစ်၊ မိုင်းယောင်းမြို့ ရန်သူလက်အောက်သို့ ကျရောက်စဉ်ကလည်း ယခုကဲ့သို့ ငှက် ဆိုးများ ညတိုင်းလိုလို အော်ခဲ့ကြောင်း ပြောလာကြသည်။ သို့ကြောင့်လည်း မြို့သူမြို့သားများမှာ စိုးရိမ်ကြောက်ရွံ့စွာဖြင့် ညမိုးချုပ်လာပြီဆိုလျှင် အထုပ်ကလေးပိုက်ကာ နေဝင်မီးငြိမ်း ရင်ထိတ်နေကြရသည်။ ကျွန်တော်တို့ လုံခြုံရေးတာဝန်ယူထားရသူများမှာလည်း အသည်းတထိတ်ထိတ်၊ ရင်တဖိုဖို ဖြင့် လုံခြုံရေးကို ပိုမိုဂရုစိုက်ကာ တင်းစစ်ကင်းလှည့်နေကြရပေသည်။

ထိုကဲ့သို့ - လုံခြုံရေးကင်းများ လိုက်လံစစ်ဆေးနေကြစဉ် ည(၁၂)နာရီကျော်ကျော်လောက်တွင် မိုင်းယောင်းမြို့လယ် လမ်းမကြီးအတိုင်း မီးတုတ်ကိုယ်စီဖြင့် ဝင်ရောက်လာသူ လူတစ်စုအား တွေ့လိုက်ရသည်။ တချို့က စောင်ပုခက်လုပ်ထားသော ထမ်းစင်ကိုထမ်းလျက် ပြည်သူ့ဆေးရုံသို့ ရောက်ရှိလာကြသည်။ ထမ်းစင်ဖြင့် ထမ်းလာသူ လူနာမှာ ခြောက်ယောက်တောင်ပါလာခဲ့သည်။ ထိုတိုစွာအား ဆေးရုံဂိတ်တွင် လုံခြုံရေးတာဝန်ပေးထားသော တပ်စိပ်မှူး တပ်ကြပ်ညွန့်ဝေမှ လာရောက်သတင်းပို့သဖြင့် ကျွန်တော်နှင့်အတူ ဦးစိုင်းဒါ (ကောင်စီအီးစီ - လုံခြုံရေး)တို့ အလျင်အမြန် ဆေးရုံသို့

www.burmeseclassic.com

လိုက်ပါသွားကြပြီး လိုအပ်သည်များ ကူညီပေးကြသည်။ ဆေးရုံတွင် ဆရာဝန်မရှိသဖြင့် ဆေးရုံအုပ်ကြီး ဒေါက်တာစိုင်းနော်ငင်းအား ကျွန်တော့်ထံမှ ရဲဘော်နှစ်ယောက်ဖြင့် သွားရောက်ခေါ်ခိုင်းလိုက်ရသည်။ ပြီးမှ - အခြေအနေကို မေးမြန်းစုံစမ်းကြသောအခါ ကျွန်တော်နှင့် ၁၉၇၈ - ခုနှစ်ကပင် အလွန်ခင်မင်ရင်းနှီးခဲ့သော ရွာသား "အိုက်အွန်ယောင်း" ကို တွေ့လိုက်ရသဖြင့် သူကပင် ရှင်းပြပါသည်။

"ကျွန်တော်တို့ ရွာမှာ လမုန်းပွဲ တ,နေတုန်း သောင်းကျန်းသူများက လမုန်းပွဲထဲမှာ စစ်တပ်က ရဲဘော်တွေ ရှိနေတယ်အထင်နဲ့ ပွဲခင်းထဲကို လက်နက်ငယ်နဲ့ ပစ်ခတ်သွားတယ်။ ဘာမှမဆိုင်တဲ့ ကျွန်တော်တို့ ရွာသားခြောက်ယောက် အက်ရာအပြင်းအထန် ရပြီးကျန်ခဲ့တယ် - ဗိုလ်ကြီး"

ဟု စိတ်မကောင်းခြင်း၊ ခံပြင်းဒေါသထွက်ခြင်းတို့ ရောပြွန်းကာ စိတ်မကောင်းစွာဖြင့် ပြောပြပါသည်။ ဆရာဝန်ကြီး ဒေါက်တာစိုင်းနော်ငင်း ရောက်ရှိလာသောအခါ လူနာများကို စစ်ဆေးကြည့်သည်။ အသက်နှစ်ဆယ်ရွယ် မိန်းကလေးတစ်ယောက် သေဆုံးနေပြီဖြစ်ကြောင်း တွေ့ရသည်။ မိဘဆွေမျိုးများမှာ ပူဆွေးငိုကြွေးလျက် အစိမ်းသေ ဖြစ်သွားရရှာသော သူတို့၏ သမီးအတွက် များစွာပင် စိတ်မကောင်း ကြေကွဲခြင်း ဖြစ်ကြရသည်။ သေဆုံးသူ အလောင်းအား မိမိရွာသို့လည်း ပြန်သယ်ဆောင်သွားလိုစိတ်မရှိကြ။ ရွာကလည်း အစိမ်းသေအလောင်းအား ပြန်သယ်လာခြင်းကို လက်ခံကြမည် မဟုတ်။ ရွာတွင် ရှေးအစဉ်အလာ ဓါမပညတ်ရှိသည်။ ရွာပြင်တွင် သေဆုံးသော အစိမ်းသေအလောင်းအား ရွာတွင်းသို့ ပြန်မသွင်းရ။ သို့ကြောင့်လည်း ထိုသေဆုံးသူ အမျိုးသမီးအလောင်းအား နီးရာသချိုင်းကုန်းတွင် မြှုပ်နှံရန် ဆုံးဖြတ်ကြပြီး ကြေကွဲဝမ်းနည်းစွာဖြင့်ပင် ဆေးရုံနှင့်ကပ်နေသော သချိုင်း တွင် ဖြစ်သလို မြှုပ်နှံသင်္ဂြိုဟ်ခဲ့ကြရသည်။



စကားညှပ်(ဤဒေသရှိကျေးလက်တောရွာ အတော်များများတွင် အယူသည်းမှု ဓလေ့ထုံးစံတစ်ခု ရှိနေသည်။ အစိမ်းသေနှင့် ပတ်သက်၍ ထူးခြားမှု တစ်ခုကို အနည်းငယ်ရှင်းလင်းရန် လိုအပ်ပေမည်။ မည်သည့် အစိမ်းသေ မဆို ရွာပြင်တွင်သေဆုံးပါက ရွာတွင်းသို့ မသွင်းရပါ။ အစိမ်းသေ အလောင်းအား သင်္ဂြိုဟ်ရာတွင်လည်း မီးရှို့၍ သင်္ဂြိုဟ်ရပါမည်။ (သို့) ရေတွင် မျှော၍ သင်္ဂြိုဟ်ခြင်းများ မပြုလုပ်နိုင်ပါက မြေတွင်မြှုပ်၍ သင်္ဂြိုဟ်ရမည်ဆိုလျှင် ကျင်းနက်နက်တူးပြီး အလောင်းအား ကျင်းထဲသို့ချကာ အပေါ်မှ မြေမဖို့ဘဲ သင်္ဂြိုဟ်ကြရသည်မှာ ဤဒေသကျေးလက်များ၏ ရှေးရိုးစဉ်လာ အရိုးစွဲနေသော ဓလေ့အယူအဆတစ်ခုအားဖြင့် တွေ့ကြုံခဲ့ရပါသည်။)

ယခုလည်း အစိမ်းသေဖြင့် သေဆုံးသူ ထိုအမျိုးသမီးငယ်၏ အလောင်းအား ညတွင်းချင်း မြေချသင်္ဂြိုဟ်ပြီး မြေမဖို့ဘဲ ထားခဲ့ကြပါသည်။ နောက်နေ့ တိတ်ဆိတ်သော ညများတွင် သချိုင်းကုန်းထဲမှ "ခွေးအာ" တောခွေးများ အုပ်စုဖွဲ့ကာ "အု - ဝူး - ဝူး - အူး - ဝူး - ဝူး - အဝါး - အဝါး" ကြောက်မက်ဖွယ်ရာ အသံဆိုးကြီးများ၊ တစ်ကောင်နဲ့တစ်ကောင် မာန်ဖီကိုက်ခဲသံများကိုလည်း အသည်းတယားယားဖြင့် ရင်ထဲက မသတီစရာ ကြားနေကြရသည်။ ထိုအသံဆိုးများကို အနီးဆုံးကြားနေရသူများမှာ အမှတ် (၈)ရပ်ကွက်မှ ဆေးရုံနှင့် အနီးဆုံးအပိုင်း၊ ပြီးလျှင် - ရဲစခန်းဝင်းတစ်ခုလုံး၊ ပြည်သူ့ဆောက်လုပ်ရေးအဖွဲ့ မိသားစုများ၊ ဝလမင်းထင်ကုန်းရှိ ကျွန်တော်နှင့် သင်တန်းသားစစ်သည်များ ဖြစ်ပါသည်။ ထိုတဲ့သို့ပင် ရပ်ကွက်အတွင်းမှ ခွေးများ အဆက်မပြတ်ဟောင်ခြင်း၊ ဆွဲဆွဲငင်ငင် အူခြင်းနှင့် ငှက်ဆိုးများကလည်း တကီးကီး အော်မြည်ပျံသန်းလျက် ဆေးရုံပတ်ဝန်းကျင်ရဲစခန်းနှင့် ကျွန်တော်နေသော ဝလမင်းထင်ကုန်း ပြည်သူ့ကောင်စီရုံးများအပေါ်မှ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ အသံဆိုးများကိုလည်း ညလုံးပေါက် တစ်ရက်ပြီးတစ်ရက် ကြားနေ

www.burmeseclassic.com

ကြရသည်မှာ တစ်ပတ်နီးပါးကြာလာခဲ့သည်။ ထိုနိမိတ်ဆိုးများကြောင့် နောက်နေ့များတွင် မည်သို့မည်ပုံဖြစ်လာဦးမည်ကို ရင်တထိတ်ထိတ် စိုးရိမ်နေကြရလေသည်။

ရက်အနည်းငယ်အတွင်း မိုင်းယောင်းကွင်းပြန့်ရှိ အချို့ရွာများတွင် ဝမ်းရောဂါဖြစ်ပွားနေကြောင်း သတင်းများ သိုးသိုးသံ့သံ့ကြားလာရသည်နှင့် အတူ မုံးလိုက် – မုံးဟောက်၊ ဝမ်ဘို – ဝမ်ဘမ်း၊ ဝမ်တီယု – ဝမ်ဆူ၊ ဝမ်မိုင် – ဝမ်လဲ – ဝမ်ထပ် အစရှိသည့် မိုင်းယောင်းကွင်းပြန့်ရွာများ ဝမ်းရောဂါဖြစ်ပွားလာပြီး နှစ်ရက်သုံးရက်အတွင်းမှာ ပြည်သူ့ဆေးရုံသို့ တစ်ယောက်စ နှစ်ယောက်စ ရောက်ရှိလာသည်။ ထို့နောက်တွင် တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်ရှိလာကြသည်၊ တစ်ရက်၊ နှစ်ရက်အတွင်းမှာ ဆေးရုံတွင် လူနာမဆံ့တော့သဖြင့် ဆေးရုံကော်ရစ်ဒါတွင် ဖြစ်သလို တင်ထားရသည်အထိ ဖြစ်လာခဲ့သည်။ သေဆုံးသူ အများအပြားပင် ရှိလာခဲ့သည်။

ထိုကဲ့သို့ ဆေးရုံပေါ်တွင် ဝမ်းရောဂါကြောင့် လူအသေအပျောက်များလာသောအခါ ကျွန်တော့်မှာ သင်တန်းသားစစ်သည်များအတွက် အလွန်ပင် စိုးရိမ်နေရသည်။ ထိုကဲ့သို့ပင် မိုင်းယောင်းမြို့ပေါ်ရှိဝန်ထမ်းများ လုပ်သားပြည်သူများအတွက်လည်း ပူပန်မိသည်။ သို့ကြောင့် – ပါတီကောင်စီမှ တာဝန်ရှိသူများနှင့်တိုင်ပင်ကာ ဝမ်းရောဂါကာကွယ်ဆေး ရရှိရေးကို နည်းဗျူဟာမှူးမှတစ်ဆင့် တင်ပြခဲ့ကြပါသည်။ ဝမ်းရောဂါကာကွယ်ဆေး ပြတ်လပ်နေသဖြင့် မိုင်းယောင်းမြို့အတွက် လှူငါးရာစာ တစ်ပုလင်းသာ ရရှိပါသည်။ ထိုကာကွယ်ဆေးအား ကျွန်တော့် သင်တန်းသား စစ်သည်များနှင့် ရဲစခန်းဝင်းမှ ရဲဘော်များ၊ မိသားစုများ၊ ပါတီကောင်စီ ဌာနဆိုင်ရာ ဝန်ထမ်းများသို့သာ ထိုးနှံပေးနိုင်ခဲ့ပြီး မိုင်းယောင်းမြို့တွင်းရှိ သောက်ရေတွင်းများသို့ ဝမ်းရောဂါကာကွယ်ဆေးမှုန့်များ ဖြူးချခတ်ပေးနိုင်ခဲ့ပါသည်။

တစ်ဖက်တွင်လည်း ဆေးရုံပေါ်ရောက်နေသော ဝမ်းရောဂါလူနာများအတွက် ဂလူးကိုး၊ ဒရစ်ပုလင်းများ လုံးဝပေးသွင်းခြင်း မရှိတော့ပေ။ ဝမ်းရောဂါဖြစ်ပွားနေသော မိုင်းယောင်းမြို့သို့ ကျိုင်းတုံ၊ တာချီလိတ်တို့မှ ကုန်ကားအသွားအလာလည်း ရပ်ဆိုင်းသွားခဲ့ရသည်။ ထို့အတွက် – ဆေးရုံလူနာများ ကယ်တင်ရန် ဆရာဝန်ကြီးမှာလည်း အခက်အခဲ ကြုံတွေ့နေရသည်။ ကျွန်တော့်မှာ စစ်သားဗိုဗီ ကြားဖူးနားဝရှိခဲ့ဖူးသော ကုသနည်းတစ်ခုကို ဆရာဝန်ကြီး စိုင်းနော်ငင်းအား တင်ပြရာ ဖြစ်နိုင်ကြောင်း လက်ခံသဖြင့် ကျွန်တော်မှပင် ရဲဘော်များနှင့် အုန်းပင်ရှိသော မြေပိုင်ရှင်များထံ အကျိုးအကြောင်းပြောပြကာ တောင်းယူခဲ့ရသည်။ အုန်းသီး မနုမရင့် အလုံးရေ နှစ်ရာခန့်ရရှိပြီး လူမမာများအား ထိုအုန်းသီးရေဖြင့် ဂလူးကိုးရည်အစား ဆေးသွင်းကုသခဲ့ကြသည်၊ အချို့လည်း ဝမ်းသွားခြင်း ရပ်တန့်သွားပြီး အတော်များများ ရောဂါသက်သာလာသည်လည်း ရှိပါသည်။

ထိုကဲ့သို့ ဝမ်းရောဂါစဖြစ်ခါစကပင် ကျွန်တော်နှင့်အတူ ပြည်သူ့ကောင်စီမှ ဦးပေါ်လုနိုင်း (လူမှုရေးတာဝန်ခံ) ဦးစိုင်းဒါ (လုံခြုံရေးတာဝန်ခံ) တို့မှာ နေ့ရောညပါ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး သေဆုံးသူစာရင်းများကောက်ယူကြရသည်။ ကျွန်တော့်ထံတွင် တွဲဖက်ပေးထားသော အမှတ် (၆၂) စက်ဖြင့် နည်းဗျူဟာမှူးနှင့် တပ်မဌာနချုပ် ကျိုင်းတုံသို့ နေ့စဉ်မနက် (၈) နာရီအရောက် အစီရင်ခံရသည်။ သေဆုံးသူများမှာလည်း တစ်နေ့လျှင် (၃) ယောက်မှ (၇) ယောက်အထိ ရှိနေသည်။ တချို့မှာ အလောင်းအား ရွာသို့ ပြန်ယူသွားကြသော်လည်း ရှိပါသည်။ တချို့မှာ အလောင်းကို ရွာသို့ ပြန်ပေး ဘဲ ဆေးရုံနားက သချိုင်းကုန်းတွင် မြှုပ်နှံသင်္ဂြိုဟ်ပြီး ပြန်သွားကြသည်။

www.burmeseclassic.com

ထိုကာလအတွင်းက မိုင်းယောင်းတစ်မြို့လုံး ကျွန်တော်တို့အားလုံး အပါအဝင် တုန်လှုပ်ချောက်ချားလျက် ကြောက်ရွံ့နေကြသည်မှာ အမှန်ပင် ဖြစ်ပါသည်။ လူတိုင်း၏ မျက်နှာမှာ ပျော်ရွှင်လန်းဆန်းမှုမရှိဘဲ တစ်ခုခုအား တွေးကာ အားငယ်သလို ဖြစ်နေကြသည်။ တစ်မြို့လုံး မိုးချုပ်နေလျှင် နေဝင် မီးငြိမ်းပြီး လူသံ သူသံ မကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေသည်။ ညအခါ ခွေးဟောင်းသံ၊ ငှက်ဆိုးထိုးသံများကသာ တစ်မြို့လုံးကို လွှမ်းမိုးလျက် ရှိနေလေသည်။ ပြည်သူ့ဆေးရုံမှ သေဆုံးသွားသူ၏ မိဘဆွေမျိုး လူနာရှင်များက ဝမ်းနည်းကြေကွဲစွာ အော်ဟစ်ငိုကြွေးသံများကို စိတ်ထိ ခိုက်ဖွယ်ရာ ကြားနေကြရသလို ဆေးရုံတောင်ဘက်က သချိုင်းကုန်းတွင် လည်း မီးတုတ်များ ထွန်းညှိကာ လူသေအလောင်း မြှုပ်နှံနေကြသူများ၏ "နင်သွား – နောက်တို့ ဘယ်တော့မှမလာနဲ့၊ ငါတို့လက်မခံဘူး – သွား – သွား" တု အော်ဟစ်မောင်းနှင်သံများ၊ နောက်ဆေးရုံပေါ်တွင် သေဆုံးနေသူများ အတွက် မြှုပ်နှံရန် ကျင်းသစ်တူးနေသူများ၏ စကားသံများမှာလည်း ခေါင်းဆိုးဝံများ ငိုညည်းသံကဲ့သို့ ကြောက်ခမန်းလိလိ ညတိုင်းလို ကြား နေကြရသည်။

ထိုအခါမျိုးကဲ့သို့ ဆေးရုံဝင်းအတွင်း ဝင်လိုက်ထွက်လိုက် လူနာလာ ပို့ကြ၊ သေသူအား မြှုပ်နှံကြနှင့်၊ လူများ ရှုတ်ရှုတ်သဲသဲ နေ့စဉ်ဖြစ်နေသဖြင့် ထိုအခွင့်အရေးကိုယူကာ ရန်သူမှ မိုင်းယောင်းအား အငိုက်ဝင်ရောက် တိုက် ခိုက်လာနိုင်ကြောင်းကိုလည်း တွေးမိပါသည်။ အမှန်ဆိုရလျှင် မိုင်းယောင်း မြို့အတွင်း လုံခြုံရေးအမာခံအင်အားမှာ ကျွန်တော့် သင်တန်းသားများ ပြည် သူ့ရဲနှင့် ပြည်သူ့စစ်အဖွဲ့သာ ရှိပါသည်။ ကျွန်တော်တို့အား အနီးကပ်ကွပ်ကဲ သူ နည်းဗျူဟာမှူးနှင့် နည်းဗျူဟာအဖွဲ့မှာလည်း မိုင်းယောင်းမြို့အနောက်



ဘက် သုံးမိုင်ခန့်ဝေးသော ဒေသခံတပ်ရင်းဌာနချုပ်တွင် အခြေပြုထားသဖြင့် လောလောဆယ်အချိန်အတွင်း မြို့လုံခြုံရေးတာဝန်မှာ ကျွန်တော့်တွင် အရှိ ဆုံးဖြစ်နေသည်။ သို့ကြောင့်လည်း ကောင်စီအဖွဲ့ဝင်များနှင့် ကျွန်တော့်မှာ ဆေးရုံနှင့် လူနာများအား မပြတ်စောင့်ကြည့်နေရသည့်ကြားက မြို့ပတ်လည် လုံခြုံရေးခံစစ်များကိုလည်း အဖွဲ့ခွဲကာ နေ့ညစစ်ဆေးကြပ်မတ်နေခဲ့ကြရ ပါသည်။

ထိုကဲ့သို့ မိုင်းယောင်းမြို့နယ်အတွင်းက ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ ဝမ်းရောဂါကပ်ဆိုးကြီးများ ရက်ပေါင်း (၃၀) တစ်လတိတိ ကြာမြင့်ခဲ့ပါသည်။ ဆေးရုံတွင် လူနာများ မရှိ၊ အသေအပျောက်မရှိတော့မှ ကျွန်တော်တို့ ရင်ထဲ က အသည်းတထိတ်ထိတ်၊ ရင်တဖိုဖို ဖြစ်နေခဲ့ရသော အလုံးကြီးကျသွား ကာ ပျော်ရွှင်နိုင်ခဲ့ရသည်။ ထိုဝမ်းရောဂါဖြစ်ပွားခဲ့သော ကာလအတွင်း ပြည် သူ့ကောင်စီ၏ စာရင်းကောက်ယူချက်အရ (၆၃၀) ယောက်ဖြစ်ပြီး လက် လှမ်းမမီသော တောင်ပေါ်ကျေးရွာများနှင့် လူဦးရေတစ်ထောင်ကျော်ကျော် ရှိမည်ဟု ပါတီ – ကောင်စီတို့က ခန့်မှန်းအတည်ပြုခဲ့ကြပါသည်။

ထိုသို့ ဝမ်းရောဂါဖြစ်သွားပြီး လူအသက်ပေါင်းများစွာ သေဆုံးခဲ့ကြရ သည်ကို ကျွန်တော့်အနေဖြင့် အကြောင်းရင်း (၂)ခုအား မှန်းဆတွေ့ရှိခဲ့ပါ သည်။ အတိအကျမဆိုလိုပါ။ ပါတီကောင်စီ ပုဂ္ဂိုလ်များနှင့် တာရင်းသောတ် ရင်း ထိုအကြောင်းရင်း (၂)ခုအား ပြောပြခဲ့ပါသည်။ ပထမတစ်ခုမှာ နယ်မြေ ၏ ရပ်ရွာဓလေ့အရ မိုးတွင်းကာလတွင် အသားစိမ်း၊ ငါးစိမ်းများကို သုပ်စိမ်း (ခေါ်) အစိမ်းလိုက်သုပ်စားကြခြင်းပင် ဖြစ်ပါသည်။ ဥပမာပြောရလျှင် ဝက် သတ်စဉ် ထွက်လာသော သွေးစိမ်းအရည်အား ဖလုံဖြင့် ခံယူထားပြီး သွေး မခဲသွားအောင် ဆားသင့်ရုံထည့်ရပါသည်။ ဟင်းချိုမှုန့်၊ ငရုတ်မှုန့်၊ နံနံပင်များ



www.burmeseclassic.com

www.burmeseclassic.com

ထည့်ကာ သွေးစိမ်းရည်ကို ယောက်ျား၊ မိန်းမအားလုံးက စားသောက်ကြပါသည်။ အသားများကိုလည်း တောက်တောက်စင်းကာ ထိုသွေးရည်များဖြင့် နယ်ဖတ်ပြီး စားကြသည်။ အရည်သောက်၊ အဖတ်စားလိုက်၊ အရက်ဖြင့်လည်း မြိန်ယှက်စွာ စားသုံးကြပါသည်။ ထိုကဲ့သို့ စားသောက်ရာတွင် ကျွန်တော်လည်း ထိပ်ဆုံးက ပါဝင်ခဲ့ပါသည်။

ထိုအစားအသောက်များကြောင့် မိုးရာသီတွင် ကူးစက်မှု လွယ်ကူမြန်ဆန်သော ဝမ်းရောဂါပိုးမွှားများကြောင့် ဖြစ်သင့်သည်ထက် ပိုမိုများပြားကာ အသေအပျောက်များခဲ့သည်ဟု ယူဆခဲ့ပါသည်။ သို့သော် - ဒေသလူအချို့က "ဒီတစ်နှစ် စားသည်မဟုတ်ဘဲ နှစ်စဉ်လုပ်စားနေခဲ့သည်မှာ ဘာမှမဖြစ်ခဲ့" ဟု စောဒက တက်ကာ ပြောဆိုခဲ့ကြပြန်သည်။ သို့ဆိုလျှင် ...

နောက်တစ်ခုမှာလည်း အရေးကြီးသည်၊ စဉ်းစားစရာ ဖြစ်ပါသည်။ နယ်မြေဒေသတစ်ခု၏ ရှေးအစဉ်အလာ ဓလေ့ထုံးစံ၊ ယုံကြည်မှု၊ အလွန်အကျွံအယူသည်းမှုကို အရှိုးစွဲစွာ လက်ခံနေကြခြင်းပင် ဖြစ်ပါသည်။ ထိုဖြစ်စဉ်များ မဖြစ်လာခင် လအနည်းငယ်က ကျွန်တော့်အား အဘိုးအိုက်ကျောက်ပြောခဲ့သော စကားကိုလည်း သတိပြုသင့်ပါသည်။

"ဒီက လူတွေအယူသည်းကာ တစ်ခုရှိတယ်။ သချိုင်းကုန်းကို ဘယ်သောအခါမှ မရှင်းလင်းရဘူး။ မသာယာသင့်တဲ့နေရာကို သာယာအောင် မလုပ်ကောင်းဘူး။ တကယ်လို့ သချိုင်းကုန်း သာသာယာယာဖြစ်လာရင် ရောဂါဆိုးကပ်ဆိုး တစ်မျိုးမျိုးကြောင့် လူအသေအပျောက်များတယ်လို့ အရိုးစွဲနေတဲ့ အယူသည်းမှု တစ်ခုတော့ရှိတယ် ဗိုလ်ကြီး။ အဲဒါကြောင့် - အဘိုးက သချိုင်းကုန်းကို မရှင်းလင်းစေချင်ဘူး" တဲ့။

ကဲ - စာရှုသူများအနေဖြင့် စဉ်းစားဆုံးဖြတ်ကြည့်ပါလို့သာ ပြောလိုပါသည်။ ကျွန်တော်ကတော့ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူမို့လို့ ဖြစ်စဉ် (၂) ခုစလုံး



ဟာ ဘယ်ဟာက အနီးစပ်ဆုံးဖြစ်နိုင်သလဲဆိုတာ စဉ်းစားရင်း တကယ်ပင် အယူသည်းမှုကြောင့် ဖြစ်နေလေသလားလို့ အသည်းတထိတ်ထိတ် ရင်တဖိုဖိုနဲ့ အခုထိ တွေးနေမိတုန်းပါ ခင်ဗျား။

မိုင်းယောင်းမှ အဝေါင်းအသင်းအားလုံးသို့ သတိရလျက် ...

သဗ္ဗေသတ္တာ ဒုက္ခာ မုစ္စန္တု ...

→ ကောင်းစံဟိန်း (ဖန်နေဝန်း)

**စာရှုသူများသို့**

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည် မဟုတ်ပါ၍ မိတ္တူပွားထားကြပါရန်။

အယ်ဒီတာအဖွဲ့
ဂန္ထရလောက မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com




# တစ္ဆေမြို့

ချစ်မင်းသူ

ကျွန်ုပ် အိမ်သို့ မွေးရပ်မြေအညာမှ ညီအစ်ကိုဝမ်းကွဲတော်စပ်သူ စံမြင့်တို့ သားအဖတွေ ရောက်လာခဲ့ကြသည်မှာ တစ်ပတ်ပင် ရှိလေပြီ။ စံမြင့်၏ သမီး အပျိုမလေး ရောဂါဖြစ်၍ရန်ကုန်သို့ဆေးလာကုခြင်းဖြစ်သည်။ စံမြင့်၏ သမီးနာမည်မှာ သူဇာ ဖြစ်၏။ သူဇာမှာ ဆယ်တန်းကျောင်းသူဖြစ်ကာ တစ်နေ့ - ကျောင်းမှအပြန်တွင် ကောက်ကာငင်ကာဖျား၍ အိပ်ရာထဲမှ မထနိုင်တော့ပေ။ တစ်ခါတစ်ရံ - ဗိုက်ထဲမှအောင့်သည်ဟုပြောပြီး ချွေးသီးချွေးပေါက်များကျကာ လူးလိမ့်အော်ဟစ်နေရရှာသည်ထိ ခံစားရ၏။

ထို့ကြောင့် - ရွာတွင်နေရင်း တိုင်းရင်းဆေးဆရာ မျိုးစုံဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဆေး (ဆရာဝန်)ဖြင့် လည်းကောင်း ကုသခဲ့သော်လည်း မသက်သာခဲ့ချေ။ တစ်နေ့ထက် တစ်နေ့ ဆိုးလာကာ အစာပင်မဝင်တော့သို့ဖြစ်ရာ - မသူဇာမှာ အရိုးပြိုင်းပြိုင်းဖြစ်လျက် အားအင်ချိနဲ့ကာ ဆေးရုံတည်



www.burmeseclassic.com

www.burmeseclassic.com

တိန်းသို့ ဆိုက်လေ၏။ ဖခင်ဖြစ်သူ စံမြင့်မှာ သမီး၏အဖြစ်ကို မကြည့်ရက်သောကြောင့် နောက်ဆုံးအနေဖြင့် ရန်ကုန်သို့တက်လာကာ အထူးကုဆရာဝန်ကြီးများ ဆေးကုသရန်အတွက် ကျွန်ုပ်အိမ်သို့ လာရောက်ခဲ့ခြင်း ဖြစ်၏။

ကျွန်ုပ်အိမ်သို့ရောက်ပြီး တစ်ပတ်ပြည့်ပြီးသော တစ်နေ့ညနေပိုင်းတွင် မသူဇာတစ်ယောက် အကောင်းပကတိမှနေ၍ မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် အိပ်နေရာမှ ထထိုင်ကာ သူ့ဘေးပတ်လည်ရှိ လူအားလုံးကို မကျေမနပ်ကြည့်ဖြင့်ကြည့်ကာ အံကြိတ်၍နေ၏။ ကျွန်ုပ်မှာ မသူဇာ၏ ပုံစံကိုကြည့်၍ တစ်မျိုးတွေးမိရာ အိမ်ထဲမှ ရုတ်တရက် ပြေးဆင်းသွားပြီး ကျွန်ုပ်၏ အိမ်နှစ်အိမ်ကျော်မှ တိုင်းရင်းဆေးဆရာကြီး ဦးဘချိုကို သွား၍ပင့်ခေါ်လာလေ၏။

"အင်း – သူ့ ကြည့်ရတာ ဒါ – သာမန်ရိုးရိုးရောဂါ မဟုတ်ဘူး။ တစ်ခုခု ဝင်ပူးနေတာ"

"အဲဒါဆိုလည်း ဆရာကြီးပဲ ကြည့်ပြီးကုပေးပါ၊ ဆရာကြီးကို အပ်ပါတယ်"

"အိမ်း – ကောင်းပြီလေ၊ ကျုပ်တို့ ဆရာတွေဆိုတာက လူနာရှင်ကအပ်မှ ဆေးကုလို့ ရကြတာလေ၊ ကဲ – နေစမ်းပါဦး၊ အခု – ဒီမိန်းကလေးဆီမှာ ဝင်ကပ်ပူးနေတာ – ဘယ်သူလဲဟေ့"

ဆေးဆရာကြီး ဦးဘချိုက မသူဇာကိုတစ်လှည့်၊ ကျွန်ုပ်တို့ မိသားစုကိုတစ်လှည့်ကြည့်ကာ ဆေးကုသရန်အတွက် စတင်ပြင်ဆင်တော့၏။ မသူဇာအား ဆရာကြီးကို ဘာမှပြန်မပြောဘဲ မျက်တောင့်နီကြီးဖြင့် ကြည့်ကာ မထိရဲခြင်းပြုနေ၏။

"ဒီမှာ – မင်းကို ငါ ကောင်းကောင်း မေးနေတာ ဖြေနော်။ မင်း – ဘယ်သူလဲ၊ ဘယ်ကလဲ"

"ငါက ရွာထိပ်မန်ကျည်းပင်မှာ နေတဲ့ကောင်ပဲ"



"ဘာဖြစ်လို့ – ဒီကလေးမဆီမှာ ဝင်ပူးကပ်ပြီး ဒုက္ခပေးရတာလဲ။ ဒီကလေးမ ရောဂါဖြစ်နေတာ နင် လုပ်ထားတာ မဟုတ်လား"

"ဟုတ်တယ် – ငါ့ကို သူက အမြဲမခန့်လေးစားလုပ်တယ်၊ အဲဒါကြောင့် ငါ့နေရာမှာ သူ့ကို အစားထိုးထားခဲ့မလို့၊ သူ့ကို သေအောင်လုပ်ထားတာ၊ သူ သေတာနဲ့ ငါလွတ်ပြီ၊ ကျွတ်ပြီ၊ သူ့ကို ဆေးကုနေလည်း အပိုပဲ၊ ဘာဆေးနဲ့မှ ကုလို့ရမှာမဟုတ်ဘူး၊ ပရိတ်ရေတွေ ဟိုပက်ဒီပက် မလုပ်ပါနဲ့၊ အဲဒီ ရေတွေထိရင် အရမ်းပူလောင်တယ်၊ ဒါပဲ – သွားမယ်"

မသူဇာထံမှ စကားဆုံးသည်နှင့် မသူဇာမှာ ဗုန်းခနဲ တုံးလုံးလဲကျသွားလေ၏။ စံမြင့်နှင့် ဘေးရှိ ကျွန်ုပ်အပါအဝင် လူအားလုံးမှာ မျက်ကလူးဆန်ပြာဖြစ်ကာ မသူဇာကို ပွေ့ဖက်၍ ကရုဏာသက်စွာ မေးကြမြန်းကြရ၏။

"မသူဇာ – သမီးလေး၊ သတိရပြီနော်၊ ဘယ်လိုနေလဲ"

"မသူဇာ – ခုနပြောတာတွေ မှတ်မိလား။ ရင်ထဲမှာကော ဘယ်လိုဖြစ်သေးလဲ"

မသူဇာကား မောနေသည်ဖြစ်ရာ ဘာစကားမျှပြန်မပြောနိုင်ဘဲ ခေါင်းခါ၍သာ နေလေ၏။ ဆရာကြီး ဦးဘချိုကမူ လူနာနှင့် ပွဲကြည့်ပရိသတ်ကို အတွဲခတ်ကြည့်ရင်း ဆိတ်ဆိတ်နေ၏။ အတန်ကြာမှ –

"ကဲ – ဟောဒီဆေးလေးကို တိုက်လိုက်၊ ပြီးရင် – သူနေသာသလို နေပါစေ။ ဒီကလေးရောဂါက သာမန်ရောဂါထက် ပယောဂက ပိုများတယ်။ ဘုရားဆေး၊ တရားဆေးနဲ့ ကုမှရမယ်။ သိပ်တော့ စိတ်မပူပါနဲ့။ အကြောင်းထူးရင် ကျွန်ုပ်ကိုလာခေါ်လှည့်၊ ခုတော့ – ကျုပ် ပြန်ဦးမယ်"

ဆေးဆရာကြီးက ဆေးတစ်ခွက်ပေးကာ ထပြန်သွားလေ၏။ စံမြင့်တာ ဆေးဆရာကြီး ပေးသွားသော ဆေးတစ်ခွက်ကို မသူဇာအား တိုက်၏။ မသူဇာက တော်တော်နှင့် ဆေးကိုမသောက်၊ အကြောက်အကန်ငြင်းနေ၍



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်က ထပ်မံဝင်ရောက်ပြောဆိုပြီး ရျက်ချင်းသောက်နိုင်းမှ ထိုဆေးကို သောက်၏၊ ဆေးသောက်ပြီး မကြာခင် ခေတ္တအိပ်ပျော်သွားတော့၏။

စံမြင့်မှာ သူ၏ သမီးကိုကြည့်ကာ စိတ်မကောင်းဖြစ်နေရှာ၏၊ ကျွန်ုပ်ကိုလည်း အားကိုးတကြီးကြည့်ကာ အားနာနေဟန်ရှိ၏၊ ထို့ကြောင့် - ကျွန်ုပ်ကပင် သူ့ကို အားမနာရန်နှင့် မသူဇာ နေထိုင်ကောင်းစေရန်အတွက်သာ အားစိုက်စေလိုကြောင်း ပြောပြမှ စံမြ မျက်နှာရွှင်လန်းသွားရလေ၏၊ ဤသို့ဖြင့် - နေ့တစ်နေ့ ကုန်ဆုံးကာ နောက်နေ့တစ်နေ့သို့ ဆိုက်ရောက်လာ၏။



ဟောဒီသမီးလေး မသူဇာကို မိတ်မရှိနိုင်ဘဲ ခွဲထမ်းထဲလေးသမီးနဲ့
လာခဲ့ရတဲ့ ဒုက္ခ ပြဿနာကို ရောက်ခဲ့ရပါတယ်။
ဒီလောခဲ့ - ရူ ဘဝရုန်းက ကုသိုလ်ကောင်းမှုအားလျော့ကြောင်
ကမ္ဘာ့နိုင်ငံ ... ... တန်နိုးတွေ့ရှိး မိတ်သွားတိုင်းတိုယ်ကြီး
ထိုရာသွားအောင်ပဲ ဒုက္ခ သမီးလေးဆီကို ရောက်လာခဲ့တာပါ . . .



တစ်နေကုန် စားလိုက်၊ သောက်လိုက်၊ အိပ်လိုက်ဖြင့် နေကောင်းလာသည့် မသူဇာတစ်ယောက် ညနေစောင်းတွင် အိပ်ရာမှ ကမန်းကတန်း ထ ထိုင်ကာ ခါတိုင်းကဲ့သို့ ဖောက်ပြန်လာပြန်၏၊ ကျွန်ုပ်တို့ ညီအစ်ကိုမောင်နှမများ စပ်မိစပ်ရာ စကားပြောနေရိုန်ဖြစ်၍ အားလုံးလိုလို မသူဇာကိုကြည့်ကာ လန့်သွား၏၊ မသူဇာကား ထိုင်လျက်မှ မျက်ထောင့်နီကြီးဖြင့် ရှာထိပ်သို့ အုပ်စုကို တစ်ယောက်ချင်း လိုက်ကြည့်ကာ မကျေမနပ် ဖြစ်နေပုံရ၏။

သူမ၏ ပုံစံကို ကြည့်ရသည်မှာ ယခင်က ပုံစံမျိုးမဟုတ်၊ တစ်ခုခုကို မကျေမနပ် ဖြစ်နေသော သဏ္ဍာန်ရှိ၏၊ သို့သော် - အတန်ကြာသည်ထိ နှုတ်ကမပြောဘဲ တစ်ကိုယ်လုံး တုန်ခါနေ၏၊ ကျွန်ုပ်မှာ မသူဇာကိုကြည့်၍ သတိတရဖြစ်ကာ ဆေးဆရာကြီးဦးဘချို့ကို ပြေးခေါ်လိုက်၏၊ ဆေးဆရာကြီးကား အလိုက်သင့်ပင် ကျွန်ုပ်နှင့်အတူ ကျွန်ုပ်အိမ်သို့ လိုက်ပါလာ၏။

အိမ်ရောက်သည်နှင့် မသူဇာကိုကြည့်ကာ ခေါင်းတဆတ်ဆတ်ညိတ်၍ ရေတစ်ခွက်တောင်းကာ ရေမန်း မန်း၍ မသူဇာကို တိုက်၏၊ မသူဇာတား တော်တော်နှင့် မသောက်၊ ဆရာကြီးက ရေမန်းဖြင့် တစ်ကိုယ်လုံးကို ဖြန်းပက်မည်ဟန်ပြုမှ အသာတကြည်သောက်၏၊ ထိုအခါမှ ဆရာကြီးတ မသူဇာကို စ၍မေး၏။

"မင်း - ဘယ်သူလဲ၊ ဘယ်ကလဲ၊ အမှန်အတိုင်းပြော"

"ကျွန်မက ဟောဒီကလေးမလေးရဲ့ အမေ မမြကျင်ပါ၊ ကျွန်မလည်း သူတို့နေတဲ့ အညာတောမှာပဲ နေပါတယ်၊ ကျွန်မ သေဆုံးခဲ့တာ (၂)နှစ် ရှိသွားပါပြီ"

"ဒါဆိုရင် - မင်းက သူ့အစ်မဖြစ်ပြီး သူ့ကို ဘာဖြစ်လို့ မစောင့်ရှောက်ဘဲ ခုလိုလာပြီး နှိပ်စက်နေရတာလဲ၊ မင်းသမီးကို မင်း မချစ်ဘူးလား"

ဆေးဆရာကြီးက မာန်ပါပါဖြင့် အော်ငေါက်မေးလိုက်၏၊ ဆေးဆရာကြီး၏ စကားသံကြောင့် မသူဇာမှာ ဆေးဆရာကြီးနှင့် ဘေးရှိ ကျွန်ုပ်တို့ စံမြင့်



www.burmeseclassic.com

www.burmeseclassic.com

တို့အပါအဝင် လူအားလုံးတို့ကြည့်ကာ ရှိုက်ကြီးတငင်ငင်ဖြင့် ငိုပါလေတော့၏။

"ဟီး-ဟီး-ဟီး-ကျွန်မ ခုလိုလာရတာ ကျွန်မ သမီးကို ချစ်လို့ပါရှင်။ ကျွန်မ သမီးလေး ကျွန်မလို သေမှာစိုးလို့ အခုလို ရောက်လာရတာပါ။ ကျွန်မကို တစ်မျိုးမထင်ပါနဲ့ ဆရာကြီးရယ်။ ကျွန်မ ပြောတာ နားထောင်ပေးပါ"

မသုဇာ၏ စကားပြောသံ ငိုသံမှာ မသုဇာ၏ အသံမဟုတ်မှန်း သူ၏ဖခင် စံမြင့်ရော ကျွန်ုပ်တို့ပါ သိကြ၏။ ကျွန်ုပ်တို့ဘေးမှ ဝိုင်းကြည့်နေကြသော ကျွန်ုပ်၏ ဇနီးသည်နှင့် အိမ်နီးချင်း မိန်းမတစ်သိုက်တို့မှာမူ မသုဇာ၏ ရှိုက်ကြီးတငင်ငင် ငိုကြွေးမှုကြောင့် မျက်ရည်ကျသူ ကျ၍ မျက်ရည်ဝဲသူဝဲကာ စိတ်မကောင်း ဖြစ်နေကြ၏။ ထိုစဉ်-ဆေးဆရာကြီးက ကွမ်းယာတစ်ယာကို သူ၏ ပါးစပ်ထဲသို့ ထည့်ဝါးရင်းမှ မသုဇာကိုကြည့်ကာ ပြောလိုက်၏။

"တဲ-မင်းက ဒီကလေးမလေးရဲ့အမေဆိုရင် မင်း ခုလို လာရခြင်း အကြောင်းစုံကို သေသေချာချာ ပြောပြစမ်းပါ။ အရင်ဆုံး မင်း ဒီနေရာကို ဘယ်လို ရောက်ခဲ့တာလဲဆိုတာ ပြောပြ"

ဆေးဆရာကြီး စကားကြောင့် မသုဇာမှာ အငိုရပ်ကာ ခေတ္တမျှငြိမ်သက်နေပြီးမှ သူ့ရှေ့တည့်တည့် အဝေးသို့ ငေးကြည့်လျက်မှ တိုးတိတ်ညင်သာစွာ စကားစပြော၏။

"တကယ်တော့-ကျွန်မက လူ့ဘဝတုန်းက ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တွေကို ပြုခဲ့တဲ့သူပါ။ ဒါကြောင့်-အဲဒီကုသိုလ်တွေအရ နတ်ပြည်ကို ရောက်ဖို့ပဲ ရှိပါတယ်။ ဒါပေမဲ့လည်း-ဟောဒီသမီးလေး မသုဇာကို စိတ်မချနိုင်ဘဲ စွဲလမ်းတဲ့ လောဘစိတ်နဲ့ သေခဲ့ရလို့ ခုလို ပြိတ္တာဘုံကို ရောက်ခဲ့ရပါတယ်၊ ဒါပေမဲ့-လူ့ဘဝတုန်းက ကုသိုလ်ကောင်းမှုအားတွေကြောင့် ကမ္ဘာဖိဖို့လိုခေါ်တဲ့ ကံကပေးတဲ့ တန်ခိုးတွေရပြီး စိတ်သွားတိုင်း ကိုယ်ပါပြီး လိုရာသွားလာနိုင်ဖို့ ခုလို သမီးလေးဆီကို ရောက်လာခဲ့တာပါ"



မသုဇာက စကားကို ခေတ္တရပ်ပြီး ဆေးဆရာကြီးနှင့်တကွ ကျွန်ုပ်တို့ အားလုံးကို ဝေ့ပတ်ကာ အကဲခတ်ကြည့်လိုက်သည်။ သူမ၏ မျက်လုံးအိမ်တွင် မျက်ရည်စများ ဝေ့ဝဲနေသည်ကို တွေ့ရ၏။ ထိုစဉ်-ဆေးဆရာကြီးက ထပ်မံမေးလိုက်ပြန်၏။

"ဒါဆိုရင်-မင်း ဒီရန်ကုန်ကို လာခဲ့တော့ အခု မင်း ဘယ်မှာနေနေလဲ"

ဆေးဆရာကြီးစကားကြောင့် မသုဇာက အိမ်ရှေ့ရှိ ရေမြောင်းဆီသို့ လက်ညှိုးထိုးပြရင်းမှ...

"ကျွန်မ-အဲဒီရေမြောင်းထဲမှာ နေရပါတယ်။ အဲဒီ ရေမြောင်းထဲမှာ ပြိတ္တာ၊ တစ္ဆေတွေဟာ ပြည့်ကျပ်နေလို့ ညဘက်ဆို အိပ်ဖို့နေရာတောင် အတော်ရှားပါးပါတယ်။ ကျွန်မကတော့ လူ့ဘဝကပြုခဲ့တဲ့ ကုသိုလ်ကံကြောင့် ကျွန်မ အိပ်ဖို့ ဗိမာန်ဟာ စိတ်က တောင့်တတာနဲ့ အလိုလိုပေါ်လာလို့ အဲဒီ ဗိမာန်မှာ နေရပါတယ်။ မကြာခင်မှာ ကျွန်မဟာ အထက်နတ်ပြည်ကို သွားရတော့မှာပါ။ ဒါပေမဲ့-ကျွန်မမှာ ဟောဒီသမီးလေးအပေါ်မှာ သံယောဇဉ်တွယ်နေမိလို့ ခုလို ဒုက္ခခံနေရတာပါ"

"ဒါဆိုရင်-မင်း သမီးလေးရောဂါဝေဒနာ ပျောက်အောင် မင်းပဲ လုပ်ပေးသွားပေတော့"

"ကျွန်မမှာ အဲဒီလို သမီးရောဂါကို ပျောက်အောင် ကုပေးနိုင်တဲ့ တန်ခိုးမရှိပါဘူး။ ဆေးဆရာကြီး ကုမှ သမီးလေးရဲ့ဝေဒနာပျောက်ကင်းသွားမှာပါ။ အဲဒါကြောင့်-ကျွန်မက သတိပေးရအောင် ဒီနေရာကို လာခဲ့ရတာပါ။ ဆေးဆရာကြီးအနေနဲ့ ကျွန်မသမီးလေး ရောဂါပျောက်အောင် ဆေးကုသပေးပါလို့ ကျွန်မ တောင်းပန်ပါတယ်ရှင်။ ဒီလိုမှမဟုတ်ရင် ကျွန်မ သမီးလေးသေရပါလိမ့်မယ်၊ ကူညီပေးပါနော်..."

မသုဇာက သနားစဖွယ်အသံဖြင့် ဆေးဆရာကြီးကို တောင်းပန်နေရှာ၏။ ဝိုင်းကြည့်နေကြသော ကျွန်ုပ်အပါအဝင် လူအားလုံးမှာ မသုဇာကို ကြည့်ကာ ပို၍ကရုဏာ သက်မိနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုရင် – မင်းသမီးဆီမှာ ဖြစ်နေတဲ့ရောဂါကို မင်း သိမှာပေါ့၊ သိရင် မင်း ကိုယ်တိုင် ပြန်နုတ်ယူသွား"

"ဟုတ်ကဲ့ – ကျွန်မ သိပါတယ်၊ ကျွန်မတို့ရွာထိပ်က သရဲကြီးရဲ့မကောင်းဆိုးဝါးစက်ထိထားလို့ သမီးလေး ဒီလိုခံစားနေရတာပါ၊ အဲဒီ သရဲကြီးက သမီးလေးကို သေအောင်လုပ်တာပါ၊ အဲဒါကြောင့် – သမီးလေးရဲ့ခန္ဓာကိုယ်မှာရှိနေတဲ့ ပယောဂစက်တွေကို ဆရာကြီးအနေနဲ့ အရင်ဖယ်ရှားပြီးမှ တခြားဆေးတွေနဲ့ကုမှ သမီးရဲ့ ရောဂါဝေဒနာ ပျောက်တင်းသွားမှာ ဖြစ်ပါတယ်၊ ကျွန်မဒီကို နောက်ဆုံးလာတွေ့ခြင်းပါ၊ ကျွန်မဘဝက အထက်ကို ကူးရတော့မှာမို့ သမီးလေးရောဂါဝေဒနာပျောက်ပြီး အသက်ရှင်ကျန်ရစ်ရအောင် လာပြီး သတိပေးတာပါ၊ ဆရာကြီးကုရင် ပျောက်ကင်းမှာ ကျိန်းသေပါတယ်၊ သမီးလေးကို ကူညီပြီး ဆေးကုပေးပါလို့ တောင်းပန်ပါတယ်ရှင်၊ ကျွန်မကို ခွင့်ပြုပါနော်"

မသုဇာ စကားဆုံးသည်နှင့် နေရာမှာပင် ပုန်းပုန်းလဲပစ်ကျသွား၏၊ ကြာလျှင် ပြန်၍သတိရလာသော်လည်း စောစောက ပြောခဲ့သည်များ အားလုံးကို မသုဇာ မမှတ်မိတော့ချေ၊ ဘေးပတ်လည်မှ လူများကို ဘာမျှ မသိသလို ငေးကြောင်ကြည့်နေ၏၊

"ကဲ – ကဲ – ဒီကလေးမ ဝေဒနာ ဒီနေ့ကစပြီး တဖြည်းဖြည်း လျော့ပါးပျောက်တင်းသွားမှာပါ၊ ဘာမှ – စိတ်မပူကြနဲ့တော့၊ ဟောဒီ ကျုပ်ပေးတဲ့ ဆေးကိုသာ မှန်မှန်တိုက်ပေး ကြားလား"

ဆေးဆရာကြီးကား ရေမန်းတစ်ခွက်မန်းကာ မသုဇာကို တိုက်ကျွေးပြီး သောက်ဆေးပေးကာ ပြန်သွားလေ၏၊ ထိုနေ့မှစ၍ မသုဇာတစ်ယောက် ရောဂါဝေဒနာ လျော့ပါးလာကာ စားနိုင်သောက်နိုင်ဖြစ်လာ၏၊ လမ်းထလျှောက်လာနိုင်၏၊ နှစ်ပတ်ခန့်ကြာသောအခါတွင် လူကောင်းပကတိအတိုင်း နေထိုင်ပြောဆို စားသောက်နိုင်ခဲ့ပြီဖြစ်ရာ ဖခင်စံမြင့်မှာ ဝမ်းသာကြည်နူးနေရှာ၏၊



ကျွန်ုပ်မှာကား စံမြင့်တို့သားအဖကို ကြည့်ကာဝမ်းသာပီတိမြင်မိသော်လည်း မသုဇာနေမကောင်းစဉ်က ပူးကပ်ပြောဆိုသွားခဲ့ရှာသည့် မိခင်ဖြစ်သူ မမြကျင်ကိုတွေး၍ သတိရမြင်ယောင်နေမိ၏၊ မမြကျင်တစ်ယောက် သေလွန်ပြီးသည့်နောက် ဘဝတစ်ပါးသို့ပြိတ္တာအဖြစ် ရောက်နေခဲ့သည့်တိုင် လူ့ဘဝက တော်စပ်ခဲ့ရသည့် သမီးအပေါ် မိခင်တစ်ယောက်ပီပီ မေတ္တာကရုဏာမပြတ်နိုင်သေးဘဲ ငိုပွဲဆင်နေဆဲအဖြစ်ကိုကား ကျွန်ုပ်တစ်သက် ဘယ်သောအခါမှ မေ့နိုင်မည်မဟုတ်တော့ပါချေ၊


→ ချစ်မင်းသူ

"ဂမ္ဘီရလောကမဂ္ဂဇင်း" တွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့
စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာ မပါရှိခြင်း၊
နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်ဖုန်း၌ မရှိခြင်း စသည့်
အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊
ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့် လက်ဆောင်စာအုပ်ထုတ်ယူ
နိုင်ရန် ဆက်သွယ်မှုပြုကြပါရန် ပန်ကြားအပ်ပါသည်။
[illegible]
ဂမ္ဘီရလောကမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အံ့ဖွယ်ထူးဆန်း


# လောကီပညာစခန်း

မြင့်ဘုန်းအိမ်သူ



ဆောင်းအိုကြွေလု နွေရတုထွန်းသစ်သော အခါသမယ
ာယာသောနေ့တစ်နေ့တွင် ကျွန်တော်၏နေအိမ်သို့ စာရေးဆ
ာင်လင်းသစ်နှင့် မင်းတိုင်ပင် (မြရောင်မြေ)တို့ ချိန်းဆိုထားသ
ာတိုင်း စိတ်လက်ပေါ့ပါးစွာ ရောက်ရှိလာသည်။ မောင်လင်းသစ်သ
ကုံမြို့တွင် မူလတန်း ကျောင်းအုပ်တာဝန်ဖြင့် ထမ်းဆောင်နေ
ဖြစ်ပြီး မင်းတိုင်ပင် (မြရောင်မြေ) ကတော့ အငြိမ်းစားဝန်ထမ်းတစ်
ဖြစ်ပေသည်။

သူတို့နှစ်ဦးသည် ကျွန်တော်၏ တိုက်ခန်းရှိရာသို့ 
င်နှင့်ပင် မကြာခဏချိန်းဆိုကာ လာရောက်တတ်ကြပေသည်။ 
သာက်ဖွယ်ရာ ဖွယ်ဖွယ်ရာရာများဖြင့် ယူဆောင်လာတတ်ပြီး 
ာတ်ရာရာ စာပေရေးရာများ ပြောဆိုငြင်းခုန်ကာ ညနေစောင်း
ြန်သွားတတ်ကြပေသည်။ ပြောမနာ ဆိုမနာ မိတ်ဆွေများဟုပင်
ဆိုနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဘုံဖွယ်ထူးဆန်း လောကီပညာစခန်း

မင်းဘုန်းသိခ်သူ

ဆရာမင်းတိုင်ပင် (မြရောင်မြေ)သည် ကျွန်တော်တို့အားလုံးထဲတွင် ဂမ္ဘီရပဟုသုတ အပြည့်ဝဆုံးဖြစ်ကာ သိလိုသမျှ နားလည်သမျှကို သူ့ကို မေးလျှင် မကွယ်မထောက် သိသမျှကို ပြောပြတတ်သည့် လေးစားစရာ ပုဂ္ဂိုလ်တစ်ယောက်ပင်၊ သူသည် သုသာန်စောင့်မဖဲဝါနေထိုင်ခဲ့သော ဒူးယား ရွာသားတစ်ယောက်ပင်တည်း၊ သုသာန်စောင့်မဖဲဝါအကြောင်းကို အောက် ပါအတိုင်း မရှုပ်မရှုန်းပြောပြရာ စိတ်ဝင်စားစရာ ကောင်းလှသည်၊

"ကိုဝေလွင်ရဲ့ - သုသာန်စောင့် မဖဲဝါဆိုတာ ဒူးယားအင်းမှာ ဘဝနိဂုံး ချုပ်သွားတယ်လို့ ဆိုနိုင်တယ် - ခင်ဗျ၊ ဒူးယားအင်းဘေးက ဒူးယားသုသာန် ဆိုတဲ့စကားက ဆင်းသက်လာတာပါ၊ ရှေးအခါက မုဆိုးကြီးတစ်ဦး တော လည်ထွက်ရင်း သားကောင်ကိုတွေ့လို့ မြေကြီးဒူးထောက်ပြီး မြားနဲ့ပစ်ခတ် ခဲ့ရာက ဒူးခေါင်းရာထင်ပြီး ကျန်ရစ်ခဲ့လို့ နောင်သောအခါ အဲဒီနေရာမှာ ဒူးရာ ရွာဖြစ်လာတာတဲ့၊ ဒူးရာကနေ ဒူးယားဆိုတဲ့စကားအဖြစ် ရွေ့လျားလာတာ ပေါ့ဗျာ၊



ဒီဒူးယားအင်းကြီးက (၈)မိုင်ပတ်လည်လောက်ကျယ်တယ်၊ ဒီအင်းကြီး ကို အရံအင်းကလေးတွေက ဝိုင်းရံထားတာပါ၊ မိုးရှုံးအင်း၊ ထုံးပွက်ကျိုးအင်း ခတွေလည်း ရှိပါသေးတယ်၊ နှစ်စဉ်နှစ်တိုင်း ရေလုပ်သားတွေက ဒီအင်းကြီးကို လေလံဆွဲပြီး ငါးဖမ်းကြတဲ့အခါ အင်းအိုင်တစ်ပွဲစားကြီးကို အရင်ဖူးမြော် ပ,သရတယ်၊ အဲဒီအင်းအိုင်တစ်ပွဲစားကြီးက ဖိုးစံမှဲ့ပါ၊ သူ့ရဲ့နမကာလေးက တော့ ဒီနေ့ နာမည်ကျော် သုသာန်စောင့် မဖဲဝါပေါ့ဗျာ"

ထို့နောက် - သူသည် မဖဲဝါအကြောင်းကို အင်းဝနေပြည်တော် ဧည့်ဆောင် ရမ်းမင်းတရားလက်ထက်မှစကာ မဖဲဝါအကြောင်းကို သမိုင်းနှင့်ချီ၍ ပြော လေတော့သည်၊ ကျွန်တော်တို့လည်း မဖဲဝါအကြောင်းကို မင်းတိုင်ပင်ကြီး ပြောပြမှ အစအဆုံး သိရပါတော့သည်၊

ကျွန်တော်တို့သည် မောင်လင်းသစ် ယူလာသော အကြော်၊ ပဲပလာတာ များကို ရေနွေးပူပူ၊ ကော်ဖီပူပူဖြင့် မြိန်ရှက်စွာ စားသောက်ပြီးသောအခါ -

"ကဲ - ဆရာတို့၊ ပြီးခဲ့တဲ့ အပတ်က ပြောထားခဲ့တဲ့အတိုင်း ထူးခြား ဆန်းကြယ်တဲ့ လောကီအတတ်ပညာ၊ အောက်လမ်းလောကီ၊ စုန်းတစ္ဆေ အကြောင်းတွေကို ပြောကြမယ်လို့ စကားအစပျိုးထားတဲ့အတိုင်း ဆရာ မင်းတိုင်ပင်ကြီးကပဲ ဦးဆောင်ပြီး ပြောပေတော့ဗျ၊ ကျွန်တော်တို့ကတော့ နားထောင်သက်သက်ပဲနော်"

ဆရာမင်းတိုင်ပင်သည် တဟဲဟဲရယ်ရင်း . . .

"ကျွန်တော် သိသလောက် မှတ်သားမိသလောက်တွေကို မပြောခင် ကိုဝေလွင်ကပဲ အရင်ဦးဆုံး သိသလောက် ဖတ်မှတ်လေ့လာမိသလောက် တွေကို ပြောပြဗျာ"

"ဟုတ်တယ် - ဟုတ်တယ် - ဆရာမင်းတိုင်ပင်ပြောတာ ဟုတ်တယ် လေ - ကိုဝေလွင်"

မောင်လင်းသစ်ကပါ ကြားမှ ဝင်ရောက်၍ မြှောက်ပင့်ပြောဆိုမှုကြောင့် ကျွန်တော်သည် တတ်သလောက် မှတ်သလောက် ဂမ္ဘီရလောကီပညာစခန်း ကို မည်သူ့ကိုမျှ နစ်နာမှုမရှိစေလိုပဲ လေ့လာမိသလောက်ကို ပြောပြရန် စဉ်း စားတော့လေသည်၊



www.burmeseclassic.com

www.burmeseclassic.com

အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဂါထာ၊ မန္တန်မှ စတာ စုန်းကဝေ၊ မှော်ပညာ၊ အောက်လမ်းလောကီပညာ မှန်သမျှတို့သည် လူသားဖြစ်ပေါ်မှု သမိုင်းအကြောင်းနှင့်အတူ တပြေးတညီတည်း ပေါ်ထွက်လာခဲ့သည်။ အထူးသဖြင့် လောကီပညာမူရင်း အစသည် ယေဘုယျ ဖြစ်စဉ်အစပိုင်းမှ စကာမြစ်ဖျား ခံခဲ့ပေသည်။ လူသား ဖြစ်ပေါ်လာသည်နှင့် မရှေးမနှောင်း လောကီပညာ ထက်ကြပ်မကွာလိုက်ပါလာခြင်းဟု ဆိုနိုင်ပေသည်။

လူသားတို့သည် သာမန်နည်းဖြင့် ဖြေရှင်းမရသော ပြဿနာများကို တန်ခိုးအာနိသင် တစ်ခုခုဖြင့် ကူညီဖြေရှင်းရန် တွေးဆလာရာမှ လောကီပညာပေါ်ပေါက်လာသည်။ နေနတ်သား၊ လနတ်သား၊ နတ်ဘုရား၊ မြစ်စောင့်နတ်၊ တောင်စောင့်နတ် စသည်တို့ကို စိတ်ကူးဖြင့် ဖန်ဆင်းကာ အိမ်ဦးနတ်သဖွယ် ကိုးကွယ်လာတော့သည်။ သို့နှင့် – ဂါထာမန္တန်၊ လက်ဖွဲ့တို့နှင့် အတူ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်လိမ္မာသော မှော်ဆရာ၊ စုန်းများ အလျှိုလျှို ပေါ်ပေါက်လာတော့သည်။ ကောက်ပဲသီးနှံစိုက်ပျိုးခြင်း၊ ရောဂါကုသခြင်း၊ အပြစ်ကင်းစေရန် ယတြာချေခြင်း စသည်တို့ ပြုလုပ်လာကြလေသည်။

သို့နှင့် – အသက်ဝိညာဉ်ဆိုင်ရာ နေ၊ လ၊ နက္ခတ်တာရာ၊ နတ်ကိုးကွယ်ခြင်း၊ ယဇ်ပူဇော်ခြင်း၊ မှော်ပညာ စသည်တို့မှ ဘာသာ၊ အယူဝါဒများ ပေါ်ပေါက်လာတော့သည်။ အမှန်စင်စစ် – လောကီပညာသည် ပြဿနာအခက်အခဲတစ်ခုဖြေရှင်းရာမှ တည်မှီပေါ်ပေါက်လာရခြင်းဖြစ်သလို အောက်လမ်းမှော်ကဝေပညာလမ်းဘက်သို့ချည်း ဆက်နွယ်သည်ဟု ယတိပြတ် မပြောသာသော်လည်း များသောအားဖြင့် အောက်လမ်းဘက်သို့ ဆက်နွယ်သွားတတ်ပေသည်။ ပညာသည်ချင်း တစ်ဦးနှင့်တစ်ဦး ပညာပြိုင်ခြင်း၊ မိမိတို့၏ မှော်ပညာဖြင့် သူတစ်ပါးကို နှိပ်စက်ကလူပြုခြင်း၊ တိုင်းပြည်တစ်ပြည်နှင့် တစ်ပြည် စစ်မက်ပြုလျှင်ပင် အောက်လမ်းမှော်ပညာများ တွင်ကျယ်စွာ နေရာယူလာသည်ထိ ပတ်သက်လာခဲ့သည်။ နေရာယူ လာကြသည်။

နတ်ဆရာများ၊ လောကီဆရာများသည် သူတို့ ရွတ်ဆိုသော မန္တန်၊ အဆောင်လက်ဖွဲ့၊ အစီအရင်များ စသည်တို့နှင့် ကိန်းဝပ်နေသော အင်အား



သတ္တိများက ထိုအစီရင်လက်ဖွဲ့မန္တန်များကို စောင့်ရှောက်ကြသည့် မမြင်အပ်သော ပုဂ္ဂိုလ်များ၊ တန်ခိုးစွမ်းအင်ပင် ဖြစ်သည်။ အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့ အဆောင်အယောင် စီရင်ရာ၌ဖြစ်စေ၊ သိဒ္ဓိဖြောက်ဆေးဝါးအား စီရင်ရာ၌ဖြစ်စေ ယင်းအစွမ်းထက်မြက်မှုများမှာ စီရင်သူ၏ ပင်ကိုတန်ခိုးသတ္တိနှင့် မသက်ဆိုင်ပေ။ စီရင်သူ၏ တန်ခိုးသတ္တိမဟုတ်ပေ။ ဖော်ပြပါ ပစ္စည်းများကို စောင့်ရှောက်ကြကုန်သော ပုဂ္ဂိုလ်များ၊ မမြင်အပ်သော ပုဂ္ဂိုလ်၊ နတ်၊ မိစ္ဆာ၊ ဘီလူးများ၏ စွမ်းရည်သတ္တိသာ ဖြစ်ပေသည်။

"ကိုဝေလွင် – အောက်လမ်းမှော်ပညာနဲ့ ပတ်သက်လို့ ပုံဝတ္ထုတစ်ခုလောက် ပြောပြပါဦး"

ကျွန်တော်က –

"ပုံပြင်မဟုတ်ဘူး၊ တကယ်ဖြစ်ရပ်မှန်ကို ပြောပြမယ်။ ကျွန်တော့် မိခင်ကြီး ရှစ်နှစ်သမီးအရွယ်က တွေ့ကြုံခဲ့ရတဲ့ ပညာသည်နဲ့ တွေ့ခဲ့တဲ့ ဖာတ်လမ်းဗျ"

"ဟုတ်ပြီဗျို့ – ဖြစ်ရပ်မှန်ကလေး လုပ်ပါဦး"

ဆရာမင်းတိုင်ပင်က ဝင်၍ ခပ်သွက်သွက်ပြောလေသည်။

ဒီလိုဗျ – ကျွန်တော့် မိခင်ကြီး ရှစ်နှစ်သမီး အရွယ်ကပေါ့။ အမေတို့ မိသားစုတွေက ဘိုကလေး ကွမ်းသီးချောင်းကပါ။ မွေးချင်းတွေ တော်တော်များတယ်၊ ရွာထဲမှာ လယ်တွေ၊ ခြံတွေရှိတယ်။ ခြံထဲမှာ သီးပင်စားပင်တွေဖြစ်တဲ့ အုန်း၊ ငှက်ပျော၊ ကွမ်းသီး၊ သရက် စသည်ဖြင့် စိုက်ပျိုးထားကြတယ်လေ။ အင်္ဂလိပ်ကိုလိုနီခေတ်ကပေါ့ဗျာ။ တစ်နေ့တော့ – မန်ကျည်းရွက်နုတွေ လိုင်လိုင်ပေါ်တဲ့ ရာသီရောက်လာတော့ ကျွန်တော်တို့ အဘွားက အမေနဲ့ သူ့အထက် (၁၀) နှစ်သားလောက်ရှိမယ့် အစ်ကို့ကို ခြံထောင့်က မန်ကျည်းပင်မှာ မန်ကျည်းရွက်နု သွားခူးခိုင်းတော့ မောင်နှမနှစ်ယောက် လွယ်အိတ်ကလေးယူပြီး သွားခူးကြတယ်။ ခြံကြီးက ခြံကျယ်ကြီး တိတ်ဆိတ်ပွန်း



www.burmeseclassic.com

www.burmeseclassic.com

တယ်၊ အဲဒါနဲ့ - အစ်ကိုက အပင်ပေါ်တက်ပြီး အမေကတော့ အပင်အောက်က ထိုင်စောင့်နေတာပေါ့ဗျာ။

အစ်ကိုကလည်း အပင်ပေါ်မှာ ညီမလုပ်သူကို ငုံ့ကြည့်လိုက်၊ ကိုင်းဖျားကိုင်းနားက ရွက်နုတွေလိုက်ခူးလိုက်နဲ့ လွယ်အိတ်နဲ့ ပြည့်လုပြည့်ခင် တော်တော်ရလာတယ် ဆိုပါတော့ဗျာ။

ဒီအချိန်မှာ ကိုင်းဖျားက ရွက်နုကို အစ်ကိုကြီးက လှမ်းပြီးခူးလိုက်တာ၊ မမိမကမ်းဖြစ်ပြီး လက်ထဲက လွယ်အိတ်ကြီးက ချော်ပြီးပြုတ်ကျသွားပါလေရောဗျို့။

“ဟာ - လွယ်အိတ်ကျသွားပြီ ညီမလေးရေ - လုပ်ပါဦးဟ”

အစ်ကိုကြီးက မန်ကျည်းပင်ပေါ်ကနေ အော်ဟစ်ပြောဆိုလိုက်ပေမယ့် အမေက မကြားဘူးဗျ။ ဒါပေမဲ့ - ဝါးတစ်ရိုက်ကျော်ကျော်နေရာကို လွယ်အိတ်ကျသွားတာကိုတော့ အစ်ကိုကြီးက လှမ်းမြင်နေရတယ်၊ အမေကလည်း ကြောင်နေတယ်၊ မလှုပ်မရှက်ပဲဗျ။ ဘာမှ မသိဘူးလေ . . .၊

ဒီအချိန်မှာ ထူးဆန်းဖွယ်ကောင်းတဲ့ဖြစ်ရပ်တစ်ခုက ဖြစ်ပေါ်လာတယ်၊ အစ်ကိုကြီးက ကျသွားတဲ့ လွယ်အိတ်ကိုငုံ့ကြည့်နေတုန်းမှာပဲ ခြုံထောင့်ချုံတောထဲကနေ နားရွက်ပေါက်ကျယ်နဲ့ ကုလားမကြီးတစ်ယောက် ရုတ်တရက် ထွက်လာပါတော့တယ်။ ကုလားမကြီး လက်ထဲမှာ သွေးစိမ်းရှင်ရှင်နီးကြီးနဲ့ ရှုည်ထားတဲ့ အမဲသားတွဲကြီးကိုင်လို့ပါ။ ကုလားမကြီးက ဖုတ်ခနဲ မြည်ပြီးကျသွားတဲ့ လွယ်အိတ်ဆီသို့ ပြေးသွားတာပါ။

အစ်ကိုဖြစ်သူကတော့ သစ်ပင်ပေါ်ကနေငုံ့ပြီး အထူးအဆန်းအဖြစ်စောင့်ကြည့်နေတယ်။ ကုလားမကြီးဆိုတာ တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးတဲ့ ကုလားမကြီးပါ၊ ကုလားမကြီးက ဘာဖြစ်လို့ အမဲသားတွဲကြီးကိုင်ပြီး ချုံပုတ်ထဲက ပြေးထွက်လာရတာလဲ၊ သူစိမ်းတစ်ရံ ကုလားမကြီးဟာ ဖုတ်ခနဲ ပြုတ်ကျသွားတဲ့ လွယ်အိတ်ဆီသို့ တန်းတန်းမတ်မတ် ပြေးလာပြီး လဲကျနေတဲ့ မန်ကျည်းရွက်လွယ်အိတ်ထဲကို အမဲသားတွဲကြီးကို အတင်းထိုးထည့်ပါတော့တယ်။



“ဟင် - ဘယ်က ကုလားမကြီးလဲ၊ ငါ - ပြုတ်ကျသွားတဲ့ လွယ်အိတ်ထဲကို အမဲသားတွဲကြီးကို အတင်းထိုးထည့်နေပါလား၊ ဘာလုပ်တာလဲ - မသိဘူး”

အစ်ကိုကြီးက အပင်ပေါ်ကနေ ကြည့်နေတုန်းမှာပဲ ရုတ်တရက် . . .

“အမလေး - ဘုရား - ဘုရား”

ကုလားမကြီးဟာ ရပ်နေတဲ့နေရာမှာတင်ပဲ ရုတ်တရက် ကွယ်ပျောက်သွားတော့တယ်။ ဒီအခါမှ အစ်ကိုကြီးဟာ သတိဝင်လာပြီး ကြောက်လန့်တကားနဲ့ -

“ကုလားမကြီး - ကုလားမကြီး”

ထိုအခါကျမှ ကျွန်တော်၏မိခင်သည် ဘာမှမသိသလို နားမလည်သလိုဖြင့် ကြောင်ငေးကာ -

“ဘယ်က ကုလားမကြီးလဲ”

“ကုလားမကြီးလေ - ချုံတွေကြားက ထွက်လာတာ၊ ပြုတ်ကျသွားတဲ့ မန်ကျည်းရွက် လွယ်အိတ်ထဲကို အမဲသားတွဲကြီး ထိုးထည့်ပြီး ပျောက်သွားတာ၊ ညီမလေး မမြင်လိုက်ဘူးလား - အံ့ရော”

ထိုအခါကျမှ မိခင်ဖြစ်သူမှာ အထိတ်တလန့်ဖြင့် တုန်လှုပ်သွားသည်။

“မသိဘူး - အစ်ကိုကြီး၊ လွယ်အိတ်က ဘယ်တုံးက ကျသွားတာလဲ ဟင်”

“ကဲ - လာတော့ ပြန်မယ်၊ နင့်ကို ရှင်းပြနေရင် ပြီးတော့မှာ မဟုတ်ဘူး၊ မြန်မြန်လာ - အိမ်ပြန်မယ်”

ထိုအခါမှ အစ်ကိုကြီးသည် လွယ်အိတ်ကို ကောက်ကိုင်ကာ လျင်မြန်စွာ ရှာဖွေကြည့်လိုက်သော်လည်း အမဲသားတွဲကြီးကို မတွေ့ရပေ။

“မြန်ကြစို့ - အိမ်ကျမှ ပြောပြမယ်”

မောင်နှမနှစ်ယောက် ကြောက်လန့်တကြားနှင့် အိမ်သို့ လျင်မြန်စွာ သုတ်ခြေတင် ပြန်ပြေးလာကြတော့တယ်၊ အိမ်ရောက်တော့ မိဘတွေကို အကျိုးအကြောင်းရှင်းပြပြီး လွယ်အိတ်ထဲကို ထပ်ရှာတော့ အမဲသားတွဲကြီး



www.burmeseclassic.com

www.burmeseclassic.com

တို မတွေ့ရတော့ပါဘူး။ နောက်တော့ - မန်ကျည်းရွက်တွေကို မစားကြတော့ဘဲ မြစ်ထဲ မျှောပစ်လိုက်တယ်လေ။ ကဲ - မဆန်းကြယ်ဘူးလား။ ဒါ - အောက်လမ်းအတတ်ပညာနဲ့ စီရင်လွှတ်လိုက်တာပါ။

ထိုအခါ မင်းတိုင်ပင်က ပါးစပ်အပေါင်းသားနှင့် ငေးနေသော မောင်လင်းသစ်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး -

"အဲဒါ - အပင်းသွင်းလိုက်တာပါ ကိုဝေလွှင်။ ကောင်လေးက ပထမဆုံး မန်ကျည်းပင်ပေါ်တက်ပြီး မန်ကျည်းရွက်ခူးတယ်။ ညီမက အပင်အောက်က စောင့်တယ်၊ ဒီအချိန်မှာ ခူးနေရက်ကနေ အပင်မြင့်ပေါ်က မန်ကျည်းရွက်လွယ်အိတ်က အပင်အောက်ကို မတော်တဆ လက်ချော်ပြီး မြေကြီးပေါ်ကို ဘုန်းခနဲ ပြုတ်ကျတယ်။ ဒီအချိန်မှာ နာနာဘာဝ သရဲကုလားမကြီးက လူပြုတ်ကျတယ်ထင်ပြီး အထုပ်ထဲကို အမဲသားတွဲကြီး ပစ်သွင်းတာပါ။ တော်သေးတယ်၊ လွယ်အိတ်မို့လို့ဗျာ၊ လူဆိုရင် အပင်းမိပြီး တော်တော်ဒုက္ခရမယ်ဗျို့ ဒါ - အောက်လမ်းပညာနဲ့ သရဲတို့ စေခိုင်းပြီး အပင်းသွင်းနိုင်းတာပေါ့။ ကြောက်စရာပါလားဗျို့ ရွာတွေမှာလည်း အဲဒီလို မနာလို မကျေနပ်ရင် အတိုက်အခိုက် အောက်လမ်းတွေရှိတတ်တယ်။ မယုံမရှိနဲ့၊ မယုံလို စမ်းကြည့်ရင် ခံဖို့သာပြင်ပေတော့"

ကျွန်တော်တို့သည် အတန်ကြာ ငြိမ်သက်နေမိကြသည်။ ထို့နောက် -

"ကဲဗျို့ - ပြောလက်စနဲ့ နောက်တစ်ပုဒ် ဆက်ပြောရတာပေါ့။ ဖြစ်ရပ်မှန်ပဲနော်"

မောင်လင်းသစ်က -

"နားထောင်လို့ ကောင်းတယ်ဗျာ၊ အံ့ဩထိတ်လန့်စရာပဲ"

"နောက်တစ်ပုဒ်ကလည်း ဖြစ်ရပ်မှန်ပဲနော်။ ကျွန်တော် အမေတို့ ဖြစ်ရပ်ပဲ"

"ပြောပါဗျာ - စိတ်ဝင်စားစရာပဲ"

"ကျွန်တော်တို့ အဘိုးအဘွားတွေက လယ်တွေ ခြံတွေ ပိုင်ခဲ့တယ်။ အင်္ဂလိပ်ခေတ်ဆိုတော့ ကျေးရွာလုံခြုံရေးကလည်း အားနည်းတယ်။ သူကြီး



ခေတ် ကျွန်တော့်အဘိုးရဲ့အဖေက သာဒင်လေးလို့ ခေါ်တယ်။ သူကိုယ်တိုင် ဦးစီးပြီး ရွာသစ်တစ်ရွာ တည်ထောင်ခဲ့တယ်လို့ ဆိုပါစို့ဗျာ၊ ခုထိ - ဘိုကလေး အောက်ဘက် ကွမ်းသီးချောင်းမှာ သာဒင်လေး အစုဆိုပြီး ရွာရှိသေးတယ်။ အဲဒါ - ကျွန်တော့်အဘိုးရဲ့ အဖေပေါ့။ အမေနဲ့ဆို အဘိုးတော်တအေပေါ့ဗျာ။ ထားပါတော့ဗျာ - လိုရင်း မရောက်တော့ဘူး။ အဘိုးတို့ လက်ထက်ထိ လယ်ဧကတွေ၊ ခြံတွေ တော်တော်များများ ပိုင်ဆိုင်လာတယ်၊ ဒါပေမဲ့ - သူခိုး သူဝှက်၊ ဓားပြက ပေါတယ်လေ"

တစ်နေ့တွင် ...

ရွာသို့ ရှမ်းဘောင်းဘီအနက်၊ တိုက်ပုံအနက်၊ ရောမလွယ်အိတ်ကြီး လွယ်ကာ ခရီးသွားရှမ်းအဘိုးကြီးတစ်ယောက်သည် အဘိုးအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။ ထိုအခါ အဘိုးက မျက်နှာစိမ်းဧည့်သည် ဖြစ်သည့်ပြင် ကောင်းမွန်စွာ ဧည့်ဝတ်ပြုသည့်သာမက အိမ်တွင် တည်းခိုစေသည်။

အဆိုပါ ရှမ်းတိုင်းရင်းသား ဧည့်သည်ကြီးသည် အဘိုး၏ အိမ်တွင် တစ်ပတ်ခန့် နေထိုင်သွားသည်။ မပြန်ခင် တစ်ရက်ကို အဘိုးကိုခေါ်၍ အောက်ပါအတိုင်း ပြောလေသည်။

"ငါ့ကို ဧည့်ဝတ်ကျေကျေ ပြုစုတာဝမ်းသာသဝေ့၊ နင် - ဘာဖြစ်ချင်သလဲပြော။ ငါ အောက်အရပ်ကို ဆေးကုလာတာဟ၊ ငါ တတ်နိုင်သလောက် ကူညီမယ်ဝေ့ ..."

ထိုအခါ အဘိုးက အနည်းငယ် စဉ်းစားဟန်ပြုကာ ...

"တောမှာ နေရတာ မြို့မှာလိုမဟုတ်ဘူး ဆရာကြီး၊ အသက်အန္တရာယ် များတယ်၊ ခြံထဲမှာ သီးနှံတွေ စပါးတွေလည်း မကြာခဏဆိုသလို ပျောက်ရှ

www.burmeseclassic.com

တယ်ဆရာကြီး၊ ဓားပြကြောက်ရ၊ သူခိုးကြောက်ရနဲ့ ရင်တထိတ်ထိတ်နေရတာပါ၊ အဲဒါလေး အန္တရာယ်ကင်းအောင် ဆောင်ရွက်ပေးခဲ့ပါလား ခင်ဗျ"

ထိုအခါ ရှမ်းတိုင်းရင်းသားကြီးသည် ပါးလက်စကွမ်းကို ရပ်လိုက်ပြီး -

"အို - ဒါလား၊ အလွယ်ကလေးပါဗျ၊ ဒို့ကို အပ်တစ်ချောင်းပေး၊ သံချေးတက်တာ မပေးနဲ့"

ထိုအခါ - အဘိုးက ထိုင်နေရာမှထကာ ခေါင်းရင်းကြွက်လျှောက်တန်းတွင် အုန်းဆီပုလင်းထဲ ထည့်ထားသော ပုလင်းကို ယူပေးလေသည်။ အဘိုးသည် ပုလင်းထဲထည့်ထားသောအပ်ကို ထုတ်ယူရန် ပုလင်းအဖုံးကိုဖွင့်ရာ အဖုံးက အံချော်နေကာ ရုတ်တရက် ဖွင့်မရဘဲ ကျပ်နေသည်။

"ဒီကို ပေးပါကွယ် - ကြာသကွယ်"

ရှမ်းတိုင်းရင်းသားကြီးက အဘိုးလက်ထဲမှ ပုလင်းကို ဆတ်ခနဲ ဆွဲယူကာ ပုလင်းအဖုံးကို မဖွင့်ဘဲ ပုလင်းအတွင်းမှ အပ်ကို ပုလင်းဖင်မှ ဆွဲထုတ်လိုက်လေသည်။

"ဟင်"

အဘိုးသည် ရှမ်းအဘိုးကြီး လက်ထဲတွင် ပါလာသောအပ်ကို တစ်လှည့်၊ ပုလင်းထဲမှ အိတ်ကို အဖုံးမဖွင့်ဘဲ အပြင်ရောက်အောင် ဘယ်လိုများ ဆွဲထုတ်လိုက်ပါလိမ့်၊ အာဂ လူပါကလား။

ထို့နောက် ရှမ်းတိုင်းရင်းသားအပ်ကိုယူကာ ဘုရားကျောင်းဆောင်ရှေ့တွင် တရိုတသေထိုင်ကာ ရှမ်းဘာသာဖြင့် ဂါထာမန္တန်များကို ကျယ်လောင်စွာ ရွတ်ဆိုလေတော့သည်။ နာရီဝက်ခန့် ရွတ်ဆိုပြီးသောအခါ အပ်ကို အဘိုးလက်ထဲသို့ သေချာစွာထည့်လေသည်။ ပြီးမှ -

"အိမ်ရဲ့တံစက်မြိတ်မှာ မြင့်တဲ့နေရာမှာ အပ်ကိုသေသေချာချာ ထိုးထားပါ။ ဒီအိမ်သားတွေ ခြံထဲကို ဘယ်လိုရန်သူမျိုးမဆို မဝင်နိုင်အောင် ကာကွယ်ပေးလိမ့်မယ်ဟေ့၊ ကဲ - လယ်ထဲ သွားရအောင်"

ရှမ်းတိုင်းရင်းသားကြီးသည် အဘိုးနှင့်အတူ လယ်ထဲရောက်သောအခါ အဘိုးပိုင်ဆိုင်သော လယ်မြေ၏ အကျယ်အဝန်းဧရိယာ၏ ထောင့်လေးထောင့်ကို မေးပါသည်။



"ကဲ - လိုက်ပြပါပေ့၊ နင့်လယ် ဘယ်သူခိုးမှ မဝင်စေရဘူး၊ မီး မလောင်စေရဘူး"

ရှမ်းတိုင်းရင်းသားကြီးသည် အဘိုး ညွှန်ပြသော လယ်မြေ၏ ပိုင်ဆိုင်သမျှသော ထောင့်လေးထောင့်ကို ကွမ်းတံတွေးဖြင့် လိုက်ထွေးလေသည်။

"ကဲ - ပြီးပြီ၊ စိတ်ချတော့"

နောက်နှစ်ရက်သုံးရက်ကြာသောအခါ ရှမ်းတိုင်းရင်းသားကြီး ပြန်သွားသည်။ ထိုနှစ်တွင် ခြံထဲ၌လည်းကောင်း၊ နေအိမ်လယ်ယာထဲ၌လည်းကောင်း၊ မည်သည့်သူခိုးသူဝှက်မှ ဝင်ရောက်ခြင်း၊ ခိုးယူခြင်း မရှိတော့ပေ။ စပါးခင်းတွင် စပါးများ သီးပွင့်မှည့်သောအခါတွင်လည်း စာကလေးပင် တစ်ကောင်တလေမျှ ဝင်ရောက်ခြင်း မပြုသည်မှာ အံ့ဩထူးဆန်းစရာ ကောင်းလှသည်။ ထိုနှစ်တွင် စပါးအထွက်နှုန်း ကောင်းမွန်ရာ မသမာသူ တစ်ဦးက လယ်မြေကို ရေနံဆီလောင်း၍ မီးရှို့ရာ အဘိုး၏လယ်မြေကို မီးလောင်ကျွမ်းခြင်းမရှိဘဲ ရှမ်းတိုင်းရင်းသားဆရာကြီး ကွမ်းတံတွေးထွေးခဲ့သော နေရာများနှင့် တစ်ပေကျော်ကျော်ခန့်တွင် မီးတောက်မီးစများ ဆက်လက်လောင်ကျွမ်းမှုမရှိဘဲ ရပ်တန့်နေသည်ကို တွေ့ရသည်။

အဘိုးသည် ပုဂ္ဂိုလ်ထူးရှမ်းတိုင်းရင်းသားကြီးကို ကျေးဇူးပြုလို၍ ရက်ပေါင်းလပေါင်းများစွာ လိုက်လံရှာဖွေရာ လုံးဝမတွေ့ရတော့ပေ။

"ဒါလည်း တော်တော်ဆန်းကြယ်တာပဲဗျ။ မျက်လှည့် ဆန်ဆန်ပဲ၊ ဒါပေမဲ့ - မျက်လှည့်တော့ မဟုတ်ဘူး၊ လောကီပညာထူးပဲ၊ ကဲ - ဆရာရေ ဆက်ပြောပါဦး၊ စိတ်ဝင်စားစရာတော့ တော်တော်ကောင်းပါလား"

"ဟုတ်တယ်ဗျာ - နားထောင်လို့လည်း ကောင်း၊ စားလို့လည်း ကောင်းပဲ"

မောင်လင်းသစ်က ဝင်ပြောလေရာ ကျွန်တော်က နောက်တစ်ပုဒ် ဆက်ပြောရန် ပြင်ဆင်ရပြန်လေသည်။ အဆိုပါဖြစ်ရပ်သည်လည်း ကိုယ်တွေ့ဖြစ်ရပ်ပင်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ပုဒ်ကတော့ ပဲခူး၊ အင်းတကော်ကျေးရွာမှာ ဖြစ်ပျက်သွားတာပါ။ ကျွန်တော့်မိတ်ဆွေရဲ့ ဦးခင်ကြီးပဲဆိုပါတော့၊ အသွားကြီးက ပိုက်ဆံချမ်းသာတယ်။ ရွာထဲမှာ တုန်စုံဆိုင်ကြီးကြီးမားမားလည်း ဖွင့်ထားသေးတယ်၊ အသွားကြီးက စိတ်ရင်းကောင်းရှိပါတယ်၊ အလှူအတန်းလည်း မပြတ်ဘူး၊ ပေးကမ်းစွန့်ကြဲတဲ့ အလေ့အထလည်း ပါတယ်၊ ဒါပေမဲ့ - နှုတ်ကတော့ တော်တော်ကြမ်းတယ်ဗျို့၊ နှုတ်ကြမ်းတော့ တစ်ရွာလုံးက ကြောက်ရတယ်၊ ပြီးတော့ - သူနဲ့လည်း မကောင်းကြဘူး မဟုတ်လား၊ ဆင်းရဲသား လက်လုပ်လက်စားများပါတယ်၊

တစ်နေ့တော့ သူ့ဆိုင်မှာ ဆန်အကြွေးလာဝယ်တဲ့ မိန်းမတစ်ယောက်ကို နင်ဘဲငဆပြောလွှတ်လိုက်တယ်၊ ဒါနဲ့ ဟိုမိန်းမက လူလယ်ကောင်မှာ အပြောခံရတော့ ရှက်လည်းရှက်၊ ဒေါသလည်းထွက်ပြီး ငိုယိုပြီး ပြန်သွားတယ်၊ ဆန်လည်း ရမသွားရှာပါဘူး၊ သနားစရာပါ၊

တစ်နေ့တော့ ဆိုင်ရှင်မိန်းမကြီး ရွာလယ်မှာ ချော်လဲပါလေရော၊ ချော်လဲတော့ ဒူးခေါင်းမှာ ဒဏ်ရာရသွားတယ်၊ ဒူးဒဏ်ရာ ချော်လဲတဲ့နေ့ကစပြီး တရှောင်ရှောင်ဖြစ်လာတယ်၊ မပျောက်ဘူး၊ အင်္ဂလိပ်ဆေး၊ ဗမာဆေး၊ အစုံပဲ၊ ပိုက်ဆံလည်းရှိတော့ မျိုးစုံကုပေမယ့် မပျောက်တဲ့အပြင် ဒူးခေါင်းကြီးက တစ်နေ့တခြား ကြီးကြီးလာတယ်၊ ဒါနဲ့ - ရန်ကုန် အရိုးအကြောဆေးရုံတက်ပြီး ပါရဂူတွေနဲ့ ပြသကုသပေမယ့် သိပ်အကြောင်း မထူးလှပါဘူး၊ ဓာတ်မှန်ရိုက်ကြည့်တော့လည်း ရောဂါဇစ်မြစ်ကို မတွေ့ရပါဘူး၊ ဒါနဲ့ - အင်းတကော်ကိုပြန်ခေါ်လာတယ်၊ ဒူးခေါင်းကြီးက ဆန်မြင်ပြည်တောင်းလောက်ရောင်ကိုင်းလာတယ်၊ ညဘက်ဆို အိပ်လို့မရအောင် ကိုက်ခဲလာတယ်၊ အမေ၊ အဘ တ.နေရတယ်လေ . . .၊

အဲဒီအချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် ကတုတ်ကျေးရွာက နာမည်ကျော်ပယောဂအထူးကုဆရာကြီးဦးမဲက မနော်စိဋ္ဌ(?)ဘုရားကို လာရင်းနဲ့ တစ်ဆင့်စကား တစ်ဆင့်ကြားနဲ့ အင်းတကော်ကို ရောက်လာပါလေရော၊



ဆရာကြီးက လူနာရဲ့အိမ်ပေါ်ကို တက်လိုက်ပြီဆိုတာနဲ့ ဒီဝေဒနာရှင်ဟာ သွေးရိုးသားရိုး ဝေဒနာမဟုတ်ဘဲ ဆန်းပြားတဲ့ပယောဂဝေဒနာသည်မှန်း သိလိုက်ပြီ၊ ဒီတော့ - ကျူးလွန်သူရဲ့ အပြစ်လား၊ ကျူးလွန်ခံရသူရဲ့ အပြစ်လားဆိုတာ မေးမြန်းတီးခေါက်ကြည့်တော့ ဝေဒနာသည်ရဲ့ နှုတ်ဝသီကြမ်းတမ်းမှုကို သွားတွေ့ရတော့ ဆက်မမေးတော့ပါဘူး၊

"ဒီဝေဒနာက ပယောဂ လုပ်ဖြုစားတဲ့ ဝေဒနာဖြစ်တယ်၊ ဘယ်သူက လုပ်တယ်၊ ဘယ်လိုအတတ်ပညာမျိုးနဲ့ စီမံတယ်ဆိုတာတွေကို ဆရာ့ကို လျှောက်မမေးပါနဲ့တော့၊ သံသရာရှည်ပါတယ်၊ ချစ်စကို ရှည်စေ၊ မုန်းစကို တိုစေပါ၊ ဘယ်သူမပြု မိမိမှုပဲ၊ ဝေဒနာရှင်အနေနဲ့ ဒီနေ့ဒီရက်တစပြီး နှုတ်စောင့်စည်းဖို့လိုပါလိမ့်မယ်၊ လူမှုပေါင်းသင်း ဆက်ဆံရေးမှာ စိတ်ရှည်ဖို့ လိုပါတယ်၊ စကားပြောချိုသာယဉ်ကျေးပါ၊ နောက်တစ်ခါဖြစ်ရင်တော့ မလွယ်တော့ဘူး၊ ဆရာ့ကို ကတိပေးပါ"

လူနာသည် ဝေဒနာကြားက မျက်နှာငယ်နဲ့ ခပ်ယဲ့ယဲ့ပြုံးပြီး ခေါင်းညိတ်ပါတယ်၊

"ဆရာကြီးရယ် - ကျွန်မ ကတိပေးပါတယ်၊ နောက်ဆို ဈေးဝယ်သူတွေကို ယဉ်ယဉ်ကျေးကျေးပဲ ဆက်ဆံပါတော့မယ်၊ ဆိုင်ကို အကြွေးဝယ်သူတွေများတော့ ကျွန်မလည်း ဝယ်သူတွေကို ခပ်ကြမ်းကြမ်း မောက်မောက်မာမာ ဆက်ဆံမိတာပါ၊ လူတွေကများတော့ ဘယ်သူဘယ်ဝါဆိုတာ မမှတ်မိတော့ပါဘူး၊ ကျွန်မ ခံစားနေရတဲ့ ဝေဒနာကိုပျောက်အောင် ကုသပေးပါ ဆရာကြီးရယ်၊ ကျေးဇူးမမေ့ပါဘူး"

"ကျုပ်ကိုကျေးဇူးမတင်ပါနဲ့၊ နှုတ်ချိုသျှိုတစ်ပါးတဲ့ - ယဉ်ယဉ်ကျေးကျေး ဆက်ဆံရင်တော်ပါပြီ၊ တစ်ဖက်သား နားဝင်ခံသာအောင် ဆက်ဆံစေလို ပါတယ် ခင်ဗျာ"

"ကျွန်မ ကတိပေးပါတယ်၊ ဆရာကြီးရယ် - ကျွန်မကို ကယ်ပါရှင်"

ထို့နောက် - ဆရာကြီးသည် ဘုရားပွဲ၊ သာသနာပွဲများ အုန်း၊ ငှက်ပျော၊ အမွှေးတိုင်၊ အလင်းတိုင်တို့နဲ့ ပွဲထိုးပါတော့တယ်၊ အားလုံးကို မွှေးဖို့ အမှု



www.burmeseclassic.com

www.burmeseclassic.com

ဝေပြီး သက်ဆိုင်ရာပညာသည်ကို ပင့်ဖိတ်ပြီး မေတ္တာရပ်ခံတယ်၊ ဖျောင်းဖျတယ်၊ သည်းခံခွင့်လွှတ်ဖို့ တစ်ကြိမ်တစ်ခါ ခွင့်လွှတ်ဖို့ တောင်းပန်ရင်း ခွင့်ပြုချက်ရတော့ ဆေးကုပါတော့တယ်၊ ဆရာကြီးက ဗိန္ဒောဆေးပညာအရ အထက်ဆရာတွေက အာဏာကုန်အပ်နှင်းထားပေမယ့် မေတ္တာနဲ့ ကုသတယ်လို့ ဆိုရမယ်လေ"

ဝေဒနာသည်ကို ဘုရားရှင်ကို ဝတ်ပြုစေပြီး ခြေဆင်းခိုင်းလိုက်ပါတယ်၊ အဲဒီနောက် မားငယ်ကလေးနဲ့ ရောင်ကိုင်းနေတဲ့ ဒူးခေါင်းကို အသာကလေး



ကဲ - ဘယ်လောက်ဆန်းကြယ်သလဲ၊ ဘယ်သူက ဒီဒူးခေါင်းထဲကို ဆန်စေ့တွေ လာထည့်ထားပါသလဲ၊ ဆန်စေ့တွေ ဘယ်လိုလုပ် ဒူးခေါင်းထဲ ရောက်လာပါသလဲ၊ ပြီးတော့ - ဓာတ်မှန်ရိုက်တုန်းကလည်း ဓာတ်မှန်မှာ မပေါ်ဘူးလေ၊ ဒါဟာ - ဆန်းကြယ်တဲ့ မှော်အောက်လမ်း အတတ်ပညာပဲ၊ နောက်တော့ - ဝေဒနာသည်ဟာ နောင်တတရားနဲ့အတူ စကားပြောဆိုဆင်ခြင်ပြီး တရားဓမ္မဘက်ကို လိုက်သွားပါတော့တယ် . . .



ခွဲလိုက်တယ်ဆိုရင်ပဲ ဒူးခေါင်းထဲကနေ သွေးပုပ်ပြည်ပုပ်တွေနဲ့အတူ ဆန်စေ့တွေရောပြီး ထွက်ကျလာပါတော့တယ်၊ ဆန်စေ့နဲ့ သွေးပျစ်ပျစ်တွေချည်းပါပဲ၊ *ဆရာကြီးကတော့ မရွံ့မရှာဘဲ ညှစ်ထုတ်ပစ်ပါတယ်၊* သွေးနဲ့ ဆန်စေ့တွေ ထွေးခံတစ်လုံးမက ကျလာပြီးတော့ ရပ်သွားပါတော့တယ်လေ၊

ကဲ - ဘယ်လောက်ဆန်းကြယ်သလဲ၊ ဘယ်သူက ဒီဒူးခေါင်းထဲကို ဆန်စေ့တွေ လာထည့်ထားပါသလဲ၊ ဆန်စေ့တွေ ဘယ်လိုလုပ် ဒူးခေါင်းထဲ ရောက်လာပါသလဲ၊ ပြီးတော့ - ဓာတ်မှန်ရိုက်တုန်းကလည်း ဓာတ်မှန်မှာ မပေါ်ဘူးလေ၊ ဒါဟာ - ဆန်းကြယ်တဲ့ မှော်အောက်လမ်း အတတ်ပညာပဲ၊ နောက်တော့ - ဝေဒနာသည်ဟာ နောင်တတရားနဲ့အတူ စကားပြောဆိုဆင်ခြင်ပြီး တရားဓမ္မဘက်ကို လိုက်သွားပါတော့တယ်၊ ဒီရောဂါကို ကုသတဲ့ ဆရာကြီးကလည်း သွေးရိုးသားရိုးဝေဒနာနဲ့ ပယောဂနဲ့ ယှဉ်တွဲဝေဒနာကို ခွဲခြားသိတာလည်း ပညာရပ်စခန်းတစ်ခုအဖြစ် လေးစားစဖွယ် တွေ့ရပါတယ်၊

"ကဲ - ကဲ - ဆရာတို့ရာ ကျွန်တော် သိရသလောက် ပြောပြီးပြီ၊ ဆရာတို့ အလှည့်ပဲ၊ ကိုယ့်အလှည့်ကျတော့ မနွဲ့စတမ်းပျိုနော်"

ကျွန်တော့်စကားဆုံးတော့ ဆရာမင်းကိုင်ပင်က မောင်လင်းသစ်ဘက်ကို မေးငေါ့ပြီး . . .

"ကဲ - ဆရာလေး၊ ကျောင်းအုပ်ဆရာကြီးရယ် - လုပ်ပါဦး"

မောင်လင်းသစ်သည် တဟဲဟဲရယ်မောရင်း ရေနွေးတစ်ခွက်ကို ငုံ၍ ပြောသည်၊

"ကျွန်တော်ကတော့ တခြားနိုင်ငံမှာ ဖြစ်ပေါ်ကျင့်သုံးနေတဲ့ မှော်ပညာ၊ အောက်လမ်းညာတွေကို လေ့လာမိသလောက်၊ မှတ်မိသလောက် ပြောပြချင်ပါတယ်၊ ဆရာလုပ်တာ မဟုတ်ဘူးနော်၊ ဖတ်ထား၊ မှတ်ထားတာတို့ ပြောပြမှာ - ဒီလိုလေ"

www.burmeseclassic.com

မော်ပညာအောက်လမ်းပညာသည် အာရှမှာသာမက ဥရောပ၊ အာဖရိက စသည့် ကမ္ဘာ့တစ်ဝှမ်းလုံး ပြန့်နှံ့အသုံးချနေသည်ကို တွေ့ရသည်။ ကျွန်ုပ်တို့ နေထိုင်ရာကမ္ဘာကြီးသည် လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ တိုင်းပြည်တစ်ပြည်နှင့်တစ်ပြည် လွန်မင်းစွာဝေးကွာပြီး အဆက်အဆံ အကူးအလူး နည်းပါးခဲ့ကြသော်လည်း ရိုးရာပုံပြင်များ၊ ပန်းချီပန်းပုများ၊ မော်ပညာ၊ အင်းအိုင်လက်ဖွဲ့မန္တန်တို့သည် ထပ်တူနီးပါး မဟုတ်သော်လည်း ဆင်တူကြသည်ကို ထူးခြားစွာ တွေ့မြင်ရသည်။ ပြင်သစ်နှင့် အင်္ဂလန်ကဲ့သို့သော နိုင်ငံများတွင် နက္ခတ်ပညာသာမက မော်ပညာရပ်များကိုပင် သင်ကြားပို့ချခဲ့ဖူးလေသည်။ ကိုယ်ပျောက်အတတ်ပညာ၊ အိပ်မွေ့ချပညာ၊ ဆေးခတ်အတတ်တို့ကို လေ့လာလိုက်စားခဲ့ကြလေသည်။

ရှေးနှစ်ပေါင်းများစွာက လူတို့ ကိုးကွယ်မှုနှင့်အတူ မော်ပညာများ တန်ခိုးထွားခဲ့ကြသည်။ အီဂျစ်အောက်လမ်း မော်ဆရာတို့သည် ဖယောင်းသားဖြင့် တိရစ္ဆာန်အရုပ်များ ထုလုပ်ကာ ဂါထာမန်းမှုတ် အသက်သွင်းပြီးလျှင် ရန်သူကို တိုက်ခိုက်သော အတတ်ပညာကို တတ်မြောက်ကြပေသည်။

ဖာရိုးဘုရင်တစ်ပါး လက်ထက်က ဖြစ်သည်။ ဘုရင်၏ နန်းတွင်းအရာရှိတွင် လှပချောမောသော နန်းတွင်းပျိုမြူ တစ်ယောက်ရှိသည်။ အဆိုပါမောင်းမငယ်သည် စစ်သားတစ်ယောက်နှင့် တိတ်တိတ်ပုန်းဖောက်ပြန်နေလေသည်။

ခင်ပွန်းသည် နန်းတွင်းအရာရှိ လစ်သည်နှင့် ယောကျ်ားငယ်နှင့်အတူ နိုင်းမြစ်ကမ်းခြေတွင် တိတ်တိတ်ပုန်း ပျော်ပါးနေလေ့ရှိသည်။ ထိုအခြင်းအရာကို သိရှိသွားသော စားဖိုမှူးက နန်းတွင်းအရာရှိကို တိုင်ကြားလေသည်။

"သခင် - သခင့်အမျိုးသမီးဟာ စစ်သားတစ်ယောက်နဲ့ ဖောက်ပြန်နေတယ်ဆိုတာ ကျွန်တော်မျိုး မျက်စိနှင့် တပ်အပ်သေချာမြင်ရပါပြီ သခင်။ သခင့်ကို ပြစ်မှုအတွက် စီရင်ဆုံးဖြတ်ပါတော့၊ အရှင့်သိက္ခာကျရပါပြီ"



ထို့နောက် စားဖိုမှူးသည် ထိုစစ်သား ညနေတိုင်း ရေဆိပ်သို့ ရေဆင်းချိုးလေ့ရှိသည့်အကြောင်းစုံကို ဖွင့်ဟပြောပြလေသည်။ နန်းတွင်းအရာရှိသည် အရုက်တကွဲ ဒေါသအိုးပေါက်ကွဲကာ အောက်ပါအစီရင်ကို ပြုလုပ်လေသည်။

"ဒီလို ဖောက်ပြန်တဲ့ကောင်၊ ငါ့အကြောင်း သိစေရမယ်"

နန်းတွင်းအရာရှိသည် ဖယောင်းဖြင့် ကြောက်မက်ဖွယ်ကောင်းသော မိကျောင်းရုပ်တစ်ရုပ်ကို လက်ရာပြောင်မြောက်စွာ ထုလုပ်လေသည်။ ထို့နောက် ဆေးဝါးမန္တန်များဖြင့် မန်းမှုတ်သရဇ္ဈာယ်က စားတော်ကဲအား ထိုဖယောင်းမိကျောင်းရုပ်ကို ပေးလိုက်လေသည်။

"မင်း - ဒီဆေးဝါးမန္တန် စီရင်ထားတဲ့ မိကျောင်းရုပ်ကို သေသေချာချာ ယူသွားပါ။ ဟိုကောင် စစ်သား ရေဆိပ်တို့လာပြီး မြစ်ထဲရေဆင်းချိုးတာနဲ့ တပြိုင်နက်တည်း မြစ်ထဲကို ဒီဖယောင်းရုပ်ကို ပစ်ချလိုက်"

"ဟုတ်ကဲ့ပါ - သခင်၊ သေသေချာချာ ဆောင်ရွက်ပါ့မယ်"

"တာဝန်ကို မလစ်ဟင်းစေနဲ့၊ ပီပြင်စေ"

"စိတ်ချပါ - သခင်"

စားဖိုမှူးသည် မိကျောင်းရုပ်ကို ယူဆောင်သွားလေသည်။ ထိုနေ့ညနေတွင် စစ်သားသည် အမျိုးသမီးငယ်နှင့် ပေါင်းသင်းဖောက်ပြန်ပြီးနောက် အမြဲပြုမူနေကြအတိုင်း မြစ်ဆိပ်သို့ သတိလက်လွတ် အပူပင်ကင်းစွာ ဆင်းသက်လာလေသည်။ သူ၏ နောက်ကွယ်တွင် စားဖိုမှူးသည် ပုန်းလျှိုးကွယ်လျှိုး လိုက်ပါလာသည်။ စစ်သားသည် ရှေ့မှ အပူပင်မဲ့စွာ သွားနေခြင်းဖြစ်သည်။

စစ်သားသည် မြစ်ဆိပ်သို့ ရောက်သည်နှင့် အဝတ်အစားချွတ်ကာ ရေထဲသို့ ဆင်းလိုက်လေသည်။ ထိုအခါ နောက်မှ ပုန်းလျှိုးကွယ်လျှိုး လိုက်ပါလာသော စားဖိုမှူးသည် ရေချိုးဆိပ်သို့ လျင်မြန်စွာ ပြေးထွက်လာပြီးလျှင် လက်ထဲမှ ဖယောင်းရုပ်ကို မြစ်ထဲသို့ ပစ်ချလိုက်လေသည်။ ထိုအခါ မိကျောင်းရုပ်ရော၊ စစ်သားကပါလေးပါ မြစ်ထဲမှ ပြန်ပေါ်မလာဘဲ ရေအောက်သို့ စုန်းစုန်းမြုပ် ပျောက်ကွယ်နစ်မြုပ်သွားလေသည်။ ဆူပွက်၍ ဒေါမာန်ထနေသော ရေပွက် ကြီးများအောက်တွင် ပြန်ပေါ်မလာတော့။

www.burmeseclassic.com

သည်လိုနှင့် ရက်ပေါင်းများစွာကြာပြီး ဆယ်ရက်ခန့်အကြာတွင် နန်းတွင်းအရာရှိသည် ဖာရိုးဘုရင်ကို ပင့်ဖိတ်ခေါ်ဆောင်ကာ မြစ်ဆိပ်သို့ ရောက်ရှိလာလေသည်။ နန်းတွင်းအရာရှိသည် ရေမျက်နှာပြင်ကို စူးစိုက်ကြည့်ပြီး နှုတ်မှ ဂါထာမန္တန်တစ်ပုဒ်ကို ဌာန်ကရိုဏ်းကျကျ ဖတ်ရွတ်လိုက်သည်နှင့် ခဏကြာလျှင် ရောမ မိကျောင်းကြီးတစ်ကောင်သည် စစ်သား၏ ဖောင်းပွပုပ်ပွနေသောအလောင်းကို ကိုက်ချီကာ ရေပေါ်သို့ ဘွားခနဲ ပေါ်လာလေသည်၊ အားလုံး လန့်ဖျပ်သွားကြသည်။

"ဟာ – မိကျောင်းကြီးဟေ့၊ စစ်သားကို ကိုက်ချီပြီး ပေါ်လာပြီ"

မိကျောင်းသည် အမိန့်နာခံသော အိမ်မွေးတိရစ္ဆာန်ကလေးပမာ စစ်သား၏ အလောင်းကို ကိုက်ချီကာ ကမ်းစပ်သို့ တက်လာပြီးလျှင် နန်းတွင်းအရာရှိ၏ ရှေ့မှောက်တွင် အလောင်းကို အန်ချလိုက်သည်၊ အလောင်း သည် ပျော့ခွေ၍ ကျလာသည်။

ဖာရိုဘုရင်သည် အံ့ဩဝမ်းတိတ်လန့်ဟန်ဖြင့် ...

"အလိုလေး – ထူးဆန်းအံ့ဩစရာကောင်းလှပါလား"

နန်းတွင်းအရာရှိသည် ဖာရိုးဘုရင်ကို အရိုအသေပြုပြီးနောက် –

"ဆက်ပြီး – ရှုစားကြပါအရှင်၊ သည့်ထက် အံ့ဩစရာကို တွေ့ရပါလိမ့်မယ်"

သူသည် ဖာရိုးဘုရင် မျက်မှောက်မှာပင် မိကျောင်း၏ ဝမ်းဗိုက်အောက်သို့ လက်တစ်ဖက် လျှိုသွင်းလိုက်ပြီးနောက် ပွတ်သပ်လိုက်သည်နှင့် ကြောက်မက်ဖွယ်ကောင်းလှသော ရောမမိကျောင်းကြီးသည် မူလဖန်တီးခဲ့သော မိကျောင်းဖယောင်းရုပ်ဘဝသို့ ပြန်လည်ရောက်ရှိသွားလေသည်။

ဖာရိုးဘုရင်သည် မိမိရှေ့မှောက်မှာပင် ထူးဆန်းအံ့ဩဖွယ်ရာများကို ဆက်တိုက်မြင်လိုက်ရသဖြင့် ပါးစပ်အဟောင်းသားဖြင့် ကြောင်အနေသည်။

နန်းတွင်းအရာရှိက ဖြစ်ကြောင်းကုန်စင်ကို အစမှအဆုံးတွင် အဖြစ်မှန်ကို ရှင်းလင်းပြောပြလိုက်သောအခါ ဖာရိုးဘုရင်သည် သဘောပေါက်သွားတော့၏၊ ထိုသို့ ရှင်းလင်းတင်ပြပြောဆိုပြီး နောက်အရာရှိသည် ဖယောင်းရုပ်ကလေးကို မြေကြီးပေါ်ချကာ မှောက်လျက်ထားလိုက်သည်။ နှုတ်မှ —

"ကိုင်း – မင်း အစာကိုယူပြီး ရေအောက်ကို ပြန်ပေတော့"

အမိန့်ပေး ရေရွတ်လိုက်သည်နှင့် ဖယောင်းရုပ်ကလေးတို့ မူလ ကြောက်မက်ဖွယ် မိကျောင်းကြီးအသွင်သို့ ပြန်လည်ကူးပြောင်းသွားကာ စစ်သား၏ အလောင်းကို ကိုက်ချီလျက် ရေနက်ထဲသို့ ပြန်လည်ငုပ်လျှိုးပျောက်ကွယ်သွားလေသည်၊ ထိုအခါ – စောစောပိုင်းက ကြည်လင်အေးမြနေသော ရေပြင်သည် သွေးရောင်လွှမ်းကာ ကြောက်မက်ဖွယ်အဆင်းသဏ္ဌာန် ဖြင့် ငြိမ်သက်တိတ်ဆိတ်သွားတော့သည်။

မောင်လင်းသစ်သည် အောက်ပါအတိုင်း ဆက်ပြောလေသည်၊

မှော်ပညာဟာ မွေးရာပါ အတတ်ပညာလို့ ရှေးဟောင်းဂရိတို့က ယုံကြည်တတ်ပါသေးတယ်၊ သဘာဝအရ မွေးကတည်းက ပါလာတဲ့ခါးကုန်းခြင်း၊ ခေါင်းနှင့် ကျောပြင်တွင် အသားပိုဘုကြီးများ ပါဝင်လာခြင်းတို့သည် သဘာဝကပေးတဲ့ တန်ခိုးကြီးလက်ဆောင်တွေဆိုပြီး ဂရိတွေက ဂုဏ်ယူဆတတ် ကြပါတယ်၊ သူတို့ဟာ ဘုရားရှိခိုးကျောင်းဝင်း၊ ဂူတွေ၊ လမ်းဆုံလမ်း၊ ခွများမှာ စုန်းနဲ့မှော်ပညာတွေကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိပါတယ်၊ တုတ်ချောင်းမှာ မီးခွက်ပုံဖော်ထားသော သော့နှင့် လှုရိုးများဟာ စုန်းကဝေတို့ရဲ့ လက်စွဲတော်အဆောင်တွေပေါ့၊ သူတို့ဟာ ပုတ်သင်ညှိုခြင်းလိပ်ချောတို့ကို ဆေးဝါးစီရင်ပြီး မီးဖုတ်ပြာချကာ သစ်မြစ်တစ်မျိုးနဲ့ ပေါင်းစပ် လျက် "ဟေကာတေး" နတ်ဘုရားမရဲ့ရုပ်တု ထုပါတယ်။

သူတို့ရဲ့ ပီယဆေးတစ်မျိုးကတော့ ပထမဦးဆုံး ရွှံ့နဲ့ပြုလုပ်ထားတဲ့ ယောက်ျားရုပ်နဲ့ မိန်းမရုပ်မှာ ယောက်ျားရုပ်ကို မတ်တတ်ရပ်စေပြီး ဓားတိုင်စေတယ်၊ လက်ကိုတော့ နောက်ပြန်ကြိုးတုပ်ထားတယ်၊ အဲဒီနောက် မှ



www.burmeseclassic.com

www.burmeseclassic.com

ထောက်ပြီး ခပ်မော့မော့ဖြစ်နေတဲ့ မိန်းမရွှေ့ ရုပ်ရဲ့ လည်မျိုကို ဓားနဲ့စိုက်ထားပါတယ်။ ဂါထာကတော့ ကျွန်ုပ်သည် သူ၏ နှလုံးသည်းပွတ်ထဲသို့ ဓားဖြင့်စိုက်ထိုးစေကာ ကျွန်ုပ်အား အခါမလပ် သတိရစေသတည်းဟု ထပ်ခါထပ်ခါ ရွတ်ပွားခြင်းဖြင့် အစီရင်ကို ဆောင်ရွက်ပါတော့တယ်။

နောက်ထပ် ဖြစ်ရပ်တစ်ခုကတော့ အာဖရိကတိုက်မှာပါ။ အချိန်ကတော့ နွားရိုင်းသွင်းချိန်လို့ ဆိုရပါမယ်။ အမဲလိုက်အဖွဲ့တစ်ဖွဲ့ဟာ အချိန်လွန်ပြီး စုရပ်ဖြစ်တဲ့ စခန်းကို ပြန်မရောက်ဘဲ ရွာတစ်ရွာကို မျက်စိလည်ရောက်ရှိသွားပါတယ်။ ရွာထဲမှာ ဆိုင်းသံ၊ ဗုံသံတွေနဲ့ ဆူညံနေပါတယ်။ ရွာလူကြီးက ဗုံတီးပြီး ရွာရှိ လူကုန်စုဝေးဖို့ ဆင့်ခေါ်လိုက်တဲ့ သတိပေး ဗုံသံပါ။ ဒီအခါမှ ခေါင်းဆောင်က . . .

"ဒီအသံက အာဖရိက တောတွင်းသား လူရိုင်းတွေရဲ့အချက်ပေးအသံပဲ"

မုဆိုးအဖွဲ့သည် ရွာထဲကို သတိဝီရိယနဲ့ ဝင်လာတယ်။ ဒီအချိန်မှာ ရွာထဲက အဘိုးအိုနဲ့ ရွာရှိအမျိုးသမီးတွေက မုဆိုးအဖွဲ့ကို ရွာမှာ တစ်ညတည်းခိုပြီးမှ ခရီးဆက်ဖို့ပြောပေမယ့် မုဆိုးအဖွဲ့က ခေတ္တသာနားပြီး ရှေ့ကို ခရီးဆက်တယ်။ ကြာကြာမနေရဲဘူး။ ဘာဖြစ်လို့လည်းဆိုတော့ မုဆိုးအဖွဲ့ကို လမ်းပြတဲ့လူက အဲဒီနယ်က တိုင်းရင်းသားတစ်ယောက်ပါ။ သူက ဘာဖြစ်လို့ ဒီရွာထဲမှာ တစ်ညတာ စခန်းမချနိုင်းလဲဆိုတော့ ဒီည ကျားသစ်ဂိုဏ်းအဖွဲ့ တောထွက်လိမ့်မယ်။ ကျားသစ်ဂိုဏ်းအဖွဲ့ တောထွက်လျှင် ထိုဂိုဏ်းဝင်များ လှည့်လည်ကျက်စားသည့်နေရာတိုင်း သွေးမြေ ကျလိမ့်မယ်လို့ သတိပေးထားလို့ပါ။

ဒါနဲ့ - မုဆိုးအဖွဲ့က ရွာထဲကနေ ချက်ချင်းခွာပြီး ခရီးထွက်ခဲ့တယ်။ ဒါနဲ့ - ရွာနဲ့ ခပ်လှမ်းလှမ်းတောအုပ်မှာပဲ တစ်ညတာကို ကုန်လွန်ဖို့ ဆုံးဖြတ်ကျရင်း သတိဝီရိယနဲ့ သစ်ပင်ပေါ်မှာ လင့်စင်ထိုးပြီး တက်အိပ်ကြဖို့ ပြင်ဆင်ကြတယ်။

အဲဒီညမှာ လကလည်း မှုန်ရေးရေးနဲ့ပါ။ မုဆိုးအဖွဲ့ဟာ ရင်တထိတ်ထိတ်နဲ့ မအိပ်ကြဘဲ စောင့်ကြည့်နေကြတာပေါ့။ အလှည့်ကျ ကင်းစောင့်ပြီး



စခန်းချကြရင် ညသန်းခေါင်လောက်မှာ အစောင့်ကနေ မုဆိုးအဖွဲ့ခေါင်းဆောင်ကို အရေးတကြီး လှုပ်နှိုးလိုက်ပါတော့တယ်။ သူတို့ အရှင်းချင်း အသံမကြားရအောင် တိတ်တဆိတ် နှိုးကြရင်း ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ချိန်မှာ -

မှုန်ဝါးဝါးကြယ်ရောင်၊ လရောင်အောက်ဘက်ဆီတွင် အကောင်ရေနှစ်ရာခန့်ရှိမည် ထင်ရသော ကျားသစ်အုပ်ကြီး တစ်အုပ်သည် တောအုပ်ထဲမှာ တိတ်ဆိတ်ငြိမ်သက်စွာ ဖြတ်သွားတာကို တွေ့လိုက်ရပါတော့တယ်။ မုဆိုးအုပ်စုသည် ထိုအခါကျမှ ငြိမ်သက်တိတ်ဆိတ်စွာ ချောင်းကြည့်နေမိတော့တယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျားသစ်တို့ရဲ့ သဘာဝက ဒီလို အုပ်လိုက်ကျက်စားသွားလာလေ့မရှိဘဲ တစ်ကောင်တည်းသာ ကျက်စားသွားလာနေထိုင်တတ်တဲ့ တိရစ္ဆာန်မျိုးတွေ မဟုတ်လား။ ကောင်ရေ ရာနဲ့ချီပြီး ကျက်စားတတ်တဲ့ သတ္တဝါတွေ မဟုတ်ဘူး။

နောက်တစ်နေ့ရောက်တော့ မုဆိုးအဖွဲ့ ခရီးဆက်တဲ့အခါမှာ ရွာတစ်ရွာကို ရောက်ရင်ပဲ ကြောက်ခမန်းလိလိ ဖြစ်ရာ အနိဋ္ဌာရုံမြင်ကွင်းတစ်ခုနဲ့ စိတ်မချမ်းမြေ့ဖွယ်ရာ ကြုံရတော့တယ်။ မုဆိုးအဖွဲ့ဝင်ရောက်ခဲ့သော ရွာတွင် ကျားသစ်အုပ်ကြီးရဲ့ လက်ချက်နဲ့ မိန်းမ၊ ယောက်ျား၊ ကလေး အလောင်းတွေဟာ သွေးရဲသံရဲ ခြေပြတ်လက်ပြတ်၊ ဗိုက်တွေပွင့်ပြီး နေရာအနှံ့ ပြန့်ကြဲနေပြီး ကျန်ရစ်တဲ့ ရွာသူရွာသားတွေကတော့ ကမ္ဘာပျက်မတတ် ငိုကြွေးရင်း ကျန်ရစ်ခဲ့ကြတော့တယ်။

ဒါဟာ - ကျွန်တော်တို့ မြန်မာပြည်က သမန်းကျားနဲ့ ခပ်ဆင်ဆင် တူပါလိမ့်မယ်ထင်ပါတယ်။ ကျားသစ်ဂိုဏ်းဝင်တွေဟာ ရန်သူကို ပထမဦးဆုံး ကျားသစ်အသွင်နဲ့ တိုက်ခိုက်ပြီး ရန်သူလဲကျသွားပြီဆိုတာနဲ့ လူအဖြစ်ကို ချက်ချင်းကူးပြောင်းသွားတယ်လို့ဆိုပါတယ်။ အဲဒီနောက် - လူသေရဲ့ရင်ကို ခွဲပြီး အသည်းကို ထုတ်ယူစားတယ်လို့ ဆိုပါတယ်။

မောင်လင်းသစ်သည် သူ၏ကြောက်မက်ဖွယ်ကောင်းလှသော အာဇာနီက တောတွင်းမှော်အတတ်ပညာ ဇာတ်လမ်းကို ပြောပြီးသည်နှင့် အကောင်မောဟိုက်သွားဟန်တူသည်။ ရေနွေးတစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုအခါ - ဆရာမင်းတိုင်ပင်ကလည်း သူ၏ဂမ္ဘီရနှင့် ပတ်သက်သော လောကီပညာစခန်းကို ဖွင့်လှစ်ရန် ဟန်ပြင်လိုက်ပြီး စားလက်စ မုန့်များကို အစသတ်ကာ အောက်ပါအတိုင်း စိတ်ဝင်စားဖွယ်ကောင်းအောင် ပြောပြလေသည်။

ကျွန်တော်ကတော့ စုန်းကဝေ ပတ်သက်၍ ဗဟုသုတအဖြစ် ပြောပြချင်ပါတယ်။ စုန်းအမျိုးအစားပေါင်း (၉၉) မျိုး ရှိပါတယ်။

●● စမျိုးတိုင်စုန်း ●●

၁။ မြေရှည်စားစုန်း ၂။ မြေစပ်စားစုန်း
၃။ မြေပုပ်စားစုန်း ၄။ မြေဖန်စားစုန်း
၅။ မြေညှိစားစုန်း ၆။ မြေခါးစားစုန်း

●● စက်စုန်း ●●

၁။ တဝီစုန်း
၂။ ရနီစုန်း (တန်ခိုးကြီးသည်၊ သာမန်ဆရာများ မသိနိုင်ပါ။)
၃။ ရဝါစုန်း ၄။ ဝိတ္တာစုန်း

●● ရူပဝိပရိစုန်း ●●

၁။ စုန်းနားပင်း
၂။ စုန်းကျောက်ခဲ (အမောက် ၃ဝ စီ ရှိသည့် တန်ခိုးကြီးသည်၊ နာနာရုပ်မျိုးစုံ ဖန်ဆင်းနိုင်သည်)
၃။ စုန်းလေပွေ
၄။ စုန်းဥတစ်လုံး
၅။ စုန်းဘီလူး
၆။ စုန်းနဂါးစက်



●● နာနာရုပ်စုန်း ●●

၁။ မော်ဝင်စုန်း ၂။ စုန်းမော်စုန်း
၃။ နတ်မော်စုန်း (နာနာဘာဝရုပ်မျိုးစုံ ဖန်ဆင်းနိုင်သည်)
၄။ မော်စုံစုန်း ၅။ ဘီလူးစုန်း
၆။ သိုးမော်စုန်း ၇။ မော်ပါစုန်း
၈။ မော်သိမ်းစုန်း ၉။ မော်စဉ်စုန်း

●● ကုဋ္ဌဒိပ္ပစုန်း ●●

၁။ စုန်းသူကြွယ် ၂။ စုန်းသူဟောင်း
၃။ စုန်းဖုတ်
၄။ စုန်းမာတယာ (အသီးသီး တန်ခိုးရှိသည်၊ အမောက်တည်းဟူသော ပညာဖြင့် ထွန်းပတတ်သည်)
၅။ စုန်းတွတ်သို ၆။ စုန်းကြွက်တတ်
၇။ စုန်းသိုးစုတ် ၈။ စုန်းအောင်း
၉။ စုန်းပန်းဝါပြောက် ၁ဝ။ စုန်းသမယ
၁၁။ စုန်းတခွေ ၁၂။ စုန်းညီနောင်

●● ကုလဝံသစုန်း ●●

၁။ သွေးစုန်း
၂။ လေစုန်း
၃။ ဆေးစုန်း
၄။ မိလာဘလာစုန်း
၅။ လက်စုန်း (လက်မှ အရောင်ထွက်သည်။)
၆။ ခြေစုန်း (ခြေမှ အရောင်ထွက်သည်။)
၇။ အမောက်သုံးဆင့်ရှိသောစုန်း



www.burmeseclassic.com

www.burmeseclassic.com

•• ဗာလိစုန်း ••

၁။ ကပိစုန်း
၂။ မြေစုန်း
၃။ လက်စုန်း
၄။ မှော်ဝင်စုန်း
၅။ အိမ်တလိမ့်စုန်း
၆။ ဇော်ဂနီစုန်း
၇။ သားစားစုန်း

•• ကဝေပျံစုန်း ••

၁။ မြင်းကဝေ
၂။ နတ်ကဝေ
၃။ ယက္ခိုက်ကဝေ
(၎င်းတို့အလိုရှိသော အခါမှ အမောက်ရောက်လာကုန်သည်။
၄။ နရကဝေ
၅။ ဘီလူးကဝေ
၆။ နာဂကဝေ
၇။ ဂရုဠကဝေ
၈။ ဟတ္ထိကဝေ
၉။ သတုဏကဝေ

•• ဓောဓစုန်း ••

၁။ ဟဲဘူးစုန်း
၂။ ဟဲလူးစုန်း (လက်ဝဲနား၌ အမောက်ရှိသည်၊ အခြားစုန်းများထက် တန်ခိုးသတ္တိရှိသည်၊ သတ္တိထက်မြက်သည်၊ အမျက်ကြီးသည်)
၃။ မှော်နာခေါင်းစုန်း
၄။ ပြန်ဟာစုန်း
၅။ နောက်ဆုံးစုန်း
၆။ ကျားစုန်း

•• ယက္ခစုန်း ••

၁။ ပန်းစားစုန်း
၂။ ပေါက်ပေါက်စားစုန်း
၃။ သားစားစုန်း
၄။ သွေးစားစုန်း (ရမ္မက်ကြီးသည်)
၅။ ချေးစားစုန်း
၆။ မီးစားစုန်း
၇။ အဆီစားစုန်း



•• ဂန္ဓဗ္ဗစုန်း ••

၁။ ဆင်ကွတ်စုန်း
၂။ နဖားတတ်စုန်း
၃။ ရှာသူစုန်း (တန်ခိုးသတ္တိများမှာ အမျိုးမျိုး ထူးခြားနိုင်မြင့်ရှိသည်။)
၄။ ရှာသမီးစုန်း
၅။ ကဝေစုန်း
၆။ အိမ့်တလိမ့်စုန်း
၇။ ဇော်ဂနီစုန်း

•• နာဂဝံသစုန်း ••

၁။ မောက်လုံးစုန်း (အလွန်ဒေါသကြီးသည်၊ သုံးကြိမ် အမှားခံ၍ လေးကြိမ်မြောက်တွင် အသေစီရင်တတ်သည်)
၂။ မောက်ပြားစုန်း
၃။ မောက်တိုစုန်း
၄။ မောက်ရှည်စုန်း

•• တိရိစ္ဆာန်စုန်း ••

၁။ ထင်းစုန်း
၂။ မြေစုန်း (အာဟာရ၊ ကာမ စသည်ကိုသာ လိုလားသည်၊ ပြုစားသည်)
၃။ ရေစုန်း
၄။ တီစုန်း
၅။ မြွေစုန်း
၆။ ခွေးစုန်း
၇။ ပိုးစုန်း
၈။ ငှက်စုန်း
၉။ ဝါးစုန်း

•• စဏ္ဍာလစုန်း ••

၁။ သားရဲစုန်း
၂။ သားဘက်စုန်း
၃။ တဓေ္ဆစုန်း (ကိုယ်နှုတ်ကြမ်းတမ်းစွာ ပြုမူလေ့ရှိသည်)
၄။ တောသူစုန်း
၅။ စုန်းပြိတ္တာ
၆။ ကာကနီစုန်း



www.burmeseclassic.com

www.burmeseclassic.com

ဤသို့အားဖြင့် စုန်းမျိုးအမျိုးကြီး (၁၄)မျိုး၊ အစိတ်အပိုင်းအားဖြင့် (၉၉) မျိုးရှိလေသည်၊ စုန်းဆိုသော နာမပညတ်သည် သတ္တဝါအသီးအခြားလည်း မဟုတ်၊ လူမျိုး တစ်ရပ်တစ်ပါးလည်း မဟုတ်၊ စင်စစ်သော်လည်း လူသားမျိုးနွယ်ပင်ဖြစ်သည်၊ လူသားထဲမှ လူသားများပင် ဖြစ်ပေသည်၊

ခွေးဝက်၊ ကြောင် စသည့် သဏ္ဌာန်များကို အယောင်ဆောင်ဖန်ဆင်းနိုင်ခြင်း၊ မိမိအကြောင်းကို ဝေးကွာလွန်းသောအရပ်မှာ ပြောကြားလျှင် သိရှိနိုင်ခြင်း၊ စက်ကြိုးဆင်ကာ ကောင်းကင်၌ သွားလာနိုင်ခြင်း စသည့် အစွမ်းသတ္တိများပြုလုပ်နိုင်သည့် ပုဂ္ဂိုလ်များဖြစ်သည်၊ တစ်နည်းအားဖြင့် ပါဠိတော်လာ ကမ္ဘဝိဇ္ဇာတန်ခိုးရှင်များဟု ယူဆနိုင်သည်ဟု ကျမ်းဂန်များက ဆိုပါသည်၊

ယခုဖော်ပြမည့် ဇာတ်လမ်းမှာ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက မြန်မာပြည်အလယ်ပိုင်းတွင် ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါသည်၊ မြန်မာပြည်အထက်ပိုင်းနှင့် အလယ်ပိုင်းဆုံရာ လူစည်ကားရာမြို့နယ်ကလေးတွင် ထမင်းဆိုင်ရှင် အဘိုးကြီးတစ်ယောက်အကြောင်းကို ဖော်ပြလိုခြင်း ဖြစ်ပါသည်၊ သူမသည် စုန်းကဝေပညာတတ်သည်ဟု သတင်းကြီးနေသူလည်း ဖြစ်သည်၊

အဘိုးကြီးသည် အချက်အပြုတ်ကလည်း ကောင်း၊ နှုတ်လည်း ချိုပေရာ သူ၏ ထမင်းဆိုင်သည် အစဉ်လူစည်ကားနေတတ်သည်၊ မြစ်ဆိပ်နှင့်လည်း နီးရာ လှေသမားများ၊ ဖောင်သမားများသာမက ခရီးသွားဧည့်သည်များပင် ဝင်ရောက်သုံးဆောင်တတ်သော ထမင်းဆိုင်ဖြစ်ပေသည်၊ အဘိုးကြီးသည် အသားညိုညို၊ မျက်လုံးမျက်ဖန်လှပသူဖြစ်ပေရာ အချို့က ရိသဲ့သဲ့ မထိတထိ လုပ်ချင်ကြသည်၊ ထိုအထိပင် အဘိုးကြီးက သည်းခံတတ်သေးသည် ဆိုသည်၊ သို့သော် - သည့်ထက်ပို၍ စော်ကားသည့်စကားလုံးဖြင့် အရက်မူး၍ စကားလုံးကြမ်းကြမ်းဖြင့် ပြောလာပြီဆိုပါက ဆိုင်ကောင်တာမှနေ၍ အခန်တစ်ချက် ကြိတ်လိုက်ပြီဆိုသည်နှင့် ထိုသူသည် မျက်လုံးများ ရုတ်ခြည်း ပြာဝေလာကာ ကတုန်ကယင်ဖြစ်ကာ ထိုင်ရမလို ထရမလိုဖြစ်လာသည်ဟု ဆိုသည်၊ ထိုသူသည် ဆိုင်မှ ကြက်သားဟင်းနှင့် ထမင်းစားသွားပြီဆိုပါက အိမ်ရောက်ပြီး နာရီပိုင်းခန့်ကြာလျှင် ဗိုက်ထဲမှ ကြက်တွန်သံထွက်နေတတ်သည်၊ အမဲသား စားသွားမည်ဆိုပါက နွားတဲ့သို့ ဗိုက်ထဲမှာ မြည်နေတတ်သည်ဟု ဆိုလေသည်၊ ဝက်ဆိုလျှင်လည်း ဝမ်းထဲ၌ တကြုတ်ကြုတ် မြည်နေသည်၊

ထိုအခါ - ထမင်းဆိုင်ရှင် အဘိုးကြီးကို တောင်းပန်ပါမှ ဗိုက်ထဲမှ မြည်သံများ ပျောက်သွားသည်ဟု ပြောသည်၊ ဤဖြစ်ရပ်များကား လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ဖြစ်ရပ်ပင်ဖြစ်သည်၊ အချို့က ထိုအဘိုးကြီးသည် ဝမ်းတွင်းစုန်းဖြစ်ပြီး မကျေနပ်သူကို မြေကြီးကို ခြေဖြင့်၊ ဖနောင့်ဖြင့် ပေါက်လိုက်လျှင် ဗိုင်းခနဲ ပစ်လဲသည်ဟုပင် ပြောတတ်ကြသေးသည်၊ ခုချိန်မှာတော့ အဆိုပါ ထမင်းဆိုင်ပိုင်ရှင် အဘိုးကြီးလည်း မရှိရှာတော့ပါ၊ ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ၊

နောက်တစ်ပုဒ်မှာ ချင်းတောင်တန်းများ၏ တောင်ခြေယောဒေသတွင် ဖြစ်ပါသည်၊ နွေဦးပေါက်ရာသီတွင် ချင်းလူမျိုးများသည် ၎င်းတို့၏ လယ်ယာ တောင်ယာခြံလုပ်ငန်းများအတွက် ယောဒေသသို့ဆင်းကာ ကျွဲနွားများကို ဝယ်ယူလေ့ရှိသည်၊ ထို့နောက် တောင်ပေါ်သို့ ကျွဲနွားများ ပြန်မောင်းတင်ခေါ် ယူသွားကြသည်၊

ထိုအခါ ချင်းတိုင်းရင်းသားတို့နှင့် ရင်းနှီးကျွမ်းဝင်နေပြီဖြစ်သော ဗမာသည်မိတ်ဆွေများက ကျီစယ်နောက်ပြောင်လိုသောဆန္ဒဖြင့် ကျွဲနွားများကို မတန်တဆဈေးဖြင့် လျှော့ပေါ့ကာ ရောင်းချတတ်သည်ဆိုသည်၊ ထိုအခါ ဝယ်ယူသည့် ကျွဲက ဈေးအလွန်ချိုသဖြင့် ဝယ်ယူမိသော ချင်းတိုင်းရင်းသားကို မိတ်ဆွေပညာသည်က ရယ်မောရွှင်ပျစွာဖြင့် ...

www.burmeseclassic.com

"ဒီမှာ – သူငယ်ချင်းရေ၊ တောင်ပေါ်သာ အရောက်ခေါ်သွားပေတော့ ကွယ့်၊ ဒါပေမဲ့ – ဒီကျွဲကို သတိဝီရိယနဲ့ စောင့်ကြည့်ပြီး ခေါ်သွားနော်၊ ဒီကျွဲက ရေအင်မတန် ကြောက်တတ်တာကွ၊ သူငယ်ချင်းရေ – ရေထဲတော့ ဖြတ်ပြီး မောင်းခေါ်မသွားနဲ့၊ တောင်ပေါ်သာ မြန်မြန်ခေါ်သွား၊ ရေထဲဖြတ်မသွားဖို့ သတိထားကွယ်"

ထိုအခါ – ချင်းတိုင်းရင်းသားသည် ဖဝေဖဝါဖြင့် ကျန်ရစ်သည်၊ ကျွဲဟူသော သတ္တဝါသည် ရေထဲ နွံထဲတွင် ပျော်တတ်သော တိရစ္ဆာန်ပေတကား၊ ရေကြောက်သော ကျွဲဟူ၍ ရှိပါမည်လား၊ ထိုသို့ ရောင်းသူက ရယ်မောရွှင်ပျစွာ ပြောလိုက်ပြီဆိုပါက သတိသာထားနေပေတော့၊ ဝယ်ယူသူက သတိလက်လွှတ်ဖြင့် ရေအိုင်၊ ရေကန်တွေ့၍ ရေထဲဖြတ်မောင်းမိမည်ဆိုပါက အဆိုပါကျွဲမှာ အရှင်လတ်လတ်ကျွဲဘဝမှ ဝါးဖြင့်ရက်လုပ်ထားသော ခြင်းကြားဘဝသို့ ရုတ်ခြည်းရောက်ရှိသွားပါတော့သည်၊ ကျွဲသည် ရေထဲဆင်းလိုက်ပြီဆိုသည်နှင့် ခြင်းကြားကြီးဖြစ်သွားကာ ခြင်းကြားကိုကပ်၍ ဆေးခြယ်ထားသော စက္ကူများကွာကျကာ ရေထဲမှ ကုန်းပေါ်ပြန်တက်သည်နှင့် ခြင်းကြားကြီးကို ကြိုးဖြင့် ဆွဲတင်မိလျက်သား ဖြစ်တတ်သည်ဟု ဆိုပါသည်၊

တစ်ဖန် – နောက်ပြောင်ကျီစယ်လိုဟန်ဖြင့် လက်ထဲမှာ ကိုင်ထားသော ကြိုးစကလေးကို ကိုင်ခိုင်းထားသည်နှင့် တစ်ပြိုင်နက်တည်းမှာပင် ပျော့ပျော့အိအိဖြင့် တွန့်လိမ်ကာ မြွေကလေးတစ်ကောင် ဖြစ်သွားသည်ဟု ဆိုကြပါသေးသည်၊

နောက်ထပ် ဇာတ်လမ်းတစ်ပုဒ် ရှိသေးသည် . . .၊

ပညာသည်များ စုဝေးနေထိုင်ရာမှာ ခြင်းကြားကြီးနှင့် ရေသယ် ရ၊ မရ အလောင်းအစားပြုလျှင် သွား၍မလောင်းလိုက်လေနှင့်တဲ့၊ အချို့ပညာသည်က ခြင်းကြားဖြင့် ရေသည်၍ ရသည်ကို လက်တွေ့ပြတတ်သည်တဲ့၊ ခြင်းကြားဆိုသည်မှာ ဘယ်လိုမှ ရေသည်ယူ၍ မရသော ပစ္စည်းသာဖြစ်သည်၊

သို့သော် – ထိုခြင်းကြားကို ဂါထာမန်းခြင်း၊ ခြင်းနှုတ်ခမ်းကို ဆေးဝါးလိမ်းကျံ ၍ ရေခပ်လိုက်ပါက ရေတွေ ခြင်းနှုတ်ခမ်းထိ အပြည့်အလျှံပါလာ



တတ်လေသည်တဲ့၊ ထူးဆန်းအံ့ဩဖွယ်ရာ ပညာရပ်တွေပင် ဖြစ်တော့သည် တကား၊

ဆရာမင်းတိုင်ပင်သည် ဝတ္ထုဇာတ်လမ်းကို ပြောပြပြီး မောသွားဟန်ဖြင့် ရေနွေးတစ်ခွက်ကိုငှဲ၍ သောက်လိုက်ပါသည်၊ ပြီးမှ –

"ကိုဝေလွှင်နဲ့ မောင်လင်းသစ်ရေ – တိုက်မြွေအကြောင်း ပြောဖို့ကြံ့တာနဲ့ ကျွန်တော် သိမီကြားဖူးနားဝရှိတဲ့ အောက်လမ်းနည်းနဲ့ စီရင်ထားတဲ့ တိုက်မြွေအကြောင်းကို ပြောပြချင်ပါတယ်၊ ဗဟုသုတပေါ့ဗျာ၊ မယုံရင်လည်း ပုံပြင်လို့သာ မှတ်ပေတော့ဗျို့"

မောင်လင်းသစ်က ပြုံးကာ . . .

"ဗဟုသုတရတာပေါ့ – ဆရာရယ်၊ လုပ်ပါဦး . . ."

ကျွန်တော်က . . .

"ပြောပါဗျာ – ဆရာက ဗဟုသုတစုံတော့ နားထောင်ကောင်းမှာပါ"

"ဒီလိုဗျို့ တိုက်မြွေဆိုတာ မူလကတော့ သစ်သားချောင်းကလေး တုတ်တိုကလေးပဲ၊ ပြီးတော့ – ကြိုးကလေးတစ်ချောင်း ဖြစ်ချင်ဖြစ်တာဗျို့ စီရင်တဲ့လူကလည်း ပညာသည်အစွမ်းထက်မှ ဖြစ်တာပါ၊ ပညာသည်က တိုက်မြွေကို မြွေဘဝအဖြစ် ပြောင်းလဲပြီး သူ ကိုက်စေချင်တဲ့လူကို ကိုက်စေချင်ပြီဆိုရင် တိုက်မြွေက ကိုက်မယ့်လူရှိရာကို မရမက မတွေ့တွေ့အောင်ရှာပြီး အညှာမပေးဘဲ တစ်ချက်တည်း အသေပေါက်သတ်လိုက်တာပဲဗျို့"

"အမလေး – ကြောက်စရာပါလား"

"တိုက်မြွေမှာ ရိုးရိုးသာမန်မြွေထက် တွေ့တဲ့ထူးခြားချက်တွေ ရှိတယ်ခင်ဗျ၊ သူက ဆေးစီရင်ထားတဲ့ မြွေဆိုတော့ သာမညောင် ညမြွေနဲ့တော့ ဘယ်က လာတူပါ့မလဲဗျ၊ အဲ – နဂါးမှန်းသိအောင် အမောက်ထောင်ပြမှာပဲ ဆိုတဲ့အစားထဲကပဲဗျို့၊ တိုက်မြွေရဲ့ ထူးခြားချက်က ဦးခေါင်းမှာ အမောက်ပါတယ်ဗျ၊ တချို့ပြောတော့ ပညာရဲ့သင်္ကေတလို့ဆိုတယ်၊ အမောက်မှာ အနီ

www.burmeseclassic.com

ရောင်ကြက်လို အမောက်နီကလေးဗျ။ ရိုးရိုးမြွေထက်တောင် လှတယ်။ မသိရင် နဂါးပေါက်စကလေးနဲ့တောင် ပိုတူတယ်လို့ ဆိုသဗျ။ အဲဒါ – တိုက်မြွေရဲ့ ထူးခြားတွေထဲက တစ်ခုပဲခင်ဗျ။

ကျွန်တော်က ဆက်၍ ပြောသည်။

"စိတ်ဝင်စားစရာတော့ ကောင်းလာပြီ – ဆရာမင်းတိုင်ပင်ရေ၊ ဆက်ပါဦး – ခင်ဗျ"

"အင်း – ဆက်ပြောရတော့မှာပေ့ါဗျာ။ တိုက်မြွေကိုက်ရင် အစွယ်ရာ သုံးပေါက်ရှိတယ်လို့ ဆိုတယ်။ ရိုးရိုးမြွေက အစွယ်ရာနှစ်ပေါက်၊ သူကတော့ သုံးပေါက်ရှိတယ်လို့ ကြားဖူးပါတယ်"



ပြီးတော့ – တိုက်မြွေက သူ တိုက်ချင်တဲ့လူကို ကိုက်ပြီးတာနဲ့ ချက်ချင်း မူလဖန်ဆင်းထားတဲ့ ကြိုး – နွယ်ပင် ချက်ချင်းပြန်ဖြစ်သွားတတ်လေ့ ရှိတယ်။ တကယ်လို့ – တိုက်မြွေဟာ ထူးခြားပညာသည်ဂိုဏ်းဆရာနဲ့ တွေ့ပြီး တိုက်ဖို့ ပေါက်ဖို့ မအောင်မြင်ပဲ ဂိုဏ်းဆရာရဲ့ လက်ထဲရောက်လို့ ဗိုက်ကို ခွဲကြည့်လိုက်ပြီဆိုတာနဲ့ တိုက်မြွေဗိုက်ထဲမှာ ဘာမှမရှိဘူး။ အူတွေ၊ အသည်းတွေ ဘာမှမရှိဘူးဗျ . . .



မောင်လင်းသစ်သည် မျက်လုံးမျက်ဆန် ပြူးကျယ်သွားတော . . .

"အပေါက်ခံလိုက်ရရင်တော့ မချိမဆံ့ပဲနော်"

"ဟုတ်တယ် – မောင်လင်းသစ်ရေ၊ မချိမဆံ့မှ မချိမဆံ့ပဲကွယ့်၊ တိုက်မြွေမှာ မြွေဟောက်နဲ့ မြွေပွေးရဲ့ အဆိပ် နှစ်မျိုးစလုံး ပါတယ်။ ဒါကြောင့် – တိုက်မြွေကိုက်ပြီဆိုရင် ဆေးမမီဘူး။ ကမ္ဘာပေါ်မှာ မြွေဆိပ်ကို နှစ်မျိုးသတ်မှတ်ထားတယ်။ အာရုံကြောများကို ထိခိုက်စေသည့် အဆိပ်၊ သွေးကြောတွေကို ထိခိုက်ပျက်စီးစေတဲ့ အဆိပ်လို့ နှစ်မျိုးခွဲထားတယ်။ ရေနေမြွေအချို့နဲ့ မြွေဟောက်က အာရုံကြောတွေကို ပျက်စီးစေပြီး မြွေပွေးကတော့ သွေးကြောတွေကို ထိခိုက်ပျက်စီးစေပါတယ်။ အင်း – တိုက်မြွေမှာ အဲဒီအဆိပ်နှစ်မျိုးစလုံး ပါတယ်ဆိုတော့ တကယ်လို့ တိုက်မြွေကိုက်ရင် ဆေးမမီဘူးလို့ ပြောတာပေ့ါ"

တိုက်မြွေဆိုတာ အောက်လမ်းမှော်အတတ်ပညာနဲ့ စီရင်ထားတဲ့ မြွေဖြစ်တဲ့အတွက် သူ ကိုက်ချင်တဲ့လူကို မရ, ရအောင်ရှာပြီး အသေအကြေကိုက်မှာပဲ။ သူက နိုင်းစေထားတာကိုး။ ပြီးတော့ – တိုက်မြွေသွားလာတာတသာမန်မြွေနဲ့ မတူဘူး။ ရိုးရိုးသဘာဝမြွေတ မြွေပီသတယ်။ သွားတာ၊ လာတာညင်သာတယ်။ တိုက်မြွေက ပါးပျဉ်းထောင်းတာ၊ ခေါင်းခါခါ၊ ကိုယ်ခါခါသွားတတ်တယ်။ ဥပမာပြောရရင် – လမ်းလျှောက်တတ်ခါစ ကလေးနဲ့ လမ်းလျှောက်ကျွမ်းကျင်တဲ့ကလေးလိုပဲ တိုက်မြွေက လမ်းလျှောက်မကျွမ်းကျင်တဲ့ ကလေးတစ်ယောက်လိုပဲ ဆိုပါတော့။ ပြီးတော့ – တိုက်မြွေက သူ တိုက်ချင်တဲ့ လူကို ကိုက်ပြီးတာနဲ့ ချက်ချင်း မူလဖန်ဆင်းထားတဲ့ ကြိုး – နွယ်ပင် ချက်ချင်းပြန်ဖြစ်သွားတတ်လေ့ ရှိတယ်။ တကယ်လို့ တိုက်မြွေဟာ ထူးခြားပညာသည် ဂိုဏ်းဆရာနဲ့တွေ့ပြီး တိုက်ဖို့ ပေါက်ဖို့ မအောင်မြင်ပဲ ဂိုဏ်းဆရာရဲ့ လက်ထဲရောက်လို့ ဗိုက်ကို ခွဲကြည့်လိုက်ပြီဆိုတာနဲ့ တိုက်မြွေ ဗိုက်ထဲမှာ ဘာမှမရှိဘူး။ အူတွေ၊ အသည်းတွေ ဘာမှမရှိဘူးဗျ"

မောင်လင်းသစ်သည် မျက်လုံးပြူးနေလေသည်။ သူ့နှုတ်မှ အာမေဍိတ်ထွက်ကျလာ၏။

www.burmeseclassic.com

"အမလေး - ကြောက်စရာကြီးပါလား၊ တစ်ခက်လူကို မပေါက်မရှင်း မကိုက်မရှင်း မြွေကနေ ဘဝမပြောင်းဘူးပေါ့ ဟုတ်လား။ တိုက်မြွေရဲ့ဗိုက်ထဲမှာလည်း ဘာမှမရှိဘူးတဲ့၊ ထူးဆန်းလိုက်တာ၊ တော်တော်ကြောက်စရာကောင်းပြီး ဆန်းကြယ်တဲ့ လောကီပညာပဲဗျ"

"မောင်လင်းသစ်ကို တိုက်မြွေတစ်ကောင်လောက် ဥက္ကာပြန်ရင် လက်ဆောင်ပေးမှ ဖြစ်မယ်ထင်တယ်"

မောင်လင်းသစ်သည် ပခုံးကို တစ်ချက်တွန့်ကာ ထိတ်လန့်ဟန်ပြုသည်။

"နေပါစေ ခင်ဗျာ"

"အလကား စတာပါကွာ၊ ကဲ - နောက်ဆုံးအနေနဲ့ တိုက်မြွေစီရင်တဲ့နေရာမှာ ကြောက်စရာအကောင်းဆုံး ပစ္စည်းကို ပြောပြမယ်"

"ဟုတ်လား - ဒီထက်ကြောက်စရာကောင်းတဲ့ပစ္စည်းရှိသေးလား ဆရာရေ"

ကျွန်တော်က ဆက်၍မေးတော့ ...

"ကြောက်စရာ အကောင်းဆုံးပစ္စည်းကတော့ ကြိုးဆွဲချသေဆုံးတဲ့ လူရဲ့ကြိုးပဲဗျို့ ရှင်းပြီလား ..."

"အမလေး ..."

"ဟာဗျာ ..."

"ရိုးရိုးသစ်ကိုင်းခြောက်၊ အုန်းဆံကြိုး၊ နွယ်ကြိုးထက် ပိုစွမ်းတယ်၊ ပိုပြီးထိရောက်တယ်လို့ ဆိုတယ်။ တကယ်တော့ - ဒါတွေဟာ အောက်လမ်းမှော်ဝညာသက်သက်ပါ။ ကိုယ့်အတွက်လည်း အကျိုးမရှိဘူး။ သူများကိုလည်း ဒုက္ခရောက်စေတဲ့ပညာရပ်တွေပါ။ ဘယ်လိုကိစ္စမျိုးမဆို တစ်ယောက်ကိုတစ်ယောက် အမုန်းမပွားဘဲ သည်းခံစိတ်မွေးတာ အကောင်းဆုံးပဲပေါ့ ခင်ဗျ။ ပြုသူအသေ၊ ဖြစ်သူအပေါင်းတဲ့။ သံသရာကို ရှည်စေတယ်၊ အပါယ်နဲ့ နီးတယ်။ ဒီလို စီရင်တယ်ဆိုတာလည်း ဒီအတိုင်းပဲ မဖြစ်သေးဘူးဗျ။ ရွတ်ဆို ပွားများရတဲ့ ဂါထာမန္တန်တွေ ရှိသေးတယ်။ စန်း၊ နက္ခတ်၊ အဝင်အထွက်တွေ ပါသေးတယ်"

မောင်လင်းသစ်က သက်ပြင်းတစ်ချက် ချသည်။

"အင်း - လွယ်လွယ်ကူကူ စီရင်လို့မရတာပဲ ခပ်ကောင်းကောင်းပါပဲ။ လွယ်လွယ်ကူကူသာ လုပ်လို့ရရင် ရှုပ်ကုန်မှာပဲဗျို့ ဗဟုသုတတော့ ရပါတယ်။ လောကမှာ ကိုယ်မသိတာတွေ အများကြီးရှိသေးတယ်။ သံဝေဂရစရာ၊ ဆင်ခြင်တွေးတောစရာတွေချည်းပဲ။ ချင့်ချိန်ပြီး ယုံကြည်ကြပေါ့"

ဆရာမင်းတိုင်ပင်က သူ၏ မှော်ပညာဇာတ်လမ်းများကို ပြောပြရင်း အတန်ကြာ ငြိမ်သက်တိတ်ဆိတ်သွားပေသည်။ ကျွန်တော်ကတော့ နောက်တစ်ပတ်ရုံးပိတ်ရက်တွင် မည်သည့်အကြောင်းအရာကို ပြောဆိုဆွေးနွေးရမည်ကိုသာ စဉ်းစားနေပေသည်တကား။

→ မင်းဘုန်းသိခ်သူ

**စာရှုသူများသို့**

**ရွေးချယ်သောစာစုများထို ပြန်လည်ပေးပို့ ညော်တော့တ်ဝါ၍ မိတ္တူပွားထားကြပါရန်။**

အယ်ဒီတာအဖွဲ့
ဂျိုရှလောက မဂ္ဂဇင်း



www.burmeseclassic.com